
ဝိုးကျော်သူ

တက္ကသိုလ်
ရဲဝင်းအောင်



# ဆုမြတ်သုံးလီသိုင်းဟန်ချီ

ပြုချက်အမှတ်  ၁၀၀ / ၈၉ (

ချက်အမှတ်  ၁၇၀ / ၈၉ (

ပထမအကြိမ်
၁၉၈၉ ခုနှစ်၊ ဧပြီလ
အုပ်ရေ - ၆၀၀၊ တန်ဖိုး - ၃၀ ကျပ်

အဖုံးရိုက် - လင်းအောင့်ဆက်

စာအုပ်ချုပ် - ချယ်ရီ

ပုံနှိပ်သူ - ဦးပါကြီး (မြို ၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
အမှတ် ၅၀၂၊ သိမ်ဖြူလမ်း၊
ရန်ကုန်။

ထုတ်ဝေသူ - ဦးပါကြီး (မြဲ ၀၁၃၃)
ရုပ်ရှင်သစ်စာပေ
အမှတ် ၅၀၂၊ သိမ်ဖြူလမ်း
ရန်ကုန်။

စီစဉ်သူ - မေမှတ်

ဖြန့်ချိရေး - ဝဏ္ဏထွန်းစာပေ
စာဆူ၊ ၁၆၅

လွင် ၈၁ ၈၀
အမှတ် ၁၅ / ၁၃၈၊ ဗိုလ်ဆိန်း

မိုးကျော်သူ + တက္ကသိုလ်ရဲမင်းအောင်

---

# ဆုမြတ်သုံးလီသိုင်းဟန်ချီ

(သိုင်းဝတ္ထုလုံးချင်း အစအဆုံး)

## စီစဉ်သူ၏အမှာစကား

ဤဝတ္ထုသည် ကလေးခင်အမည်နှစ်ခု ဖြစ်နေသော်လည်း ဇာတ်လမ်းမှာ တစ်ပုဒ်တည်းသာ ဖြစ်ပါသည်။

ဟောင်ကောင်သိုင်းစာရေးဆရာကြီးကုလုံ၏ ရုပ်ရှင်ဇာတ်ညွှန်းကို ဆရာမိုးကျော်သူအား ဘာသာပြန်ဆိုပြီး တက္ကသိုလ်ရဲမင်းအောင်က မူရင်းမပျက်စေ ဝတ္ထုအသွင်သို့ ကူးပြောင်း ဖန်တီးထားခြင်းဖြစ်သည်။

စာဖတ်သူများ၊ နှစ်ခြိုက်လက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။

စီစဉ်သူ

## မိုးကျော်သူ၏အမှာ

တက္ကသိုလ် ရဲမင်းအောင်သည် ကားလာဝင်ထစ် တစ်လက်မဟုတ်ပါ။ စာဖတ်သူများနှင့် ရင်းနှီးထိတွေ့ပြီးဖြစ်သည့်....

လက်ရှိလည်း [illegible] ရေးသော ထုတ်ဝေနေဆဲဖြစ်သော လေးလောင်တစ်လက်၏ အမည်ခွဲတစ်ခု ဖြစ်ပါသည်။

ဤဝတ္ထုသည် သားအဖနှစ်ဦး ပူးပေါင်း ရေးသားထားခြင်းဖြစ်ရာ စာဖတ်သူများ ကျေနပ် နှစ်ခြိုက်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

မိုးကျော်သူ

# မိုးကျော်သူ

တက္ကသိုလ်

# ရဲမင်းအောင်

ဆုမြတ်သုံးလီသိုင်းဟန်ချီ

လုံးချင်း စ,ဆုံး

# အခန်း ( ၁ )

ပြေးလွှားသက်ဆင်း ကျွေးခံတွင်း

နေရောင်ခြည်များ ဖြာကျလာသည်။ စိမ်းလန်းစိုသော တောအုပ်ထဲ၌ ရောင်စုံပန်းများ ပွင့်ဖူးနေသည်။

နေရောင်ခြည်သည် အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသော သစ်ရွက် သစ်ကိုင်းများကို ထိုးဖောက်ကာ တောအုပ်အတွင်းရှိ ပန်းပွင့် စာကလေးများပေါ်သို့ ကျဆင်းလာသည်။

နံနက်ခင်း နှင်းရည်သောက်သုံးထားသော ပန်းပွင့်စာကလေး များသည် နေရောင်ခြည်အောက်တွင် ငါ့ငါ့၊ စွင့်စွင့် ပွင့်အာရင်း တစ်ပွင့်နှင့်တစ်ပွင့် အလှချင်းပြိုင်နေကြပါတော့သည်။

တောအုပ်အတွင်း အရောင်အသွေး စုံလင်သော ကျေးငှက်သာရကာလေးများသည် သာယာဝေတေးသီချင်းကို ဆိုညည်းကာ နံနက်ခင်းကို ကြိုဆိုလျက်ရှိပေသည်။

ဤနေရာသည် လူသူအရောက်အပေါက် နည်းပါးလှသည့် မြောက်ပိုင်း တောင်တန်းဒေသရပ်ဝန်း ဖြစ်သည်။

အရပ်ဝေးမျက်နှာတွင် မှိုင်းညို့နေသော တောင်စဉ်တောင်တန်းများ ပိတ်ဖုံးနေရံကာဆီး လျက်ရှိသည်။

မြောက်ပိုင်းတောင်တန်းဒေသ၌ရှိပါသော သစ်ခွပန်းများ၊ အဖိုးတန် ဆေးဘက်ဝင် သစ်ပင်ဝါးပင်များ၊ ရှားပါးသော တောဟိရညာန်များ နှင့် စကောခိုင်ကြီးပမာ ကြီးမားလှသော ပျားအုံကြီးများ တွေ့ရှိနိုင်သဖြင့် ဆောင်းအကုန် နွေအကူး ရာသီ ခြင်းလက်ခင်း သာချိန်၌ တောပျော်များ ရောက်ရှိလာတတ်ကြသည်။

အချို့ကား အမဲလိုက်မုဆိုးများဖြစ်ပြီး အချို့ကား ဆေးဘက်ဝင် သစ်ပင်ဝါးပင် ရှာဖွေသူများ ဖြစ်သည်။

အချို့ကား ပျားဖွပ်ရန်လာကြသူများဖြစ်၏။ ဤမြောက်ပိုင်း တောင်တန်းဒေသသို့ ရောက်ရှိလာသူများသည် ဒေသခံ တိုင်းရင်းသားများသာ ဖြစ်ကြပေသည်။

တစ်နှစ်လုံး စဉ်ဆက်မပြတ် ရောက်လာကြခြင်းမဟုတ်ဘဲ ရာသီဥတု ကြည်လင်သော နွေဦးကာလမှ ရောက်လာတတ်ရာ လူသူအရောက်အပေါက်နည်းပါးသည်ဟုဆိုခြင်းမှာ မှားသည်ဟု မဆိုနိုင်ချေ။



ယခုအချိန်တွင်ကား လူသူအရောက်အပေါက် မရှိသလောက်ပင် ဖြစ်ပါသည်။

လှပသော သာယာဝေနံနက်ခင်းအလှသည် ရုတ်တရက် ပျက်သုန်းကာ ရုတ်ရုတ်သဲသဲဖြစ်သွား၏။

တောအုပ်အတွင်း သာယာဝေမှုနေသော ပြောင်းလဲမှု ဖြစ်ပေါ်လာသည်မှာ တဖုတ်ဖုတ်မြည်ကာ ပြေးလာနေသော ခြေသံမှ အစပြုလေသည်။

'ဖျပ်-ဖျပ်.... ဖျပ်-ဖျပ်'

ခြေသံများကား ပျောက်ကွယ်သွားခြင်းမရှိ တို၍သာ ထွက်ပေါ်လာသည်။ ခြေသံနှင့်အတူ လူတစ်ယောက် ချုံနွယ်ပိတ်ပေါင်းများအား တိုးဝှေ့ပြေးလာနေသည်ကိုပါ တွေ့မြင်ရလေသည်။

ထိုလူသည် မိုးပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အသက်နှစ်ဆယ်ခန့်ရှိ၏။

သူ၏ အဝတ်အစားများ၌ သွေးများ ရွဲရွဲစိုနေသလို သူ၏ မျက်နှာပေါ်၌လည်း ချွေးသီးချွေးပေါက်များ သီးနေသည်ကို တွေ့နိုင်၏။

'ဟေး ဟဲ... ဟေး ဟဲ'

ပြင်းထန်သော အသက်ရှူသံနှင့်အတူ ဟေးဟဲမြည်သံအား ဖားဖိုကြီးပမာ နိမ့်ချည်မြင့်ချည် လှုပ်ရှားနေသော ရင်ဘတ်အစုံအတွက် စည်းချက်ဝါးချက် လိုက်ပေးနေသည့်အလား ရှိ၏။

လူရှယ်သည် အလွန်မောဟိုက်နေပြီဖြစ်သော်သည်း ရပ်နား ရန် စိတ်မကူးဘဲ တောင်အမြင့်ပိုင်းဆီသို့ ကြိုးစားပြေးတက်နေ သည်။

သူ၏ ခြေလှမ်းရပ်လိုက်သည်နှင့် နောက်မှ လိုက်လာသူများ၏ ဆက်ချက်ဖြင့် အသက်နှင့်ခန္ဓာ အိုးစားကွဲရပေတော့မည်။

'မပြေးနဲ့--ရပ်လိုက်စမ်း'

'ဟေ့ကောင်ဆေး၊ မင်း ပြေးလို့လွတ်မလား'

'ဒီကောင်တော့ မီရင်အစသပဲဟေ့'

အော်ဟစ်ကြိမ်းမောင်းသံများ၊ ဘဝဂ်ညံနေသည်။

လားကောင်အနံ့ရသည့် တောခွေးများပမာ တဟုန်ထိုး လိုက်လာနေကြသည်။

ထိုလူများ၏လက်တွင်း၌ ဓားလှံလက်နက်များ ကိုင်ဆောင် ထားကြရာ နေရောင်ကြောင့် အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပနေသည်။

ထိုလူများ၏ အော်ဟစ်ကြိမ်းမောင်းသံကြောင့် လူငယ်မှာ ကြောက်အားလန့်အားဖြင့် ခြေဦးတည့်ရာ ပြေးလာတော့သည်။

ပြေးရင်းပြေးရင်း တောင်အမြင့်ပိုင်းဆီသို့ ရောက်မှန်းမသိ ရောက်လာသည်။

ထိုအခါ သစ်ပင်ချုံနွယ်များ တဖြည်းဖြည်း ကျဲပါးသွား၍ ကျောက်တုံးကျောက်ခဲ ထူထပ်ပေါများလာသည်ကို တွေ့ရ၏။

လူရှယ်မှာ မောလွန်းသဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်ကာ ခြေ[illegible]ကျင်အောင်ဖြစ်လာရတော့၏။



ဒူးများ ကွေးညွတ်လာပြီး လဲကျမသွားအောင်ပင် မနည်း ထိန်းနေရလေသည်။

'ပြေးမလွတ်တဲ့အတူတူ တစ်နေရာရာဝင်ပုန်းနေတာကောင်း မှာ၊ သူတို့ မျက်စိလျှမ်းသွားရင် ငါ့အသက်ချမ်းသာရာရမှာပဲ'

ထိုသို့ စိတ်ထဲတွေးမိပြီး ပုန်းအောင်းစရာ နေရာရှာလိုက် သည်။ ပတ်ဝန်းကျင်၌ ကျောက်တုံးကျောက်ခဲ ထူထပ်ပေါ များလှသည်၊ လူတစ်ကိုယ်စာဝင်ပုန်းရန် နေရာများစွာရှိ၏။

သို့သော် နောက်မှ ပြေးလိုက်လာသူများက တစထက် တစ်စ နီးကပ်လာခြင်းကြောင့် ပုန်းအောင်းရန် မဖြစ်နိုင် တော့ချေ။

ကျောက်တုံးကျောက်ခဲများအကြား ပြေးဝင်ပုန်းအောင်း လိုက်သည်နှင့် နောက်မှ လိုက်လာသူများတွေ့ရှိကာ ချက်ချင်း အမိဖမ်း လိုက်ကြမည်သာတည်း။

ပုန်းအောင်းရန် စိတ်ကိုစွန့်လွှတ်ကာ ကြိုးစားပြီး ရှေ့ဆက် ပြေးလေသည်။

ပြေးရင်းပြေးရင်း တောင်ထိပ်သို့ တဖြည်းဖြည်း ရောက်ရှိ လာ၏။

တောင်ထိပ်၌ သစ်ပင် ဝါးပင်ဟူ၍သည်းကောင်း၊ ချုံနွယ် ပိတ်ပေါင်းဟူ၍သည်းကောင်း၊ ကျောက်တုံးကျောက်ခဲဟူ၍ လည်းကောင်း မရှိတော့ပဲ မြေကွက်လပ်သာ [illegible]ကို တွေ့ရ လေသည်။

တောင်ထိပ်သည် အခြားတောင်များနှင့် [illegible]မရှိဘဲ သီးခြားတောင်ကတုံးတစ်ခု[illegible]ရသည်။

'ဟိုး—ဒုက္ခပဲ'

လူငယ် လွှတ်ခနဲ အော်လိုက်မိလေသည်။ အခြားတောင်များနှင့် ဆက်စပ်မှုမရှိခြင်းကြောင့် တောင်ထိပ်သို့ရောက်လာပြီး ရှေ့ဆက်ပြေးရန် လမ်းမရှိတော့သောကြောင့်ဖြစ်သည်။

နောက်အောက်တွင် ပြေးလိုက်လာသူများရှိနေသည်။ ဝဲယာ တစ်ဘက်တစ်ချက်နှင့် ရှေ့ဘက်တွင်ကား နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးများ ခံနေသည်။

လူငယ် ခြေလှမ်းတုန့်ခနဲရပ်သွား၏။ မရပ်၍သည့် မဖြစ်ချေ။ အကြောင်းမှာ ရှေ့ဘက်သို့ ခြေလှမ်း သုံးလေးလှမ်းမျှ လှမ်းလိုက်သည်နှင့် နက်ရှိုင်းလှသော ချောက်ကမ်းပါးထဲသို့ ထိုးကျသွားမည်ဖြစ်ခြင်းကြောင့်တည်း။

လူငယ် ကြောက်ကြောက်လန့်လန့်ဖြင့် နောက်ဘက် လှည့်ကြည့်လိုက်ရာ ပြေးလိုက်လာသူငါးယောက်လည်း တောင်ထိပ်ပေါ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း တွေ့ရလေသည်။

ထိုလူငါးယောက်သည် လူငယ် ထွက်မပြေးနိုင်တော့မှန်း သိလျှင် ခြေလှမ်းရပ်ကာ လူစုခွဲလိုက်ကြ၏။

ထို့နောက် တောင်အောက်သို့ပြေးဆင်းသည့်လမ်းကို ပိတ်ပြီး ရှေ့သို့ တစ်လှမ်းချင်းတိုးလာကြသည်။

လူငယ်မှာ ကြောက်ရွံ့လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်နေ၏။ ထိုလူငါးယောက်က သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

'ဟား....ဟား....ဟား....ဟား'

'ဟေ့ ခွေးကောင်လေး၊ အခုတော့ မင်းဘယ်ပြေးမလဲ'



'ဟား ဟား မင်းလဲ မင်းအဖေနောက်ကို လိုက်သွားရမှာပဲကွ'

တစ်ယောက်တစ်ပေါက် ပြောရင်း ပဓားလက်ပုံကိုင်လာကာ ရှေ့သို့ တရွေ့ရွေ့ တိုးလာကြသည်။

လူငယ်မှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်ဆုတ်လိုက်၏။

'ခင်...ခင်ဗျားတို့ လူယုတ်မာတွေ'

နှုတ်မှသည်း မကျေမနပ်အော်ပြောလိုက်သည်။ နောက်သို့ ခြေသုံးလှမ်းမျှဆုတ်ပြီး ရပ်လိုက်ရ၏။

နောက်တစ်လှမ်းထပ်ဆုတ်လျှင် နက်ရှိုင်းလှသော ချောက်ကမ်းပါးထဲသို့ ထိုးကျရတော့မည်မဟုတ်ပါလား။

ချောက်ကမ်းပါးအတွင်းမှ ပင့်ကာ တိုက်ခတ်လာသော လေကြောင့် သူ၏အဝတ်အစားများပင် တဖျပ်ဖျပ် လူးလွန့်နေသည်။

ခိုင်းရ ချဉ်းကပ်လာသူ ငါးယောက်အနက် တစ်ယောက်က—

'မင်းအဖေကလဲ တို့ငါးယောက်ကို လူယုတ်မာတွေလို့ပြောခဲ့တာပဲ၊ ဒါပေမယ့် နောက်ဆုံး သူပဲသေသွားရတယ်မဟုတ်လား၊ အခု မင်းလည်း ရောက်ပြီလေ၊ မုယ္မိသားစုမှာ မင်းတစ်ယောက်ပဲကျန်တော့တယ်၊ မင်းကိုလဲ သုတ်သင်ရှင်းလင်းပစ်ရမှာပဲ၊ ကဲ—ပြောနေကြာတယ် သေပေတော့'

ကြိမ်းမောင်းမောနဲ့မဲရင်း ရှေ့သို့ လျှပ်တစ်ပြက်တိုးလာကာ လက်ထဲမှဓားဖြင့် ပိုင်းချလိုက်လေ၏။

နေရောင်ခြည်အောက်၌ ဓားရောင်ဝင်းလက်သွား၏။ အလွန်ထက်မြက်သော ဓားတစ်လက်ဖြစ်ရာ လူသား မဆိုထားနှင့်

ကျောက်တုံးကျောက်ခဲများပင် နှစ်ပိုင်း ပြတ်သွားနိုင်လောက်သည်။

'အား....'

လူငယ်သည် ထိတ်လန့်တကြားအော်ရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်၏။

အသက်ဘေးမှ လွတ်လိုလွတ်ငြား နောက်ဆုတ်လိုက်ခြင်းဖြစ်ရာ နောက်ဘက်၌ ခြေချစရာမြေမရှိဘဲ ချောက်ကမ်းပါးကြီးသာရှိကြောင်း မေ့လျော့သွား၏။

ထို့ကြောင့် နောက်ဆုတ်လိုက်သည်နှင့် ခန္ဓာကိုယ်ယိမ်းယိုင်ကာ ရင်ထဲဟာသွား၏။ လူတစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရသည်။

ထိုအခါမှ ချောက်ကမ်းပါးထဲသို့ သက်ဆင်းမိပြီဖြစ်ကြောင်း သတိဝင်လာတော့သည်။

လူငယ်တစ်ကိုယ်လုံး ထူပူသွားသည်။ ခြေလက်များဆန့်တန်းကာ ဆွဲမိဆွဲရာ ဖမ်းဆွဲလိုက်၏။

သို့သော် လေကိုသာဖမ်းဆုပ်မိပြီး အောက်ဘက်သို့ ဒလိမ့်ခေါက်ကွေး ထိုးကျသွားတော့သည်။

'အား...'

လူငယ်၏ စူးစူးရှရှ အော်ဟစ်သံသည် ကျောက်နံရံများအကြား ပဲ့တင်ထပ်ကာ ထွက်ပေါ်လာ၏။

သူ့အား ဆယ်တင်နိုင်မည့်သူမရှိတော့ချေ။

'ဟား...ဟား...ဟား....ဟား'



တောင်ပေါ်မှ လူငါးယောက်သည် လူငယ် ချောက်ထဲကျသွားသည်ကိုကြည့်ရင်း ကျေနပ်အားရစွာ ရယ်မောလိုက်ကြလေသည်။

တစ်ယောက်က ရှေ့တိုးသွားပြီး ချောက်ထဲသို့ ငုံ့ကြည့်လိုက်သည်။ ပြီးနောက် သူ၏အဖော်များဘက်သို့လှည့်ကာ....

'အောက်ခြေကိုတောင် မမြင်ရဘူးကွ၊ မြူခိုးတွေဖုံးနေတယ်၊ သည်လောက်နက်ရှိုင်းတဲ့ ချောက်ထဲကျသွားမှတော့ ဘယ်လိုလုပ် အသက်ရှင်နိုင်တော့မှာလဲ၊ မုံယု မိသားစုတော့ မျိုးပြုတ်ပြီပေါ့ကွာ'

သူ၏စကားကြောင့် အဖော်များသည် တဝါးဝါး တဟားဟားဖြင့် သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

* * *

အခန်း (၂)

---

ကြက်ဥအရောင် တိမ်တောသဖွယ်

ဓားဂေဟာခြံဝင်း....

ဓားဂေဟာခြံဝင်းကား အုတ်နံရံ လေးဘက်လေးတန်ကာရံထားသော ခြံဝင်းတစ်ခု ဖြစ်ပေသည်။

ခြံဝင်းကျယ်ကျယ်ကြီးအတွင်း၌ ကျောက်ဖြူပြားဖြင့် စံအိမ်ကြီးတစ်ဆောင် ဆောက်လုပ်ထားသည်။

ခြံဝင်းတံခါးမှ အိမ်ကြီးရှေ့သို့တိုင် ကျောက်ဖြူပြားများဖြင့် လမ်းခင်းထားပြီး လမ်းဘေး တစ်ဘက်တစ်ချက်၌ ပန်းဥယျာဉ်ပြုလုပ်ထားလေသည်။

တောင်ဝှေးများ၊ ရေအိုးစင်များဖြင့်တန်ဆာဆင်ထား၏။ ဓားဂေဟာခြံဝင်းသည် ကျယ်ဝန်းပြီး ခန်းနားကြီးကျယ်မှုရှိသလို ခြံဝင်း

ဆုမြတ်သို့လိသိုင်းဟန်ချို

ပိုင်ရှင်ပထမဓား မုယုံချန်းသည်လည်း သဘောဓမ္မနာကောင်းသူ အဖြစ် ကျော်ကြားလေ၏။

ဓားဂေဟာ ခြံဝင်း အနီးတဝိုက်ရှိ မြို့ရွာများ၌သာမက သိုင်းလောက၌ပါ ထင်ရှားလေသည်။

အဖြူရောင် သိုင်းသမားများသည် ပထမဓား မုယုံချင်းအား ရိုသေလေးစားပြီး အားကိုးအားထား ပြုကြသလို အနက်ရောင် သိုင်းသမားများကား မနာလို မရှုစိမ့် မုန်းတီးစက်ဆုပ်ကြသည်။

ဤသည်ကား လောကဓမ္မတာအတိုင်း ချစ်သူရှိသလို မုန်းသူရှိခြင်းပင်။ မည်သို့ဆိုစေ ပထမဓားမုယုံချန်းသည် ကျောက်ဆိုင ကျော်ကြားပမာ သိုင်းလောက၌ နှစ်ပေါင်းများစွာကြာအောင် မယိုင်မလဲ မားမားမတ်မတ်ရပ်တည်နေနိုင်ခဲ့သည်။

သိုင်းလောကမှ အဖြူရောင်သိုင်းသမားများနှင့် မဟာမိတ်ပြုကာ မကောင်းမှုဒုစရိုက်လုပ်ရန်များကို ရှေ့ဆောင်ဖျက်ဆီးသလို တရားမှုသစ်မှုနှင့် အများကောင်းကျိုးအတွက် အချိန်ပြည့်ကြိုးပမ်းဆောင်ရွက်လေသည်။

မကောင်းမှု ဒုစရိုက် ကျူးလွန်သူများသည် ပထမဓား မုယုံချန်းအား တစ်စက်အလေးမှ ကြည့်မရဘဲ လုပ်ကြံသတ်ဖြတ်ရန် နည်းလမ်းအမျိုးမျိုး အသုံးပြုကာ ကြိုးစားကြ၏။

သို့သော် မုယုံချန်း၏ ဓားချက်အောက်၌ အမိုက်ဇာတ်သိမ်းသွားခဲ့ရသည့်ချည်းသာ ဖြစ်ပေသည်။

မုယုံချန်းအား လုပ်ကြံရန် မကြိုးစားနိုင်တော့သည့် နောက်ဆုံး အနက်ရောင် သိုင်းလောကသားများ လက်လျှော့သွားကြလေ၏။

မုယုံချန်း၏ အမည်ကို ကြားသည်နှင့် ဝေးဝေးမှ ရှောင်ရှားသွားကြလေသည်။

မုယုံချန်း၏အမည်မှာ သိုင်းလောကတွင် တစ်စထက်တစ်စ ပို၍ ကျော်ကြားလာသည်။

ယနေ့သည် မုယုံချန်း အတွက် အောင်ပွဲခံသည့်နေ့ ဖြစ်ပေသည်။ အကြောင်းအား မကြာသေးမီက ချန်းကျန်းမြစ်နံဘေး၌ ဝူသူတော်ရှောင်ဖုံးနှင့် ရင်ဆိုင်တိုက်ခိုက်ရာ အနိုင်ရရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ဝူသူတော် ရှောင်ဖုံးသည် အနက်ရောင် ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်ပြီး နှစ်ပေါင်း နှစ်ဆယ်ကျော်မျှ သိုင်းလောကကို မွှေနှောက်ဒုက္ခပေးခဲ့သူ ဖြစ်လေသည်။

မုယုံချန်းသည် ချန်းကျန်းမြစ်ကမ်းပါးသို့ ဝူသူတော်ရှောင်ဖုံး ရောက်လာသည်ဟု သတင်းကြားသည်နှင့် ဓား တစ်လက်ဆွဲကာ လိုက်လံရှာဖွေလေတော့သည်။

နှစ်ရက်လုံးလုံး ရှာဖွေပြီးမှ ဝူသူတော်ရှောင်ဖုံးနှင့် ထိပ်တိုက်ရင်ဆိုင်မိလေသည်။

သူတို့နှစ်ယောက်စလုံး သိုင်းပညာတော်သူများ ဖြစ်ကြရာ သုံးရက်သုံးညတိုင်တိုင် ယှဉ်ပြိုင်တိုက်ခိုက်ပြီးမှ မုယုံချန်း အနိုင်ရရှိခဲ့လေသည်။



ထို့ကြောင့်လည်း ဓားဂေဟာ ခြံဝင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ အရင်းနှီးဆုံး မိတ်ဆွေများကို ဖိတ်ကြား၍ စားသောက်ပွဲကျင်းပပြီး အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

လူအများကို အနှောင့်အယှက် အမျိုးမျိုး ပေးနေသော လူဆိုး လူယုတ်မာတစ်ယောက် လျော့နည်းသွားခြင်းကြောင့် သိုင်းလောကအေးချမ်းသာ တရားမျှတမှုများ ထာဝစဉ် ရှင်သန်ကြီးစိုးနေစေရန် ရည်ရွယ်ဆုတောင်းရင်း စားသောက်ပွဲကျင်းပခြင်းလည်း ဖြစ်ပေသည်။

မုယုံချန်း၏ စားသောက်ပွဲသို့ ဧည့်သည်များများစားစား တက်ရောက်လာခြင်းမရှိပါ။

အကြောင်းမှာ မုယုံချန်းကိုယ်တိုင်က အရင်းနှီးဆုံးမိတ်ဆွေ ခြောက်ယောက်ကိုသာ ရွေးချယ် ဖိတ်ကြားခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

ထိုခြောက်ယောက်နှင့် မုယုံချန်းမှာ မိတ်ဆွေအဆင့်ထက် ပိုပြီး ညီရင်းအစ်ကိုပမာ ရင်းနှီးကြသူများဖြစ်ပေသည်။

သူတို့ခုနစ်ယောက် အတွဲညီလွန်းသဖြင့် သိုင်းလောကသားများက သက်တန့်ခုနစ်ဖော်ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

မုယုံချန်းနှင့် မိတ်ဆွေခြောက်ယောက်သည် သိုင်းလောက ကောင်းကျိုးအတွက် ရှေ့တန်းမှ စွမ်းစွမ်းတမံ ဆောင်ရွက်သူများ ဖြစ်ကြသလို အမြဲအောင်ပွဲခံနိုင်ခဲ့သူ ဖြစ်ကြသည်။

ယနေ့လည်း မုယုံချန်း၏အောင်ပွဲကို လူစေ့တက်စေ့ တက်
2 ရောက်လာကြသည်။

လူပေါင်းများစွာ ရောက်လာခြင်း မရှိသော်လည်း ထိုသူခြောက်ယောက်တည်းနှင့်ပင် လွန်စွာစည်ကား၍ သိုက်မြိုက်နေသည်ဟု ထင်မှတ်ရလေတော့သည်။

*

ခန်းမကျယ်ကြီးအတွင်း စားပွဲရှည်တစ်လုံးခင်းကျင်းထား၏။ စားပွဲပေါ်၌ စားသောက်စရာများ၊ အရက်အဖျော်များ အလျှံပယ် ရှိနေသည်။

စားပွဲ၏တစ်ဘက်တစ်ချက်၌ လူသုံးယောက်စီ မျက်နှာချင်း ဆိုင်ထိုင်နေကြပြီး ယာဘက်ထိပ်၌ လူတစ်ယောက် ထိုင်နေလေ၏။

ယာဘက်ထိပ်၌ ထိုင်နေသူမှာ အသက်ခြောက်ဆယ်ကျော် ငါးဆယ်နီးပါးခန့်ရှိသူ တစ်ယောက်ဖြစ်သည်။

တည်ကြည် ခန့်ညားသော ရုပ်သွင်ရှိပြီး စာပေသမား တစ်ယောက်ဟုထင်မှတ်ရမည်ဖြစ်သည်။

သို့သော် ထိုလူမှာ စာပေသမားမဟုတ်ဘဲ ဓားသမား တစ်ယောက်သာဖြစ်ပေသည်။

ပထမဓား မုယို ချန်းဟု ကျော်ကြားသူပင်ဖြစ်ပါသည်။



သူ၏မျက်နှာသည် တည်ကြည်မှုရှိသလို ဖော်ရွေလိုက်လှဲသော အပြုံးလည်းရှိနေ၏။

သူသည် ဝဲယာတစ်ဘက်တစ်ချက်စီခွဲကာ ထိုင်နေကြသော မိတ်ဆွေခြောက်ယောက်ကို ဝေ့ကြည့်လိုက်ပြီး....

'ကဲ မိတ်ဆွေတို့ အားရပါးရစားကြသောက်ကြပါဗျာ'

သူ၏ စကားကြားလျှင် စားပွဲ၏ ဝဲအစွန်း၌ ထိုင်နေသူ တစ်ယောက်က....

'စားတာသောက်တာ အရေးမကြီးပါဘူးဗျာ၊ အရေးကြီးတာက ဝေ့သူတော်ကို အစ်ကိုမုယို ဘယ်လိုတွေ့ပြီး ဘယ်လို သုတ်သင်လိုက်တယ်ဆိုတာ သိရဖို့က အဓိကပါ၊ ဝေ့သူတော်ကို သုတ်သင်ပစ်ဖို့ ကျုပ်တို့ညီအစ်ကိုခုနစ်ယောက်စလုံး စိတ်ဝင်စားမှု ရှိနေကြတယ် မဟုတ်လား၊ အစ်ကိုမုယိုဟာ ခြေရာခံမိသွားတာ ကျုပ်တို့ကို သတင်းလေး ဘာလေးတောင် မပေးဘဲ တစ်ယောက်တည်း ကျိတ်လုပ်သွားတာ မဟုတ်လား။ ဟား... ဟား... ဟား'

ထိုလူက ပြောပြောဆိုဆိုသဘောကျစွာရယ်မောလိုက်လေ၏။

ထိုလူသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ရှိသူတစ်ယောက်ဖြစ်သည်။

အရပ်ရှည်သလို ခြေတံလက်တံရှည်သူဖြစ်၍ သူ့အားရင်းနှီးသူများက ဗျိုင်းဖြူယို့ဟုန်ဟု ခေါ်ကြသည်။

ဗျိုင်းဖြူယို့ဟုန်သည် ပထမဓား မုယို ချန်း၏သွေးသောက် မိတ်ဆွေခြောက်ယောက်အနက် အမှတ်စဉ်လေးနေရာ၌ ရှိသူဖြစ်ပေသည်။

ဗျိုင်းဖြူယို့ဟုန်၏ စကားကြောင့် မုယုံချန်းရယ်မောလိုက်တော့သည်။

'ဟဲ....ဟဲ—ဟဲ ကျုပ်က တစ်ယောက်တည်း ကြိတ်လုပ်တာ မဟုတ်ပါဘူးဗျာ၊ ဝံသူတော်ရဲ့ သတင်းကြားတာနဲ့ ထွက်ပြေးသွားမှာစိုးပြီး ဘယ်သူ့ကိုမှ အကြောင်းမကြားဖြစ်တာပါ။ ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ'

ထိုစဉ် ဗျိုင်းဖြူ ယို့ဟုန်၏ နံဘေး၌ ထိုင်နေသူက—

'ဝံသူတော်ဟာ ကြောက်စရာ ကောင်းတယ်၊ တစ်ယောက်ချင်း ရင်ဆိုင်ဖို့ မလွယ်ဘူးဆိုတာ လူတိုင်းသိကြတယ်၊ အစ်ကိုကြီး မုယုံ ဘယ်လိုလုပ်ပြီး အနိုင်ယူခဲ့တာလဲ ရှင်းပြစမ်းပါဦးဗျာ'

ထိုလူမှာ ဗျိုင်းဖြူ ယို့ဟုန်နှင့် ဆန့်ကျင်ဘက်အသွင်ရှိသူဖြစ်၏။ မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားကာ ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်ရှိသူဖြစ်၏။

မေးရိုးကားကားသလို မျက်လုံးပြူးသူဖြစ်ရာ သူ့အား မျက်ပြူးကြီး ကျောက်စုဟု ခေါ်ကြလေသည်။

'ဘယ်လိုလုပ်အနိုင်ရခဲ့တယ်ဆိုတာ ရှင်းပါတယ်၊ သုံးရက်သုံးညလုံးလုံး သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ပြီး နောက်ဆုံး သူအမှားတစ်ခု ကျူးလွန်မိတာနဲ့ ကျုပ်အနိုင်ရခဲ့တာပါဗျာ'

'ဘယ်လို အမှားလုပ်မိလို့လဲ'



'သူက ကျုပ်ရဲ့ဓားဟာ သိုင်းလောကမှာ ပထမ ဓားတွဲရအောင် လျင်မြန်တယ်ဆိုတာ မယုံကြည်ခဲ့ဘူးလေဗျာ။ ကျုပ်ဓားဘယ်လောက်မြန်တယ်ဆိုတာ သိချင်နေခဲ့တယ်'

မျက်ပြူးကြီး ကျောက်စု ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'လက်စသတ်တော့ ဒီလိုကိုး၊ သူက အစ်ကိုကြီး မုယုံရဲ့ ဓားဘယ်လောက်မြန်တယ်ဆိုတာ လက်တွေ့သိချင်လို့ စောင့်ကြည့်တဲ့အချိန်မှာ အစ်ကိုကြီး မုယုံရဲ့ ဓားဟာ သူ့ရင်ခွင်ထဲ တိုးဝင်သွားခဲ့တာပေါ့'

'ဟုတ်တယ် သူက တိုက်ခိုက်နေတုန်း အရှိန်လျော့ပြီး ကျုပ်ဓား ဘယ်လောက်မြန်တယ်ဆိုတာ အကဲခတ် ကြည့်လိုက်တယ်၊ ဒါဟာသူ့အမှားပဲ ကျုပ်ဓား ဘယ်လောက်မြန်ကြောင်း သိတဲ့အချိန်မှာ သူနောက်ကျနေပြီ'

'ဝံသူတော်ဟာ သိုင်းလောကမှာ ဘယ်သူ့ကိုမှ မှုစရာမလိုဘူးလို့ ယူဆပြီး မာနမာန ထောင်လွှားခဲ့သူ တစ်ယောက်ပဲ၊ ဒါကြောင့် အခုလို အမှားမျိုး ကျူးလွန်မိတာပေါ့၊ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီး မုယုံနဲ့ ရင်ဆိုင်မိမှတော့ ပြေးစရာ မြေမရှိတော့ပါဘူး၊ သူဟာ အမှားမလုပ်လဲ ရှုံးမှာပါပဲ'

မျက်ပြူးကြီးကျောက်စုနှင့် မျက်နှာချင်းဆိုင် ထိုင်နေသူက ကြားဝင်ပြောက်ပန်၍ ပြောလိုက်သည်။

ထိုလူသည် ကုန်သည်ပွဲစား ဟန်ပန်ရှိသူဖြစ်သည်။

မုယုံချန် ကဲ့သို့ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိမည်ဟု ထင်ရပြီး အဖိုးတန်ဖဲအင်္ကျီ ဝတ်ဆင်ထားသည်။

လက်ထဲ၌ နှံ့သာ ယပ်တောင် တစ်ချောင်းကိုကိုင်ထား၍ တဖျပ်ဖျပ် ယပ်ခပ်သည်။ ယပ်တောင်ကိုင်ထားသော သူ၏ဝဲဘက် လက် လက်ငါးချောင်းစလုံး၌ လက်စွပ်တစ်ကွင်းစီ စွပ်ထား လေသည်။

လက်စွပ်ငါးကွင်းစလုံးမှာ အဖိုးတန် ရွှေငွေ ကျောက်မျက် ရတနာများ စီခြယ်ထား၏။

ထိုလူသည်ကား မုယုံချွန်၏ မိတ်ဆွေများအနက် အချမ်းသာ အကြွယ်ဝဆုံး သူဌေးကြီး ယင်းလုဆိုသူ ဖြစ်ပေသည်။

ယင်းလု၏ စကားကြားသောအခါ မုယုံချွန်းသည် ဝံသူတော် ရှောင်ဖုံးနှင့် တိုက်ခိုက်ခဲ့ရပုံများကို ပြန်လည်မြင်ယောင်လာ၏။

ဝံသူတော် ရှောင်ဖုံးသည် သူ့ထက်ပင် သိုင်းပညာ အနည်း ငယ် ပို၍မြင့်မားနေကြောင်း တကယ်တန်း ယှဉ်ပြိုင်ရသည့်အခါ မှ သိခဲ့ရ၏။

အကယ်၍သာ ဝံသူတော်ရှောင်ဖုံးက သူ၏အား မြန်မြန် သိလိုစိတ်မရှိလျှင် တကယ်တမ်း သေဆုံးသွားရမည့်သူမှာ မိမိ သာလျှင်ဖြစ်ကြောင်း မုယုံချွန်း နားလည်မိသည်။

သူသည် ဝံသူတော် ရှောင်ဖုံးအား အနိုင်ရခဲ့သော်လည်း ကိုယ့်ကိုယ်ကို ဂုဏ်ယူကျေနပ်နိုင်ခြင်း မရှိခဲ့ပေ။

မိမိ၏သိုင်းပညာမှာ ထိပ်တန်းအဆင့်ရောက်နေပြီ မှန်သော် လည်း ဆက်လက် ကြိုးစားလေ့လာရဦးမည်ဖြစ်ကြောင်း သတိ ပြုမိလာသည်။

ထို့ကြောင့် သူဌေးကြီးယင်းလု၏စကားကို လက်မခံနိုင်ချေ။



'အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဝံသူတော် ရှောင်ဖုံးကို ကျုပ်မနိုင်နိုင်ဘူး [illegible] အမှာ လုပ်မိလို့သာ နိုင်ခဲ့တာပါ။ နို့မဟုတ် ရင် သေရမယ့်လူက ကျုပ်ပဲ'

သူ၏စကား [illegible] ကြောင့်သူဌေးကြီး ယင်းလု၊ မျက်[illegible] ကျောက်စုံ ဗျိုင်း ပြူးယို့ ဟန်တို့ မျက်လုံးပြူးသွားကြသည်။

ထိုစဉ် မုယုံချွန်၏ ဝဲဘက်၌ကပ်လျက် ထိုင်နေသူက...

'ညီလေး-ရင်း တကယ်ပြောလိုက်တာလားကွ'

ထိုလူမှာ စိုင်ဖွဲ့ထိုင်နေသူများအနက် အသက်အကြီးဆုံး ဖြစ် ပေသည်။

ထိုလူ့ကို အားလုံးက အစ်ကိုကြီးလို့ တလေးတစား ခေါ်ကြ ၏။ သူ၏အမည်ရင်းမှာ ဝမ်းလဲ ဖြစ်ပြီး သိုင်းလောက၌ ပညာ ရှိဝမ်းလဲ ဟု လူသိများ ကျော်ကြားနေသူဖြစ်ပေသည်။

သေသောက် မိတ်ဆွေနှစ်ယောက်အနက် ပညာရှိဝမ်းလဲ နှင့် ပထမဓား မုယုံချွန်တို့မှာ အရင်းနှီးဆုံး ဖြစ်ကြလေသည်။

'ကျုပ် တကယ်ပြောတာပါဗျာ'

ထိုစကားသည် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်နိုင်ကြောင်း မုယုံ ချွန်း ကောင်းစွာ နားလည်သဘောပေါက်ထား၏။

သို့သော် အရင်းအနှီးဆုံး သေသောက်မိတ်ဆွေများအား မကွယ်မဝှက် အမှန်အတိုင်း ပြောပြလိုက်ခြင်းဖြစ်ပေသည်။

ဝမ်းလဲ၏ဘေး၌ ထိုင်နေသူက မကျေမနပ်လေသံဖြင့်—

'အစ်ကိုကြီးမုယုံ သူ့ကို အနိုင်ရနိုင်ဘူးဆိုတာ ကျုပ်မယုံ ကြည်နိုင်ဘူးဗျ [illegible] တင်နေလို့လဲ'

ထိုလူသည် ခရမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထား၍ မင်းညီ မင်းသားတစ်ယောက်ကဲ့သို့ ရုပ်သွင်ရှိသူဖြစ်သည်။

သူ၏အမည်မှာ ဟွာကိုဖုံးဖြစ်ပြီး၊ သူ့အား မင်းသားလေးဟု လူသိများ၏။ သူတို့လူစုအနက် အသက်အငယ်ဆုံးဖြစ်သည်။

ဟွာကိုဖုံး၏ စကားအဆုံးတွင် သူ၏နံဘေး၌ ထိုင်နေသည့် ကျောင်းစုအိမ်က...

'ဟုတ်တယ် ဝံသူတော် နာမည်ကျော်တယ်ဆိုတာ မှန်ပေမယ့် သူ့ကို ကြောက်စရာမလိုဘူးလို့ ကျွန်တော်ထင်ပါတယ်၊ နောက်ဆုံးမှာတော့ သူဟာ အစ်ကိုကြီး လက်ချက်နဲ့ သေဆုံးသွားရတာပဲမဟုတ်လား'

ကျောင်းစုအိမ်သည် ဟွာကိုဖုံးကဲ့သို့ ရုပ်ရည်ချောမောသော လူရွယ်တစ်ယောက်ဖြစ်သည်။

ဟွာကိုးဖုံးနှင့် လွန်စွာအတွဲညီသူဟု သတ်မှတ်ကြပြီး သူ့အား ငွေမင်းသားလေးဟု သိုင်းလောကသားများ ကင်ပွန်းတပ်ကြလေ၏။

မုယုံချန်း သက်ပြင်းချပြီး—

'အင်း....ညီလေးတို့ မယုံရင်လဲကျုပ်ရှင်းပြရသေးတာပေါ့'

ပြောဆိုရင်း ထိုင်ရာမှထသော အင်္ကျီရင်ဘက်ကို ဖွင့်ပြလိုက်၏။ ထိုအခါ ကြီးမားသော ရင်အုပ်ကြီးပေါ် ကြောင်ခြစ်ထားသလို အစင်းကြောင်းများ ရှိနေသည်ကိုတွေ့ရ၏။

ဆေးလိမ်းထားသော်လည်း နီရဲသောင်ကိုင်းပြီး မြင်မကောင်း ရှုမကောင်း ရှိနေသည်။



တိုဒဏ်ရာများသည် ဝံသူတော်ရှောင်ဖုံး၏ လက်ချက်ဖြစ်ကြောင်း အားလုံးသိရှိထားကြ၏။

ရှောင်ဖုံးအား ဝံသူတော် ကင်ပွန်းတပ်ကြခြင်းမှာ ရှောင်ဖုံးသည် ဝံပုလွေတစ်ကောင်ကဲ့သို့ ရက်စက်ကြမ်းကြုတ်ပြီး လျင်မြန်ဖျတ်လတ်သူ တစ်ယောက်ဖြစ်ခြင်းကြောင့်တည်း။

ရှောင်ဖုံး၏ ထူးခြားချက်မှာ လက်ချောင်းများထိပ်၌ ဝံပုလွေ လက်သည်းကဲ့သို့ သံခေတ်ဖြင့် ပြုလုပ်ထားသော လက်သည်းအတုများ တပ်ဆင်ထားခြင်းပင်ဖြစ်သည်။

မုယုံချန်း၏ ဒဏ်ရာများမှာ ယင်းသံခေတ် သက်သည်းများကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေသည်။

ကျောင်းစုအိမ်သည် မုယုံချန်း၏ ရင်ဘတ်မှဒဏ်ရာများကို ကြည့်ကာ စိုးရိမ်ထိတ်လန့်သောအသံဖြင့်....

'ဟင်....အစ်ကိုကြီးရင်ဘတ်မှာ ဒဏ်ရာဒဏ်ချက်တွေ မနည်းပါလား၊ ဝံသူတော်က လက်သည်းထိပ်မှာ အဆိပ်သုတ်လိမ်းထားတယ်လို့ ကျော်ကြားနေတာပဲ၊ ဒီအတိုင်းဆို အစ်ကိုကြီး အဆိပ်....'

သူ၏ စကားအား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။ အားလုံး၏အကြည့်သည် မုယုံချန်းထံသို့ ရောက်ရှိသွားကြ၏။

ဝံသူတော်၏ လက်ချက်ကြောင့် ဒဏ်ရာရခဲ့သည်ဆိုလျှင် အဆိပ်မိသွားမည်မှာလည်း သေချာ၏။ မုယုံချန်းက ပြုံးလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်အဆိပ်မိခဲ့တာအမှန်ပဲ၊ ဒါပေမယ့်အချိန်မီ ဖြေဆေးသောက်နိုင်လို့ အခုလို စကားပြောနိုင်တာပေါ့၊ ဘာပဲ

ဖြစ်ဖြစ် ကျုပ်နဲ့ထိုင်းအား တစက်မလေးစက် လျော့ကျသွားတာ
တော့အမှန်ပဲ၊ ဝသူတော်လိုလူမျိုးကို သုတ်သင်ပစ်နိုင်ဖို့အတွက်
ကျုပ်အသက်ပေးရမယ်ဆိုရင်လဲ မမှုပါဘူးဗျာ'

သူ၏ တည်ကြည်လေးနက်သော မျက်နှာ၊ ရဲရင့်ပြတ်သား
သော စကားသံကြောင့် အားလုံးက ချီးကျူးသောအကြည့်ဖြင့်
ကြည့်လိုက်ကြလေသည်။

ပညာရှိဝမ်းလီက ဆက်ပြင်းချရင်း...

'အင်း-- ငါညီရဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်ကွာ၊ ဝသူ
တော်ကို ဘယ်လို ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရတယ်ဆိုတာ ကျုပ်
သဘောပေါက်နားလည်ပြီ'

'အဲဒါဖြစ်ဖြစ် ဝသူတော်နဲ့ရင်ဆိုင်ခဲ့ရတဲ့အတွက် တစ်ခု
တော့ အမြတ်ထွက်ခဲ့ပါတယ်'

မုယုံချန်းသည် ပြောရင်း အင်္ကျီအိတ်ထဲမှ စာအုပ်ကလေး
တစ်အုပ်ထုတ်ကာ စားပွဲပေါ်ချလိုက်သည်။ စာအုပ်ကလေးမှာ
ဟောင်းနွမ်းကာ ဝါကျင့်ကျင့်အရောင် သမ်းနေပြီဖြစ်သည်။

အားလုံးက စာအုပ်ကလေးကို ဝိုင်းကြည့်လိုက်ကြသည်။
မုယုံချန်း ဆက်ပြောလိုက်၏။

'ဒီစာအုပ်ကလေးဟာ ဝသူတော်ရှောင်ဖုံးရဲ့ ဝပုလွေ
ထိုင်းကွက်စာအုပ်ကလေးပဲပဲ၊ ဝသူတော်ရှောင်ဖုံး အသက်
မသေခင်မှာ ကျုပ်ကို ဒီစာအုပ်ပေးပြီး မီးရှို့ဖျက်ဆီးပစ်ဖို့
မှာသွားတယ်၊ သူဟာ ကျုပ်ကိုရှုံးသွားပေမယ့် ကျေကျေနပ်နပ်
ကြီး ခံယူသွားပါတယ်၊ သူဟာ လူဆိုးကြီးတစ်ယောက်ဖြစ်ပေ
မယ့် ထိုင်းသမားစိတ်ဓာတ်တော့ရှိတယ်၊ သူမနိုင်လို့ရှုံးရတာ



ကျုပ်အပေါ် ဘယ်လိုမှ အာဃာတမထားဘူး၊ တကယ်လို့များ
ဒီစာအုပ်ကလေးဟာ တခြားလူတစ်ယောက် လက်ထဲ ရောက်
သွားရင်...'

သူ၏စကားမဆုံးမီ...

'ဝသူတော် နောက်တစ်ယောက် ထိုင်းလောကမှာ ပေါ်
ထွက်လာမှာကို သဘောမကျဘူးမဟုတ်လား'

ပညာရှိဝမ်းလီက ကြားဖြတ်ပြောလိုက်သည်။

'ဟုတ်တယ်၊ သူသေဆုံးခါနီးမှာ ကျုပ်ကိုမေးတယ်၊ ဘာ
ကြောင့် အခုလို အသက်စွန့်တိုက်ခိုက်ရတာလဲတဲ့၊ ကျုပ်ကလဲ
မတရားမှုတွေ၊ မကောင်းမှုတွေကို လက်ပိုက်မကြည့်နိုင်လို့ သူနဲ့
ရန်ငြိုးရန်စမရှိပေမယ့် အသက်စွန့်တိုက်ခိုက်ခဲ့တာပါလို့ ပြော
လိုက်တယ်၊ ကျုပ်စကားကို သူသဘောကျသွားတယ်၊ ဒီစာအုပ်
ကလေးထုတ်ပေးပြီး ဖျက်ဆီးခိုင်းလိုက်တယ်၊ ဖျက်ဆီးမပစ်ရင်
နောက်တစ်ခါ ကျုပ်ရင်ဆိုင်ရမယ့်ရန်သူ ပေါ်ပေါက်လာဦး
မယ်လို့ ပြောသွားတာပဲ'

ဝမ်းလီက...

'အင်း... ဝသူတော်ဟာ အသက်သေဆုံးခါနီးမှာ အမြင်မှန်
ရသွားတာကိုး၊ ထိုင်းသမားအချင်းချင်း လေးစားတဲ့စိတ်ဓာတ်
ဟာ သူ့အကျင့်ကို ပြောင်းလဲပေးလိုက်တာပဲ၊ အဲဒါဖြစ်ဖြစ်လေ
ဝပုလွေထိုင်းကျမ်းရခဲ့တာဟာ အများအတွက် အမြတ်ထွက်
တာပေါ့၊ ညီလေးအနေနဲ့ ဖျက်ဆီးပစ်မယ်မဟုတ်လား'

'ဟုတ်တယ်၊ နည်းနည်းပါးပါး လေ့လာဖတ်ရှုပြီးရင် ဖျက်
ဆီးပစ်လိုက်မှာပါ၊ ဝပုလွေထိုင်းကွက် တတ်မြောက်ထားတဲ့

ဝံသူတော်ကို အနိုင်ရဖို့မလွယ်တော့ သူ့ရဲ့ထူးခြားတဲ့သိုင်းကွက်တွေကို လေ့လာကြည့်ချင်သေးတယ်လေ၊ ဒါပေမယ့် တတိ ေမြာက်တဲ့အထိ လေ့ကျင့်ဖို့တော့ စိတ်မကူးပါဘူး၊ ကျုပ်တို့ ထက်သာအောင် ဘယ်လိုကြံဆတီထွင်ထားတယ်ဆိုတာ လေ့လာရုံသက်သက်ပါ၊ မသူတော် တစ်ယောက်ယောက်ဆက်ထဲ ရောက်သွားရင် ဒုက္ခတွေ့နိုင်တာမို့ အမြန်ဆုံး ဖျက်ဆီးပစ်ဖို့ စိတ်ကူးထားပါတယ်’

ကျောင်းစုံအိမ်နှင့် ဟွာကိုဖုံးတို့မှာ ဝံပုလွေသိုင်းစာအုပ်ဆာတေးကို နှမြောတသစွာ ကြည့်မိသည်။

မုယုံချန်း၏စကားအရ ဝံသူတော်ချောင်ဖုံးအား အနိုင်မရသည်မှာ ဝံပုလွေသိုင်းကွက်များကြောင့်ဖြစ်ကြောင်း ထင်ရှားနေသည်။

ထိပ်တန်းသိုင်းပညာရှင် မုယုံချန်းပင် အနိုင်မရလျှင် ဝံပုလွေသိုင်းကျမ်းမှာ အလွန်အစွမ်းထက်နေမည်ဖြစ်ကြောင်း ငြင်းမရတော့ချေ။

ကျောင်းစုံအိမ်နှင့် ဟွာကိုဖုံးတို့မှာ ဝံပုလွေသိုင်းကျမ်းအား စိတ်ဝင်စားလာကြလေတော့သည်။

‘အစ်ကိုကြီးမုယုံ၊ ဝံပုလွေသိုင်းကျမ်းကို လေ့လာပြီးရင် ကျုပ်တို့ကိုလဲ ခဏလောက်ပေးပါလား၊ ဝံပုလွေသိုင်းကျမ်းရဲ့ လျှို့ဝှက်ချက် ဘယ်လိုရှိတယ်ဆိုတာ လေ့လာပါရစေဗျာ’

ကျောင်းစုံအိမ်မှာ တန်မသောင်နိုင်တော့ဘဲဖွင့်ဟတောင်းဆိုလိုက်လေသည်။

ဟွာကိုဖုံးကလည်း—



‘ဟုတ်ပါတယ်၊ ဒါမှ ကျုပ်တို့လဲ ဗဟုသုတတိုးပွားလာမယ် မဟုတ်လား’

သူတို့နှစ်ယောက်၏စကားကို မျက်ပြုံးကျောက်စုသူဌေးကြီးထင်းလူနှင့် ဗျိုင်းဖြူရှီ့ဟုန်တို့ကလည်း ထောက်ခံလိုက်ကြ၏။

‘မှန်တယ်ဗျို၊ ကျုပ်တို့ ဗဟုသုတရတာပေါ့’

‘ညီလေး ကျောင်းစုံအိမ်နဲ့ ဟွာကိုဖုံးရဲ့စကားကို ထောက်ခံတယ်’

‘ဝံပုလွေသိုင်းကွက်တွေ လေ့လာရတဲ့အခါ သိုင်းပညာရပ်တစ်ခုရဲ့ လျှို့ဝှက်ချက်ကိုသိရပြီး တခြားသိုင်းပညာရပ်တွေရဲ့ လျှို့ဝှက်ချက်တွေကိုလဲ ဆင်ခြင်မှန်းဆနိုင်တာပေါ့ဗျာ’

ပညာရှိဝမ်းလဲ့ကား တစ်ခွန်းမျှမပြောဘဲ မုယုံချန်းကို စိုက်ကြည့်နေလေသည်။

မုယုံချန်းသည် ဝံပုလွေသိုင်းကျမ်းအား လိုလိုလားလား တောင်းခံနေကြသော မိတ်ဆွေများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

‘စမ်းနည်းပါတယ်ဗျာ၊ ကျုပ်ကိုယ်တိုင်တောင် လေ့လာဆဲမသိဘဲ စဉ်းစားနေတုန်းပဲရှိသေးတယ်၊ ပြီးတော့ မီးရှို့ဖျက်ဆီးပစ်ပါမယ်လို့ ဝံသူတော်သေတာနီး ကတိပေးခဲ့တဲ့စကားလဲ ရှိပါသေးတယ်၊ ဒါကြောင့် မိတ်ဆွေတို့ရဲ့ ဆန္ဒကို မလိုက်လျောနိုင်တာ ခွင့်လွှတ်ပါဗျာ’

သူ၏စကားကြားသည့်အခါ ကျောင်းစုံအိမ်၊ ဟွာကိုဖုံး၊ ထင်းလူ၊ ကျောက်စုနှင့် ရှီ့ဟုန်တို့ စိတ်ပျက်သွားကြလေသည်။

ထို့ပြင် မုယုချန်း၏ငြင်းပယ်မှုကြောင့် ရှက်လည်းရှက်သွားကြ၏။

စိတ်ဆတ်သော ကျောင်းစုအိမ်က...

'ကျုပ်တို့ကို လေ့လာခွင့် မပြုနိုင်ဘူးဆိုရင် အစ်ကိုကြီးအနေနဲ့ ဝံပုလွေသိုင်းကျမ်း ထုတ်ပြဖို့ မသင့်ဘူးဗျ၊ ကိုယ့်ဘာသာ ကျိတ်ပြီး ဖျက်ဆီးပစ်လိုက်ဖို့ ကောင်းတယ်'

သူ၏စကားမှာ ရိုးရိုးရှင်းရှင်း ဖြစ်သော်လည်း အဓိပ္ပာယ်များစွာ သက်ရောက်နေသည်။

လေ့လာခွင့်မပြုလျှင် ဝံပုလွေသိုင်းကျမ်း ပြစရာမလို၊ ဝံပုလွေသိုင်းကျမ်း ထုတ်ပြပြီးမှ လေ့လာခွင့် ပြုကိုပြုရမည်ဟု အတင်းအကြပ် တောင်းဆိုသည့်သဘောမျိုးဟု ယူဆနိုင်၏။

ဟွာကိုဖုံးက ကျောင်းစုအိမ်ကို တစ်ချက်ကြည့်လိုက်သည်၊ ပြီးနောက် ဦးခေါင်းဆတ်ခနဲညိတ်ကာ...

'ဟုတ်တယ် အစ်ကိုကြီး၊ ထုတ်မပြသင့်ဘူး'

ယင်းလုကျောက်စုနှင့် ရှီ့ဟုန်တို့ကလည်း သူတို့၏စကားကို ထောက်ခံသည့်သဘောဖြင့် မုယုချန်းအား စိုက်ကြည့်မိသည်။

မည်သို့ဆိုစေ မုယုချန်းအနေဖြင့် သဘောထားပြောင်းလဲသွားမည် မဟုတ်ဟု ပညာရှိဝမ်းလ နားလည်လိုက်လေသည်။

မုယုချန်း၏စကားသံ ထွက်ပေါ်လာသောအခါ သူထင်မြင်ယူဆသည့်အတိုင်း ဖြစ်နေပေသည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်က ဝံပုလွေရဲ့ ကြောက်မက်ဖွယ်ကောင်းပုံကိုသာ ပြချင်ပြလိုတာပါ၊ သူ့ရဲ့သိုင်းကို လေ့လာခွင့် မပြုနိုင်ပါဘူး၊ ကျုပ်တောင် လေ့လာဖြစ်ချင်မှဖြစ်မှာပါ၊ ကျုပ်ရဲ့သိုင်းအား နဂိုအတိုင်းပြန်ဖြစ်အောင် အချိန်ယူကြိုးစားလေ့ကျင့်ရဦးမယ် မဟုတ်လား၊ ဒါကြောင့် အချိန်ပေးနိုင်မယ် မထင်ပါဘူး၊ ဒီအတိုင်းဖျက်ဆီးလိုက်ဖို့ပဲ များပါတယ်'



ကျောင်းစုအိမ်တို့လူစု ကျေမနပ် ဖြစ်သွားကြသည်၊ ပညာရှိဝမ်းလ တိတ်တဆိတ်သက်ပြင်းချလိုက်၏။

မုယုချန်းက ဝံပုလွေသိုင်းကျမ်းအား ထုတ်ပြပြီးသည့်နောက်ပိုင်းတွင် ခင်မင်ရင်းနှီးခဲ့ကြသော မိတ်ဆွေများ၏ ဆက်ဆံမှုသဘောထား ရုတ်ခြည်းပျက်သုန်းသွားရပြီဟု နားလည်မိ၏။

ကျောင်းစုအိမ်က...

'အင်း-အစ်ကိုကြီး ခွင့်မပြုနိုင်ရင် နေပါစေတော့၊ ဒီတနေ့ ကျုပ်တို့လာခဲ့တာလဲ ဝံပုလွေသိုင်းကျမ်း ကို လေ့လာဖို့မဟုတ်ပါဘူး၊ အစ်ကိုကြီးရဲ့ အောင်ပွဲအတွက် ဂုဏ်ပြုဖို့ပါ၊ ကဲ-ကဲ-စားစရာ သောက်စရာတွေလဲ အေး ကုန်ပြီ၊ စားကြ သောက်ကြ ရအောင်'

စကားလမ်းကြောင်းပြောင်းတာ စားသောက်စရာများဘက်သို့ ဦးတည်လိုက်၏။

တင်းမာစပြုသော အခြေအနေအထားမှ ရုတ်ခြည်း မိတ်ဆွေများ၏ စားသောက်ပွဲသို့ ပြန်လည်ရောက်ရှိသွား၏။

တင်းမာမှုများလည်း ကွယ်ပျောက်သွားသည် ထင်မှတ်ရ၏။

မုယုချန်းက...

'ကဲ... မိတ်ဆွေတို့ စိတ်တိုင်းကျ အားရပါးရ စားသောက်ကြပါဗျာ'

ပြောရင်း သူကိုယ်တိုင် အရက်တစ်ခွက်စီ လိုက်လံငှဲ့ပေးလေသည်။ အားလုံးက စကားမပြောတော့ဘဲ စားသောက်လိုက်ကြလေသည်။

ပညာရှိ ဝမ်းလီအား စားသောက်နေသော်လည်း စိတ်မပါချေ။ တင်းမာမှုများသည် အမှန်တကယ် ပျောက်ကွယ်သွားခြင်း မဟုတ်ဘဲ ရင်ထဲခိုအောင်းသွားခြင်းသာ ဖြစ်ကြောင်း သူကောင်းစွာ နားလည်မိသောကြောင့်ဖြစ်သည်။

ဝပ်ပုလေ့ သိုင်းကျမ်းအား အမြန်ဆုံးဖျက်ဆီးပစ်ရန် မုယုံချန်းအား တိုက်တွန်းရမည်ဟု စိတ်ထဲတွေးနေမိလေတော့သည်။

*

အခန်း ( ၃ )

မီးလောင်ရာလေပင့်

ညှော်သည်များ ကိုယ်စီကိုယ်စီ ပြန်သွားကြပြီ ဖြစ်လေသည်။ ခေးဂေဟာခြံဝင်း၌ ညှော်သည်ဟူ၍ ပညာရှိဝမ်းလီ တစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ဝမ်းလီသည် ခေးဂေဟာခြံဝင်းသို့ရောက်သည့်အခါ တစ်ဆကိုးသီတင်း နေထိုင်ခဲ့လေ ရှိသည်။

မုယုံချန်းနှင့် သိုင်းလောကအကြောင်းများ မဆုံးနိုင်အောင် ပြောဆိုဆွေးနွေးသလို သိုင်းပညာချင်းလည်း ဖလှယ်လေ့ ရှိ၏။

ယခု တစ်ကြိမ်တွင်အား ယခင်ကလိုမဟုတ်ဘဲ မုယုံချန်းကို

 အစအဆုံးပေးနှစ်သိမ့်ရန် နေခဲ့ခြင်းသာလျှင် ဖြစ်ပေသည်။

မုယိုချုန်းမှာ ဝိပုလေ့လာကြသည်။ ဒဏ်ရာဒဏ်ချက်များ ရရှိထားသည့်အပြင် အတွင်းအားများသည်း ကုန်ခန်းနေသည် မဟုတ်ပါလား။

သုံးရက် သုံးညတိုင်တိုင် အပြင်းအထန် တိုက်ခိုက်ခဲ့ရခြင်း ကြောင့် အနိုင်ရခဲ့သော်ငြားလည်း သိုင်းအား တစ်ဝက်ခန့် ဆုံးရှုံးခဲ့ရ၏။

ဆုံးရှုံးသွားသော သိုင်းအားများ ပြန်လည်ပြည့်လာစေအောင် တစ်လနှစ်လခန့် အေးအေးဆေးဆေး အနားယူပြီး သိုင်းပညာ ပြန်လည်လေ့ကျင့်ရဦးမည် ဖြစ်ပေသည်။

သိုင်းအားလျော့ကျသွားရုံ သက်သက်ဆိုလျှင် အရေးမကြီး သော်လည်း အဆိပ် ဝိပုလေ့လာကသည်း ထိထားခြင်းကြောင့် လပေါင်းများစွာ ကြာအောင်အနားယူရဦးမည် ဖြစ်ပေသည်။

ဝမ်းလီသည် နံနက်မိုးစင်စင်လင်းသည်နှင့် အခန်းတွင်းမှ ထွက်လာသည်။ အိမ်ဖော်တစ်ယောက်က သူ့အား အသင့်ခရီး ဦးကြိုပြုကာ...

'ပန်းဥယျာဉ်ထဲမှာ သခင်ကြီးစောင့်နေပါတယ်၊ ညီ့သည် တော်ကြီးနိုးရင် ခေါ်လာခဲ့ဖို့ မှာကြားထားပါတယ်'

ဝမ်လီ ခေါင်းညိတ်ကာ အိမ်ဖော်နှင့်အတူ ပန်းဥယျာဉ် ဘက်သို့ ထွက်လာခဲ့လေသည်။

အိမ်ဖော်ကား ပန်းဥယျာဉ်အဝင်ဝသို့ လိုက်ပို့ပြီးနောက် စားသောက်ဖွယ်ရာနှင့် လက်ဘက်ရည်ယူရန် ပြန်ထွက်သွား၏။

ဝမ်းလီက လက်နှစ်ဘက်နောက်ပစ်ကာ ပန်းဥယျာဉ်ထဲ ဝင်လာခဲ့သည်။ ပန်းဥယျာဉ်အတွင်း လှမ်းဝင်သည်နှင့်—



'ယား...'

'ခွမ်း...'

အားမာန်အပြည့်ဖြင့် အော်ဟစ် တိုက်ခိုက်နေသော အသံ များကိုကြားလိုက်ရသည်။ ဝမ်းလီ မျက်မှောင် ကြုတ်သွား၏။

ချက်ချင်းရှေ့သို့ ခပ်သုတ်သုတ်ကလေး လျှောက်သွားလေ သည်။ ပန်းဥယျာဉ်အတွင်း၌ လူဘစ်ယောက်က ထိုင်ခုံဘစ်လုံး၌ ထိုင်ကာလူငယ် တစ်ယောက် သိုင်းလေ့ကျင့် နေသည်ကို မျက်တောင်မခတ် ကြည့်နေ၏။

တစ်ခါတစ်ရံ လက်ခေ့ယမ်းကာ လိုအပ်သည်များကို ညွှန်ကြားပြသနေလေသည်။ ဝမ်းလီ သဘောကျစွာပြုံးလိုက် သည်။

ပန်းဥယျာဉ်အတွင်း၌ သိုင်းလေ့ကျင့်နေသူသည်ကား ပထမ ခေါ်မုယုံချုန်း၏ သားဖြစ်ပြီး လေ့ကာညွှန်ကြားသူမှာ မုယုံ ချုန်းဖြစ်လေသည်။

ဝမ်းလီ ဦ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်၊ မြစ်ရေ သည် အစုန်သာစီးလေ့ရှိသည်။

မိဘတို့သည်လည်း မိမိ၏ အမွှအနှစ်များကို သားသမီး များအား ခဝမျှရမည်သာဖြစ်သည်။

ပထမခေါ် မုယုံချုန်းက သားဖြစ်သူကို သိုင်းပညာ အမွှ ပေးရင်း နောက်တစ်ချိန်တွင် ပခုံးပြောင်းတာဝန်ထမ်းဆောင် ရန်စေခိုင်းဦးမည်ဖြစ်လေသည်။

ခြည်သို့ဆိုစေ မုယုံချန်းအနေဖြင့် ယခုလို သိုင်းအားလျော့နည်းနေချိန်၌ သိုင်းလေ့ကျင့်မှုကို ကြီးကြပ်ညွှန်ကြားခြင်း မပြုသင့်ဟု ဝမ်းလီယူဆသည်။

ထို့ကြောင့် မုယုံချန်းထံသို့ ခပ်သွက်သွက်လေးလျှောက်သွားတော့....

'ညီလေး မင်းအနားမယူဘဲ ဘာတွေလျှောက်လုပ်နေတာလဲ မင်းအေးအေးဆေးဆေး အနားယူသင့်တယ်ကွ'

သူ၏ စကားသံကြောင့် မုယုံချန်း ခေါင်းလှည့်ကြည့်လာသည်။ ဝမ်းလီကိုတွေ့လျှင် ပြုံးပြလိုက်ပြီး—

'ဪ... အစ်ကိုကြီးပါလား လာထိုင်ပါဦး'

နံဘေးရှိ ထိုင်ခုံတစ်လုံးကို ညွှန်ပြရင်းပြောလိုက်၏။

ထိုစဉ် သိုင်းလေ့ကျင့်နေသော လူငယ်သည် လေ့ကျင့်ရာမှ ရပ်နားသူတို့ထံသို့ လျှောက်လာ၏။ ထိုလူငယ်အား မုယုံချန်း၏သား မုယုံစိမ်းဖြစ်၏။ သူသည် မကြာခဏ ရောက်လာနေကျဖြစ်သော ဝမ်းလီနှင့်ခင်မင်ရင်းနှီးနေပြီ ဖြစ်လေသည်။

မုယုံစိမ်းက ဝမ်းလီအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ရင်း....

'ဘဘဝမ်းလီ ကျွန်တော် သိုင်းလေ့ကျင့်နေတာ ဘယ်လိုမြင်ပါသလဲ အမိန့်ရှိပါဦး ခင်ဗျာ'

ဝမ်းလီပြုံးရင်း....

'ငါ့တူကြီးမဆိုးပါဘူး၊ အခြေခံပညာအဆင့်ကို တတ်ကျွမ်းနေပြီပဲ ကြိုးကြိုးစားစား လေ့ကျင့်လိုက်ရင် ငါးနှစ်အတွင်း ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာမှာအမှန်ပဲ'



မုယုံစိမ်းကျေနပ် ဝမ်းသာသွား၏။ ထိုစဉ် မုယုံချန်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

'သား— လေ့ကျင့်မှုကို ရပ်ပြီး ကိုယ်လက်သန့်စင်ပေတော့ ပြီးရင်စာပေဖတ်ရှုဖို့ လာရမယ် ဟုတ်ပြီလား'

မုယုံစိမ်းက သူ့ဘက်လှည့်ကာ ဦးညွှတ်ရင်း....

'ကောင်းပါပြီ ဖေဖေ'

တစ်ဆက်တည်းပင် ဝမ်းလီကို ပြုံးပြရင်း....

'ဘဘဝမ်းလီ ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ကောင်းပြီ...ကောင်းပြီ'

မုယုံစိမ်း ထွက်သွားသည်။ ထိုအခါမှ ဝမ်းလီက မုယုံချန်းကိုပြုံးကြည့်ရင်း....

'အင်း— အစ်ကိုကြီး သားကတော့ တစ်နေ့မှာ ထွန်းပေါက်အောင်မြင်လာမယ့် လူငယ်တစ်ယောက်ပါပဲ၊ သူ့ကို သေသေချာချာ လေ့ကျင့်မျိုးထောင်ပေးဖို့ လိုလိမ့်မယ်၊ တစ်ချိန်မှာ သူဟာ အစ်ကိုကြီးရဲ့ ခြေရာကို နင်းနိုင်မှာ သေချာပါတယ်'

ဟု ချီကျူးစကားပြောဆိုလိုက်လေသည်။ မုယုံချန်းက....

'အေး— မုယုံမျိုးအနွယ်တွေဟာ ကိုယ်ကျိုးမဖက်အများအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြတယ်'

ထိုသို့ပြောပြီးနောက် မုယုံချန်းသည်၊ တစ်စုံတစ်ခု သတိရလာဟန်ဖြင့်...

'ကျွန်တော် တစ်ခုစဉ်းစားမိတယ် အစ်ကိုကြီး'

'ပြောပါ ညီလေး'

မုယုံချန်းက စဉ်းစားချင့်ချိန်နေသော လေသံဖြင့်...

'ဒီလိုပါ၊ ဝံသူတော် ရှောင်ဖုံးဆီက ရလာတဲ့ ဝံပုလွေ သိုင်းကျမ်း ဆယ့်ရှစ်ကွက်ကို ကျုပ် သူ့ကို သင်ပေးမလားလို့ စိတ်ကူးမိတယ်'

ထိုစကားကြားသည့်အခါ ဝမ်လီ အံ့ဩသွားသည်။ မုယုံချန်းအား မျက်မှောင်ကြုတ်ကြည့်ရင်း—

'သူဆိုတာ ဘယ်သူ့ကိုလဲ'

'မုယုံစိမ်းကိုပါ'

'မုယုံစိမ် ဟုတ်လား၊ သူ့အသက် မငယ်ဘူးလား'

'အသက် ငယ်သေးတာတော့ မှန်ပါတယ်၊ ဒါပေမယ့်သိုင်းပညာ သင်ပေးဖို့ သင့်ပြီလို့ ကျွန်တော်ယူဆမိတယ်၊ ဘာကြောင့်လဲဆိုတော့ ဝံသူတော်ရဲ့ အဆိပ်ကြောင့် ကျွန်တော့်ရဲ့သိုင်းအား တစ်ဝက်လောက် ပျက်စီးသွားပြီ မဟုတ်လား၊ ဒီတော့ သူ့ကိုပဲ သိုင်းပညာသင်ပေးပြီး ကျွန်တော့်ကိုယ်စား အများအကျိုး ဆောင်ရွက်ခိုင်းရတော့မှာပဲ'

ဝမ်းလီ စိတ်မကောင်းဖြစ်သွား၏။

မုယုံချန်းသည် ဝံသူတော်ရှောင်ဖုံး၏ လက်သည်းထိကာ ဒဏ်ရာရခဲ့သလို အဆိပ်လည်း မိခဲ့ပေသည်။

ဒဏ်ရာကို ကုသနိုင်သလို ဖြေဆေး အချိန်မီ သောက်နိုင်ခဲ့ခြင်းကြောင့် အသက်ချမ်းသာရာ ရခဲ့သော်လည်း သိုင်းအား တစ်ဝက်ခန့် ဆုံးရှုံးသွားခဲ့၏။

နောက် ပြန်လည် အစားထိုး၍ မရအောင်ပင် ပျောက်ကွယ်ခဲ့ခြင်း ဖြစ်ပေသည်။



ထိုအချက်ကို မုယုံချန်းနှင့် ဝမ်းလီတို့ နှစ်ယောက်တည်းသာ သိကြပေ၏။

'ကျွန်တော်ပြောတာ ဘယ်လိုသဘောရသလဲ အစ်ကိုကြီး ဝံပုလွေသိုင်းကွက် ဆယ့်ရှစ်ကွက်ကို သူ့သင်ပေးလိုက်ရင် တစ်ခြားသိုင်းပညာ သင်ပေးတာထက် ပိုပြီး မြန်မြန်ဆန်ဆန် တတ်မြောက်သွားနိုင်တယ်၊ ငါးနှစ်ဆယ်နှစ်လောက် အချိန်ယူစရာ မလိုတော့ဘူး'

ဝမ်းလီ မျက်မှောင်ကြုတ်ကာ—

'ဝံပုလွေ သိုင်းကွက်တွေဟာ သည်လောက်တောင်ပဲ လွယ်ကူနေလို့လား'

'လွယ်ကူတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် တိုက်ခိုက်မှုကိုသာ အားခြံပြီး တစ်ဘက်ရန်သူ မထင်မှတ်တဲ့ နေရာက တိုက်စစ်ဆင်လေ့ရှိတာရယ်၊ ရန်သူ အံ့ဩသွားအောင် မြန်နှုန်းစားကြီး စွန့်စားတိုက်ခိုက်တာရယ်၊ သည်သဘောတွေ စုံပေါင်းတီထွင် ထားတာပါ၊ သိုင်းကွက် ဆယ့်ရှစ်ကွက်ပဲရှိလို့ နှစ်နှစ်သုံးနှစ်လောက် ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်ရင် တတ်မြောက်သွားမှာပါ'

ဝမ်းလီ ဘာမှမပြောဘဲ စဉ်းစားနေလေသည်။

အမှန်တော့ သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့ပြီး ထောမနာဘွဲ့ရခဲ့သူ တစ်ယောက်အတွက် ဝံပုလွေသိုင်းကွက် ဆယ့်ရှစ်ကွက်ကို လေ့လာရုံဖြင့် ချက်ချင်း နားလည်သဘောပေါက်မည် ဖြစ်သည်။

သိုင်းကွက်အနေအထားနှင့် အဓိကအချက်များကို တွေ့မြင်သိရှိနိုင်၏။ သို့သော် သိုင်းပညာအခြေခံ အသင့်သာ ရှိသေးသော ငယ်ရွယ်သူတစ်ယောက်အတွက်မူကား လွန်စွာ ခက်ခဲသော သိုင်းပညာရပ်အဖြစ် ရှိနေလိမ့်မည်။

ဤအချက်ကို မုယုံချန်း မေ့လျော့နေလိမ့်မည်ဟု ဝမ်းလီ တွက်ဆမိလာသည်။ မည်သို့ဆိုစေ ဝံပုလွေသိုင်းကွက် ဆယ့်ရှစ်ကွက်ကား အလွန်ထက်မြက်မည်မှာ ယုံမှားဖွယ်မရှိချေ။

'အင်း ကောင်းသားပဲ၊ ဝံပုလွေ သိုင်းကွက် ဆယ့်ရှစ်ကွက် တတ်မြောက်ထားရင် ထိပ်တန်းသိုင်းသမားဖြစ်ပြီလို့ ဆိုနိုင်တာပဲ၊ ညီလေး သေသေချာချာ စောင့်ကြည့်ပြီး သင်ပြပေးနိုင်ရင် အချိန်တိုတိုအတွင်း တတ်မြောက်သွားနိုင်မှာပါ'

ဝမ်းလီ၏စကားကိုကြားသောအခါ မုယုံချန်း၏မျက်နှာ ဝင်းပလာ၏။

'အစ်ကိုကြီး သဘောတူတယ်ဆိုလို့ ဝမ်းသာလိုက်တာဗျာ၊ ဝံပုလွေသိုင်းကွက်တွေကို ကျုပ်သေသေချာချာလေးလာကြည့်စမ်း၊ ခက်ခဲနက်နဲပြီး လျို့ဝှက်ချက်ချည်းပဲ၊ အလျော့ပေးနောက်ဆုတ်တဲ့သိုင်းကွက်တွေမပါတဲ့ ရန်သူကိုတိုက်ခိုက်ဖို့ ဆက်သွယ်တီထွင်ထားတာဗျ'

ဝမ်းလီက ရယ်မောလိုက်သည်။

'သိုင်းကွက်စတည်းက ရန်သူလဲကျသွားတဲ့အထိ ဆက်တိုက်ထိုးစစ်ဆင်တဲ့သဘောပေါ့'

'ဟုတ်ပါတယ်'



'အင်း... ဒီလိုသိုင်းကွက်နဲ့ လူငယ်တွေပဲ လိုက်ဖက်ပါပေတယ်'

မုယုံချန်းက....

'ဒါဖြင့် ကျွန်တော် သူ့ကို သင်ကြားပေးဖို့ ဆုံးဖြတ်လိုက်တော့မယ်'

'ညီလေး ကိုယ့်ကိုကိုယ်လဲ ဂရုစိုက်ဦးနော်'

'စိတ်ချပါ အစ်ကိုကြီး'

မုယုံချန်း ထိုင်ရာမှထလိုက်သည်။ ဝမ်းလီလည်း ထရပ်လိုက်သည်။ သူတို့နှစ်ယောက် ခုံးချင်းယှဉ်ကာ စံအိမ်ကြီးဘက်သို့ ပြန်လျှောက်လာကြသည်။ စံအိမ်ကြီးဘက်သို့ ရောက်သည့်အခါ ဝမ်းလီက....

'ညီလေး'

မုယုံချန်း လှည့်ကြည့်လိုက်သည်။ ဝမ်းလီ၏မျက်နှာ ထူးထူးခြားခြား တည်ကြည်နေသည်ကိုတွေ့ရ၏။

'အစ်ကိုကြီး ဘာပြောမလို့လဲဟင်'

'ကျောင်းစုအိမ်က ညီလေးအပေါ် မကျေမနပ်ဖြစ်သွားတယ်ဆိုတာ ညီလေးရိပ်မိရဲ့လား'

မုယုံချန်း ခေါင်းညိတ်ပြလိုက်သည်။

'ကျုပ်သိပါတယ်၊ ကျောင်းစုအိမ်သာမကဘူး၊ ရှိဟုန်၊ ဟွာကိုဖုန်းနဲ့ ယင်းလုတို့လဲ မကျေမနပ်ဖြစ်သွားကြတယ်ဆိုတာ ကျုပ်ရိပ်မိပါတယ်'

'အင်း- မုယုံစိမ်းကို ဝံပုလွေသိုင်းကွက် ဆယ့်ရှစ်ကွက် သင်ကြားပေးတယ်ဆိုတာ သူတို့သိသွားရင် ပိုပြီးမကျေမနပ် ဖြစ်သွားကြတော့မှာပဲ'

'ဒါတော့ ကုသိုလ်ကံပေါ့ အစ်ကိုကြီးရာ၊ မဟုတ်ဘူးလား'

စမ်းလီဘာမှမပြောတော့ချေ။ ရှေ့မှနေပြီး ကျောက်လှေကားထစ်ပေါ် လှမ်းတက်လိုက်သည်။

မုယုံချန်းလည်း သက်ပြင်းချရင်း လှမ်းတက်လိုက်၏။ သူ၏ ဆုံးဖြတ်ချက်ကို ပြုပြင်တော့မည်မဟုတ်ပါချေ။

သူသည် မိတ်ဆွေဂါးယောင်၏ အငြိုးငြင်ကိုခံ၍ ဝံပုလွေသိုင်းကွက် ဆယ့်ရှစ်ကွက်ကို မုယုံစိမ်းအား သင်ကြားပေးရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

အကြောင်းမှာ သူ၏သိုင်းအား တဝက်ရှုံးဆုံးသွားပြီဖြစ်၍ မုံယုံစိမ်းကို သူ၏သိုင်းပညာအမွေပေးနိုင်မည်မဟုတ်တော့သောကြောင့် ဖြစ်သည်။

အမြန်ဆုံးသင်ပေးရန်လည်း ဆုံးဖြတ်ထား၏။

သို့မှသာ ကျောင်းစုအိမ်တို့ စူးစမ်းလာသောအခါ ဝံပုလွေသိုင်းကွက်ဆယ့်ရှစ်ကွက်ကို မုယုံစိမ်းအား သင်ကြားပေးပြီး ဖြစ်နေပေလိမ့်မည်။

ကျောင်းစုအိမ်တို့သည် ဝံပုလွေသိုင်းကျမ်းနှင့် ပတ်သက်ပြီး လူ့အပေါ် မကျေမနပ်ဖြစ်ကြရာ ဝံပုလွေသိုင်းကျမ်းအား အနှန်တထာယ် မီ.ရှိ.ပစ်ခြင်း ရှိမရှိ စုံစမ်းမည်သာဖြစ်ပေသည်။



မီးရှို့မပစ်ဘဲ သားဖြစ်သူ မုယုံစိမ်းအား သင်ကြားပေးသည်ကိုသာ သိမည်ဆိုလျှင် မိုးမီးလောင်ပေတော့မည်။

မည်သို့ဆိုစေ အရာရာကိုရင်ဆိုင်ရန် မုယုံချန်း ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပေတော့သည်။

နေညဲအလီလီ ပြောင်းလဲသွား၏။ ရက်သတ္တ နှစ်ပတ် အတွင်းတွင် ကျောင်းစုအိမ်၊ ယင်းလု၊ ဟွာကိုဖုံး၊ ကျောက်ရေနှင့် ရှီဟုန်တို့သည် ဓားဂေဟာခြံဝင်းနှင့် ငါးမိုင်ခန့်အကွာရှိ စားသောက်ဆိုင်တစ်ဆိုင်၌ စုရုံးမိကြလေသည်။

ကျောင်းစုအိမ်က ဦးစီးဦးဆောင်ပြုကာ ကျန်လူများအား ဖိတ်ကြားခဲ့ခြင်းဖြစ်ပေသည်။

အားလုံး စုံစုံညီညီရောက်ရှိလာသောအခါ ကျောင်းစုအိမ်က စားသောက်ဖွယ်ရာများ၊ အဖိုးတန်အရက်များဖြင့် လိုလေသေးမရှိ ညှော်ခံခဲ့လေသည်။

အားလုံး စားသောက်ခန်းမ၌ မျက်နှာစုံညီ ထိုင်မိကြသော အခါ ယင်းလုက....

'ကျုပ်တို့ကို အသလာတကြီး ဖိတ်လိုက်တာ ထူးခြားတဲ့ အကြောင်းတစ်ခုခုတော့ရှိမယ်ထင်တယ်'

ဟု ကျောင်းစုအိမ်အား ဆက်ခဲတ်ကြည့်ကာ မေးမြန်းလိုက်လေသည်။

ကျောင်းစုအိမ်ကပြုံးလိုက်သည်။

'အကြောင်းမရှိဘဲ အစ်ကိုကြီးတို့ကို ဒုက္ခမပေးဝံ့ပါဘူးဗျာ၊ ခကြာခဏသားခင်ကမှ အစ်ကိုကြီး တို့ ဇီမြို့ကပြန်သွားကြသေးတာ မဟုတ်လား'

'နေပါဦး၊ ကျုပ်တို့ဇီမြို့ကပြန်သွားတယ်ဆိုတော့ မင်းသားလေးက ပြန်မသွားခဲ့ဘူးပေါ့'

ကျောင်းစုအိမ်ကိုသူတို့က မင်းသားလေးဟုသာခေါ်ကြ၏၊ အမည်တပ်ခေါ်ခြင်းမပြုကြပါ။

'ဟုတ်ပါတယ် ကျုပ်သာမကဘူး၊ ဟွာကိုဖုံးလဲပြန်မသွားခဲ့ဘူး'

ကျောင်းစုအိမ်၏ စကားကြောင့် ယင်းလု အံ့သြသွားသည်၊ ကျောင်းစုအိမ်နှင့် ဟွာကိုဖုံ တို့အား တစ်လှည့်စီကြည့်ကာ...

'နေပါဦး၊ မင်းသားလေးတို့ ဘာကြောင့်ပြန်မသွားကြလဲ၊ အကြောင်းရှိနေလို့လားဗျ'

'ဟုတ်ပါတယ်'

'ကဲ ဘယ်လိုအကြောင်းဆိုတာ ရှင်းစမ်းပါဦး'

ကျောင်းစုအိမ်က တည်ကြည်သော မျက်နှာထားဖြင့်...



'ရှင်းရှင်းပြောရရင် ဝူသူဟောင်ရှောင်ဖုံး၏ ဝူပုလေ့သိုင်းကျမ်းနဲ့ ပတ်သက်နေလို့ပါပဲ'

'ဘာ...'

ယင်းလု၊ ရှိဟုန်နှင့်ကျောင်းစုတို့အံ့သြသွားကြ၏။ ဝူပုလေ့သိုင်းကျမ်းဟူသောစကားကြောင့် သူတို့၏မျက်လုံးများအရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပလာကြသည်။

ပထမတွင် စိတ်မဝင်စားဘဲ စားသောက်ဖွယ်ရာများစားသောက်နေကြသည့် ရှိဟုန်နှင့် ကျောင်းစုတို့ပါ ခေါင်းထောင်လာကြခြင်းဖြစ်၏။

ကျောက်စုက...

'ဝူပုလေ့သိုင်းကျမ်း ဟုတ်လား၊ အခုဆောက်ဆို အစ်ကိုကြီး မုယုံမီးရှို့ဖျက်ဆီးပစ်လိုက်ရောပေါ့'

'ဟား ဟား ဟား'

ကျောင်းစုအိမ်က ခေါင်းမော့ကာ အားရပါးရရယ်မောလိုက်သည်။ သူ၏ရယ်မောသံကြောင့်...

ကျောက်စု မျက်မှောင်ကြုတ်ကာ—

'ညီလေး၊ မင်းဘာတွေသဘောကျလို့ဒီလောက်တောင်ရယ်ရတာလဲကွ'

ကျောင်းစုအိမ်သည် ရယ်မောရာမှရပ်ကာ ကျောက်စုကို စိုက်ကြည့်လိုက်၏။

'အစ်ကိုကြီး ကျောက်စုမေးတဲ့စကားက ရယ်စရာကောင်း နေလို့ပါဗျာ'

'ဘာ ငါ့စကားက ရယ်စရာကောင်းနေတယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ဘာများရယ်စရာပါလို့လဲကွ'

'ကျုပ်တို့ဘားလုံး အစ်ကိုကြီးမုယုံအပေါ် အထင်ကြီး လေးစားနေတာ၊ သူ့ရဲ့စကားတွေကို ယုံကြည်နေတာတွေဟာ ရယ်စရာကောင်းသလိုဖြစ်နေလို့ပါ'

'ဟာ....'

ကျောက်စု မျက်လုံးပြူးသွားသည်။ ကျောင်းစုအိမ်ကိုနာ၊ ကြည်သောမျက်လုံးများဖြင့်ကြည့်မိ၏။

'တကယ်တော့ အစ်ကိုကြီးမုယုံကကျုပ်တို့ကို တစ်ပတ်ရိုက် လိုက်တာပဲ၊သူဟာ ဝပုလွှသိုင်းကျမ်းကို အမှန်တကယ်မီးရှို့ ဖျက်မပစ်ခဲ့ဘူးဗျ'

'ဘာပြောတယ်'

ယင်းလုထိုင်ရာမှ စုန်းခနဲထရပ်လိုက်သည်။ ကျောင်းစုနှင့် ချို့ဟုန်တို့လည်းထရပ်လိုက်ကြလေသည်။

ကျောက်စုအိမ်နှင့် ဟွာဘိုဖုံ တို့အား ဟန်မပျက်ဆက်၍ထိုင် နေကြပါသည်။ ကျောင်းစုအိမ်သည် သူ့ကိုစိုက်ကြည့်နေသော ကျောက်စုတို့ကို အရေးမစိုက်တဲ့ အရက်တစ်ခွက်ငှဲ့တာ စိမ်ပြေ နပြေသောက်နေ၏။



ကျောက်စု၊ ရှို့ဟုန်နှင့် ယင်းလုတို့ စိတ်လှုပ်ရှား လာကြ သည်။ ကျောက်စုအား လှုပ်ရှားနေသော စိတ်ကိုထိန်းချုပ်ရင်း....

'ပြောစမ်းပါဦး၊ အစ်ကိုကြီး မုယုံက ဝပုလွှသိုင်းကျမ်းကို အမှန်တကယ် မဖျက်ဆီးခဲ့ဘူး မဟုတ်လား'

'ဟုတ်တယ်ဗျ'

'ညီလေး၊ မင်းစဉ်းစဉ်းစားစားပြောရင်ကောင်းမယ်၊ တော် ကြာ အမှားအယွင်းဖြစ်သွားရင် မျက်နှာပျက်စရာတွေ ဖြစ်လာ လိမ့်မယ်'

ကျောင်းစုအိမ်က အရေးမစိုက်သော လေသံဖြင့်...

'ကျုပ် အမှန်အတိုင်းပြောတာ၊ ဘယ်သူ့မှ ဂရုစိုက်စရာမလို ဘူး၊ ကျုပ်တို့ညီအစ်ကို အချင်းချင်း အခုလိုတစ်ပတ်ရိုက်ခံရတာ ကို မကျေနပ်လို့ ပြောနေတာဗျ၊ ကျုပ်တို့ဟာ သွေးသောက် မိတ်ဆွေ ဖြစ်ကြပေမယ့် ဒီတစ်ခါတော့ အစ်ကိုကြီးမုယုံ သစ္စာ ဖောက်သွားပြီ၊ ကျုပ်တို့ကို လေ့လာခွင့်တောင်မပေးဘဲ ဝပု လွှ သိုင်းကျမ်းကို သူ့ရဲ့သား မုယုံစိမ်းအတွက် သီးသန့် သင်ကြားပေးနေတာ ကျုပ်တို့မျက်စိနဲ့ တပ်အပ်မြင်တွေ့ခဲ့ရ တာဗျ'

သူ၏ ဒေါသသည် ကျောက်စု ရှို့ဟုန်နှင့် ယင်းလုတို့၏ရင်ထဲ သို့တိုင် ကူးစက်သွားလေသည်။

'ဝုန်း....'

ကျောက်စုက စားပွဲပေါ် လက်သီးဆုပ်ဖြင့် ထုချလိုက်သည်။ ပြီးနောက် ကျယ်လောင်သောအသံဖြင့်....

'ဘောစက်-ဒီလိုလူလည်ကျလို့ ဘယ်ရမလဲ၊ မိတ်ဆွေအချင်းချင်း ငါတို့ဆော့ကစားမယ်ဆိုတုန်းက ခါးခါးသီးသီး ငြင်းပယ်ခဲ့တယ်၊ သူ့သားကိုတော့ သင်ပေးတယ်၊ ဒါဘယ်တရားမလဲ၊ ငါလုံးဝမကျေနပ်ဘူး'

'ဟုတ်တယ်၊ ကျုပ်လဲမကျေနပ်ဘူး'

ရှီဟုန်နှင့် ယင်းလုတို့အားထောက်ခံလိုက်ကြသည်။ ကျောင်းစုအိမ်ရှင်ထဲမှ ကြိတ်ပြုံးလိုက်၏။

ဝပုလွေသိုင်းကျမ်းအား လေ့လာခွင့်မပြုဘဲ တိတ်တဆိတ်သားဖြစ်သူအား ကြိတ်အား လေ့ကျင့်စေသည်ကိုသာ သိလျှင် ရှီဟုန်တို့ မကျေမနပ်ဖြစ်သွားကြမည်ဟု နားလည်ထားခဲ့သည်။

ထို့ကြောင့် သူတို့ကိုတမင်ဖိတ်ကြားကာ ရှင်းပြခြင်းဖြစ်၏။

သူသည် အခြေအနေ အချိန်အခါနှင့်ကိုက်ညီစွာ ဟွာကိုဖုံးအား မျက်ရိပ်ပြလိုက်လေသည်။

ဟွာကိုဖုံး ထိုင်ရာမှထကာ တင်းမာခက်ထန်သော မျက်နှာထားဖြင့်....

'သူဟာ လေ့လာခွင့်မပြုနိုင်ဘူးလို့ ခါးခါးသီးသီး ငြင်းဆန်လိုက်လို့ ကျွန်တော်တို့ မကျေမနပ် ဖြစ်ခဲ့ကြရတယ်၊ သူ့သားကြောင့် ကျွန်တော်တို့လို မိတ်ဆွေရင်းခြာတွေကိုတောင် လေ့လာခွင့်မပြုရသလဲဆိုတာ တွေးမရဘူး၊ ဒါကြောင့် ဝေးဂေဟာခြံဝင်းက ထွက်လာခဲ့ပေမယ့် ဒီမြို့ကမပြန်ဘဲ အခြေအနေ စောင့်ကြည့်နေခဲ့တယ်၊ ထင်တဲ့အတိုင်းပဲ သူဟာ အစ်ကိုကြီးဝမ်းလော်နဲ့



ပူးပေါင်းပြီး သူ့ရဲ့သားကို ဝပုလွေသိုင်းကွက် သင်ကြားပေးနေတာ တွေ့ရတော့တာပဲ'

'နေပါဦး ဝပုလွေသိုင်းကွက်တွေ လေ့ကျင့်ပေးနေတယ်ဆိုတာ ညီလေးဘယ်လိုလုပ် သိတာလဲ'

ကျောက်စုက မေးသည်။

ဟွာကိုဖုံးက ရယ်မောလိုက်ပြီး....

'ဟဲ-ဟဲ-ဟဲ၊ ကျွန်တော်နဲ့ အစ်ကို ကျောင်းစုအိမ်က အစ်ကိုကြီး မုယုံ မသိအောင် ခြံဝင်းထဲ တိတ်တဆိတ်ခိုးဝင်ပြီး ချောင်းကြည့်ခဲ့တယ်လေဗျာ၊ ဒီအခါမှာ အစ်ကိုကြီးမုယုံက သူ့ရဲ့သားကို ဝပုလွေ သိုင်းကွက်တွေအကြောင်း ရှင်းပြပြီး ကြိုးစားလေ့ကျင့်ရမယ်လို့ မှာကြားနေတာ၊ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာပဲ'

ကျောက်စုက ရှီဟုန်ကိုကြည့်လိုက်သည်။ ရှီဟုန်က ယင်းလုကို ကြည့်လိုက်လေသည်။ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီးမှ ဟွာကိုဖုံးနှင့် ကျောင်းစုအိမ်တို့ဘက်သို့ ပြန်လှည့်လိုက်ကြလေသည်။

ဟွာကိုဖုံးက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျွန်တော်နဲ့ အစ်ကို ကျောင်းစုအိမ်တို့ ထင်တဲ့အတိုင်း ဖြစ်နေတာမို့ မနေနိုင်တော့ဘဲ အစ်ကိုကြီးတို့ကို ဖိတ်ကြားပြီး ရှင်းပြတာပါ၊ အစ်ကိုကြီးမုယုံက ညီအစ်ကိုအချင်းချင်းအပေါ် မလိမ့်တပတ်လုပ်တာ ကျွန်တော်တို့ သည်းမခံနိုင်ဘူး၊ ဒီကိစ္စကို

ရှင်းရမှာပဲ၊ အစ်ကိုကြီးတို့ ဘယ်လိုသဘောရသလဲ၊ အစ်ကိုကြီးတို့ရဲ့ သဘောထားကိုလဲ ပြောပြကြပါဦး'

ဟု မေးလိုက်သေးသည်။ ကျောက်စုက အနည်းငယ်စဉ်းစားလိုက်ပြီး ပြတ်သားသောလေသံဖြင့်....

'ဒီအတိုင်းဆိုရင် ခေါင်းငုံ့နေလို့ ဘယ်ဖြစ်မလဲ၊ သိုင်းလောကသားတွေသာ ဒီအကြောင်းသိသွားရင် တို့ကျောင်းတော်ကြီး အရှက်ကွဲပြီပေါ့၊ အစ်ကိုကြီးမုယုံနဲ့သွားတွေ့ပြီး ဖြေရှင်းရမှာပဲ'

ထိုစကားကြားသည့်အခါ ရှို့ဟုန်နှင့် ယင်းလုတို့သည်းမခံနိုင်ကြတော့ချေ။

ယင်းလုက—

'ဟုတ်တယ်၊ ဖြေရှင်းလိုက်တာကောင်းတယ်'

ရှို့ဟုန်က အံ့ကြိတ်ရင်း....

'ညီအစ်ကိုချင်း မလိမ့်တစ်ပတ်လုပ်တဲ့အတွက် အစ်ကိုကြီးမုယုံကို အပြတ်မပြောရလိမ့်မယ်၊ ကျုပ်သဘောအရတော့ညီအစ်ကိုအဖြစ် သေသောက် မိတ်ဆွေအဖြစ်တောင် မသတ်မှတ်ချင်တော့ဘူးဗျ'

သူတို့၏ စကားကို ကြားသည့်အခါ ကျောင်းစုအိမ်နှင့်ဟွာကိုဖုံတို့ သဘောကျသွားကြသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။



ကျောင်းစုအိမ်က ယမ်းအိုကြီး ကို စတင်မီ ရှို့လိုက်လေသည်။

'ကျုပ်လဲ အစ်ကိုကြီးမုယုံကို သေသောက်ညီအစ်ကိုအဖြစ် မိတ်ဆွေအဖြစ် မသတ်မှတ်နိုင်တော့ဘူး၊ သူ့ကို အပြတ်ရှင်းရမှာပဲ၊ သူအခုလို မလိမ့်တစ်ပတ်လုပ်တာကိုခံပြင်းနာကြည်းတယ်၊ ကျုပ်ကိုစော်ကားတယ်လို့လဲထင်မိတယ်၊ ဒါကြောင့် ပြတ်ပြတ်သားသားရင်ဆိုင်ဖြေရှင်းရမှာပဲ၊ ကုန်ကုန်ပြောရရင် သူနဲ့ ထိပ်တိုက်ရင်ဆိုင်ပါရစေ၊ ကျုပ်နောက်ဆုတ်ဘူးဗျ၊ ကျုပ်ကိုသတ်ပစ်လိုက်တာကမှ စော်ကားခံရတာထက် ဖြေသာဦးမယ်'

ကျောက်စု ရှို့ဟုန်တို့လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ကျောက်စုအာ ကြိတ်ရင်း....

'တောက်—တို့လဲဒီ စော်ကားခံရတာကို ဘယ်ခေါင်းငုံ့ခံနိုင်ပါ့မလဲ၊ သူနဲ့ ဖြေရှင်းရမှာပေါ့၊ မကျေနပ်ရင် ပညာချင်းယှဉ်ပြိုင်ရုံသာရှိတာပဲ၊ သူတစ်ယောက်တည်း သိုင်းပညာတော်တာမဟုတ်ပါဘူး'

ကျောက်စုသည် ကျောင်းစုအိမ်၏ဆင်ကွက်ထဲသို့ တန်းတန်းမတ်မတ် တိုးဝင်သွားပြီဖြစ်သည်။

ကျောင်းစုအိမ်က ထိုသို့ဖြစ်သွားစေရန် လိုလား နေသည်မဟုတ်ပါလား။

ယင်းလုနှင့်ရှို့ဟုန်တို့မှာ မုယုံချမ်းကို မကျေမနပ် ဖြစ်ကြသော်လည်း ထိပ်တိုက် ရင်ဆိုင်ရမည့် အဖြစ်ကိုမူ မလိုလားကြပါချေ။

နှစ်ပေါင်းများစွာ ညီရင်းအစ်ကိုပမာ အစဉ်တစိုက်ဆက်ဆံ ခင်မင်လာသည့် သံယောဇဉ်ရှိနေကြသည် မဟုတ်ပါလား။

ယင်းလူနှင့်ရှို့ဟုန်တို့ ရုတ်တရက်ဝေခွဲမရဘဲ တွေဝေနေကြသည်ကိုတွေ့သောအခါ ကျောင်းစုအိမ်က...

သူတို့၏စိတ်ထားမပြောင်းမီ ဦးအောင်ပြောလိုက်လေသည်။

'အမှန်အတိုင်းပြောရရင် အစ်ကိုကြီးမုယုံဟာ သူ့ရဲ့ သားကို ကျွန်တော်တို့ထက် သာသာစေချင်တဲ့ ဆန္ဒရှိနေပုံပဲဗျ၊ ဒါကြောင့်လဲ ကျွန်တော်တို့ကို ခါးခါးသီး ငြင်းဆန်ပြီးသူ့ရဲ့သားကို တိတ်တိတ်လေး အသင်ပေးခဲ့တာပေါ့၊ ဒါကို ကျွန်တော်တစ်စက်ကလေးမှသည်းမခံနိုင်ဘူး၊ အစ်ကိုကြီးတို့ အေးဖယ်နေကြပါ၊ ဒီကိစ္စအတွက် အစ်ကိုကြီးမုယုံကို ကျွန်တော် တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းပါ့မယ်'

ကျောက်စုအား ဝင်မပါစေအောင်ပြောခြင်းသည် ဝင်ပါစေရန်ဖိတ်ခေါ်သလိုရှိနေပေသည်။

ကျောက်စုက...

'တာ တို့အေးဖယ်နေလို့ ဘယ်ဖြစ်မလဲ၊ ညီလေးဖြေရှင်းမယ်ဆိုရင် လူ့ ညီအားကိုရန်မူမှာပဲ၊ တို့လက်ပိုက်ကြည့်မနေနိုင်ဘူး ဖြစ်နိုင်ရင် တို့ငါးယောက် ညီညီညွတ်ညွတ်စုပေါင်းပြီး သူ့ကို ရင်ဆိုင်ကြရမှာပဲ'

ထိုစကားသည် အားလုံးကိုစုစည်းလိုက်သလို ဖြစ်သွားလေသည်။

မည်သူမျှ ခေါင်းရှောင်နိုင်စွမ်းမရှိတော့ချေ။

'ဟုတ်တယ်၊ ကျုပ်တို့စုပေါင်းရင်ဆိုင်ကြရမှာပဲ'



'ကျုပ်တို့က ကောင်းကောင်းမွန်မွန် ပြောကြတာကိုမှ လက်မခံရင် သူ့ဘာကိုယ်အသရေဆိုင်ကြပါပဲ ရှိတော့တာပေါ့'

'အို-ဒါပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်တို့ကို ကျေနပ်အောင် ဖြေရှင်းရင်ဖြေရှင်း မဖြေရှင်းနိုင်ရင် ကျုပ်တို့ကို စော်ကားတဲ့ အတွက် ထိုက်သင့်သလို အရေးယူရမှာပဲ'

တစ်ယောက်တစ်ပေါက် ပြောနေရာမှ မုယုံချမ်းသည် သူတို့အားလုံး၏ ဘုံရန်သူဖြစ်လာလေသည်။

အားလုံးသည် သိုင်းပညာရပ်နှင့်ပတ်သက်လာလျှင် မိမိကိုယ်ကိုယုံကြည်သော အထင်ကြီးသူများဖြစ်ကြသည်။

သူတို့အား စော်ကားသည်ကို လက်ခံမည့်သူများ မဟုတ်ကြပါချေ။

ယခုမုယုံချမ်းအား ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ဖြစ်၍ ရင်ဆိုင်တိုက်ခိုက်ရန်လည်း မမှုကြတော့ချေ။

မုယုံချမ်းက သူတို့ ကျေနပ်အောင် ဖြေရှင်း နိုင်လျှင် အကြောင်းမဟုတ်သော်လည်း မဖြေရှင်းနိုင်လျှင် တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြ၏။

ကျောင်းစုအိမ်က...

'ကျွန်တော် သဘောထားကတော့ ခပ်ရှင်းရှင်းပဲ၊ ဝူပုလွှသိုင်းကျမ်းသာ ကျွန်တော်တို့လက်ထဲအပ်မှ ကျေနပ်နိုင်မယ်၊ ဒါဟာ ကျွန်တော်တို့ကို စော်ကားတဲ့အတွက် အလျော်ပေးတဲ့ သဘောပဲ၊ သိုင်းလောကမှာလဲ ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာကို ပြန်ပြီး အဖတ်ဆည်နိုင်လိမ့်မယ်၊ ဝူပုလွှသိုင်းကျမ်း မပေးဘူးဆိုရင်၊ ဒါကိုမှ မစဉ်းစား 'မငဲ့ညှာနိုင်ဘူး၊ ရင်ဆိုင်တိုက်ခိုက်ရမှာပဲ'

ထိုသို့ပြောပြီး ကျန်သူများကို ဝေ့ကြည့်လိုက်သည်။ ကျန်လူများကလည်း သူ၏ စကားကို ထောက်ခံ သဘောတူပုံရကြောင်းတွေ့ရသောအခါ အားရပါးရ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

သူ၏ ရယ်မောသံသည် စားသောက်ဆိုင်ထဲမှ တစ်ဆင့်ဓားဂေဟာခြံဝင်းသို့တိုင်ပျံ့လွင့်သွားသည်ဟု ထင်မှတ်ရလေသည်။

❀ ❀ ❀

## အခန်း (၄)

ရွှေလာဘသားတစ်သိုက်နှင့် သားကောင်ငယ်

ဝံပုလွေ သိုင်းကွက် ဆယ့်ရှစ်ကွက်....

ဝံပုလွေသိုင်းကွက် ဆယ်ရှစ်ကွက်၏ အခြေခံသဘောတရားများကို မုယုံချန်းက ထင်ပြင်သူ မုယုံစိမ်းအား ရှင်းလင်းပြောပြထားပြီး ဖြစ်လေလည်း။

မုယုံစိမ်း နှုတ်ငြင်းရှိရှိ ဆင်ယင်အခါ မေးမြန်းစစ်ဆေးခဲ့၏။ မုယုံစိမ်းကလည်း အလွတ်ကျက်ထား နှုတ်တိုက်ရွတ်ဆိုပြနိုင်ခဲ့သည်။

ထိုအခါမှ မုယုံချန်းသဘောတူကျသွားပြီး ဝံပုလွေသိုင်းကွက်ဆယ့်ရှစ်ကွက်ကို သင်ကြားပေးလေသည်။

ပထမဆုံး သိုင်းကွက်ဖွင့်ပင်လျှင် ဆန်းပြားသိုင်းကွက်များ စွာရှိပြီး ကိုယ်နေဟန်ထား အမျိုးမျိုး ပြောင်းလဲတိုက်ခိုက်ရသဖြင့် ချက်ချင်းလက်တွေ့ သင်ယူတတ်မြောက်ရန် မလွယ်ကူချေ။

သိုင်းကွက်တစ်ကွက်ပြီးဆုံးသည်အထိ လေ့ကျင့်တတ်မြောက်ရန်မှာ အနည်းဆုံးသုံးလခန့် အနားမနေကြိုးစား လေ့ကျင့်ရမည်ဖြစ်သည်။

မုယုံချိန်က မုယုံစိမ်းအား ပထမဆုံးသိုင်းကွက်ကို စတင်သင်ကြားပေးပြီး ငါးရက်မြောက်သောနေ့၌ ဝမ်းလိ လာရောက်တွေ့ဆုံလေသည်။

'ဟောအစ်ကိုကြီး ဝမ်းလိပါလား'

'ဟုတ်တယ်'

'စာဖတ်ခန်းထဲမှာ အစ်ကိုကြီး စာဖတ်နေတယ် ထင်တာ'

'အင်း ဒီနေ့ စာဖတ်ရတာ စိတ်မပါတော့ဘူးလေ'

'ဒါဖြင့်'

'ကျုပ်မှာ ပြောစရာ တစ်ခုရှိလို့'

ပြောရင်း တစ်ဘက်သို့ လှည့်ထွက်သွား၏။ မုယုံချိန်က မြက်ကွက်လပ်၌ သိုင်းလေ့ကျင့်နေသော မုယုံစိမ်းကို လှမ်းကြည့်လိုက်သည်။

ပြီးနောက်ဝမ်းလိနောက်သို့ လိုက်သွားလေသည်။ ဝမ်းလိက ခပ်လှမ်းလှမ်းမှ ခြေလှမ်းရပ်လိုက်သည်။

'ညီလေး'

'ပြောပါ — အစ်ကိုကြီး'



'အစ်ကိုကြီးကို စိတ်ဆိုးဖို့ ကြိုပြီးတောင်းပန်ချင်တယ်'

'ဗျာ....'

'ညီလေး အစ်ကိုကြီးကို သွားခွင့်ပြုပါတော့'

မမျှော်လင့်သော စကားကြောင့် မုယုံချိန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ဝမ်းလိကို စိုက်ကြည့်ရင်း....

'အစ်ကိုကြီးသွားတော့မယ် ဟုတ်လား'

'ဟုတ်တယ်'

'အစ်ကိုကြီး'

လူ၏ စကားမဆုံးမီ ဝမ်းလိက ကြားဖြတ်ပြောလိုက်သည်။

'ညီလေး ညီလေးဟာ ဘာကြောင့် မုယုံစိမ်းကို ဝပုလွဲ သိုင်းကွက် သင်ပေးရတယ်ဆိုတာ အစ်ကိုကြီးနားလည် သဘော ပေါက်ပါတယ်၊ ညီလေးဟာ မုယုံစိမ်းကို အားကိုးအားထား ပြုနိုင်ပါတယ်၊ ဒါပေမယ့် တစ်ဘက်ကတွေးကြည့်ရင် ကျောင်း စုအိမ်တို့လူစု ကျေနပ်ကြမှာမဟုတ်ဘူး၊ အစ်ကိုကြီး ကိုယ်တိုင် ရှိရက်သားနဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေရမလား ဆိုပြီး အပြစ်တင်လာကြလိမ့်မယ်'

'အစ်ကိုကြီး'

ဝမ်းလိ လက်ကာပြသည်။

'အစ်ကိုကြီးစကားဆုံးအောင် ပြောပါရစေဦး'

မုယုံချိန်းပါးစပ်ပိတ်သွားလိုက်သည်။ ဝမ်းလိက ဆက်ပြော လိုက်သည်။

'အစ်ကိုကြီးဟာ သွေးသောက်ညီအစ်ကိုတွေ အားလုံးရဲ့ မိတ်ဆွေပဲ၊ ဒါကြောင့် တစ်ဘက်နဲ့ တစ်ဘက် အမုန်းပွားမှုကို မလိုလားဘူး၊ အထင်လွဲမှားမှုတွေ မဖြစ်အောင် အမုန်းမပွားကြရအောင် ကြားဝင်ဖြေရှင်းရလိမ့်မယ်'

'အစ်ကိုကြီးသဘောက'

'ဝပုလွှသိုင်းကျမ်းကို မီးရှို့ဖျက်ဆီးမပစ်တဲ့ မုယုံစိမ်းကို အင်ကြားပေးနေတယ်ဆိုတာ ကျောင်းစုအိမ်တို့ သိအောင် ပြောပြရလိမ့်မယ်'

'ဗျာ...'

မုယုံချန်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဝမ်းလီကို နားမလည်နိုင်စွာ ကြည့်မိသည်။

ဝမ်းလီက ကြည်ကြည်သာသာမျက်နှာထားဖြင့်....

'အစ်ကိုကြီးအချိန်ယူစဉ်းစားပြီးပြီ၊ ဒီကိစ္စကို ဒီလိုဖြေရှင်းမှပဲ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိနိုင်ကြမှာ၊ နို့မဟုတ်ရင်အထင်အမြင်လွဲမှားမှုတွေဖြစ်လာနိုင်တယ်၊ ဒါကြောင့် သူတို့ကို လိုက်ရှာပြီး အကျိုးအကြောင်း ရှင်းပြရလိမ့်မယ်၊ အစ်ကိုကြီးဒီကသွားမှဖြစ်မယ် ညီလေး'

မုယုံချန်း သက်ပြင်းချလိုက်သည်။ ဝမ်းလီအားတား၍ ရမည်မဟုတ်ကြောင်း နားလည် သဘောပေါက် မိသဖြင့်လည်း ဘာမှမပြောဘဲ နေလိုက်လေသည်။

'အစ်ကိုကြီး အခုနဲ့ ညီလေးအပေါ် နားလည်သဘောပေါက်သလို၊ ညီလေးကလဲ အစ်ကိုကြီးအပေါ် နားလည်သဘောပေါက်လိမ့်မယ်လို့ ထင်မိတာပဲ၊ အစ်ကိုကြီးရဲ့ ဆောင်



ရွက်မှုဟာ ညီလေးနဲ့ မုယုံစိမ်း တို့အတွက်အကျိုးရှိလိမ့်မယ်ဆိုတာ သေချာပါတယ်။ ကဲ အစ်ကိုကြီး သွားမယ်'

စကားဆုံးသည်နှင့် ဝမ်းလီသည် ချာခနဲ လှည့်ထွက်သွားလေသည်။ မုယုံချန်းက တန့်တားခြင်းမပြုခဲ့ချေ။

ဝမ်းလီ အဘယ့်ကြောင့် ထွက်သွားရသည်ကို အောင်းစွာ နားလည်သဘောပေါက်ထားခြင်းကြောင့်ဖြစ်ပေသည်။

နေဝန်းနီသည်အနောက်တက်အရပ်သို့ ငုပ်လျှိုး ကွယ်ပျောက်သွားပြီဖြစ်လေသည်။

နေလုံးကြီးပျောက်ကွယ်သွားသည်နှင့် အမှောင်ထုကအစား ထိုးဝင်ရောက်လာ၏။

ဝန်းကျင်၌အမှောင်ထုပုံ့လွှမ်းလာသောအခါ မားဂေဟာ ခြံဝင်းတစ်ခုလုံး မီးရောင်ထိန်ထိန် ထွန်းညှိထားပြီ ဖြစ်သည်ကို တွေ့မြင်နိုင်၏။

မားဂေဟာခြံဝင်းသည်ကျယ်ဝန်းကြီးမားသလို အဆောက် အအုံမှာလည်း အဆောင်ဆောင် အခန်းခန်းဖြင့် ကြီးမားခန့် ညားလှပေသည်။

သို့သော် ဓားဂေဟာခြံဝင်းတွင် မှီတင်းနေထိုင်သူအား ခြံဝင်းပမာဏနှင့်ယှဉ်လျှင် နည်းပါးလှသည်ဟု ဆိုနိုင်ပေ၏။

ဓားဂေဟာခြံဝင်း၌ ပိုင်ရှင်မုယုံချန်းနှင့်သား မုယုစိမ်း တို့အပြင် အလုပ်သမားငါးယောက်သာရှိပေသည်။

ညမိုးချုပ်သွားသည်နှင့် အလုပ်သမားများသည် အခန်းဘက်အဆောင်သို့ပြန်ကာ အနားယူကြသည်။

မုယုံချန်းသည် အလုပ်သမားများအပေါ် လွန်စွာသက်ညှာလှ၏။ မိုးချုပ်သည်နှင့် အနားယူခွင့်ပြုထားသည်ပဲဟုတ်သား။

ယနေ့ညဉ့်ကား အလုပ်သမားသုံးယောက် အနားယူနေပြီ ဖြစ်သော်လည်း ကျန်အလုပ်သမားနှစ်ယောက်မှာ အနားမရကြသေးချေ။

အကြောင်းမှာ မုယုံချန်နှင့် မုယုစိမ်းတို့ ညစာစား သောက်နေကြခြင်းကြောင့်ဖြစ်သည်။

သူတို့စားသောက်ပြီး ပန်းကန်ခွက်ယောက်များ ဆေးကြော သိမ်းဆည်းပြီးမှသာ အနားယူကြရမည်ဖြစ်ပေသည်။

ထမင်းစားပွဲ၌ မုယုံချန်းနှင့် မုယုစိမ်းတို့ မျက်နှာချင်းဆိုင် စားသောက်နေကြပေသည်။

မုယုံချန်းမှာ အစားအသောက်များစားသောက်ရာ၌စိတ်ပါ လက်ပါမရှိဘဲတို့ကနန်းဆိတ်ကနန်းသာစားသောက်နေကြောင်း မုယုံစိမ်းရိပ်မိ၏။

ဖခင်ကြီးအစားအသောက်ပျက်နေသည်မှာ ယခုည တစ်ည တည်းမဟုတ်။ သုံးလေးငါးရက်ခန့် ရှိပြီဖြစ်ကြောင်း ကိုသည် ရိပ်မိလေသည်။



တိတိကျကျဆိုရလျှင် ဝမ်းလီ ထွက်သွားပြီးနောက်ပိုင်း ရှင်ရှင်ပျပျမရှိတော့ဘဲ ငေးငိုင်ငေးဟွာဝေနေတတ်သည့်အပြင် အစား အသောက်လည်း စိတ်မဝင်စားတော့ခြင်း ဖြစ်သည်။

မုယုစိမ်းမှာကား တစ်နေ့လုံး သိုင်းပညာ ပင်ပင်ပန်းပန်း လေ့ကျင့်ခဲ့ရခြင်းကြောင့် ဆာလောင်မွတ်သိပ်နေ၏။

အစားအစာများ အားရပါးရစားသောက်ပြီး အနားယူလို ပေသည်။

သို့သော် ဖခင်ကြီးမှိုင်တွေနေသည်ကိုတွေ့ရခြင်းကြောင့် စိတ် မကောင်းဖြစ်သွားရ၏။

'ဖေဖေ'

သားဖြစ်သူ၏အခေါ်သံကြောင့်....

မုယုံချန်းဆတ်ခနဲ ခေါင်းထောင်လာ၏။

သားဖြစ်သူမုယုစိမ်းအား ကြည့်ကာ....

'သား ဘာပြောလိုလဲဟင်'

'ဖေဖေ.... ဖေဖေ့ကို ကြည့်ရတာ အခုတလော အစား အသောက်ပျက်နေသလိုပဲ၊ ပြီးတော့ မျက်နှာလဲ ညှိုးနေတယ်။ ဖေဖေများ နေမကောင်းဖြစ်နေသလားလို့'

စိုးရိမ်ကြောင့်ကျသောလေသံဖြင့် မေးသည်။

မုယုံချန်းက မချိပြုံးပြုံး၏။

'ဖေဖေနေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး သားရယ်'

'မဟုတ်သေးပါဘူး၊ ဖေဖေတစ်ခုခုဖြစ်နေတာ သေချာပါ တယ်၊ သားကိုပြောပြပါ၊ ဖေဖေ့မှာ ဘယ်လို စိတ်ညစ်စရာ အကြောင်းတွေများ ရှိနေသလဲဟင်'

'ဖေဖေ့မှာ စိတ်ညစ်စရာမရှိပါဘူးသားရယ်'

မုယ့်စိမ်း၏မျက်နှာ ညှိုးကျသွား၏။

ချက်ချင်း ခေါင်းငုံ့ထားလိုက်လေသည်။

မုယ့်ချန်းက...

'ဘာလဲ၊ သား ကိုဖေဖေက လိမ်ညာပြောတယ်လို့ သားထင်နေတာလား'

'ဒီလိုမဟုတ်ပါဘူးဖေဖေ'

'ဒါဖြင့်—'

'ဖေဖေအခုလို တမှိုင်မှိုင်တွေတွေဖြစ်နေတာကို တွေ့ရလို့ သားစိတ်မကောင်းဖြစ်မိတာပါ'

'အင်း ဖေဖေ့အတွက် သားစိတ်ပူနေတာသိရလို့ဖေဖေ ဝမ်းသာပါတယ်၊ ကဲ ဖေဖေရှင်းရှင်းပြောပြမယ်၊ ဖေဖေမှိုင်နေတာ မဟုတ်ဘူး၊ သားအတွက် စဉ်းစားနေတာ'

'ခင်ဗျာ၊ သားအတွက် စဉ်းစားနေတာ ဟုတ်လားဖေဖေ'

'ဟုတ်တယ်ကွယ့်'

'သား ဘာအမှားမှမလုပ်မိခဲ့ပါဘူး'

'ဒါဖြင့်—

မုယ့်ချန်းက ကြားဖြတ်လိုက်၏။

'ဖေဖေပြောတဲ့စကား သားသေသေချာချာ နားထောင်ပါဦး'

မုယ့်စိမ်းက အသာငြိမ်ကာ နားစွင့်နေလိုက်ရသည်။

မုယ့်ချန်းက ဝူသူတော် ရှောင်ဖုန်နှင့်တွေ့ဆုံတိုက်ခိုက်ခဲ့ပုံ၊ ဝူပုလွေသိုင်းကျမ်းရရှိခဲ့ပုံ၊ ကျောင်းစုအိမ်တို့လူစုက ဝူပုလွေ



အမှတ် ၁၄/၁၁၄

သိုင်းကျမ်းအား လာရန်တောင်းသည်ကို မပေးဘဲငြင်းပယ်ခဲ့ပုံ၊ ထိုအတွက်ကြောင့် ကျောင်းစုအိမ်တို့ မကျေမနပ်ဖြစ်သွားကြပုံနှင့် ဝမ်းလီက အကျိုးအကြောင်း ဖြေရှင်းရန်ထွက်သွားပုံများကို အဆင့်ဆင့်ရှင်းပြလိုက်လေသည်။

မုယ့်ချန်း၏စကားဆုံးသည့်အခါ မုယ့်စိမ်းက...

'ဖေဖေ့ရဲ့ သိုင်းအားတစ်ဝက် ပျက်စီးသွားလို့ သားကို ဝူပုလွေသိုင်းကွက် ဆယ့်ရှစ်ကွက်ကို သင်ကြားပေးတာပဲ၊ သင်ယူတတ်မြောက်သွားလဲ ဖေဖေ့ရဲ့တာဝန်ကိုပခုံးမပြောင်းဆောင်ရွက်ရမှာပဲ၊ ဒါကို ဦးလေးကျောင်းစုအိမ်တို့ နားလည်သဘောပေါက်အောင် ရှင်းပြလိုက်ပါလားဟင်'

မုယ့်ချန်းက ခေါင်းညိတ်လိုက်သည်။

'အစ်ကိုကြီးဝမ်းလီက ဒီကိစ္စဖြေရှင်းဖို့ ထွက်သွားပြီပဲသားရယ်၊ ကျောင်းစုအိမ်တို့ ဖေဖေ့အပေါ် နားလည် သဘောပေါက်သွားကြမှာပါ'

'သူတို့က လက်မခံနိုင်ကြဘူး ဆိုရင်ကော'

'ဖေဖေကံဆိုးပြီပေါ့'

'ဟင်'

မမျှော်လင့်သော စကားကြောင့် မုယ့်စိမ်းပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ထိုစဉ်မှာပင်....

'ဟား ဟား—ဟား ဟား....'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုယုံချွန်းနှင့်မုယုစိမ်းတို့ ထိတ်လန့်ကာ ခတ်တတ်ရပ်လိုက်ကြ၏။

ထိုစဉ် တဟား ဟား ရယ်မောရင်း အခန်းကျဉ်းသို့ လူငါးယောက်လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများမှာ ကျောင်းစုအိမ်တို့ လူစုပင်ဖြစ်တော့သည်။

❀

'ဟား... ဟား... ဟား—ဟား'

ကျောင်းစုအိမ်က သဘောကျစွာ ရယ်မောလိုက်သည်။

ရှို့ဟုန်၊ ဟွာကိုဖုံး၊ ယင်းလုန့်တို့ ကျောက်စုတို့က မုယုံချွန်းအား မသိမသာ ဝိုင်းရံထားလိုက်ကြသည်။

မုယုံချွန်း၏မျက်နှာက တည်တည်ကြည်ကြည်ရှိနေသည်။

ရယ်မောနေသော ကျောင်းစုအိမ်ကို မျက်တောင်မခတ်စိုက်ကြည့်နေသည်။

မုယုစိမ်းအား ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်။ အခြေအနေမကောင်းကြောင်း ချက်ချင်းပင်ရိပ်မိလေသည်။

ငမ်းလီ အမြန်ဆုံးရောက်ပါစေဟုလည်း ကြိတ်ပြီးဆုတောင်းနေမိ၏။ သို့သော် သူ၏ဆုတောင်းအား မပြည့်ဝခဲ့ပါချေ။



ဝမ်းလီမှာ ကျောင်းစုအိမ်တို့၏ လူစု ဓားဂေဟာ ခြံဝင်း အနီးရှိ စားသောက်ဆိုင်၌ ရောက်နေမှန်းမသိဘဲ လိုက်လာရှာဖွေရန် အဝေးသို့ထွက်ခွာသွားပြီ မဟုတ်ပါလား။

ကျောင်းစုအိမ်က ရယ်မောရာမှ ရပ်ကာ မုယုံချွန်းအား စိုက်ကြည့်လိုက်သည်။

'အစ်ကိုကြီး၊ မုယုံ ကျုပ်တို့ကို ဘယ်လို သဘောနဲ့ တစ်ပတ်ရိုက်ခဲ့တယ်ဆိုတာ တဆိတ်ရှင်းပြရင် ကောင်းမယ်'

ကျောင်းစုအိမ်၏ စကားသံနှင့် အမူအရာကို ကြည့်ရုံဖြင့် အဘယ့်ကြောင့် ယခုလို ညကြီးအချိန်မတော် ရောက်လာကြောင်း မုယုံချွန်းနားလည် သဘောပေါက်သွားပြီ ဖြစ်လေသည်။

ဦးခေါင်းကို လေးလေးတွဲတွဲ ခါယမ်းရင်း...

'ငါဘယ်သူ့ကိုမှ တစ်ပတ်မရိုက်ခဲ့ဘူး၊ ညီလေး ကျောင်းစုအိမ် မင်းမှားနေပြီကွဲ့'

ကျောင်းစုအိမ် မဲ့ပြုံးပြုံးလိုက်သည်။

'ဟွန်း တစ်ပတ်ရိုက်တယ် မရိုက်ဘူးဆိုတာ ခင်ဗျားအသိဆုံးပေါ့၊ မလိမ်ချင်စမ်းပါနဲ့ဗျာ၊ ကျုပ်တို့ကို လိမ်လို့ မရဘူး၊ အကုန်လုံးသိပြီးကြပြီဗျ'

'ဩော်...ညီလေးတို့က အစ်ကိုကြီး ဝမ်းလီနဲ့ တွေ့ပြီးကြပြီကိုး'

'ဘာ ဝမ်းလီ ဟုတ်တယ်လား၊ ဘယ်ကလာတွေ့ရမှာလဲ ဝမ်းလီနဲ့ခင်ဗျားနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲ သူ့အသဲ

ခင်ဗျားအကြောင်းသိလျက်နဲ့ ကျုပ်တို့ကို အသိမပေးဘဲ ငြိမ်နေခဲ့တာပဲဗျ'

မုယုံချန်း ထက်ကာပြလိုက်လေသည်။

'ညီလေး ဆစ်ကိုကြီး ဝမ်းလဲကို အထင်မလွဲပါနဲ့ကွာ'

ကျောင်းစုအိမ်မှာ မုယုံချန်းက တောင်းကောင်း မွန်မွန်ပြောဆိုဆက်ဆံနေခြင်းကြောင့် ပိုပြီး အတင်းရဲလာခဲလာသည်။

ရှေ့သို့ လှမ်းထွက်လာရင်း....

'ကြားတယ်ဗျာ ဝံပုလွေသိုင်းကျမ်းကို ခင်ဗျားမဖျက်ဆီးဘူးဆိုတာ ကျုပ်သိတယ် ကဲ...ကျုပ်တို့ကို ပေးမလား မပေးဘူးလားပြောပါ'

ပြောရင်း ဟွာကိုဖုံးကိုလည်း မျက်ရိပ် ပြလိုက်သည်။ ထို့ကြောင့် ဟွာကိုဖုံးသည်း ရှေ့ထွက်လာ၏။

'ဟုတ်တယ် ခင်ဗျား ကျုပ်တို့ကို တစ်ပတ်ရိုက်တဲ့ အတွက် ဝံပုလွေသိုင်းကျမ်းပေးမှ ဖြစ်မယ်၊ မပေးရင်တော့ ခင်ဗျားကို ရန်သူလို သတ်မှတ်ရတော့မှာပဲ'

ရှင်းပြ၍လည်း လက်ခံမည် မဟုတ်ကြောင်း မုယုံချန်း နားလည်သဘောပေါက်လာမိသည်။

ကျောင်းစုအိမ်က ဝံပုလွေသိုင်းကျမ်းအား လိုချင်မက်မောနေခြင်းကြောင့် ကျန်လူများကိုပါ စည်းရုံးကာ ယခုလို လာရောက်ခြင်း ဖြစ်ကြောင်း၊ ထင်ရှားပေါ်လွင်နေပြီ ဖြစ်တယ်။

ဝံပုလွေသိုင်းကျမ်းမရဘဲ ကျေနပ်ကြမည်မဟုတ်ချေ။ သူကလည်း ဝံပုလွေသိုင်းကျမ်းအားပေးနိုင်မည် မဟုတ်ပါချေ။



မုယုံချန်း သက်ပြင်းချကာ ကျောင်းစုအိမ်ကို စိုက်ကြည့်လိုက်၏။

'ညီလေး၊ ကျောင်းစုအိမ်က ဝံပုလွေသိုင်းကျမ်းကို လိုချင်မက်မောနေတာကိုး'

ထိုစကားကြောင့် ကျောင်းစုအိမ် ဒေါပွသွား၏။ ကြမ်းပြင်ပေါ် စုန်းခနဲ ခြေဆောင့်ရင်း....

'ဘာ ပြောတယ်ဗျ ခင်ဗျာ လို တစ်ယောက်တည်း အပိုင်စီးချင်တဲ့ လူများမှတ်နေသလား ကျုပ်တို့ကိုတောင် လေ့လာခွင့်ပြုနိုင်အောင်၊ ခင်ဗျားအပိုင် စီ ချင်တာ မဟုတ်သား၊ ဒါကို မခံနိုင်လို့ ကျုပ်ကတောင်းဆိုနေတာဗျ ကဲ-အခုနကြားတယ် ဝံပုလွေသိုင်းကျမ်း ပေးမလား၊ မပေးဘူးလား'

ကျောင်းစုအိမ်သည် သေးနေသကဲ့ မိတ်ဆွေများ ဖြစ်ကြသည်ကိုပင် မေ့ထားလိုက်သဘ ရန်သူအဖြစ် ဆက်ဆံနေချေပြီ။

ဝံပုလွေသိုင်းကျမ်းမပေးပါက ရင်ဆိုင်တိုက်ခိုက်မည့်ပုံ ဘန်မျိုး ရှိနေ၏။ မုယုံချန်းဒေါပွသွားသည်။

ယင်းလု ကျောက်စု ရှိ့ဟုန်နှင့်ဟွာကိုဖုံးတို့ကို လှမ်းကြည့်လိုက်သည်။ သူတို့လေးယောက်၏ မျက်နှာများကို မြင်လျှင် ကျောင်းစုအိမ်နှင့် တသဘောတည်း ဖြစ်ကြောင်း နားလည်သဘောပေါက်မိသည်။

မုယုံချန်း မဲ့ပြုံးပြုံးလိုက်သည်။

'တကယ်လို့ ကျုပ်က ဝံပုလွေသိုင်း-ကျမ်းကို မပေးဘူးဆိုရင်ကော'

'ဟား....ဟား....ဟား....ဟား'

ကျောင်းစုံအိမ် အလိုက်သည်းလိုက် ရယ်မောလိုက်သည်။ မုယုံစိမ်းမှာ ဖခင်နှင့် သွေးသောက်မိတ်ဆွေများ အချေအတင် စကားများနေကြသည်ကို တွေ့သောအခါ စိုးရိမ်လာ၏။

ဖခင်အနီးသို့ ချဉ်းကပ်သွားမိသည်။ ထိုအခါမှ မုယုံချန်းသည်း သားဖြစ်သူအတွက် စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်လာလေတော့သည်။

'ကောင်းကောင်းမွန်မွန် တောင်းလို့မှမပေးဘူးဆိုရင် ရပါတယ်ဗျာ၊ ကျုပ်တို့က ကြိုးစားယူရမှာပေါ့'

ကျောင်းစုအိမ်က ပြောရင်း ခါးဦးချိတ်ဆွဲထားသောဓားကို ခြင်ခန်ဆွဲထုတ်လိုက်လေသည်။

ကျန်လူများသည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ မုယုံချန်းအား အခြေအနေကို သဘောပေါက်နားလည်သွားပြီဖြစ်ရာ အထူးစိတ်လှုပ်ရှားနေခြင်းမရှိတော့ချေ။

မုယုံစိမ်းဘက်သို့လှည့်ကာ....

'သား အပြင်ထွက်သွားစမ်း၊ ဒီမှာ ဖေဖေတို့ ကိစ္စလေးတွေ ရှိနေသေးတယ်'

ပြောရင်း လက်ဝေ့ယမ်းပြလိုက်သည်။ မုယုံစိမ်းမှာ ထွက်သွားခြင်းမပြုဘဲ....

'ဖေဖေ'

ဟု စိုးရိမ်သောအသံဖြင့်ခေါ်လိုက်၏။

မုယုံချန်းမှာ မျက်နှာထားတင်းတင်းဖြင့်....

'ထွက်သွားဖို့ပြောနေတာ မကြားဘူးလား၊ သွား-မြန်မြန် သွားစမ်း'



ထိုစဉ် ကျောင်းစုအိမ်၏စကားသံ ထွက်ပေါ်လာသည်။

'ဒီကောင်ကို ထွက်မသွားစေနဲ့'

ထိုစကားကြားလျှင် မုယုံချန်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

ကျောင်းစုအိမ်ကို စိုက်ကြည့်ရင်း....

'ခင်း-မင်း ယုတ်မာလှချည်လား၊ ဘာမဟုတ်တဲ့သိုင်းကျမ်း တစ်ခုအတွက် သေဘဘာတက်ပြီး သွေးသောက်မိတ်ဆွေအချင်းချင်းအပေါ် ရန်သူလိုသဘောထားတယ်၊ လူယုတ်မာတွေလို မိသားစုကိုပါ ရန်ရှာချင်တယ်၊ မင်းဘာသာ ပြန်ပြီးစဉ်းစား ကြည့်စမ်းပါဦး၊ မင်းလုပ်တဲ့အလုပ်ဟာ လူကောင်းတစ်ယောက်ရဲ့ အလုပ်လား'

ဟု အော်ပြောလေသည်၊

ကျောင်းစုံအိမ်က လုံးဝအရေးမစိုက်ဘဲ....

'ကျုပ် ဘာကိုမှ အရေးမစိုက်ဘူး၊ ခင်ဗျားကိုယ်တိုင်တော စဉ်းစားဆင်ခြင်ပြီးမှ မိတ်ဆွေအပေါ် သစ္စာဖောက်ခဲ့တာပေါ့၊ အို....အချိန်ကြာတယ်၊ ဝ ပုလ္လသိုင်းကျမ်း ပေးရင်ပေး မပေး ရင်တော့ ကျုပ်က ရင်ဆိုင်တိုက်ခိုက်ရမှာပဲဗျ'

မုယုံချန်း အံကြိတ်လိုက်သည်။

'မပေးနိုင်ဘူးကွ'

'ကောင်းပြီ၊ သွေးသောက်မိတ်ဆွေတွေအပေါ် တစ်ပတီ ချိုက်ချင်တဲ့အကျိုး ခင်ဗျားခံစားရလိမ့်မယ်'

စကားဆုံးသည်နှင့် ဓားကို ဝှီခနဲမြည်အောင် ဝေ့ယမ်းရင်း ချေ့တိုးတိုက်ခိုက်လိုက်လေ၏။

မယုံစိမ်း ထိတ်လန့်ကာ...

'ဦးလေး ကျောင်းစုအိမ် စဉ်းစားပါဦးဗျာ'

ဟု ကြားဝင်အော်ပြောလိုက်၏။

မယုံချန်းနှင့် ကျောင်းစုအိမ်တို့အကြား ပြေးဝင်လိုက်သည်။

သို့သော် ကျောင်းစုအိမ်က သူ၏စကားကို လုံးဝအရေး မစိုက်ဘဲ...

'ဖယ်စမ်း'

အော်ဟောက်ရင်း ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း'

အသံတစ်ချက်ထွက်ပေါ်လာပြီး မယုံစိမ်း အဝေးသို့လွင့်စဉ်သွားလေတော့သည်။

ထိုအချင်းအရာကိုမြင်သည်နှင့် မယုံချန်း ဒေါပွသွားသည်။

'တောက်... ကျောင်းစုအိမ် မင်း ရက်စက်လှချည်လား'

အော်ငေါက်ရင်း ကျောင်းစုအိမ်ထံ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် ရင်ဆိုင်တိုက်ခိုက်မိသည်နှင့် ဟွာကိုဖိုးက—

'မယုံချမ်း ခင်ဗျားကို မကျေနပ်တဲ့လူတွေထဲမှာ ကျုပ်လဲ ပါတယ်ဗျ၊ အော်ပြောရင်း ဓားတစ်လက်ဆွဲထုတ်ကာ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

သွားသောက်မိတ်ဆွေ ခုနစ်ယောက်အနက် မယုံချန်း၏ သိုင်းပညာမှာ အမြင့်မားဆုံး ဖြစ်ကြောင်း အားလုံး နားလည်ထားကြလေသည်။



ထို့ကြောင့် ကျောင်းစုအိမ် တစ်ယောက်တည်း ရင်ဆိုင်နိုင်စွမ်းမဟုတ်ကြောင်း ရိပ်မိထားသဖြင့် ဝင်ရောက်ကူညီ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထို့အပြင် မယုံချန်းမှာ သိုင်းအား လျော့ကျနေပြီး ဒဏ်ရာများ ရထားခြင်းကြောင့် စိုင်းဝန်းတိုက်ခိုက်လိုက်ပါက ကျိန်းသေ အနိုင်ရမည်ဟု ယုံကြည်ထားကာ ဝင်ရောက်တိုက်ခိုက်ခြင်းလည်း ဖြစ်ပေသည်။

သူတို့နှစ်ယောက် တိုက်ခိုက်လိုက်ကြလျှင် ယင်းလု၊ ယို့ဟုန်တို့လည်း မနေနိုင်တော့ချေ။

မယုံချန်းသာ အနိုင်ရသွားပါလျှင် သူတို့ကို ရန်ရှာလာမည်ကိုစိုးရိမ်ကာ လက်နက်ကိုယ်စီ ဆွဲထုတ်ပြီး ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

သိုင်းလောကတွင် အဖြူရောင် ထိပ်သီး သိုင်းသမားများဟု ကျော်ကြားနေသော သိုင်းသမား ငါးယောက်က စိုင်းရုံးတိုက်ခိုက်ကြခြင်း ဖြစ်သည်။

တစ်ယောက်စီ၏ သိုင်းပညာပင်လျှင် ထူးခြားထက်မြက်နေသည်ဖြစ်ရာ ငါးယောက်ပေါင်း၍ တိုက်ခိုက်လျှင် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပေတော့သည်။

မယုံချန်း အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်သည်။ မယုံစိမ်းမှာကား ကျောင်းစုအိမ်၏ ခြေထောက်ဒဏ်ချက်မိကာ အတော်အလေးနာသွား၏။

ထို့ကြောင့် ကြမ်းပြင်ပေါ်မှ အတော်ကြာအောင် အားယူပြီး ထလာရသည်။

ခြေအစုံကို ရပ်နိုင်သောအခါ တိုက်ပွဲကြီးတစ်ခု ဖြစ်ပွားနေသည်ကို တွေ့ရ၏။

ကျောင်းစုအိမ်တို့ လူစုအ တွန်းဖခင်ကို သုတ်သင်ရန် တရကြမ်း ဝိုင်းရံ တိုက်ခိုက်နေသည်ကို တွေ့သောအခါ ဒေါသမချောင်းချောင်း ထွက်လာသည်။

'ခင်ဗျားတို့ ယုတ်မာလှချည်လား၊ တစ်ယောက်တည်းကို အများဝိုင်း ပြီး တိုက်ခိုက်နေကြရတာလဲဗျ'

ဟု အော်ပြောရင်း ပြေးဝင်သွားရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင်....

'အား'

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ မုယုံစိမ်၊ မျက်လုံးပြူးသွား၏။

စူးစူးရှရှအော်ဟစ်လိုက်သော အသံမှာသူ့ဖခင်အသံ ဖြစ်နေသောကြောင့်တည်း။ လှမ်းကြည့်လိုက်သည့်အခါ ဖခင်ဖြစ်သူသည် ကျောင်းစုအိမ်၏ ဓားချက်ကြောင့် ဒဏ်ရာတစ်ချက် ရရှိသွားသည်ကို တွေ့မြင်လိုက်ရ၏။

မုယုံချန်း၏ ဝဲဘက်ပခုံး၌ သွေးချင်းချင်း နီရဲနေသည်။ မုယုံချန်းမှာ ဒဏ်ရာများရရှိထားပြီး သိုင်းအားလျော့နည်းနေခြင်းကြောင့် သိုင်းကွက်များ ဖရိုဖရဲ ဖြစ်နေရှာလေသည်။

ကျောင်းစုအိမ်တို့အား ပြန်လည်တိုက်ခိုက်ခြင်း၊ မပြုနိုင်တဲ့ ရှောင်တိမ်းခုခံနေရသည့် အဆင့်သာရှိပေ၏။

မုယုံစိမ်းလည်း ဖခင်အတွက် စိုးရိမ်ပူပန်လာပြီး....

'ဖေဖေ'



အော်ခေါ်ရင်း ပြေးသွားလေသည်။ မုယုံချန်းမှာ အခြေအနေကိုကောင်းစွာ နားလည်သဘောပေါက်ထားပြီး ဖြစ်၍ သားဖြစ်သူအတွက် စိုးရိမ်ပူပန်လာ၏။

ခုခံရှောင်တိမ်းရင်း...

'သား- သား- ဖေ့ဖေ့ဆီကို မလာနဲ့'

သို့သော် မုယုံစိမ်းအား နားမထောင်ဘဲ ရှေ့တိုးသွားလေသည်။ မုယုံချန်းက တိုက်ပွဲအကြားမှ ခုန်ထွက်လာသော—

'သား ဒီကမြန်မြန်ထွက်သွားစမ်း'

ပြောရင်း မုယုံစိမ်း၏အက်ကို ဆွဲအား ပစ်ပေါက်လိုက်၏။ အမှတ်မထင် ခံလိုက်ရခြင်းကြောင့် မုယုံစိမ်း အပြင်ဘက်သို့ လွင့်စင်သွား၏။

ပြတင်းပေါက်မှ တစ်ဆင့် အိမ်အပြင်ဘက်သို့ ရောက်ရှိသွားခြင်းဖြစ်၏။ ထိုအချိန်၌ ဆူဆူညံညံ အသံများကြောင့် အလုပ်သမားများ ပြေးလာရောက်ရှိလာကြသည်။

တိုက်ပွဲဖြစ်ပွားနေသည်ကို တွေ့သောအခါ ရဲရဲသက်နက် ဆွဲကိုင်လျက် မုယုံချန်းဘက်မှ ကူညီတိုက်ခိုက်လိုက်ကြသေး၏။

သို့သော် ကျောင်းစုအိမ်တို့လူစု ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်....

'အား....'

'အမိ....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာပြီး တစ်ယောက်ပြီး တစ်ယောက် ကြမ်းပြင်ပေါ် လဲကျသွားတော့သည်။

အလုပ်သမားများထားသိုင်းပညာစာတတ်မြောက်သားသူများ မဟုတ်ပါချေ။

မုယု ချန်းတစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေအောင် ဝိုင်းရံ တိုက်ခိုက်ခြင်း ခံနေရသည်ကိုတွေ့သဖြင့် မစနိုင်ဘဲ ကူညီ တိုက်ခိုက်လာကြခြင်း ဖြစ်ပေသည်။

သို့သော် မကူနိုင်သည့်အပြင် ကျောင်းစုအိမ်တို့ လက်ချက်မိတာ ကြမ်းပြင်ပေါ် လဲကျသေဆုံးသွားကြပြီ ဖြစ်လေသည်။

မုယု ချန်း မျက်လုံးများ ပြူးဝသွား၏။

'မင်း...မင်းတို့ ရက်စက်လှချည်လား၊ အပြစ်မရှိတဲ့ အလုပ်သမားတွေကို ဘာကြောင့် သတ်ပစ်ရတာလဲ'

အော်ပြောရင်း ပြေးဝင်တိုက်ခိုက်လိုက်လေသည်။ ဒေါသအမြင့်ဆုံးအချိန် ရောက်ရှိနေပြီဖြစ်ရာ သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပေတော့သည်။

ကျောင်းစုအိမ်တို့လူစု ချက်ချင်း နောက်ဆုတ်သွားကြရလေ၏။

ထိုအချိန်၌ မုယု စိမ်းမှာ အပြင်ဘက် ပန်းရုံများအကြား၌ လဲကျနေသည်။ ခြေလက်ခန္ဓာ နာကျင်သွားခြင်းကြောင့် ရုတ်တရက် မထနိုင်ချေ။

ပြတင်းပေါက်အနီးသို့ ချည်းကပ်သွားပြီး အတွင်းဘက်ခေါင်းပြူကြည့်လိုက်သည်။

'အား....'



စူးရှသောအော်သံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ မုယု စိမ်းမှာ တစ်ကိုယ်လုံး ကျဉ်ထက်သွားသည်ဟု ခံစားလိုက်ရ၏။

အကြောင်းမှာ မုယုံချန်းသည် ကျောင်းစုအိမ်တို့ လူစု၏ လက်ချက်ဖြင့် ကြမ်းပြင်ပေါ် လဲကျသွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

မုယု ချန်း၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်။ ကျောင်းစုအိမ်၏ဓားသည် သူ၏ရင်စ၌ တန်းလန်းစိုက်ဝင်နေ၏။

'ဖေဖေ'

မုယုံစိမ်း အော်ခေါ်လိုက်၏။ ထို့နောက် ပြတင်းပေါက်မှ တဆင့် အတွင်းသို့ခုန်ဝင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

'မင်းဝင်သွားရင် မင်းလဲသေရမှာပေါ့'

ရုတ်တရက် စကားသံတစ်ချက် နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တဆက်တည်းပင် သူ့အား တစ်စုံတစ်ယောက်က ဆွဲခေါ်ပြေးသွားလေတော့သည်။

'ကျုပ်... ကျုပ်ကို လွှတ်ပါဗျာ'

မုယုံစိမ်း အော်ပြောလိုက်၏၊ သို့သော် နောက်ကျောဘက်မှ လူက မလွှတ်ပဲဆွဲခေါ်သွား၏။

ထိုစဉ်....

'ဟိုကောင်လေး ထွက်ပြေးသွားပြီ လိုက်ကြဟေ့'

ရုတ်တရက် အော်ပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ အသံနှင့်ဖြို မနေရှုးမနေနှောင်းမှာပင် မြတင်းပေါက်မှတဆင့် ကျောင်းစုအိမ်တို့လူစု ခုန်ထွက်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ကျောင်းစုအိမ်တို့သည်အား သိုးငယ်နောက်သို့ လိုက်သော ဝံပုလွေများပမာ ဓားများ ဝေ့ယမ်းလျက် ပြေးလိုက်လာကြသည်။

အမှန်ဆိုလျှင် သူတို့ထက်မှ မုယုံစိမ်းထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ချေ။

သို့သော် သူ့အား ဆွဲခေါ်သွားသူကြောင့်သာ ခြံဝင်းအပြင်ဘက်သို့တိုင်အောင် ရောက်ရှိသွားခြင်း ဖြစ်ပေသည်။

ခြံဝင်းအပြင်ဘက်ရောက်လျှင် သူ့အား ဆွဲလာသူကို လှည့်ကြည့်လိုက်လေသည်။

'ဟင်—အဘဝမ်းလိပါလား'

မှန်ပေသည်။ သူအား ဆွဲခေါ်သွားသူမှာ ပညာရှိဝမ်းလိ ဖြစ်ပေသည်။

ဝမ်းလိက—

ငါ သူတို့ကို လိုက်ရှာပေမယ့် မတွေ့ခဲ့ဘူး၊ သူတို့အ ငါ့ထက် ဦးအောင်ဒီကို ရောက်လာကြပြီး တမ်ယောက်နဲ့ တစ်ယောက် အထင်အမြင်လွဲမှားမှုတွေဖြစ်ကုန်ကြတာကို၊ အခြေအနေဟာ



ဖြန့်ပြီး ပြုပြင်လို့ မရတော့ဘူး၊ မင်းအဖေလဲ သေပြီမင်၊ သာ လွတ်အောင်ပြေးပေတော့'

မုယုံစိမ်း အံတင်းတင်းကြိတ်ကာ....

'ကျွန်တော် မပြေးဘူး၊ ဓတာရှုးသက်သက် ကျွန်တော် အဖေ့ကို ခိုင်းပြီး သတ်ဖြတ်ခဲ့တာ ကျွန်တော့် လက်ပိုက်ကြည့် မနေနိုင်ဘူး၊ ကျွန်တော်သူတို့ကို ရင်ဆိုင်မယ်'

'မင်းသေသွားမှာပေါ့'

'ကျွန်တော်အသက်သေချင်သေပါစေ၊ ဂရုစိုက်ပါဘူးဗျ' ထိုစဉ်မှာပင်....

'မပြေးနဲ့'

အော်သံများထွက်ပေါ်လာသည်ကိုကြားရသည်။

ဝမ်းလိ ရင်ထိတ်သွားပြီး....

'မုယုံ ချန်းအတွက် အဖြစ်မှန်ကို ဖော်ရှင်းဖို့ မင်း တစ်ယောက်ပဲတတ်နိုင်လိမ့်မယ်၊ မင်းပါသေသွားရင် ကျောင်းစုအိမ်တို့လူစုဟာ မုယုံချန်းဟာ လူယုတ်မာတစ်ယောက်လို့ သတင်းလွှင့်တာ အောင်မြင်သွားလိမ့်မယ်၊ မင်းအဖေဟာ သူတို့ထင်မြင်ယူဆသလို တစ်ကိုယ်ကောင်းဆန်တဲ့ လူယုတ်မာ မဟုတ်ဘူးဆိုတာ ဖော်ရှင်းဖို့မင်းမှာတာဝန်ရှိတယ်၊ မင်းအသက်သေလို့ မဖြစ်ဘူး'

ထိုစကားကြားသည့်အခါ မုယုံစိမ်းတွေဝေသွား၏။ ဝံပုလွေ သိုင်းကျွမ်းနှင့်ပတ်သက်ပြီး ကျောင်းစုအိမ်တို့လူစု အထင်အမြင် လွဲမှားခဲ့သည်ကို သူသာဖော်ရှင်းနိုင်မည်ဖြစ်သည်။

ဝမ်းလီက ကြေးဝင် ဖြေရှင်းသော်လည်း မုယုံချန်းနှင့် တစ်ကြိတ်တည်းတစ်ညက်တည်းဟုဆိုကာ လက်ခံကြသည်မဟုတ်ချေ။

မုယုံစိမ်းအံကြိတ်လိုက်သည်။

'ကျွန်တော်အခုပဲ ရင်ဆိုင်ဖြေရှင်းလိုက်မယ်'

ပြောရင်း ကျောင်းစုအိမ်တို့လူစုနှင့်ရင်ဆိုင်ရန် ဟန်ပြင်လိုက်တော့သည်။

ဝမ်းလီက—

'သူတို့ဟာ အခုအချိန်မှာ အမှားအမှန်ခွဲဝေဖန်ပိုင်းခြားကြတော့မှာမဟုတ်ဘူး၊ မုယုံချန်းကို သူတို့ဝိုင်းပြီးလုပ်ကြံခဲ့ကြတယ်ဆိုတဲ့အပြစ် မပေါ်ပေါက်ရအောင် မင်းကိုလဲ သုတ်သင်ရှင်းလင်းပစ်မှာပဲ၊ ဒါကြောင့်မင်းရှောင်နေရင်ကောင်းမယ်'

မုယုံစိမ်းအံကြိတ်ရင်း....

'ကျွန်တော်ထွက်မသွားဘူး'

'မုယုံစိမ်း၊ မင်း ဟာမင်းအဖေကိုချစ်တယ်၊ မင်းအဖေနာမည်ပျက်ရမှာကို လက်ပိုက်ကြည့်မနေနိုင်ဘူးဆိုရင် ရှောင်သွားတာအကောင်းဆုံးပဲ၊ နို့မဟုတ်ရင် မင်းတို့မုယုံမိသားစုဟာအသက်သေဆုံးသွားကြတာတောင် လူဆိုးလူယုတ်မာတွေလို လူတွေအထင်မှားသွားကြတော့မှာပဲ'

ထိုစကားသည် မုယုံစိမ်း၏စိတ်ဓာတ်ကိုချက်ချင်းပြောင်းလဲသွားစေတော့၏။

'ကျွန်တော့်ဖေဖေ လူယုတ်မာမှမဟုတ်တာ'



'ဒါပေါ့၊ ဒီအချက်ကို မင်းဖြေရှင်းရလိမ့်မယ်၊ ငါပြောတာမယုံရင် စောင့်ကြည့်၊ မင်းအဖေဟာ လူယုတ်မာတစ်ယောက်လိုကြောင့် သူတို့သတင်းလွှင့်ကြလိမ့်မယ်'

'ဒါ...ဒါဖြင့်...'

'မင်းအခု ရှောင်နေလိုက်ပါ၊ နောက်တော့ ဘယ်နည်းဘယ်ပုံဖြေရှင်းရမယ်ဆိုတာ စဉ်းစားကြတာပေါ့၊ ငါ့ဆွဲကိုမျှားခေါ်သွားမယ်'

စကားဆုံးလျှင် မုယုံစိမ်းအား တွန်းထုတ်ပြီး တစ်ဘက်သို့ပြေးလွှားသွားလေသည်။ မုယုံစိမ်း ကြောင်အမ်းအမ်းဖြစ်၍ကျန်ရစ်ခဲ့သည်။

ထိုစဉ် ဝမ်းလီအား လမ်းဘေးမှ ကျောက်တုံး တစ်တုံးကိုကောက်ယူ၍ ကျောင်းစုအိမ်တို့လူစုထံ ပစ်ပေါက်လိုက်၏။

ထို့နောက် ဆက်ပြီးပြေးလွှားသွားလေသည်။ ကျောင်းစုအိမ်တို့သည်လည်း မုယုံစိမ်းကို သတိမပြုမိကြတော့ဘဲ ဝမ်းလီနောက်သို့ ပြေးလိုက်သွားကြသည်။

မုယုံစိမ်း အံဘင်းတင်းကြိတ်လိုက်သည်။ ပြီးနောက် ဓားဂေဟာခြံဝင်းဆီသို့ ဦးတည်ပြေးလွှားသွားလေတော့သည်။

အလုပ်သမားများသည် ကြမ်းပြင်ပေါ် အတုန်းအရှန်းလဲကျ နေသဆုံးနေကြလေသည်။

သူတို့အား သိုင်းပညာ တတ်သူများ မဟုတ်ကြသော်လည်း ကျောင်းစုအိမ်၏ ထက်ချက်ကြောင့် သေဆုံးသွားကြပြီ ဖြစ်လေသည်။

အလုပ်သမားများနှင့် မလှမ်းမကမ်းတွင် မုယုံချန်း လဲကျနေ၏။ မုယုံချန်း၏ တစ်ကိုယ်လုံး သွေးများဖြင့် နီရဲကာ မလှုပ်မယှက် လဲကျနေခြင်းဖြစ်ပေသည်။

'ဖေဖေ'

မုယုံစိမ်း အော်ခေါ်ပြီး ပြေးလွှားပွေ့ဖက်လိုက်လေသည်။ မုယုံချန်း၏ သွေးများသည် မုယုံစိမ်း၏ အဝတ်အစားများကို ပေကျံသွား၏။

'ဖေဖေ'

မုယုံစိမ်း အော်ခေါ်လှုပ်ယမ်းလိုက်၏။ ထိုစဉ်တအင်းအင်း ညည်းညူသံနှင့်အတူ မုယုံချန်း၊ မျက်လုံး ဖွင့်လာ၏။

မုယုံစိမ်းကိုမြင်လျှင်...

'သား...သား ထွက်မသွားသေးဘူးလားတင်'

'သား ထွက်မသွားဘူး ဖေဖေ'

မုယုံစိမ်း အံကြိတ်ရင် ပြောသည်။

'သား—သား သွားပါတော့ တော်ကြာ သူတို့လက်ချက်'

မုယုံစိမ်း ပြုံးလိုက်သည်။

'ဖေဖေ—သားသူတို့ကို မကြောက်ပါဘူး ဖေဖေ'



မုယုံစိမ်းအား သွားနိုင်ရန် ပြောနိုင်ကြောင်း မုယုံချန်း သဘောပေါက်မိလေသည်။

'သား'

'ဖေဖေ'

'သား ဖေဖေ့စကားကို မြေဝယ်မကျ နားထောင်ပါမယ်လို့ ကတိပေးပါသားရယ်'

မုယုံစိမ်း၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားသည်။ ဖခင်အား ပွေ့ဖက်ထားရင်း–

'သား သား ကတိပြုပါတယ် ဖေဖေ'

မုယုံချန်းက—

'သား စံပုလွေသိုင်းကျမ်းကို ယူပြီး ဒီကထွက်သွားပါ၊ ဝံပုလွေသိုင်းကျမ်းကိုလေ့ကျင့်တတ်မြောက်ခဲ့ရင်၊ သိုင်းလောက အကျိုးအများကြီး ဆောင်ရွက်ပါ ကျောင်းစုအိမ်တို့ လူစုနှာ လည်သာသာပေါက်အောင် ရှင်းပြပါ ပြီးတော့ အဟွတ်-ဟွတ်'

မပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးလာလေသည်။ ချောင်းဆိုးရင်းပါးစပ်ထဲမှ သွေးများပွက်ခနဲ အန်ထုတ်လိုက်လေသည်။

စကားဆက်မပြောနိုင်တော့တဲ့ သူ၏ စကားကိုနားထောင်ပါရန် ဟူသော အကြည့်ဖြင့်ကြည့်ရင်း ဇက်ကျိုးကျသွား၏။

'ဖေဖေ–ဖေဖေ'

မုယုံစိမ်းအော်ခေါ်လိုက်သည်။

သို့သော် မုယုံချန်းအား ကြားနိုင်တော့မည် မဟုတ်ပါချေ။

ထိုစဉ်မှာပင်–

'ဟား ဟား ဟား'

ရယ်မေမေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'မင်း ဘယ်ပြေးမလဲ'

စသားသံနှင့်အတူ ကျောင်းစုံအိမ်တို့ လူစုအိမ်ထဲ ဝင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်းလ ဘာ လမ်းလွှဲပြီး မျှားခေါ်သွားသော်သည်း နောက်ဆုံး သူတို့ပြန်သည် ရောက်ရှိလာကြပြန်ပြီ ဖြစ်လေသည်။

❀ ❀ ❀

## အခန်း (၅)

---

အရိုးစုစကားဒဏ္ဍာရီကား

'အား-'

စူးစူး ရှရှ အော်ဟစ်ပြီးနောက်၊ မုယံ့စိမ်း သတိရလာသည်။ သတိရလျှင် ရချင်း ခုန်ထလိုက်၏။

ထိုအခါ ထူထပ်လှသော ချုံနွယ် ပိတ်ပေါင်း များပေါ်၌ လဲလျောင်းနေမိသည့် အဖြစ်ကို တွေ့မြင်ရလေသည်။

ချုံနွယ်ပိတ်ပေါင်းများအား အိမ်တစ်လုံးစာမျှ အမြင့်ရှိသလို သပွတ်အူပမာ ရှုပ်ထွေးထူထပ်လှသည်။

ချုံနွယ်ပိတ်ပေါင်းများအပေါ်မှ မြေပေါ်သို့ရောက်အောင်ပင် မနည်းဆင်းရသည်။

မြေပေါ် ခြေချမိသည့်အခါ အဝတ်အစားများ စုတ်ပြဲလျက် ခြေလက်များပွန်းပဲ့ကာ သွေးစို့နာကျင်နေကြောင်း သတိပြုမိ၏။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ စိမ်းလန်းသော သစ်ပင်တောအုပ်များ၊ ချုံနွယ်များ၊ တောရိုင်းပန်းပင်များနှင့် စမ်းချောင်းကလေးတစ်ခု တသွင်သွင် စီးဆင်းနေသည်ကို တွေ့ရ၏။

မုယုံစိမ်းသည် သဘာဝအလှအပများကို ရှာဖွေကြည့်ရှုလိုက်ခြင်းမဟုတ်ချေ။

သူရှာဖွေနေသည်မှာ သူ့အားသုတ်သင်ရန် ထက်ကြပ်မကွာ လိုက်လာကြသော ကျောင်းစုအိမ်တို့လူစုကိုသာ ဖြစ်ပေသည်။

ကျောင်းစုအိမ်တို့လူစုကို လုံးဝမတွေ့ရပါ။

'ဟင်—ငါ ဘယ်လို လုပ်ပြီး လွတ်မြောက်လာတာပါလိမ့် သူတို့က ငါ့ကို ဘာကြောင့် လွှတ်ပေးလိုက်ကြတာလဲ'

ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ ကော တစ်ဘက်တစ်ချက်၌ မြင့်မားသော တောင်နံရံကြီးများ ကာဆီးနေကြောင်း တွေ့ရ၏။

ထိုအခါမှ တောင်ထိပ်ပေါ်၌ သူ့အား ကျောင်းစုအိမ်တို့လူစု ဝိုင်းရံပြီး သုတ်သင်ရန် ရှေ့တိုးလာစဉ် နောက်ဆုတ်ရှောင်တိမ်းရာမှ ခြေချော်ပြီး ချောက်ကမ်းပါးထဲကျလာသည့် အဖြစ်ကို သတိရလာလေသည်။



နက်ရှိုင်းလှစွာသော ချောက်ကမ်းပါးထဲသို့ကျလာပြီး အသက်ရှင်သန်နေသည်မှာ လွန်စွာ ကံကောင်းလှသည်ဟု ဆိုရပေတော့မည်။

ကျောင်းစုအိမ်တို့လူစုက သူ့အား သေဆုံးသွားပြီဟု ထင်မှတ်ယုံကြည်ကြမည်ဖြစ်သည်။

ဤချောက်ကမ်းပါးအတွင်း ဆင်းလာ၍ ရှာဖွေကြမည် မဟုတ်ပေ။

ချောက်ကမ်းပါးအတွင်း၌ နေရသည်ကပင် သူ့အတွက် လုံခြုံမှုရှိလိမ့်မည်ဟု တွေးမိ၏။

တွေးရင်း မျက်နှာပေါ်မှ စပ်ဖျဉ်းဖျဉ်းနာကျင်လာမှုကြောင့် လက်ဖြင့် စမ်းကြည့်လိုက်ရာ လက်ဝါးပြင်၌ နီသွေးနေသော သွေးများ ပေကျံလာသည်ကို တွေ့ရ၏။

'ဟင်... မျက်နှာမှာ ဒဏ်ရာရထားပါလား'

မှန်ပေသည်။ သူ၏မျက်နှာတွင် သစ်ပင်သစ်ကိုင်းများနှင့် ခြစ်မိ၍ ဒဏ်ရာရကာ သွေးများထွက်နေ၏။

မျက်နှာမှဒဏ်ရာသည် အသက်သေဆုံးရသည်ထက် စာလျှင် ပြဿနာကြီးသည်မဟုတ်ပါချေ။ မုယုံစိမ်း သက်ပြင်းချရင်း လှမ်းထွက်လာခဲ့သည်။

ထို့နောက် ချောက်ကမ်းပါးအောက်ခြေ၌ ခြေဦးတည့်ရာ လျှောက်သွားနေလိုက်လေသည်။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ်ကာ အတန်ကြာလျှောက်သွားပြီးနောက် ဝမ်းဗိုက်အတွင်းကြွတ်ကြွတ် ဆာလောင်လာသည်ကို သတိပြုမိသည်။

စားစရာသောက်စရာ ရှာဖွေလိုက်သောအခါ သီး သီးရှိန်း များ၊ ငှက်ပျော ရိုင်းများ အလေ့ ကျပေါက်နေသည်ကို တွေ့ရ သဖြင့် ဟန့်မဆောင်နိုင်တော့ဘဲ ခူးဆွတ်စားသောက်လိုက်ကြလေသည်။

မှည့်ဝင်းနေသော တောငှက်ပျောသစ်ဖီး ကုန်အောင်စားပြီး သောအခါ ဆာလောင်မွတ်သိပ်မှု ပျောက်ကွယ်သွား၏။

ဗိုက်ပြည့်သွားသည့်အခါ ရေသောက်ရန်စမ်းချောင်းလေးဆီသို့ ဆင်းလာခဲ့သည်။

စမ်းချောင်းရေသည် ကြည်လင်အေးမြနေ၏။

မုယုံစိမ်းက စမ်းရေကို လက်ခုပ်ဖြင့်ငုံ့သောက်လိုက်သည်။ ရေသောက်ပြီး ထွက်သွားရန် ခြေလှမ်းပြင်လိုက်စဉ် စမ်းချောင်း လေး၏ ကျောက်တောင်ခြေရှိ ကျောက်ဂူကြီးတစ်ခုအတွင်းမှ စီးဆင်းလာနေခြင်းဖြစ်ကြောင်း သတိပြုမိလိုက်၏။

'ဟင်... အံ့သြစရာကောင်းလိုက်တာ၊ ကျောက်ဂူကြီးထဲက စမ်းရေတွေထွက်လာတာပဲ'

တွေးရင်း အမှတ်မထင် ကျောက်ဂူကြီးဆီသို့ လှမ်းသွားမိ၏။

ကျောက်ဂူကြီးတစ်ခုသည် အိမ်တစ်ဆောင်မျှ ကြီးမားပေသည်။ သလင်းဖန်ကြောက်များကြောင့် ကျောက်ဂူအတွင်း လင်းလင်းချင်းချင်းရှိနေသည်ကို တွေ့ရသည်။

မုယုံစိမ်းလည်း စမ်းချောင်းဘေးမှနေပြီး ကျောက်ဂူပြီးရှိရာ သို့ တစိုက်မတ်မတ် လျှောက်သွားသည်။



ကျောက်ဂူဝသို့ရောက်သည့်အခါ အတွင်းဘက်သို့လှမ်းမျှော် ကြည့်လိုက်၏။ အတွင်းဘက်၌ အလင်းရောင် မြသဲမကွဲရှိနေပြီး စမ်းကျရေသံများကြားနေရသည်။

ကျောက်ဂူဝသို့ရောက်နေသော မုယုံစိမ်းမှာ အတွင်းဘက်သို့ဝင်ကြည့်ဘဲမနေနိုင်အောင်ဖြစ်လာသည်။

သို့ဖြစ်၍ သတိကြီးစွာထားကာ ကျောက်ဂူထဲသို့လှမ်းဝင်လိုက်သည်။ ကျောက်ဂူကြီးသား ကြီးမားရှည်လျားလှပေ၏။

အတွင်းဘက်သို့ အတော်လေးဝင်မိလျှင် ကျောက်ဂူ၏အမိုးပေါ်မှ ရေများစိမ့်၍ကျနေပြီး အောက်ဘက်မြေပြင်၌ စုရုံးကာ စမ်းချောင်းကလေးအဖြစ် စီးဆင်းသွားကြောင်းတွေ့ရတော့သည်။

ကျောက်ဂူအတွင်းပိုင်း၌ ဖြူဖွေးချောမွတ်နေသောကျောက် ဖြူနံရံကြီးများရှိသည်။

ကျောက်တုံးကျောက်ခဲများ တောင်ပုံရာပုံရှိပြီး အချို့မှာ ကျားရုပ်၊ ဆင်ရုပ်များနှင့် ခင်ဆင်ဆင်တူနေကြောင်းတွေ့ရလေသည်။

ကျောက်ဂူအတွင်း၌ ထူးထူးခြားခြား အေးစိမ့်နေသည်ကို မုယုံစိမ်းသတိပြုမိသည်၊ သူသည် ကျောက်ဂူအတွင်းသို့ အကဲခတ်ကြည့်ပြီး ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်၏။

မုယုံစိမ်း နောက်လှည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ဟင်—'

မမျှော်လင့်သော အကြောင်းချင်းရာဇဝင်ခုအား တွေ့မြင်လိုက်ရခြင်းကြောင့် ခြလှမ်းတုန့်ခနဲ ရပ်တန့်သွားသည်။

သူ၏မျက်လုံးများသည်လည်း ကျောက်ဖြူနံရံ မှမခွာဘဲစိုက်ကြည့်မိလေသည်။ အကြောင်းမှာ ကျောက်ဖြူနံရံ အစွန်းတစ်ဘက်၌ ဝင်းလက်တောက်ပြောင်နေသည့် လက်ကိုင်ကွင်းအလားတစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်၏။

မုယုံစိမ်း မျက်မှောင်ကြုတ်သွားသည်။ ကျောက်ဖြူနံရံသို့ ခပ်သွက်သွက်အမြန် လျှောက်သွားပြီး အကဲခတ် ကြည့်လိုက်မိ၏။

ထိုအခါ သူတွေ့ရသော မြင်ကွင်းအလားမှာ ကျောက်ဖြူနံရံ၌ မြှုပ်ထားသော ရွှေကွင်းအသေးတစ်ခုဖြစ်ကြောင်း တွေ့ရလေသည်။

ရွှေကွင်းအလေးသည်အမျိုးသမီးတစ်ယောက်၏ လက်ကောက်တစ်ကွင်းသဖွယ် ကနုတ်ပန်းများဖော်ကာ အလှခြယ်ထားသည်ကို တွေ့ရ၏။

မုယုံစိမ်းမှာ စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တော့ချေ။

'ဟင် ဒီရွှေကွင်းကလေးက ဘယ်လိုလုပ်ပြီး ကျောက်ဖြူနံရံထဲမှာ မြှုပ်နေရတာလဲ'

တွေးရင်း ရွှေကွင်းကလေးကို သွား၍ ဆွဲဆုတ်ယူလိုက်သည်။

သို့သော် ရွှေကွင်းကလေးကား ကျောက်ဖြူနံရံမှ ကျွတ်ထွက်မလာချေ။ မုယုံစိမ်းသည် အားထုတ်၍ဆွဲလိုက်သည်။



သို့တိုင် တုတ်တုတ်မျှမလှုပ်ဘဲ ရှိနေသည်။ နောက်ဆုံးမနေကျနိုင်သဖြင့် လက်နှစ်ဖက်ဖြင့်ဘအားကုန်ဆွဲလိုက်သည်။

'စွိ...'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။ ကျောက်ဂူအမိုးကြီး ကျလာသလားဟု ထင်မှတ်ကာ မုယုံစိမ်းကြောက်ရွံ့ထိတ်လန့်သွားသည်။

အမှန်တော့ ကျောက်ဂူအမိုးကြီး ပြိုကျလာခြင်းမဟုတ်ဘဲ ရွှေကွင်းမြှုပ်ထားသော ကျောက်ဖြူနံရံကြီး တုန်ခါရွေ့လျားသွားခြင်းသာဖြစ်ပေသည်။

'ဟင်....'

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် မုယုံစိမ်း မှင်တက်မိကာ ငေးကြည့်မိလေတော့သည်။

ကျောက်ဖြူနံရံ ရွေ့လျားသွားပြီး လူတစ်ကိုယ်ဝင်စာ စင်ပေါက်တစ်ခုဖြစ်လာသည်ကို တွေ့မြင်လိုက်ရသည်။

ရွှေကွင်းအလေးသည် ကျောက်ဖြူနံရံရှိ လျှို့ဝှက်တံခါး၏ လက်ကိုင်ကွင်းဖြစ်နေချေသည်တကား။

မုယုံစိမ်း ကြောင်အမ်းအမ်း ဖြစ်နေစဉ် သူ၏ အရှေ့တည့်တည့်၌ ဝင်ပေါက်တစ်ခုဖြစ်ပေါ်လာပြီ ဖြစ်လေသည်။

ရန်သူ့လက်မှ သေဘေးပြေးရင်ပြေး ပြေးလာပြီး ချောက်ထဲရောက်ရှိလာရာမှ ထူးဆန်းသောအဖြစ်နှင့် ထပ်မံကြုံတွေ့နေရပြီဖြစ်သည်။

မုယုံစိမ်းသည် လျှို့ဝှက်ဆန်းကြယ်သော ကျောက်ဂူကြီး အတွင်းမှ ချက်ချင်း ထွက်ပြေးသွားချင်စိတ် ပေါက်လာသည်။

သို့သော် ပြေးစရာ မြေမရှိသည့်အဝမဟုတ်လား။ ထက်ကြပ်မကွာ လိုက်လံ သုတ်သင်နေသော ရန်သူများလက်ချက်ကြောင့် အသက်သေရဖို့က များပေသည်။

သေမထူး နေမထူးအဝသို့ ရောက်ရှိနေပြီဖြစ်၍ ကြောက်ရွံ့စိတ်များ ပျောက်ကွယ်သွားသည်။

လူငယ်မီပီ စူးစမ်းလေ့လာချင်စိတ်များ ပေါ်ပေါက်လာတာ၊ တံခါးပေါက်မှ အဆင့် တစ်ဘက်သို့ လှမ်းဝင်လိုက်လေသည်။

တစ်ဘက်တွင် ကျောက်ဖြူနံရံ လေးဘက်လေးတန် ကာရံထားသော အခန်းတစ်ခု ရှိနေ၏။

အခန်းတွင်း၌ ကြေးကုတင်ကြီးတစ်လုံးရှိပြီး ခုတင်ပေါ်၌ အရိုးစုတစ်ခုရှိနေသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ရပြန်သည်။

'ဟင်- အရိုး စုကြီးပါလား'

မုယုံစိမ်း ထိတ်လန့်သွားတာ နေစက်သို့ ခြေလှမ်းဆုတ်လိုက်၏။ သို့သော် အခန်းတွင်း၌ အရိုးစုတစ်ခုသာရှိပြီး အခြားအန္တရာယ်ပြုနိုင်သူ မရှိခြင်းကြောင့် စိတ်သက်သာရာ ရသွားပြန်သည်။

'အရိုးစုအငါ့ကို ဘာများလုပ်နိုင်မှာလဲ'

အားတင်းရင်း အခန်းတွင်းသို့ ဝေ့ကြည့်လိုက်လေသည်။ အခန်းတွင်းတွင် ကြေးခုတင်တစ်လုံး၊ ကြေးစားပွဲတစ်လုံးနှင့် ကြေးကုလားထိုင်တစ်လုံးရှိနေ၏။



စားပွဲပေါ်၌ ရေတစ်ကောင်းတစ်လုံး၊ ခေါက္ကာတစ်လုံးနှင့် ဓားတစ်လက် ရှိနေသည်။

ကြေးခုတင်ပေါ်၌ကား ဆွေးမြေ့နေပြီဖြစ်သော လူ့အသုံးအဆောင်ပစ္စည်း အချို့နှင့်အရိုးစုတစ်ခု ရှိပေသည်။

ဤနေရာတွင် တစ်ချိန်က လျှို့ဝှက်စွာ လာရောက် နေထိုင်ခဲ့ရင်း သေဆုံးသွားသူ ဖြစ်ရမည်ဟု တွက်ဆမိ၏။

စူးစမ်းလိုစိတ်များ ပို၍ ပြင်းပြလာ၏။

'အင်း- ဒီလောက် လျှို့လျှို့ ဝှက်ဝှက်ရှိတဲ့ နေရာမှာဘယ်သူကမျှ လာပြီး နေထိုင်ခဲ့ပါလိမ့်၊ ဒီလူဟာ အတော်ကို ထူးခြားတဲ့ လူတစ်ယောက် ဖြစ်ရမယ်'

တွေးရင်း ကြေးခုတင်အနီးသို့ ချဉ်းကပ်သွား၏။ ကြေးခုတင်ပေါ်တွင် လဲလျောင်းနေသော အရိုးစုတစ်စုရှိသည်။

အရိုးစု၏ ဝဲဘက် လက်ချောင်း၌ ကျောက်စိမ်းလက်စွပ်တစ်ကွင်း စွပ်ထားသည်ကို တွေ့ရ၏။

'အင်း- ဒီလူဟာ အတော်ချမ်းသာကြွယ်ဝတဲ့လူဖြစ်ရမယ်'

မုယုံစိမ်းသည် စားပွဲပေါ်မှ ပစ္စည်းများကို စိတ်ဝင်စားလာပြန်သည်။ ချက်ချင်း စားပွဲပေါ်မှ ဓားကို ကောက်ယူကြည့်လိုက်၏။

ဓားမှာ ဖုံအလိမ်းလိမ်း တက်အာ ဟောင်းနွမ်းနေ၏။ ဓားကိုကိုင်မိသည်နှင့် အလွန်လေးလံကြောင်း သတိပြုမိသည်။

ဓားပေါ်းတစ်လက် ထိုမျှလေးလံနေသည်ကို မတွေ့ဘူးခြင်းကြောင့် မုယုံစိမ်း အံ့အားသင့်သွားသည်။

'လေးလှချည်လား၊ ဘယ်လိုစားမျိုးမို့ ဒီလောက်လေးတာလဲ ဆထားနေရတာပါလိမ့်'

တွေးရင်း စားအိမ်မှ ခွံးကို ဆွဲထုတ်လိုက်၏။

'ခြိမ်း'

မြည်သံနှင့်အတူ စိမ်းဖန့်ဖန့် အရောင်များ အခန်းတစ်ခုလုံး လွှမ်းအောင် ဖြာထွက်လာသည်။

စားအိမ်မှာ ဖောင်းနွမ်းနေသော်လည်း၊ စားမှာကား အရောင်ကဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်နေသည်။

စားရောင် ထွက်ပေါ်လာသည်နှင့် ဝန်းကျင်တစ်ခုလုံး၊ ဓား၏ အငွေ့အသက်များ လွှမ်းမိုးကာ အေးစိမ့်သွားသည်ဟု ထင်မှတ်ရလေသည်။

ဓားကိုင်ထားရင်း မုယု စိမ်း၏ ရင်ထဲ ကြောက်ရွံ့ ထိတ်သနဲ့မှုနှင့် ခွန်အားတိုးပွားလာခြင်း စသော ဆန့်ကျင်ဘက် ခံစားချက်နှစ်ခု တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခံစားလာရလေသည်။

ကြောက်ရွံ့နေသည်ကား ဓား၏ အငွေ့အသက်နှင့် ထက်မြက်မှုကိုဖြစ်သည်။

သို့သော် ဓားမှထွက်ပေါ်လာသော အငွေ့အသက်များက မိမိကိုယ်သို့ ယုကြည်စိတ်ချခြင်း၊ အခက်အခဲ အန္တရာယ်ဟူသမျှ မကြောက်မရွံ့ ရင်ဆိုင်လိုခြင်း စသည့် မမှန်းဆနိုင်သော ခွန်အားများ တိုးပွားလာသည်ဟု ခံစားရပြန်သည်။

မုယု စိမ်း၏ စန္ဒာကိုယ် တုန်တုန်ရင်ရင် ဖြစ်လာပြီး ဓားကို ဓားအိမ်ထဲ ပြန်လည် ထိုးသွင်းထားလိုက်လေသည်။



စိမ်းဖန့်ဖန့် ဓားရောင်များ ပျောက်ကွယ်သွား၏။ ထိုအခါမှ နေသာထိုင်သာသလို ရှိလာလေသည်။

မုယု စိမ်းက သက်ပြင်းချကာ အရိုးစုကို လှမ်းကြည့်လိုက်သည်။

အရိုးစုအား ခုတင်ထက်ဝယ် အပူအပင်ကင်းမဲ့စွာ အိပ်စက်နေသယောင် ထင်မှတ်ရသည်။

မုယု စိမ်းက အရိုးစုကိုတစ်လှည့် သေတ္တာကိုတစ်လှည့် ကြည့်မိပြန်သည်။

ဖောင်းနွမ်းနေသော ဓားအိမ်ပင်လျှင် ထူးခြားမှု ရှိနေပါ လျှင် သေတ္တာလေးအတွင်း၌လည်း ပို၍ထူးခြားမှုများ ရှိနိုင်သည် ဟု တွက်ဆမိခြင်းကြောင့် ဖြစ်သည်။

ကြည့်ရင်းကြည့်ရင်း သေတ္တာလေးသည်သူ့အားဖိတ်ခေါ် နေသလိုထင်မိကာ ချက်ချင်းဖွင့်ကြည့် ဖိုက်မိလေသည်။

သေတ္တာလေးအတွင်း၌ ထူးဆန်းသောပစ္စည်းဟူ၍မည်မည် ရရမရှိချေ။

ပုရပိုက်တစ်ခုနှင့် ယထုပ်ကလေး တစ်ထုပ်သာ ရှိနေသည်။

မုယု စိမ်းသည် အထုပ်ကလေးကို စိတ်ဝင်စားသွားပြီး ချက်ချင်းပင် ဖွင့်ကြည့်လိုက်သည်။

ထိုအခါ အထုပ်ကလေး အတွင်း၌ ဝင်းလက်တောက်ပြောင်နေသော ရွှေငွေကျောက်သံပတ္တမြားကို တွေ့ရှိရလေသည်။

'အင်...'

မုယု စိမ်းမျက်လုံးပြူးသွား၏။

ရတနာများစား လွန်စွာ အဖိုးမဖြတ်နိုင်အောင်ပင် တန်ဖိုးကြီးလှပေသည်။

အရိုးစု ခေါင်းကောင်းတစ်လက်နှင့် ရတနာထုပ်သည် ညည်သို့မည်ပုံ ပတ်သက်နေပါသနည်း။

စိတ်ဝင်စားမှု ဇာအဟုန် မြင့်တက်လာသည်။

နောက်ဆုံးကြည့်စရာဟူ၍ ပုရပိုက် တစ်ခုသာကျန်ပေတော့သည်။

ထို့ကြောင့် ပုရပိုက်ကို ကောက်ယူကာ ဖတ်ရှု ကြည့်လိုက်လေသည်။

သင်သည် အလွန်ကံကောင်းသူဖြစ်၍ ဤပုရပိုက်ကို ဖတ်ရှုရသည်ဟု မှတ်ယူပါလေ။ ကျွန်ုပ်၏အမည်မှာစန်နီကွမ်းရှောင်ချင်းဖြစ်သည်။ ကျွန်ုပ်သည် သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့ပြီးတစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင် အနိုင်ရဖို့ ကြိုးစား နေကြသော သိုင်းလောကသားများကို စိတ်ပျက်ကာ ဤနေရာ၌ လျှို့ဝှက်စွာ လာရောက်နေထိုင်ခဲ့ခြင်းဖြစ်ပေသည်။ နောက်ထပ် အကြောင်းတစ်ချက်မှာ ကျွန်ုပ်တွေ့ သက်ဝင်ခဲ့သော ဆုတောင်းသုံးခုနန်းတော် သခင်မလေးနှင့် ဝေးနေ စေရန်ဖြစ်ပေသည်။



‘ဟင်-ဘယ်လိုပါလိမ့်၊ ဒီလူကြီးက ကိုယ်ချစ်တဲ့သူနဲ့ ဝေးအောင် ဒီမှာလာပြီးပုန်းနေတယ်ဆိုပါလား၊ ထူးဆန်းလှချည်လား’

ပုရပိုက်ကိုဖတ်ရင်း မုယု စိမ်းစိတ်ထဲမှကြိတ်၍ ရေရွတ်နေမိသည်။

ခုတင်ပေါ်မှ အရိုးစုကို လှမ်းကြည့်လိုက်၏။

အရိုးစုမှာ စန်နီကွမ်းရှောင်ချင်း၏ အရိုးစုဖြစ်ရမည်ဟုယုံကြည်လာသည်။

အရိုးစုကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ပုရပိုက်ကို ဆက်၍ဖတ်လိုက်သည်။

ဆုတောင်းသုံးခုနန်းတော်သခင်မလေးသည် ကျွန်ုပ်နှင့် သိုင်းလောကတွင်တွေ့ဆုံပြီးမေတ္တာမျှခဲ့ကြ၏။

သို့ရာတွင် တစ်သက်လုံး အိမ်ထောင်မပြုဟူသော သူမ၏ကတိကြောင့်ကျွန်ုပ်တို့နှစ်ဦးနီးစပ်ရန် အလှမ်းဝေးခဲ့ပေသည်။

သခင်မလေးသည် ကတိဖျက်အား ကျွန်ုပ်နောက်သို့လိုက်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် သခင်မလေးမှန် ကတိမပျက်စေရန်ကျွန်ုပ်ကပင် တမင် ထွက်ခွာ ရှောင်ပုန်းခဲ့ရပေသည်။

ယခုတစ်ကြိမ်၌မူ မုယု စိမ်းစကျမနပ်ဖြစ်သွားသည်။

စန္ဒကူမ်းရှောင်ချင်းဟု ယူဆရသော အရိုးစုကို စောင်းငဲ့ကြည့်လော....

'ခင်ဗျား တော်တော်ညံ့တဲ့လူပဲ၊ မေတ္တာတရားဟာ ဘယ်လောက်ဆန်းကြယ်သလဲ၊ ဘယ်လောက်မွန်မြတ်သလဲ၊ မေတ္တာတရားကို တန်ဖိုးထားရမှန်း ခင်ဗျားမသိဘူးထင်တယ်'

အရိုးစုကား လဲလျောင်းနေ၏။ သူ၏ စကားသံကို ကြားမည်မဟုတ်ပါ။

အသက်ဝိညာဉ်မရှိသော အရိုးစုအနေဖြင့် မည်သို့သော ခံစားမှုကို အာရုံသွင်းနိုင်ပါမည်နည်း။

မုယုံစိမ်းက ပုရပိုက်ကို ဆက်ဖတ်လိုက်သည်။

လောက တွင်ကာတိသစ္စာတည်ကြည်စေဖို့ ထိန်းရန်အရေးကြီးဆုံးဟု ကျွန်ုပ်ခံယူဆထားပေသည်။

ကျွန်ုပ်သည် သခင်မလေးအား ရှောင်ပုန်းနေခဲ့သော်လည်း တစ်နေ့တစ်ရက်မျှမ မေ့လျော့ခဲ့ခြင်းမရှိခဲ့ပါ။

သခင်မလေးသည်လည်း ကျွန်ုပ်အား စောင့်မျှော်နေလိမ့်မည်ဟု ကျွန်ုပ် ကောင်းစွာ ယုံကြည်ထားပေသည်။

သို့ဖြစ်ရာ ဤပုရပိုက်ကို ဖတ်ရှု ရသူသည် ကျွန်ုပ်၏ဓားနှင့် လက်စွပ်ကို ယူဆောင်လျက် ဆုတောင်းသုံးခု နန်းတော်သို့ သွားပါလော။



ဓားနှင့်လက်စွပ်ကိုပေးအပ်လျက်ကျွန်ုပ်ကွယ်လွန်သွားခဲ့ပြီ ဖြစ်ကြောင်း အသိ ပေးစေလိုပါတယ်။

ဤပုရပိုက်နှင့် အတူ ရှိနေသော ငွေကျောက်သံ ပတ္တမြားများကို၊ ကျွန်ုပ်၏လက်ဆောင်အဖြစ် ယူဆောင်ပါလော....

သို့ရာတွင် ကတိတစ်ခုပေးရပါမည်။

ဆုတောင်းသုံးခုနန်းတော်သို့ သွားရောက်သည့်အခါ အဖော်မပါ တစ်ကိုယ်တည်းသွားရန် ဖြစ်ပါသည်။

ပုရပိုက်နောက်ကျောတွင် ဆုတောင်း နန်းတော်သို့သွားရန်၊ မြေပုံရေးဆွဲဖော်ပြထားသည်။

ဆုတောင်းသုံးခုနန်းတော်သို့ ရောက်သည့်အခါ လိုရာဆု သုံးဆု တောင်းနိုင်ပေသည်။

တောင်းသည့်ဆုမှန်သမျှပြည့်ဝပါလိမ့်မည်။ ကတိမပျက်ပါလေနှင့်။

ကတိပျက်လျှင်၊ ဆုတောင်းသုံး ခုနန်းတော်သို့ ရောက်မည် မဟုတ်ကြောင်း၊သတိပြုပါလော။

စန္ဒကူမ်းရှောင်ချင်း

ပုမပိုက်၌ ရေးသားထားသော စာများ ဖတ်ပြီးနောက်
7 မုယုံစိမ်း သက်ပြင်း ချလိုက်လေသည်။

'ထူးဆန်းလှချည်လား၊ ဆုတောင်းသုံးခု နန်းတော်ကို ရောက်ရင် လိုတဲ့ဆု သုံးခုတောင်းနိုင်တယ်၊ တောင်းတဲ့ဆုအတိုင်း ပြည့်ရမယ်ဆိုပါလား။ အင်း....ငါသာ အရောက် သွားနိုင်ရင် ကျောင်းစုအိမ်တို့ လူစုကို အနိုင်ယူနိုင်တဲ့နည်းလမ်း ပေးပါလို့ ဆုတောင်းမိမှာပဲ'

တွေးရင်း ပုရပိုက် နောက်ကျောကို ကြည့်လိုက်သည်။ ထိုအခါ မြေပုံပမာ လမ်းညွှန်ချက်များ ရေးသားထားသည်ကို တွေ့ရ၏။

အိပ်မက် မက်နေခြင်းအား မဟုတ်ချေ။ အမှန်တကယ် ထူးဆန်းသော ဖြစ်ရပ်များနှင့် ကြုံတွေ့နေရခြင်း ဖြစ်သည်။

ဆုတောင်းသုံးခု နန်းတော်ဆိုသည့် အမည်ကိုသည်း ယခုမှ ကြားဖူးခြင်းဖြစ်၏။ သူ၏ ဖခင်နှင့် ကျောင်းစုအိမ်တို့ လူစုထံမှ ပြောသံသည်း မကြားဖူးချေ။

ထို့ကြောင့် အမှန်တကယ်ရှိနိုင်ပါမည်လောဟု တွေးဝေစဉ်းစားမိသည်။

မည်သို့ဆိုစေ သူ့အတွက် သေမထူးနေမထူး ဘဝဖြစ်ရာ ဆုတောင်းသုံးခု နန်းတော်သို့ အရောက်သွားရန် ကိစ္စမှာလည်း ထူးခြားတော့မည် မဟုတ်ချေ။

ဆုတောင်းသုံးခုနန်းတော် အမှန်တကယ် တည်ရှိပြီး အရောက်သွားနိုင်မည်ဆိုပါက အကျိုးပင် ရှိသာနိုင်မည် ဖြစ်သည်။

တွေးရင်းတွေးရင်း၊ လွန်စွာ စိတ်ဝင်စားလာသလတော့၏၊ အရိုးစုကိုတစ်လှည့် ဓားကိုတစ်လှည့် ပုရပိုက်ကိုတစ်လှည့် ရှု



ရွှေကျောက်သံပတ္တမြားများကို ထည့်သားသော အိတ်ကိုတစ်လှည့် အဖန်ဖန်ကြည့်မိနေတော့သည်။

စန်းကွမ်းရှောင်ချင်းသည် ထူထူဆန်းဆန်း ချောက်ကမ်းပါးအောက်ရှိ ကျောက်ဂူကြီး၌ ကျို့ဝှက်စွာ နေခဲ့သည်။

ထိုနေသည့်နေရာကို ကံကောင်းထောက်မပြီး တွေ့ခဲ့ရခြင်း ဖြစ်၏။ စန်းကွမ်းရှောင်ချင်း၏ အရိုးစုကိုတွေ့ပြီးနောက်၊ ပုရပိုက်ထဲ၌ ရေးသားထားသော [illegible] ချက်များသည်လည်း၊ အမှန်အကယ် ဖြစ်ပျက် တည်ရှိလိမ့်မည်ဟု ယုံကြည်မိတော့သည်။

'ဟုတ်ပြီ သူရေးသားထားတာ အမှန်ပဲ ဖြစ်လိမ့်မယ်၊ သူရေးထားတဲ့ အတိုင်း [illegible] လိုက်လို့ ငါ့အတွက် အကျိုးယုတ်နိုင်သူ၊ ကံကောင်းရင် ဆုတောင်းသုံးခုတောင် တောင်းနိုင်ဦးမယ်၊ တောင်းတဲ့ဆုတိုင်းသာ ပြည့်မယ်ဆိုရင် ငါ့လုပ်ဝံ့စရာ ဘာရှိသလဲ ကျောင်းစုအိမ်တို့လူစုကို ဆုံးမနိုင်ပြီပေါ့'

တွေးရင်းတွေးရင်း မျက်နှာပြုံးရွှင်လာသည်။

ဟား ဟား ဟား

ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သူ၏ ရယ်မောသံသည် ကျောက်ဂူအတွင်း ပဲ့တင်ရိုက်ခတ်သွား၏။

အတန်ကြာ ရယ်မောပြီးနောက် အရိုးစုကို လက်နှစ်ဘက် အုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျွန်တော် နာမည် မူယုံစိမ်းလို့ ခေါ်ပါတယ်၊ ဦးရဲ့ဆန္ဒအတိုင်း ဖြစ်အောင် ကျွန်တော် ဆောင်ရွက် ပေးပါ့မယ်၊ ဆုတောင်းသုံးခု ပြည့်စေနိုင်ပါစေလို့ ဆုတောင်း ပါတယ်ဗျား'

ထင်းသို့ ရေရွတ်ပြီးနောက် အရိုးစု၏လက်မှ လက်စွပ်ကို ချွတ်ယူကာ လုံခြုံစွာ သိမ်းဆည်းထားလိုက်သည်။

ထက်မြက်လှသော စိမ်းဖန့်ဖန့်ဓားကိုလည်း ဆွဲထုတ် လိုက်၏။ ကျောက်အခန်းတွင်း၌ပင် ဓားဦးဖြင့် တူးဆွကာ အရိုးစုကို မြေမြှုပ်သင်္ဂြိုဟ်လိုက်လေသည်။

အရိုးစုနှင့်အတူ အသုံးအဆောင် ပစ္စည်းများကိုပါ ရောနှော မြေမြှုပ်ပစ်လိုက်၏။

ထို့နောက် ပိုးစတစ်စဖြင့် ဓားကိုပတ်ကာ ကျောပိုးလိုက်သည်။ အိတ်ရှိစာလေးထဲမှ ရွှေငွေကျောက်သံပတ္တမြားများကို ကား သူ၏ အင်္ကျီအိတ်ထဲ ထည့်လိုက်၏။

ထို့နောက် ပုရပိုက်နောက်ကျောဘက်၌ရေးသားထားသော လမ်းညွှန်မြေပုံကို သေချာစွာ ကျက်မှတ်ထားလိုက်သည်။

အလွတ်ရေးဆွဲပြနိုင်သည်အထိ မှတ်မိသောအခါ ပုရပိုက်ကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲဖျက်ဆီးပစ်လိုက်၏။

ဆုတောင်းသုံးခုနန်းတော်သို့သွားရာလမ်းကို သူတစ်ယောက် တည်းသာ သိရှိပေတော့မည်။

သူ့အနေဖြင့်မပြောသမျှကာလပတ်လုံး မည်သူမှသိနိုင်တော့ မည်မဟုတ်ချေ၊ ထိုသို့မလုပ်ပါက တစ်ယောက်ယောက်သော ပုရပိုက်ကို ရရှိသွားလျှင် ဆုတောင်းသုံးခုနန်းတော်သို့ အရောက် သွားနိုင်မည်ဖြစ်သည်။

ထိုသို့ဖြစ်လာပါက တစ်ယောက်တည်းသာ သွားရမည် ဟူသော စည်းကမ်းချက် ပျက်စီးသွားပေမည်။ စန့်ကွမ်းရှောင် ချင်းသည် အနှောင့်အယှက် ကင်းရှင်းစေလိုသဖြင့် ဤနေရာ၌



လာရောက်နေထိုင်ခဲ့ခြင်းဖြစ်သည်။ ဆုတောင်းသုံးခု နန်းတော်မှ သူ၏ချစ်သူကိုလည်း အနှောင့်အယှက်ကင်းကင်း နေစေလိုမည် မှုချဖြစ်၏။

ထို့ကြောင့်ပင် တစ်ယောက်တည်းသွားရန် ကတိတောင်း ထားသည်ဟု ထင်မြင်ယူဆမိလေသည်။

သို့ဖြစ်၍လည်း အလွတ်မှတ်မိသည်အထိ ကျက်မှတ်ပြီး ပုရပိုက် ကို စုတ်ဖြဲဖျက်ဆီးလိုက်ခြင်း ဖြစ်ပေသည်။

အားလုံးပြည့်စုံအောင် ပြုလုပ်ပြီးသည်နှင့် အခန်းတွင်းမှ ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

ဤတွင် ထွက်ပေါက်မရှိဘဲ ဖြစ်နေသည်ကိုတွေ့ရခြင်းကြောင့် မျက်လုံးပြူးသွားရတော့သည်။

'ဟင်....ဒုက္ခပဲ၊ ငါဘယ်လိုလုပ် ထွက်ရမှာလဲ'

လွတ်ခနဲ ရေရွတ်လိုက်မိသည်။ အခန်းနံရံ လေးချက်သည် တစ်ပုံစံတည်း ဖြစ်နေပြီး ထွက်ပေါက်ဟူ၍ ရှာမတွေ့ချေ။

ဝင်ပေါက်ကို ထူးထူးဆန်းဆန်း ပြုလုပ်ထားသလို ထွက် ပေါက်လည်း ထူးထူးဆန်းဆန်း ပြုလုပ်ထားမည်ဟု တွေးလာ မိသည်။

ထိုသို့ တွေးမိသည်နှင့် အခန်းတွင်း လှည့်ပတ်ရှာဖွေကြည့် လိုက်လေသည်။ အခန်းတွင်း၌ ပရိဘောဂပစ္စည်း အနည်းအကျဉ်း မှအပ ထူးခြားမှုလုံးဝမရှိချေ။

အတော်ကလေးကြာအောင် ရှာဖွေပြီးနောက် ထွက်ပေါက် မတွေ့ရသည့်အဆုံး ဆက်မှိုင်ချရတော့သည်။

'ဒုက္ခပဲ ကူညီမယ်လို့ ကတိပေးထားရတာနဲ့ ဘာကြောင့် ထွက်ပေါက်ကို ညွှန်ပြထားပါလိမ့်၊ ဘာပဲဖြစ်ဖြစ် ဝင်ပေါက် ရှိရင် ထွက်ပေါက်ရှိရမှာဖဲ၊ ငါတွေ့အောင်ရှာမယ်'

သူ ရှာ နောက်ဆက်တစ်ကြိမ် ကြိုးစားရှာဖွေ ပိုက်ပြန် သည်။ ယခုအကြိမ်တွင် ပို၍နှံ့စပ်အောင်ရှာ၏။

နံရံလေးဘက်စလုံးကို တစ်သက်စီ မကျန် ရှာဖွေပြီးသော် လည်း ထွက်ပေါက်မတွေ့ရချေ။

ဝင်ပေါက်မှာ နံရံ၌ရှိလျှင်ထွက်ပေါက်သည်လည်း နံရံ၌ပင် ရှိရမည်ဟု ယူကြည့်ထား၏။

သို့သော် နံ နံ့ စပ်စပ် ရှာဖွေပြီးသည့်တိုင် မတွေ့ရသောအခါ စိတ်ပျက်လာသည်။ တစ်ကိုယ်လုံး ချွေးများ စိုရွှဲလာ၏။

ဓာတ်မီးအပန်းပြေ ခုတင်ပေါ် ထိုင်ချလိုက်သည်။ မကြာမီ ခုတင်ပေါ်၌ စန့်ကာမ ရှ ဝင်ချင်း၏ အရှိ စုရှိ ခဲ့သော်လည်း ယခု မြေပြင်သို့ ကျရောက်ပြီး ဖြစ်လေသည်။

သူ ည်း ခုတင်ပေါ်၌ အရှိ စုဖြစ်သည်အထိ လဲလျောင်း နေရအောင်မည်လားဟုတွေ့ရာ မုယုံစိမ်း စိတ်ပျက်အားငယ် လာသည်။

ကျောက်ခန်းအတွင်း၌ နေရသည်မှာ အသက်ရှူမွန်းကြပ်လာ သည်ဟု ခံစားရသည်။

ခုတင်ပေါ်ထိုင်ရင်း သူ၏မျက်လုံးများသည် ခုတင်ဘေးရှိ စားပွဲဆီသို့ ရောက်ရှိသွားသည်။

စားပွဲသည်ကျောက်နံရံ နှင့်ကပ်လျက် ချထားခြင်းဖြစ်သည်။ ယင်းစားပွဲ၏ ခြေထောက်တွင် ဘီးကလေးများရှိနေ၏။



ထိုဘီး အကလေးများ တပ်ထားပြီး ရွှေ့ပြောင်းရလွယ်ကူ အောင် ပြုလုပ်ထား ခြင်း ဖြစ်သည်။

မြေပြင် ဘီးကလေး ရွှေ့လျားခဲ့သည့် စုပ်ကြောင်းရာ ရှိနေသည်ကိုလည်း တွေ့မြင်ရပြန်လေသည်။

အတော်ကလေးကြာအောင် စေ့စေ့စပ်စပ် ကြည့်ပြီးသော အခါ...

'စားပွဲဆိုတာ အမြဲအမြဲရွှေ့ပြောင်းနေရတဲ့ ပစ္စည်းမျိုးမှ မဟုတ်တာ၊ အခုကြည့်ရတာ မကြာခဏ ရွှေ့ပြောင်းခဲ့သလိုပဲ၊ ထူးခြားမှုတစ်ခုခုတော့ ရှိရမယ်'

မုယုံစိမ်းသည် ထိုသို့တွေးရင်း ထိုင်ရာမှထကာ နံရံထဲ ချုပ်လိုက် လေသည်။ စားပွဲကိုကိုင်ကာ လှုပ်ကြည့်လိုက်သည်။

စားပွဲကား ကျောက်စားပွဲဖြစ်မှာ တောင့်တင်းလှုပ်မရချေ။ အတော်အားစိုက် လှုပ်ရှားလိုက်မှ စားပွဲက တလှုပ်လှုပ်ဖြစ်လာ သည်။

မုယုံစိမ်းက စားပွဲကို နောက်ထက်သို့ဆွဲလိုက်သည်။

အားနှင့် ဆွဲလိုက်သည့်အခါ စားပွဲမှာ ရွှေ့လျားသွားလေ တော့သည်။

စားပွဲရွှေ့လျားသွားသည်နှင့် တပြိုင်နက်...

'ဂျိန်း'

ကျယ်လောင်သောအသံကြီး တစ်ချက် ထွက်ပေါ်လာသည်။ ရုတ်တရက်မို့ မုယုံစိမ်းလည်း ထိတ်လန့်ကာ ဘေးသို့ခုန်ထွက် လိုက်လေသည်။

ထိုစဉ် စားပွဲနှင့်ကပ်လျက်နံရံတွင် အခေါက်ကြီးတစ်ခေါက် ပေါ်လာသည်ကို တွေ့လိုက်ရတော့၏။

ထိုအပေါက်၌ ကျောက်လှေကားထစ်များရှိနေသည်ကို တွေ့ရသည်။ မမျှော်လင့်သောမြင်ကွင်းကြောင့် မုယုံစိမ်း ကြောင် အမ်းအမ်းဖြစ်သွား၏။

အတော်အလေးကြာမှ သတိဝင်လာပြီး—

'ဒါ ထွက်ပေါက်ပဲဖြစ်ရမယ်'

ဝမ်းသာအားရရေရွတ်ကာ ချက်ချင်းပင် အပေါက်အနီးသို့ ပြေးသွားပြီး ခေါင်းပြူကြည့်လိုက်၏။

ကျောက်လှေကားထစ်များ အစီအရီရှိကာ အပေါ်ပိုင်းသို့ မြင့်တက်သွားကြောင်း တွေ့လိုက်ရလေသည်။

မုယုံစိမ်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကျောက်လှေကားထစ်များအတိုင်း အပေါ်ဘက်သို့ ပြေးတက်ခဲ့လေတော့သည်။

'ဂျိန်း'

အနောက်ဘက်မှ ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာသည်။



မုယုံစိမ်း ထိတ်လန့်ကာ နောက်လှည့်ကြည့်လိုက်၏။

ထိုအခါ ထွက်ပေါက်သည် ကျောက်ဖြူနံရံ ဖြင့် ပြန်လည်ပိတ်ဆို့သွားပြီဖြစ်ကြောင်း တွေ့ရသည်။

မုယုံစိမ်း သက်ပြင်းချလိုက်သည်။ စန့်ကွမ်းရှောင်ချင်းမှာ အလွန်ထူးခြားသူဖြစ်ပြီး စက်ယန္တရား အတတ်ပညာများလည်း တတ်မြောက်ထားသူဖြစ်ရမည်ဟု တွေးမိ၏။

မုယုံစိမ်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ရှေ့ဆက်ပြေးတက်ခဲ့သည်။

သို့သော် လှေကားထစ်ပေါင်းတစ်ရာကျော်မျှ တက်ပြီးသော်လည်း လှေကားမှာ မဆုံးသေးချေ။

ထွက်ပေါက်မှဟုတ်ပါလေစဟု မုယုံစိမ်း သံသယဝင်လာမိသည်။

မထူးတော့သည့်အတူတူ ရှေ့ဆက်တက်သွား၏။

အပေါ်ပိုင်းသို့ ရောက်လာလေလေ အလင်းရောင်အားနည်းသွားလေလေပင်။

မဆုံးနိုင်သော လှေကားထစ်များအတိုင်းတက်ရင်း မုယုံစိမ်း ထိတ်လန့်လာ၏။

ရှေ့ဘက်မှ မှောင်မိုက်မှုကိုကြည့်ကာ တဖြည်းဖြည်း ရှေ့ဆက်မတိုးဝံ့အောင် ဖြစ်လာလေသည်။

မည်သို့ဆိုစေ ဤလမ်းသည် ထွက်ပေါက်ဖြစ်ရမည်ဟု အခိုင်အမာယုံကြည်ဆဲပင်။

ထို့ကြောင့် အရဲစွန့်ကာ အမှောင်ထဲမည်းထဲ ရှေ့ဆက်တက်သွားရ၏။

အတော်ကြာအောင် တက်မိသည့်အခါ အရှေ့ဘက် မလှမ်းမကမ်း၌ အလင်းရောင်များ ထွက်ပေါ်လာနေသည်ကို တွေ့ရလေသည်။

တဆက်တည်းပင် အေးစိမ့်သောလေများ တိုက်ခတ်လာကြောင်းလည်း သတိပြုမိလိုက်သည်။

မုယုစိမ်း ဝမ်းသာသွား၏။

'ဟုတ်ပြီ၊ ရှေ့မှာ ထွက်ပေါက်ဖြစ်ရမယ်'

ထိုသို့တွေးမိသည်နှင့် ခြေလှမ်းများ သွက်သွက်လက်လက် ဖြစ်လာလေတော့သည်။

ခပ်သွက်သွက်တက်လာ၍ မြေတက်သွားရာ မကြာပါချေ၊ အလင်းရောင်များတိုးဝင်နေသည့် လိုဏ်ဂူပေါက်တစ်ခုကို တွေ့လိုက်ရလေသည်။

မုယုစိမ်းလည်း ဝမ်းသာအားရဖြင့် လိုဏ်ဂူပေါက်မှ ထွက်လိုက်သည်။ ထိုအခါ သစ်ပင်ချုံနွယ်များကြားမှ ကျောက်တောင်ကြီးတစ်ပြင်ဘက်သို့ ရောက်ရှိသွားတော့၏။

မုယုစိမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ သစ်ပင်ဝါးပင်များ စိမ်းစိမ်းစိုစို ပေါက်ရောက်လျက်ရှိသော တောင်တစ်လုံးပေါ်သို့ ရောက်နေသည်ကို တွေ့ရ၏။

အဝေး၌ တောင်ထွတ်တစ်ခု ထီးထီးမားမားရှိနေသည်ကိုလည်း တွေ့မြင်လိုက်ရပြန်သည်။

[illegible]

'အင်း... ငါပြုတ်ကျမိတာ အဲဒီတောင်ကတော့ပဲ ဖြစ်ရမယ်၊ ငါအခုလို အသက်ရှင်လျက်ပြီး လွတ်မြောက်လာမယ်လို့ ကျောင်းစုအိမ်တို့ တွေးမိကြမှာမဟုတ်ဘူး၊ ကံတရားဟာ မယုံကြည်နိုင်အောင် ဆန်းကြယ်လှပါလား'

မုယုစိမ်းသည် သူတို့ ထွက်လာခဲ့သော လိုဏ်ဂူပေါက်နေရာကို သေသေချာချာ ပြန်ကြည့်လိုက်သည်၊ ပြီးနောက်....

'ဆုတောင်းသုံးခုနန်းတော်ကို ငါသွားမယ်၊ စန်းကွမ်းရှင်ချင်းရဲ့ ဆန္ဒပြည့်ဝစေရမယ်၊ ဒီလိုပဲ ကျောင်းစုအိမ်တို့လူစုကို ချေမှုန်းနိုင်ပါစေလို့ ဆုတောင်းရမယ်၊ ငါ့ဆုတောင်းပြည့်မှာပါ'

ထိုသို့တွေးပြီး အားတက်လာသည်။ သစ်ပင်ချုံနွယ်များကို တိုးဝှေ့ကာ တောင်ပေါ်ဒေသကို ကျော်ခိုင်း ထွက်လာခဲ့လေသည်။

မုယုစိမ်းကား သေမင်းခံတွင်းမှ လွတ်မြောက်လာသလို ရည်ရွယ်ချက်၊ မျှော်လင့်ချက် အပြည့်အဝရှိလာပြီဖြစ်သည်။

ကျောင်းစုအိမ်တို့လူစုက သူသေဆုံးသွားပြီဟု ထင်မှတ်ကြမည်သာတည်း။ ဤသည်ကို အခွင့်ကောင်းယူကာ မထင်ရှားအသွင်ဖြင့် ဆုတောင်းသုံးခုနန်းတော်သို့ သွားမည်ဖြစ်သည်။

ဆုတောင်းသုံးခုနန်းတော်....

ဆုတောင်းသုံးခုနန်းတော်သည် အမှန်တကယ် ရှိနေပါသလား။

ပုရပိုက်၌ ဖော်ပြထားသလို ဆုတောင်းသုံးခု နန်းတော်၌ မည်သို့သောဆုမျိုးမဆို တောင်းဆိုအာ ပြည့်ဝနိုင်သည်ဆိုခြင်းမှာ မှန်ကန်နိုင်ပါမည်လော။

မှန်ကန်သည်ဆိုပါက လောကပေါ်၌ ဆုတောင်းသုံးခုနန်းတော်ကဲ့သို့ ထူးခြားသော နေရာရှိတော့မည် မဟုတ်ချေ။

မုယာ့စိမ်းသည် မျှော်လင့်ချက်အပြည့်ဖြင့် ဆုတောင်းသုံးခု နန်းတော်ဆီသို့ ဦးတည်ခရီးနှင်လေတော့သည်။

* * *

အခန်း([illegible])

---

ချိုင်းထောက်နှင့်အဘွားအို

မှိုင်းညို့သော တောင်တန်းများသည် အဝေး၌ ကျန်ရစ်ခဲ့ပြီးဖြစ်သည်။

တောင်တန်းပြာကြီးများကို ကျောခိုင်းလျက် ထွက်လာရာ မြေပြန့်လွင်ပြင်သို့ ရောက်လာသည်နှင့် စည်ကားသိုက်မြိုက်လှသော လူနေအိမ်ခြေ မြို့ရွာများကိုတွေ့ရပေတော့သည်။

မင်းဟွာမြို့အလေးသို့သွားရာလမ်းပေါ်၌လူငယ်တစ်ယောက် ခပ်သုတ်သုတ် ခရီးပြင်းနှင်နေလေသည်။

ထိုလူငယ်သည် ၊ ;ရောင် လွင့်ပြယ်နေသော အပြာရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏အဝတ်အစားများ၌သာမက ခြေသက်မျာနှင့်မျက်နှာ တွင်ပါ ချေးအလိန်းလိမ်း ဖုံအထပ်ထပ်တာပ်ညှိနေပါသျှ နေ၏။

သို့သော် လူငယ်၏ နုပျိုသောရုပ်သွင်မှ အားမာန်အပြည့် အဝရှိသော ဟန်ပန်မူရာကိုကား ပျောက်ကွယ်သွားအောင်ဖုံး လွှမ်းနိုင်ခြင်းမရှိချေ။

ထိုလူငယ်သည် ရှေ့ဘက်၌ တွေ့မြင်နေရသည့် မင်းဟွာမြို့ လေးဆီသို့ ဦးတည်ကာ ခပ်သုတ်သုတ် လျှောက်နေသည်။

ထိုလူငယ်ကား သေမင်းခံတွင်းမှ လွတ်မြောက်လာခဲ့သော မုယုံစိမ်းပင် ဖြစ်လေသည်။

မုယုံစိမ်းသည် ဆုတောင်းသုံးခု နှင်းတောင်သို့ ဦးတည်သွား ရန် ခရီးထွက်လာခြင်းဖြစ်၏။

အတော်အတန်ကြာအောင် လျှောက်မိသောအခါ မင်းဟွာ မြို့အနီးသို့ ရောက်ရှိလာ၏။

ထိုစဉ်....

'ခွပ်ခွပ်... ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ မုယုံစိမ်း လှည့်ကြည့်လိုက်သောအခါ မြင်းစီးသမားသုံးယောက် မြင်းကို ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့ရ၏။

ထို့ကြောင့်လမ်းဘေးသို့ဆင်းကာ လမ်းဖယ်ပေးလိုက်သည်။ မြင်းစီးသမားသုံးယောက်က မြင်းကို ဒုန်းစိုင်းကာ ဖြတ်ကျော် သွားကြ၏။



ယင်းသို့ ဖြတ်ကျော်သွားစဉ် တစ်ယောက်က လမ်းဘေး ဆင်းရပ်နေသော မုယု စိမ်းအား လှည့်ကြည့်ပြီး သူ၏ အဖော် များကို တစ်စုံတစ်ခု လှမ်းပြောလိုက်သည်။

ထို့နောက် သုံးယောက်သား အားရပါးရရယ်မောကာ ဆက် ၍ ဒုန်းစိုင်းနှင်သွားကြလေသည်။

ထိုလူများ လှောင်ပြောင် ရယ်မောသွားကြသည်ကို မုယုံစိမ်း ငေးကြည့်နေသည်။

သူ၏ရုပ်သွင်ကိုကြည့်ကာ အထင်သေးမြင်သောပြီး ကဲ့ရဲ့လှောင် ပြုံးသွားကြခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်မိလေ၏။

သို့သော် အားမျှပြန်မပြောဘဲ ရှေ့ဆက်လျှောက်လာခဲ့၏။ မြင်းစီးသမားသုံးယောက်ကား မြို့ထဲဒုန်းစိုင်းဝင်ကာ ကွယ် ပျောက်သွားပြီဖြစ်သည်။

မြို့ထဲတွင် လူနစ်စွာစည်ကားနေသည်ကို တွေ့ရ၏။ ဈေးဆိုင် များစားသောက်ဆိုင်များနှင့် ကြီးမားခန့်ညားသော အဆောက် အအုံများကိုတွေ့သည့်အခါ မုယု စိမ်းသည် အိမ်ကို လွမ်းသော စိတ်များ ပေါ်ပေါက်လာ၏။

'သူများတွေကတော့ အိမ်နဲ့ယာနဲ့ မိသားစုနဲ့ ပျော်ပျော် ရွှင်ရွှင် ရှိကြတယ် ငါကတော့'

တွေးရင်းဝမ်းနည်းကြေကွဲလာသည်။ မျက်ဝန်းအစုံတွင် မျက် ရည်များ ရစ်ဝဲလာသည်။ သူငေးငိုင်နေစဉ်မှာပင်....

'အင့်'

လူတစ်ယောက်က စင်တိုက်လိုက်ခြင်းကြောင့် အင့်ခနဲအော်မိသည်။ ချက်ချင်း လှည့်ကြည့်လိုက်သောအခါ ပိန်ပိန်ပါးပါး နှင့် လူတစ်ယောက်က သူ့အား ပြုံးကြည့်သည်ကိုတွေ့ရ၏။

ထိုလူက လက်နှစ်ဘက်ကာပြီးရင်း....

'တောင်းပန်ပါတယ်ဗျာ၊ အရေးကြီးတဲ့ ကိစ္စရှိလို့ စဉ်းစားရင်း ခပ်သုတ်သုတ် လျှောက်လာရာက မိတ်ဆွေကိုမမြင်ဘဲ ဝင်တိုက်မိတာပါ ခွင့်လွှတ်ပါ'

ဟု တောင်းပန်လေသည်။

မုယုံစိမ်းမှာ သဘောကောင်းသူ ဖြစ်သည့်အတိုင်း....

'ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး'

ထိုလူက ဦးညွှတ်ရင်း....

'ကျုပ်ကို သွားခွင့်ပြုပါဗျာ'

ပြောရင် ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ်မှာပင်....

'ခြေတံရှည် မင်း သူများကို ဒုက္ခပေးနေပြန်ပြီလား'

စူးရှသော စကားသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ထိုစကားသံ ကြားသည့်အခါ လူပိန်လေး မျက်နှာပျက်သွားသည်။

မုယုံ စိမ်းသည်း စကားသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။ ထိုအခါ ချိုင်းထောက်တစ်ဘက် အသုံးပြုရင်း အဘွားအိုတစ်ယောက် လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။



မုယုံစိမ်း အံ့သြစွာ ကြည့်နေစဉ်မှာပင် အဘွားအိုသည် အနီးသို့ ရောက်ရှိလာ၏။ လူပိန်လေးမှာ ထွက်ပြေးသွားရန် ခြေလှမ်းပြင်လိုက်သည်။

'ခြေတံရှည် မင်း ဒီအတိုင်း ထွက်သွားလို့ရမလား'

အဘွားအိုက အောင်ဟစ်ရင်း ထိုလူ၏ သွားရာလမ်းကို ချိုင်းထောက်ဖြင့် တန်တားလိုက်သည်။ ခြေတံရှည်ဆိုသော လူပိန်လေး ဒေါပွ....

'ခင်ဗျား နေရာတကာ ဝင်ရှုပ်လှချည်လား'

အဘွားအိုက ပြုံးလိုက်သည်။

'ငါ့ရဲ့ နေရာတကာ ဝင်ရှုပ်တာမဟုတ်ဘူး၊ မင်း မဟုတ်တာ လုပ်နေလို့ ဝင်ပြီးတားတာ၊ ငါ့ကို ဝင်မရှုပ်စေချင်ရင် မင်းလဲ မဟုတ်တာ မလုပ်နဲ့ပေါ့'

'ခင်ဗျား'

'အခုလဲ မင်းဟာ မကျူးနပ်ဘူးလား'

ခြေတံရှည်ဆိုသူ သက်ပြင်းချလိုက်သည်။ အင်္ကျီအိတ်ထဲမှ အထုပ်ကလေးတစ်ထုပ် နှိုက်ယူကာ-

'ကဲ ဒါ ဒီအထုပ်ကလေး ထားခဲ့မယ်ဆိုရင်ကော'

အဘွားအို ခေါင်းညိတ်လိုက်သည်။

'ဒီအတိုင်းဆိုရင်တော့ မင်းသွားနိုင်တယ်'

ခြေတံရှည်က စကားမပြောတော့ဘဲ အထုပ်ကလေးကို အဘွားအိုရှေ့ မြေပေါ်သို့ ပစ်ချပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။

မုယုစိမ်း ကြောင်အမ်းအမ်းဖြစ်နေသည်။ အဘွားအို ရှေ့၌ရှိသော အထုပ်ကလေးကိုတစ်လှည့် အဘွားအိုကိုတစ်လှည့် ခြေတံရှည်ဆိုသူကိုတစ်လှည့် ကြည့်ကာ ဘာမှ နားမလည်နိုင်အောင် ဖြစ်နေရလေသည်။

'ဘာကြည့်နေတာလဲ အထုပ်ကလေးကို ကောက်လိုက်လေ'

ဒီတော့မှ သတိဝင်လာပြီး အထုပ်ကလေးကို ကောက်ယူလိုက်၏။

'ဟင်-ဒါ-ဒါ-ကျွန်တော့်ပစ္စည်းပါလား'

မုယုစိမ်း တအံ့တဩ ရေရွတ်လိုက်သည်။ ထိုအထုပ်ကလေးကား စန္ဒကူမ်းရှောင်ချင်းထံမှ ခရီးစရိတ်အဖြစ်ရရှိသော ရွှေငွေကျောက်သံပတ္တမြားထုပ်ပင်ဖြစ်ပေသည်။

'မင်းပစ္စည်းမှန်း ငါသိသားပဲ'

အဘွားအိုက အသာအယာ ပြုံးပြရင်းပြောသည်။

မုယုစိမ်းက ခြေတံရှည် ထွက်သွားရာဘက်သို့ လှမ်းကြည့်လိုက်သည်။ ခြေတံရှည်ကို မတွေ့ရတော့ချေ။

'လိုက်ရှာမနေနဲ့၊ သူလစ်ပြေးသွားပြီ မင်းကိုဝင်တိုက်မိသလိုနဲ့ မင်းရဲ့အိတ်ထဲကငွေထုပ်ကို နှိုက်ယူလိုက်တာ၊ ငါတွေ့လို့ပေါ့၊ နို့မဟုတ်ရင် ပြန်ရဖို့မလွယ်ဘူး၊ ခြေတံရှည်က လက်သွက်တဲ့ ခါးပိုက်နှိုက်တစ်ယောက်ပဲ'

'ဗျာ'

အဘွားအို၏စကားကြားမှ မုယုစိမ်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

အဘွားအိုက ဆက်ပြောလိုက်သည်။



'ခြေတံရှည်အကြောင်း သိုင်းလောကသားတိုင်းသိကြတယ်၊ သူ့ကို သေသေချာချာမှတ်ထား နောက်ကိုတွေ့တာနဲ့ ဝေးဝေးရှောင်ပေတော့'

ပြောရင်း အထုပ်ကလေးကို ချိုင်းထောက်ဖြင့် ဆတ်ခနဲ ရိုက်လိုက်လေသည်။

အဘွားအိုသည် စကားဆုံးသည်နှင့် ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

'ခဏ-ခဏ-လောက်နေပါဦး ဗျာ'

မုယုစိမ်းက ကပျာကယာ ဟန့်တားလိုက်သည်။ အဘွားအို မျက်မှောင်ကြုတ်ကာ....

'မင်း ဘာပြောချင်လို့လဲ'

'ဩော်... ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဘွားဘွားရဲ့နာမည် ဘယ်လိုခေါ်တယ်ဆိုတာ ပြောပြခဲ့ပါလား'

ကူညီဖူးသူတစ်ယောက်၏အမည်ကို မှတ်သားကာ ကျေးဇူးတရားကို အစဉ်အမြဲ သတိရနေမည်ဟူသော အသိစိတ်ဓာတ်ဖြင့် မေးလိုက်ခြင်းဖြစ်လေသည်။

အဘွားအိုက ပြုံးလိုက်သည်။

'မင်းက ဘာလုပ်မလို့လဲ'

'မှတ်ထားချင်လို့ပါ ခင်ဗျာ'

အဘွားအိုက ချိုင်းထောက်ကို မြှောက်ပြရင်း—

'ယောခဒီချိုင်းထောက်ကို မှတ်ထားရင်လုံလောက်ပါပြီကွယ်'

အဘွားအိုသည် စကားဆုံးသည်နှင့် ချိုင်းထောက်ကို အသုံးပြုကာ ခပ်သွက်သွက်လေး ထွက်သွားလေသည်။

မုယု စိမ်းသည် အဘွားအို ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ပြီးမှ သက်ပြင်းချကာ တစ်ဘက်သို့ လှည့်လိုက်သည်။

ထိုအခါ ခန့်ညားစွာ ရေးသားချိတ်ဆွဲထားသော ဆိုင်းဘုတ်ကြီး တစ်ခုဆီသို့ မျက်လုံးရောက်သွား၏။

ယင်းဆိုင်းဘုတ်မှာ စားသောက်ဆိုင်တစ်ဆိုင်၏ အမည်ကို ဖော်ပြထားသော ဆိုင်းဘုတ်ဖြစ်သည်။

ယခုမှ ဝမ်းဗိုက်ဆာလောင်နေကြောင်း မုယု စိမ်း သတိပြုမိ၏။ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပဲ အဆင်သင့်တွေ့ရသည့် စားသောက်ဆိုင်ဆီသို့ ဦးတည်လျှောက်သွားလိုက်လေတော့သည်။

*

●နမွန်းတည့်ပြိုဖြစ်သည်၊ နေမွန်းတည့်ချိန်၌ များသောအားဖြင့် နံနက်စာ စားသောက်ပြီးစီးသူများသည်။



ထို့ကြောင့်လည်း စားသောက်ဆိုင်ထဲ၌ လူရှင်းနေ၏။ ကျယ်ဝန်းသော စားသောက်ဆိုင်အတွင်း စားသောက်နေသူ လေးငါးခြောက်ယောက်ခန့်သာ ရှိသည်။

ထိုလူများသည် ကိုယ့်အဖော်နှင့်ကိုယ် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြ၏။

မုယု စိမ်း စားသောက်ဆိုင်ထဲ လှမ်းဝင်လာသည်ကို တွေ့လျှင် ဆိုင်လုလင်တစ်ယောက်က လာရောက်ကြိုဆိုလေသည်။

'ကြွပါဆရာလေး ကြွပါ၊ ဘာများအလိုရှိပါသလဲ အမိန့်ရှိပါခင်ဗျာ'

ပျူပျူငှာငှာ ပြောရင်း စားပွဲတစ်လုံး၌ နေရာချထားပေးလိုက်သည်။

မုယု စိမ်းက ဟင်းလျာသုံးမျိုးနှင့် အသားလွတ် ပေါက်စီများ မှာကြားလိုက်၏။

ဆိုင်လုလင်လည်း ချက်ချင်း သွားရောက်ယူဆောင်လာ ချထားပေးလိုက်လေသည်။

မုယု စိမ်းသည်၊ ဆာလောင်နေပြီဖြစ်ရာ အားရပါးရ စားသောက်လိုက်၏။

ထိုစဉ်.....

'အမလေးလေးဗျ'

အော်ဟစ်သံနှင့်အတူ စားသောက်ဆိုင် အပေါ်ထပ်သို့ တက်သော လှေကားပေါ်မှ ဆိုင်လုလင်တစ်ယောက် လိမ့်ကျလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မုယုံစိမ်း အံ့ဩသွား၏။ လှေကားဆီသို့ လှမ်းကြည့်လိုက်ရာ လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့ရလေ၏။

ထိုလူက လှေကားရင်း၌ ပုံလျက်သားလဲကျနေသော ဆိုင်လုလင်အား ကြည့်ကာ....

'နောက်တစ်ခါဆို အခုထက်ပိုပြီး နာမယ်မှတ်ထား'

ပြောဆိုကြိမ်းမောင်းပြီးနောက် တစ်ဖက်သို့လှည့်ကာ ထွက်သွားသည်။

စားသောက်ဆိုင်မှာ နှစ်ထပ်ဖြစ်ပြီး အပေါ်ဘက်၌လည်း စားသောက်နိုင်ရန် စီစဉ်ထား၏။

ဆိုင်လုလင် တစ်ယောက်နှင့် ဆိုင်ရှင်သည် လှေကားရင်း၌ လဲကျနေသော ဆိုင်လုလင်အားပြေး၍ ပွေ့ထူလိုက်ကြသည်။

ဆိုင်လုလင်မှာ မျက်နှာများညိုမည်းဖူးရောင်ကာ နှုတ်ခမ်းများပေါက်ပြဲကုန်သည်။ နာကျင်မှုကြောင့် တအီအီ၊ တအားအား ညည်းညူနေလေသည်။

'တောက်-တော်တော် ရက်စက်တဲ့လူတွေ၊ ငါသွားပြီး မောင်းထုတ်မယ်'

ဆိုင်ရှင်က ဒေါသတကြီးရေရွတ်ကာ ဆိုင်အပေါ်ထပ်သို့ ခပ်သွက်သွက် တက်သွားသည်။ မုယုံစိမ်းမှာ ဆက်၍စားသောက်ရန်ပင် မေ့လျော့ကာ စိတ်ဝင်စားစွာ ကြည့်နေမိလေသည်။

မကြာပါချေ။

'အမယ်လေးဗျ'



အော်ဟစ်သံနှင့်အတူ ဆိုင်ရှင်သည် လှေကားပေါ်မှ ခြေတလျှား လက်တလျှား ပြုတ်ကျလာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်..'

အံ့ဩစိတ်နှင့်အတူ မုယုံစိမ်း ထရပ်လိုက်မိသည်။ ထိုစဉ် အောက်ဘက် စားသောက်ခန်း၌ထိုင်ကာစားသောက်နေသူများ ကျသင့်ငွေပေးချေပြီး ခပ်သုတ်သုတ် ထွက်သွားကြသည်ကို တွေ့ရပြန်သည်။

စားသောက်ဆိုင်အတွင်း ထူးခြားသောဖြစ်ရပ်တစ်ခု ဖြစ်ပေါ်နေပြီဟု မုယုံစိမ်း တွေးမိ၏။

သူကြည့်နေစဉ်မှာပင် စားသောက်ဆိုင်းအပေါ်ထပ်မှ လူတစ်ယောက်ဆင်းလာသည်ကို တွေ့ရပြန်လေသည်။

ထိုလူမှာ ခန္ဓာကိုယ် ထွားကျိုင်းသန်မာသော လူသန်ကြီး တစ်ယောက်ဖြစ်လေသည်။

ကျားသစ်ရေဖြင့် ချုပ်ထားသော အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုလူသည် လှေကားပေါ်မှ ခပ်သွက်သွက်ကလေးဆင်းလာပြီး လှေကားရင်း၌လဲနေသော ဆိုင်ရှင်ကို လည်ကုပ်မှ ဆွဲမလိုက်သည်။

'တော်တော်ကြီးကျယ်တဲ့ကောင်၊ ကိုကိုများ ဆိုင်ထဲက မောင်းထုတ်ဦးမလို့တဲ့၊ သေပေတော့'

ပြောရင်း လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

'အဝှန့်'

ဆိုင်ရှင်မှာ အသံသွက်သွက်ချွန်ပင် အားအင်မရှိသော့ဘု ထင်ရ၏။

ကျားသစ်ရေဝတ်ဆင်ထားသူက ဆိုင်ရှင်ကို ကြမ်းကြမ်းပေါ် ဆောင့်ချလိုက်သည်။

ထို့နောက်...

'ကျုပ်တို့ကို ဆရာဟာလုပ်နဲ့၊ တို့စားချင်သလိုစားမယ်၊ သောက်ချင်သလိုသောက်မယ်၊ ပိုက်ဆံလဲ ပေးချင်မှပေးမယ်၊ နောက်တစ်ခါလာရှုပ်ရင် သေဖို့သာပြင်ထား'

စကားဆုံးသည်နှင့် ခြေသလုံးကျဖြင့် ဆန်ကျောက်ပိုက်မြန်သည်။ ဆိုင်ရှင်မှာ တအီအီညည်းညူရင်း ကြမ်းပြင်ပေါ် လိမ့်သွားလေသည်။

ကျားသစ်ရေ ဝတ်ဆင်ထားသူက ကျောပိုးပုံခဲ့ဘဲ လှိမ့်၍ လှိမ့်၍ ကန်ကျောက်ပြန်၏။ ဆိုင်လူငယ်များမှာ ခေါင်းငုံ့ လှမ်းမှ လှမ်းကြည့်နေသည်။

မနက်ကျနပ်သေးသည်၊ အာမျှောင်မပြောဝံ့ကြချေ။

အောက်ထပ်၌ စားသောက်သူဟူ၍ မုယုံစိမ် တစ်ယောက်တည်းသာ ရှိနေတော့၏။

မုယုံစိမ်သည် ကျားသစ်ရေဝတ်ဆင်ထားသူ၏ မတရားလုပ်ရပ်ကို ယက်ပိုက်ကြည့်မနေနိုင်အောင် ဖြစ်လာသည်။

ထိုင်ရာမှ ဆတ်ခနဲထကာ...

'ရပ်လိုက်'

သူ၏ဟန့်တားသံကြောင့် ကျားသစ်ရေ ဝတ်ဆင်ထားသူ လှည့်ကြည့်လာလေသည်။



မုယုံစိမ်းကိုမြင်သည့်အခါ နှာခေါင်းရှုံ့လိုက်ပြီး...

'ဟင်း—ဖွတ်သောက်စား မသောက်စားနဲ့၊ ခင်းက တို့ကို ဟန့်တားတယ်ပေါ့၊ အသားဘွာချင်လို့ထင်တယ်'

ပြောရင်း မုယုံစိမ်းထံသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာ၏။ ဆိုင်လူငယ်များအား ထိတ်လန့်ကြောက်ရွံ့စွာ ကြည့်နေရှာကြသည်။

မုယုံစိမ်းအား မားမားမတ်မတ်ရပ်နေ၏။

ကျားသစ်ရေဝတ်ဆင်ထားသူသည် မုယုံစိမ်အား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်ပြီး...

'ခင်းဘယ်သူလဲ...ပြောစမ်း'

ဟု ခပ်ထန်ထန်မေးလိုက်သည်။

'ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးဘူး၊ ခင်ဗျားတို့ ချပ်တန်းအရပ်ရင် ကောင်းလိမ့်မယ်ဗျ'

'ဘာ....'

'ခင်ဗျား ရှေ့ဆက်ပြီး မတရားနှိပ်စက်နေမယ် ဆိုရင်တော့ ကျုပ်လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး'

မုယုံစိမ်၏စကားကိုကြားသည့်အခါ ကျားသစ်ရေဝတ်ဆင်ထားသူက သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား-ဟား-ဟား လာလာချည်သေး၊ မင်းက ဘာကောင်မို့လဲ၊ သေချင်နေတာ့'

ပြောပြောဆိုဆိုဖြင့် ကြီးမားသောလက်သီးဆုပ်ကြီးတစ်လုံး ဆင့်ရှိုင်းလိုက်လေသည်။

မုယု စိမ်းမှာ အခြေခံသိုင်းပညာ ဟတ်မြောက်ထားသူပီပီ အသာအယာပင် ရှောင်တိမ်းပေးနိုင်ခဲ့၏။

ကျားသစ်ရေဝတ်ဆင်ထားသူ မဲ့ပြုံးပြုံးကာ...

'မင်း ဘယ်ဆိုလို့တုန်း၊ ဒီတစ်ခါ လွတ်အောင်ရှောင်ကြည့်ပါဦး'

စကားဆုံးသည်နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။ ရှောင်တိမ်းနေရုံဖြင့် လွတ်မြောက်ရန် မလွယ်ကူကြောင်း သဘောပေါက်မိသော မုယု စိမ်းသည် ယခုတစ်ကြိမ် ပြန်၍ တိုက်ခိုက်လိုက်၏။

'ဝုန်း....'

အသံတစ်ချက်ထွက်ပေါ်လာပြီး မုယု စိမ်း နောက်ဆုတ်ပေးလိုက်ရ၏။

"ဟား... ဟား... ဟား မဖြစ်စလောက်ပညာလေးနဲ့ လူတွင်ကျယ်လုပ်ချင်လို့ရမလား၊ မင်းသေချင်ပြီထင်တယ်'

ပြောရင်း ကျားသစ်ရေဝတ်ဆင်ထားသူက ထပ်မံတိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ် ရှေ့သို့ လျှပ်တစ်ပြက်ခုန်တိုးကာ မုယု စိမ်း၏ ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့် ဖိချလိုက်ခြင်းဖြစ်သည်။

မုယု စိမ် အား လက်ဝါးတစ်ချက်တည်းဖြင့် အသေသတ်ပစ်ရန် ကြိုးစားလိုက်ခြင်းပင်ဖြစ်သည်။

မုယု စိမ်း ရှောင်တိမ်းရန်ကြိုးစားလိုက်၏၊ သို့သော် ကျားသစ်ရေဝတ်ဆင်ထားသူမှာ လွန်စွာလျင်မြန်လှသဖြင့် ရှောင်မလွတ်တော့ချေ။



ထို့ကြောင့် လက်နှစ်ဘက် ဆန့်ထုတ်ကာ ခုခံလိုက်ရ၏။ တစေယ်တမ်း ရင်ဆိုင်တိုက်ခိုက်မှ သူ၏အခြေခံသိုင်းပညာမှာ ရင်ဆိုင်တိုက်ပွဲ၌ လက်တွေ့အသုံး မဝင်ကြောင်းနားလည်သဘောပေါက်လာလေသည်။

မည်သို့ဆိုစေ မဟာရုဏ်မှုကို လက်ပိုက် ကြည့်မနေနိုင်ခြင်းကြောင့် ပါဝင်ပတ်သက်မိပြီဖြစ်ရာ တိုက်ပွဲကို ရှောင်ရှား၍ မရနိုင်တော့ချေ။

ဦးခေါင်းပေါ်သို့ လေးလံသောအင်အားကြီး မိကျလာသောအခါ မုယုံစိမ်း ထိတ်လန့်တုန်လှုပ်သွား၏။

ထိုစဉ်မှာပင်—

'မင်းက နေရာတကာ ဝင်ရှုပ်ချင်တာကိုး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ တဆက်တည်းပင်....

'သွားစမ်း'

'ဝုန်း....'

အောင်ပေါက်သံနှင့်အတူ လူတစ်ယောက် အဝေးသို့ လွင့်စင်သွားသောအသံများပါ ကြားလိုက်ရလေသည်။

မုယု စိမ်း အံ့ဩသွားပြီး မျက်လုံး ဖွင့်ကြည့်လိုက်သည်။ ထိုအခါ ချိုင်းထောက်နှင့် အဘွားအိုတာ ကြားဝင်လာပြီး ကျားသစ်ရေ ဝတ်ထားသူ၏ လက်ဝါးရိုက်ချက်အား ခုခံလိုက်သည်ကို တွေ့ရသည်။

အဘွားအိုသည် ချိုင်းထောက်ဖြင့် ကျားသစ်ရေ ဝတ်ဆင်ထားသူ၏ လက်ဝါး ရိုက်ချက် ကို ခုခံပေးလိုက်ပြီးတဆက်တည်း

ထိုလူ၏ ဝမ်းဗိုက်ကို ချိုင်းထောက်ဖြင့် ဆောင့်ထိုးလိုက်ခြင်း ဖြစ်လေသည်။

လူ၏ တိုက်ခိုက်မှုကြောင့် ကျားသစ်ရေ ဝတ်ဆင်ထားသူမှာ အနောက်သို့ လွင့်စဉ်သွားလေတော့သည်။

မုယုစိမ်က အတွားအိုကို မျက်လုံးပြူးအား ကြည့်မိ၏၊ အတွားအိုက သူ့အား ပြုံးပြုံးပြရင်း...

'ဘယ်လိုလဲ မင်းအား နေရာတကာ ဝင်ရှုပ်နေတာပဲ ဟား'

မုယုစိမ်း သက်ပြင်းချလိုက်သည်။ အတွားအိုအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း...

'အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ'

အတွားအို ခေါင်းယမ်းလိုက်သည်။

'ငါ့ကို ကျေးဇူးတင်စရာ မလိုဘူး၊ ငါဒီကောင်တွေကို သိုးမချင်နေတာကြာပြီ ဒီအခန့်မှပဲ ဆိုက်ဆိုက်မြိုက်မြိုက် မတွေ့ရတော့တယ် ကဲ မင်းအားဖယ်နေလိုက်စမ်း'

ပြောရင်း ချိုင်းထောက်ကို ဝေ့ယမ်းလိုက်ရာ မုယုစိမ်းသည်း ဘေးဖယ်နေလိုက်ရသည်။

ထိုအချိန်၌ ကျားသစ်ရေ ဝတ်ဆင်ထားသော လူထွားကြီးသည်လဲ ကျနေရာမှ လူးလိမ့် ထလာပြီ ဖြစ်လေသည်။

သူသည် အတွားအိုကို မကျေမနပ် စိုက်ကြည့်ရင်း–

'ကျုပ်ကို အသက်ဝင်တိုက်ရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ဒီတစ်ခါတော့ အသားရမယ် မထင်နဲ့ ကျုပ်လက်ဝါး ကြည့်ထား'



လူထွားကြီးသည် စကားဆုံးသည်နှင့် ရှတ်ခြည်းရှေ့သို့ တိုးကာ အတွားအိုအား တိုက်ခိုက်လိုက်လေသည်။

မုယုစိမ်းမှာ အတွားအိုအတွက် စိုးရိမ်သွားပြီ...

'ဘွားဘွား သတိထား'

ဟု အော်ဟစ် သတိပေးလိုက်သည်။ အတွားအိုက အရေးစိုက်ဟန်မပြဘဲ...

'မင်း စိတ်အေးအေးထားစမ်းပါ ငါက သူတို့ကို ဂရုစိုက်ရမှာလား'

ပြောရင်း ချိုင်းထောက်ကို ဝေ့ယမ်းလိုက်လေသည်။ ထိုအခါ လေတိုးသံများ ထွက်ပေါ်လာပြီး ခုန်ဝင်လာသော လူထွားကြီးနှင့် ထိပ်တိုက် ရင်ဆိုင်မိလေသည်။

သူတို့နှစ်ယောက် ထိပ်တိုက် ရင်ဆိုင်မိသည်နှင့်...

'ဖျောက်'

'အား'

အသံများ ထွက်ပေါ်လာပြီး လူထွားကြီးမှာ နောက်သို့ ပြန်လည် ခုန်ထွက်သွားသည်ကို တွေ့ရ၏။

အတွားအိုအား လိုက်လံတိုက်ခိုက်ခြင်းမပြုဘဲ၊ ချိုင်းထောက်ကို ကြမ်းပြင်ပေါ် ထောက်ကာ လူထွားကြီးအား ပြုံး၍ ကြည့်နေ၏။

အတွားအို ပြုံးနေနိုင်သလောက် လူထွားကြီးမှာ ရှုံ့မဲ့နေသည်။

ထိုလူ၏ လက်တစ်ဖက် ကျိုးသွားပြီဖြစ်ကြောင်း ယခုမှ မုယုစိမ်း နားလည်သဘောပေါက် သွားလေသည်။

အဘွားအိုဘ ပြုံးစေ့စေ့ဖြင့်....

'ဘယ်လိုလဲ၊ မှင်းဆက်ပြီး တိုက်ခိုက်ချင်သေးသလား'

လူထွားကြီး အံကြိတ်ကာ....

'သတ္တိရှိရင် ခင်ဗျား နာမည်ပြောပါ'

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အပေါ်ထပ်ရှိ သူ၏မိတ်ဆွေများကြားအောင် တမင်အသံမြှင့်ကာ ပြောလိုက်ခြင်းဖြစ်ကြောင်း မုယုံစိမ်း အကဲခတ်မိ၏။

အဘွားအိုက မဲ့ပြုံးတစ်ချက်ပြုံးကာ....

'ငါ့နာမည်ပြောပြချင်တယ်၊ ဒါပေမယ့် မင်းတို့နဲ့မတန်ဘူး၊ မင်းတို့သုံးယောက်က လမ်းခါပြေတွေ မဟုတ်လား၊ မင်းတို့အကြောင်း ငါကြားဖူးတာကြာပြီ၊ ဒီအနေမှာတွေ့ရတာဘဲတယ်၊ ကဲ-ကဲ-မင်းအဖော်တွေ ခေါ်လိုက်စမ်းပါဦး၊ တလက်စတည်း ဆုံးမလိုက်ရအောင်'

ထိုစကားကြောင့် လူထွားကြီး မခံချိခံသာဖြစ်သွား၏။ အဖော်များကို မျှော်လင့်သောအကြည့်ဖြင့် လှေကားဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုစဉ်မှာပင်....

'ဟော့....ကျားသစ်ဖြူ၊ ဘာတွေ ဖြစ်နေတာလဲ၊ ကြာလှချည်လား'

လူထွားကြီး၏အမည်မှာ ကျားသစ်ဖြူဖြစ်ကြောင်း ယခုမှ သိရလေသည်။ စကားသံနှင့်အတူ လှေကားထိပ်၌ လူနှစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

ထိုလူ နှစ်ယောက်အား တွေ့သည့်အခါ ကျားသစ်ဖြူသည်—



'အစ်ကိုကြီး မြန်မြန်လာစမ်းပါ၊ ဟောဒီမှာ ဒုက္ခိတကြီး တစ်ယောက်က ကျုပ်တို့ကို စော်ကားချင်လို့တဲ့ဗျ'

လူထွားကြီး ကျားသစ်ဖြူ၏စကားကြားသည့်အခါ အပေါ်ထပ်မှ လူနှစ်ယောက် ချက်ချင်းဆင်းလာကြသည်။ သူတို့သည် လှေကားထစ်များကို မနင်းပဲ ကိုယ်ဖော့ပညာ အသုံးပြုကာ ခုန်ဆင်းလာကြခြင်း ဖြစ်၏။

ထိုလူ နှစ်ယောက်၏ ပေါ့ပါးသော ကိုယ်ဖော့ပညာကို တွေ့ရသည်နှင့် မုယုံစိမ်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ထိုလူနှစ်ယောက်သည် ဆိုင်အောက်ထပ်သို့ ရောက်လာသည်နှင့် ချက်ချင်းပင် အဘွားအိုနှင့် မျက်နှာချင်းဆိုင်လိုက်ကြ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

နဖူးပြောင်သူဖြစ်ပြီး ကျောပေါ်၌ ဓားတစ်လက်သိုင်းလွယ်ထားသေးသည်။

ကျန်တစ်ယောက်မှာ အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်ဖြစ်၏။

ရုပ်ရည်ချောမောခန့်ညားပြီး စာပေသမား သို့မဟုတ် သူဌေးသားတစ်ယောက်ဟု ထင်မှတ်ရလေသည်။

သို့သော် အဘွားအို၏ပြောစကား အရ သူတို့သုံးယောက်စလုံး လမ်းခါးပြမျာ း ဖြစ်ကြကြောင်း မုယုံစိမ်း သိရှိလိုက်လေသည်။

နဖူးပြောင်နေသူက အဘွားအိုအား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်ကာ....

'ခင်ဗျားနဲ့ ကျုပ်တို့ ရန်ငြိုးရန်စ မရှိဘူးထင်တယ်၊ ဘာ ကြောင့် ကျုပ်တို့ကို ရန်ပြုချင်ရတာလဲဗျ'

အဘွားအိုက ရယ်မော၍ပြီး...

'ရန်ငြိုးရန်စမရှိပေမယ့် မင်းတို့လိုလူယုတ်မာတွေကို ဆုံးမ ရမယ်လေ၊ မင်းတို့ဟာ သိုင်းပညာအားကိုးပြီး အပြစ်မရှိတဲ့လူ တွေအပေါ် အနိုင်ကျင့်နေခဲ့တာကြာပြီ၊ ကျားညီနောင်သုံးဖော် ဆိုတဲ့နာမည်တောင် သိုင်းလောကမှာ တဖြည်းဖြည်း လူသိများ နေပြီ၊ နောင် ဒီ့ထက် ပိုကျော်ကြားလာမယ်ဆိုရင် မင်းတို့ မျက်နှာတောင် သစ်ရွက်တွေမှာမဟုတ်ဘူး'

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ'

'မင်းတို့ ဆက်ပြီး ဆိုးသွမ်းနေဦးမယ်ဆိုရင် ဦးခေါင်းပြတ် သွားအောင်ဆုံးမမယ်လို့ပြောတာ၊ ရှင်းပြီလား'

'တာ...'

နဖူးပြောင်နေသူ၏မျက်နှာ နီမြန်းသွားသည်။

အဘွားအိုပြောသလို သိုင်းလောက၌ ကျားညီနောင်သုံး ဖော်မှာ တဖြည်း ဖြည်း လူသိများလာသော လမ်းခါးပြ သုံးယောက်မှာ သူတို့ပင်ဖြစ်ကြလေသည်။

အဘွားအိုက သူတို့အားသိနေပြီ၊ သူတို့က အဘွားအိုအား မသိကြပေ။

ထို့ကြောင့် သူတို့သည် အတော်ပင် မခံချိမခံသာ ဖြစ်နေ ကြသည်။

နဖူးပြောင်နေသူမှာ ကျားသစ်နက်ဆိုသူဖြစ်ပေသည်။ ကျား သစ်နက်က အံကြိတ်ရင်း—



'ခင်ဗျားက ကျုပ်တို့ကိုတားဆီးရအောင် ဘယ်လောက် များ အစွမ်းအစရှိနေလို့လဲဗျ'

အဘွားအိုက လုံးဝအာခရုံးမစိုက်ဘဲ...

'မင်း သူ့ကိုမေးကြည့်ပါလား'

လက်ကိုဆုပ်ကိုင်ကာ မျက်နှာရှုံ့မဲ့နေသည့်လူထွားကြီးအား မေးထိုးပြရင်း ပြောလိုက်လေသည်။

'တော့-ကျားသစ်ဖြူ...မင်းဘယ်လိုဖြစ်နေတာလဲကွ'

လူထွားကြီး ကျားသစ်ဖြူ အံကြိတ်ရင်း...

'ကျုပ်...ကျုပ်လက်တစ်ဘက်ကျိုး...'

နဖူးပြောင်နေသူမှာ ကျားသစ်ဖြူ၏စကားကို ဆုံးအောင် နားမထောင်ဘဲ အဘွားအိုဘက်လှည့်လိုက်သည်။

'ခင်ဗျားက ကျုပ်ညီရဲ့လက်တစ်ဘက်ကို ချိုးပစ်လိုက်တယ် ပေါ့ ဟုတ်လား၊ ကောင်းပြီ ဒီတစ်ခါ ခင်ဗျားလက်ကို ကျုပ် ချိုးပစ်မယ်၊ သတိထားပေတော့'

စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ရှေ့တိုးကာ တိုက်ခိုက် လိုက်လေသည်။ အမှန်တော့ အဘွားအိုကို အလစ်ဝင်တိုက်ခိုက် လိုက်ခြင်းဖြစ်ပေသည်။

သို့သော် အဘွားအိုက သူ့ထက်လျင်မြန်နေပါ၏။ ကျားသစ် နက် စတင်တိုက်ခိုက်လာသည်နှင့် ခန္ဓာကိုယ်ကိုယို့ကာ အသာ အလေးရှောင်တိမ်းပေးလိုက်ပြီး ချိုင်းထောက်ဖြင့် ချခံပေးလိုက် လေသည်။

'ဝုန်း...'

အသံတစ်ချက်ထွက်ပေါ်လာသည်။ အဘွားအို၏ နေရာ၌ ပြုံး၍ရပ်နေသော်သည်း ကျားသစ်နက်အား မျက်နှာရှုံ့မဲ့၍ နောက်ဆုတ်သွားလေသည်။

အဘွားအိုအား....

'ဘယ်လိုလဲ၊ မင်းကငါ့ရဲ့လက်ကိုချိုးပစ်မယ်ဆို'

ကျားသစ်နက်အံကြိတ်လိုက်သည်။ အိုးသော်ရှေ့မတိုးဝံ့တော့ချေ။ အကြောင်းမှာ သိုင်းကွက်တစ်ကွက်သာ ယှဉ်ပြိုင်လိုက်ရသေးသည်၊ သူ၏လက်တစ်ဘက်မှာချိုးထောက်ရိုက်ချက်ကြောင့် ကျိုးသွားရပြီမဟုတ်လား'

ကျားသစ်ဖြူနှင့်ကျားသစ်နက်တို့ လက်အစေအားကိုယ်စီဆုပ်ကိုင်ကာ နောက်ဆုတ်နေကြလေသည်။

ကျားညီနောင်သုံးဖော်အနက် အသက်အငယ်ဆုံးလူငယ်က သက်ပြင်းချလိုက်သည်။

'ခင်ဗျား မဆိုးဘူး၊ သူတို့သာ ခင်ဗျားရဲ့စကားကို အရေးမစိုက်ဘူး၊ ဒေါသထွက်အောင်မပြောတိုင်း အလျှင်စလိုမတိုက်ဘဲ စုပေါင်း တိုက်ခိုက်ကြမယ်ဆိုရင် ခင်ဗျားသက်သာမှာမဟုတ်ဘူးဗျ၊ အခုတော့ ခင်ဗျားကတစ်ယောက်ချင်း အနိုင်ယူလိုက်တာပဲ'

ထိုစကားကြားသည့်အခါ အဘွားအိုမျက်လုံးပြူးသွား၏၊ လူငယ်ကိုအံ့သြစွာကြည့်လိုက်သည်။

အတော်အလေးကြာအောင်စိုက်ကြည့်ပြီး မှဦးခေါင်းတဆတ်ဆတ်ညိတ်ကာ....



'အင်း၊ မင်းတို့သုံးယောက်မှာမင်းက အသက်အငယ်ဆုံးဆိုပေမယ့် ပညာအရှိဆုံးပဲ၊ ဟိုးကောင်တွေက အသက်ကြီးပေမယ့် နှစ်ယောက် ဦးနှောက်မရှိကြဘူး၊ ဒါပေမယ့် ငါက မင်းတို့သုံးယောက်စလုံး ပူးပေါင်းပြီးတိုက်ခိုက်ရင်လဲ မမှုဘူးဆိုတာမှတ်ထားပါ'

လူငယ်က ခေါင်းယမ်းလိုက်သည်။

'ခင်ဗျားလိမ်မပြောပါနဲ့ဗျာ'

'ဘာ....'

'ခင်ဗျားရဲ့မျက်လုံးတွေကို ကြည့်ရကတည်းက ရောဂါဝေဒနာတစ်ခုခု ခံစားနေရတယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်တို့ သုံးယောက်သာ ပူးပေါင်းတိုက်ခိုက်ရင် ခင်ဗျား ဘယ်နည်းနဲ့မှ ခံနိုင်မှာမဟုတ်ပါဘူး'

ထိုစကားကြားလျှင် အဘွားအို မျက်နှာပျက်သွားလေ၏။ လူငယ်အား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်မိ၏။

'မင်း ဘယ်သူလဲ'

'ခင်ဗျားကော'

'ငါကကျင်းကူ၊ သိုင်းလောကသားတွေကငါ့ကို ရွှေဆံထိုးမယ်တော်လို့ခေါ်ကြတယ်၊ မင်းကြားဖူးမှာပေါ့'

'ကြားဖူးပါတယ်ဗျာ'

'မင်းကောဘယ်သူလဲ'

'ကျုပ်ကတော့ ကျားသစ်ဝင်းပါ'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ကဲ ငါ့နာမည်လဲ မင်းသိပြီ၊ မင်းနာမည်လဲ ငါသိပြီ၊ တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်တိုက်ဖို့လိုဦးမလား'

ကျားသစ်မင်းခေါင်းယမ်း-လိုက်သည်။

'မလိုပါဘူးဗျာ၊ ခင်ဗျားတာဝန်တစ်ခုခု ခံစားနေရတယ်ဆိုပေမယ့် ကျုပ်ကိုတော့ကောင်းကောင်းကြီး အနိုင်ယူနိုင်ဦးမှာပါ၊ ကျုပ်မိတ်ဆွေနှစ်ယောက်သာ ဉာဏ်ရှိခဲ့ရင် ခင်ဗျားသက်သာမှာမဟုတ်ဘူး'

ရွှေဆံထိုးမယ်တော် ကျင်းကူး ရယ်မောလိုက်သည်။

'ဟင်း... ဟင်း... ဟင်း မင်းအပါးရည်နပ်ရည်ရှိသားပဲ၊ ငါ့ကိုမယှဉ်နိုင်မှန်းသိရက်နဲ့ ဘာဖြစ်လို့ အချိန်ဆွဲနေရတာလဲ'

ကျားသစ်မင်းက...

'စိတ်ချ ကျုပ်တို့သွားမယ်၊ ဒါပေမယ့်နောက်တစ်ခါ ပြန်ဆုံတွေ့ရင် ခင်ဗျားမသက်သာဘူးမှတ်ထားပါ'

'နောက်တစ်ခါ ပြန်တွေ့ရပါစေဦးလို့ပဲ ဆုတောင်းပါဦး'

ကျားသစ်ခင်း ဘာမှမပြောတော့ချေ။ ရွှေဆံထိုးမယ်တော်ကျင်းကူးမင်းရှေ့မှ ထွက်ခွာသွားသည်။

ကျားသစ်ဖြူနှင့် ကျားသစ်နက်တို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။ ထို့နောက်ကျားသစ်မင်းနောက်သို့ ခပ်သုတ်သုတ်လိုက်သွားကြ၏။

သူတို့သုံးယောက် ထွက်သွားမှ ဆမ်းဥ်တွေ့ခဲ့ရသောမြင်းစီးသမားသုံးယောက်ဖြစ်ကြောင်း၊ မုယု စိမ်းမှတ်မိလာသည်။

သူ့အား လှောင်ပြောင် သွားသူမှာ ကျားသစ်ခင်းဖြစ်ကြောင်းမှတ်မိလာလေသည်။



ကျားသစ်ခင်းတို့ သုံးယောက် စားသောက်ဆိုင်ထဲမှ ထွက်ပြီး တခဏအကြာတွင်...

'ဟီး... ဟီး... ဟီး'

'ခွပ်... ခွပ်... ခွပ်'

မြင်းဟီသံ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏၊ ကျားသစ်မင်းတို့ မြင်းကိုယ်စီဖြင့် ထွက်သွားကြကြောင်း ဆိုင်အပြင် ထွက်မကြည့်ဘဲ သိလိုက်ရလေတော့သည်။

❀ ❀ ❀

'သူတို့ ဓားရေးလုပ်နေတာကို ကျွန်တော် လက်ပိုက်ကြည့် မနေနိုင်ပါဘူး ကျွန်တော့်အသက်သေချင် သေသွားပါစေ ဝင်စွက်ရမှာပဲ'

အဘွားအို ကျောင်းကူးမျက်မှောင် ကြုတ်သွားသည်။

မုယု စိမ်း၏ ပုံဟန်မှာ ပြောသည့်အတိုင်း ပြုလုပ်မည် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသဖြင့် သဘောကျသွားလေသည်။

'ခင်းမဆိုးဘူး'

ထိုစဉ် ဆိုင်ရှင်နှင့်ဆိုင်လုလင်များ ရောက်ရှိလာပြီး ဦး ညွတ်ဂါရဝပြုလျှာ ကျေးဇူးတင်စကား ပြောဆိုကြသည်။

ထို့နောက် စားသောက်ဖွယ်ရာများ ယူဆောင်လာပေးပြီး စေတနာနှင့် ကျွေးမွေးကြောင်း အခကြေးငွေ ပေးရန် မလိုကြောင်း ပြောလေသည်။

ရွှေဆံသိုးမယ်တော် ကျောင်းကူးက—

'ငါ့ကို ကျေးဇူးတင်စရာမလိုပါဘူး၊ ခင်းတို့ သူ့ကိုသာ ကျေးဇူးတင်ရမှာ သူက အသက်ကို ပေးနှမထားဘဲ မင်းတို့ကို ကူညီခဲ့တာ ဒါကြောင့် သူ့ကိုပဲ ကျွေးမွေးပြုစုကြပေတော့'

ပြောပြီး ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

'ဘွားဘွား ခဏနေပါဦး'

## အခန်း (၇)

စိတ်ကူးထဲကနန်းတော်

ကျားသစ်မင်းတို့ ထွက်ခွာသွားကြပြီဖြစ်လေသည်။ ထိုအခါမှ ရွှေဆံသိုးမယ်တော် ကျောင်းကူးသည် သက်ပြင်း ဟင်ခနဲ ချလိုက်သည်။

ထို့နောက် မုယု စိမ်းဘက်သို့ လှည့်ကာ—

'သူငယ် မင်းစာသိုင်းပညာ မတောက်တခေါက် တတ်ရုံနဲ့ နေရာတကာ ဝင်ရှုပ်သင့်ဘူး'

ထိုစကားကြားသည့်အခါ မုယု စိမ်း ရင်မောသွားလိုက်၏။

မုယ့်စိမ်းက ဟန့်တားလိုက်သည်။ ကျောင်းကူး ခြေလှမ်းရပ်ကာ...

'မင်းဘာပြောမလို့လဲ'

'သူတို့က ကျွန်တော့်ကို ကျေးမွေးပြုစုသင့်တယ် ဆိုရင် ကျွန်တော်အလဲ ဘွားဘွားကို ကျေးမွေးပြုစုပြီး ကျေးဇူးဆပ်သင့်ပါတယ်'

'ဟေ'

'ဘွားဘွားက ကျွန်တော့် ပစ္စည်းသူများနောက် ပါမသွားအောင် ကူညီတယ် ပြီးတော့ ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တယ် မဟုတ်လား'

သူ၏ စကားကြောင့် ကျောင်းကူးသဘောကျစွာ ပြုံးလိုက်လေသည်။

'မင်းတော်တော် စကားတတ်တာပဲ'

'ဘွားဘွား... ကျေးဇူးပြုပြီး စားသောက် စေချင်ပါတယ်၊ ပြီးမှ သွားလိုရာကို သွားပါခင်ဗျာ'

မုယ့်စိမ်းမှာ ကျောင်းကူး၏ စိတ်သဘောထားကို ရိပ်မိနေပြီဖြစ်ရာ ယဉ်ယဉ်ကျေးကျေး တောင်းပန်လေသည်။

ကျောင်းကူးတွေဝေသွား၏။ တခဏကြာအောင် စဉ်းစားပြီးမှ ဦးခေါင်းဆတ်ခနဲညိတ်ကာ-

'ကောင်းပြီလေ ငါလဲ ဗိုက်ဆာနေတာနဲ့ အတော်ပဲ'



ပြောပြီး ထိုင်ခုံတစ်လုံး၌ ထိုင်ချလိုက်သည်၊ မုယ့်စိမ်း ဝမ်းသာသွား၏။ သူလည်း ကျောင်းကူးနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

စားပွဲ၌ စားသောက်ဖွယ်ရာများ အလျှံပယ်ရှိနေသည်။ မွှေးကြိုင်သင်းပျံ့သော ရနံ့များ ပျံ့လွင့်နေ၏။

မုယ့်စိမ်းက အရက်တစ်ခွက်ငှဲ့ကာ ကျောင်းကူးကို လှမ်းပေးသည်။ ကျောင်းကူး ခေါင်းယမ်းသည်။

'ငါ အရက်မသောက်ဘူး'

မုယ့်စိမ်း အံ့ဩသွားသည်။

ကျောင်းကူးက...

'ကျွန်းသစ်မှင်းပြောသွားတဲ့စကား ကြားတယ်မဟုတ်လား၊ ငါ ဝေဒနာတစ်ခု ခံစားရတာအမှန်ပဲ၊ ဒါကြောင့် အရက်သောက်လို့မဖြစ်ဘူး၊ အရက်သောက်လိုက်ရင် ငါ့ရဲ့ ဝေဒနာပိုပြီး ဆိုးလာမှာ'

ထိုစကားကြားသည့်အခါ မုယုံစိမ်း စိတ်မကောင်းဖြစ်သွားလေသည်။ ကျောင်းကူးတွင် မည်သို့သော ရောဂါဝေဒနာများ ခံစားနေရသည်ကို သိလိုစိတ်များ ပေါ်ပေါက်လာသည်။

'ဘွားဘွား စိတ်မဆိုးဘူးဆိုရင် ကျွန်တော် တစ်ခုမေးပါရစေလားခင်ဗျာ'

ကျောင်းကူး ရယ်မောကာ....

'ဘာလဲ ငါဘယ်လိုရောဂါဝေဒနာ ခံစားနေရတယ်ဆိုတာ မင်းမေးမလို့ မဟုတ်လား'

မုယုံစိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ'

'မင်းက ငါ့ရဲ့ရောဂါဝေဒနာ သက်သာ ပျောက်ကင်းသွားအောင် ကူညီချင်တဲ့စိတ် ရှိတယ် ဟုတ်လား'

'ဟုတ်ပါတယ် ကျွန်တော်ကူညီနိုင်ရင် ကူညီပါရစေခင်ဗျာ'

ကျောင်းကူး သက်ပြင်းချလိုက်သည်။ သူမ၏မျက်နှာ တည်တည်ကြည်ကြည် ဖြစ်လာသည်။

ရှိဝေသော မျက်လုံးအစုံဖြင့် အဝေးသို့ ငေးကြည့်ရင်း....

'ရက်ပေါင်းလပေါင်း များစွာကြာအောင် ငါကြိုးစားခဲ့ပြီးပါပြီ ငါ့ဝေဒနာကို ဘယ်သူမှ ပျောက်ကင်းအောင် ကုသမပေးနိုင်ကြဘူး၊ ဒါကြောင့် မင်းသိရလို့လဲ အပိုပါပဲ'

မုယုံစိမ်း အားမလိုအားမရ ဖြစ်သွားလေသည်။

'မင်းမှာ သူများအပေါ် ကူညီချင်တဲ့ စိတ်ထားရှိတာ ငါချီကျူးပါတယ်၊ ဒါပေမယ့် ငါ့ရဲ့ဝေဒနာ သက်သာပျောက်ကင်းအောင်တော့ ကူညီနိုင်မှာ မဟုတ်ပါဘူး'



'ဘွားဘွား - ဘွားဘွားရဲ့ ဝေဒနာ ဘယ်လိုခံစားရတယ်ဆိုတာသိရင် သက်သာပျောက်ကင်းနိုင်တဲ့နည်းလမ်း ကျွန်တော်ရှာတွေ့ချင် တွေ့မှာပေါ့၊ ကျွန်တော့်ကို ပြောပြပါလား'

ဟု စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။ ကျောင်းကူး သက်ပြင်းချကာ....

'ကောင်းပြီ မင်းသိချင်ရင် ပြောပြရတာပေါ့၊ တာမဟုတ်တဲ့ ကျားညီနောင် သုံးဖော်တောင်မှ ငါ့ကို အကဲခတ်ကြည့်ပြီး ဝေဒနာ ခံစားနေရတယ်ဆိုတာ သိနိုင်ကြသေးတာပဲ၊ လျှို့ဝှက်ထားဖို့ မလိုတော့ပါဘူး၊ ငါ့ရဲ့ဝေဒနာက တစ်ခြားမဟုတ်ဘူး၊ အင်မတန် ပြင်းထန်တဲ့ အဆိပ်တစ်မျိုး မိထားတာပဲ'

'ဗျာ....'

မျှော်လင့်မထားသောစကားကြောင့် မုယုံစိမ်း အံ့သြသွားလေ၏။

'အဆိပ်မိထားတာ ဟုတ်လား ဘွားဘွား'

'ဟုတ်တယ်ကွဲ့၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က မြောက်နယ်ခြားမှာ သောင်းကျန်းနေတဲ့ လူဆိုးကြီးတစ်ယောက်ကို သွားနှိမ်နင်းရင်း သူ့ရဲ့ထူးခြားတဲ့အဆိပ် မိခဲ့တာပဲ'

'ဘွားဘွား၊ အဲဒီလူဆိုးကြီးကော'

'သူက ငါ့လက်ချက်နဲ့ သေသွားပါပြီ၊ ဘာလဲ၊ သူ့ဆီက အဆိပ်ဖြေဆေး ရနိုင်တယ်လို့ မင်းတွေးမိတာလား'

မုယုံစိမ်း ခေါင်းညိတ်လိုက်လေသည်။

ကျောင်းကူး ဆက်ပြောလိုက်သည်။

'ငါလဲ မင်းလိုပဲတွေးပြီး အဆိပ်ဖြေဆေး ရှာခဲ့သေးတာပေါ့၊ ဒါပေမယ့် လုံးဝမတွေ့ခဲ့ရဘူး။ ပြီးတော့ မြောင်နယ်ခြားမှာ ပေါများလှတဲ့ မြွေဆိုးတွေရဲ့အဆိပ်နဲ့ ထူးထူးခြားခြား ဖော်စပ်ထားတာမို့ သမားတော်ကြီးတွေဟာ ဝေဒနာ သက်သာအောင်ပဲ ပြုလုပ်ပေးနိုင်ကြတယ်၊ ရှင်းရှင်းလင်းလင်း ပျောက်အောင် မကုသနိုင်ခဲ့ကြဘူး။ ငါဟာ ကျော်ကြားတဲ့ သမားတော်ကြီးတွေ တစ်ယောက်မကျန် တွေ့ပြီးပြီ၊ ဘယ်သူမှ မတတ်နိုင်ခဲ့ကြဘူး'

ထိုစကားကြားသည့်အခါ မုယုံစိမ်း စိတ်မကောင်းဖြစ်သွားသည်။ အဆိပ်ဝေဒနာ သက်သာပျောက်ကင်းအောင် မကုနိုင်လျှင် တစ်နေ့ ဒုက္ခတွေ့ရမည်ဟု နားလည်၏။

ကျင်းကူး ဆက်ပြောလိုက်သည်။

'အဆိပ်ဖြေဆေး လိုက်ရှာရင်း၊ အချိန်တွေကုန်ခဲ့တယ်၊ ရှာလို့ မရနိုင်သေးသလို တစ်ဘက်ကလဲ အဆိပ်ဒဏ်ခံပြီးတော့တာ မကြာခဏ တွေ့ကြုံခံစားခဲ့ရတယ်ကွဲ့'

'အဆိပ်ထကြွလာတာ ဟုတ်သလားဟင်'

'ဟုတ်တယ် ဆေးဝါးတွေအသုံးပြုပြီး အတွင်းအားနဲ့ အဆိပ်ကို ခန္ဓာကိုယ်ထဲ မပျံ့အောင် တစ်နေရာတည်းမှာ စုစည်းထားခဲ့တယ်၊ ဒါပေမယ့် နှစ်တွေကြာလာတော့ အဆိပ်တွေဟာ ခန္ဓာကိုယ်ထဲ တဖြည်းဖြည်း ပျံ့နှံ့လာတော့တာပဲ၊ ဆက်ပြီး ထိန်းချုပ်ထားဖို့လဲ မထွက်တော့ဘူး၊ ခြေထောက်တစ်ဘက် အကြောဆိုင်းသလို ဖြစ်လာတာမို့ ချိုင်းထောက်ကိုတောင် အသုံးပြုနေရတယ်၊ ပိုဆိုးတာက ခေါင်းကိုက်တဲ့ ဝေဒနာပဲ'



ပြောရင်း နားထင်ကို ဆက်ဖြစ် ထောက်ပြလိုက်လေသည်။ မုယုံစိမ်းက ငေး၍ နားထောင်နေ၏။ ကျင်းဘူး ဆက်ပြောလိုက်ပြန်သည်။

'အဆိပ်ကြောင့် သွေးသားဖောက်ပြန်ပြီး တစ်ခါတလေ မခံမရပ်နိုင်အောင် ခေါင်းကိုက်လာတတ်တယ်၊ အဲဒီလိုအချိန်မျိုးမှာ ငါဟာ ချက်ချင်းပဲ သေသွားမလား၊ ရူးသွပ်သွားရတော့မလားလို့တောင် ထင်မိတယ်'

စေတနာကောင်းသော ကျင်းဘူးသည် ဆိုးရွားသော ဝေဒနာတစ်ခု ခံစားရရှာ ဖြစ်ကြောင်းသိသည့်အခါ မုယုံစိမ်း ရင်ထဲ တင်းကျပ်လာသည်။

ကျင်းဘူးအား ဖေးကူညီလို စိတ်များလည်း ထိန်းမနိုင် သိမ်းမရ ပေါ်ပေါက်လာသည်။

ကျေးညီနောင်သုံးဖော်ကဲ့သို့ လူစားမျိုးများသား လောကပေါ်မှ အမြန်ဆုံး ကွယ်ပျောက်သွားသင့်သော်လည်း ကျင်းဘူးလို လူစားမျိုးသား အသက်ရှည် တည်တံ့သင့်ပေသည်။

ကျင်းဘူးအား မည်သို့မည်ပုံ ကူညီရမည်ကို မုယုံစိမ်း တွေးတောစဉ်းစားနေမိသည်။

ကျင်းဘူးသ....

'အခုတလော ဝေဒနာက ပိုပြီး ဆိုးလာတယ်၊ တစ်ခါတစ်လေ ရက်စက်ပေါ်ပေါက်လာတတ်တယ်၊ ဒါကြောင့် ငါ အိပ်ရာထဲ လှဲမနေဘဲ၊ အပြင်လျှောက်သွားနေတာ'

မုယုံစိမ်း အံ့ဩသွားသည်။ ရောဂါဝေဒနာ ခံစားနေရသူ တစ်ယောက်သည် အိပ်ရာထဲ လှဲနေသင့်သည် မဟုတ်လား။

လျှောက်သွားနေခြင်းထက် အေးအေးဆေးဆေး အနားယူနေခြင်းက အကောင်းဆုံးဖြစ်မည်ဟု ထင်မိတော့သည်။

ထို့ကြောင့်....

'ဘွားဘွား အိပ်ရာထဲမှာ လှဲနေတာက နည်းနည်း သက်သာဦးမှာပေါ့၊ လျှောက်သွားနေတာ'

သူ၏စကားမဆုံးမီ ကျောင်းအကျူးက ကြားဖြတ်ပြောလိုက်၏၊

'အိပ်ရာထဲ လှဲနေနေ လျှောက်ပဲသွားနေနေ အကြောင်းမထူးဘူး၊ လျှောက်သွားနေတာကမှ ဒုက္ခရောက်သူကိုတွေ့ချင် ကူညီနိုင်ဦးမယ်မဟုတ်လား၊ ငါ့အသက်မနေသခင် အများအကျိုးတတ်နိုင်သလောက် ဆောင်ရွက်သွားချင်သေးတယ်၊ လူတစ်ယောက်ကို ကူညီနိုင်ရင် အမြတ်တစ်ခုထွက်တာပေါ့-'

'အခုလဲ မင်းမှာ အဖိုးတန် ရွှေငွေရတနာတွေပါလာတော့ လူဆိုးဓားပြတွေ တိုက်ခိုက်လုယက်နိုင်တယ်၊ လုံလုံခြုံခြုံ သိမ်းဆည်းထားဖို့ မှာကြားမလို့ လိုက်လာခဲ့တာ၊ မနေ့ကပဲ မင်းနဲ့ ဆိုင်ရှင်ကို ကူညီနိုင်ခဲ့ပြီလေ၊ အိပ်ရာထဲနေရင် ဘယ်လိုလုပ်ကူညီနိုင်တော့မှာလဲ'

မုယုံစိမ်း ခေါင်းညိတ်လိုက်လေသည်။

'ကျွန်တော် နားလည်သဘောပေါက်ပါပြီဗျာ'

ကျောင်းအကျူးကို လေးစားသောစိတ်များ တဖွားဖွား ပေါ်ပေါက်လာလေသည်။ ကျောင်းအကျူးကို စိုက်ကြည့်ရင်း ရုတ်တရက် တစ်စုံတစ်ခုအား သတိရလာသည်။

သူ၏မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်လာပြီး-



'ဘွားဘွား ဆုတောင်းသုံးခုနန်းတော်အကြောင်း ကြားဖူးသလားဟင်'

ဟုမေးလိုက်လေသည်။

ကျောင်းကူ မျက်မှောင်ကြုတ်သွား၏။

'ဆုတောင်းသုံးခု ဟုတ်လား'

'ဟုတ်ပါတယ်'

'အင်း-ကြားဖူးသားပဲ၊ သိုင်းလောကရဲ့ ဖြေရှင်းနိုင်တဲ့ ပဟေဠိတစ်ခုပေါ့၊ နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ မေးနေတာလဲ'

'ဪ ဆုတောင်းသုံးခုနန်းတော်မှာ ကိုယ့်ဆန္ဒရှိတဲ့အတိုင်း ဆုတောင်းရင် ပြည့်ဝနိုင်တယ်လို့ ကြားဖူးပါတယ်၊ အဲဒီကို အရောက်သွားပြီး ဆုတောင်းရင် ဘွားဘွားရဲ့ဝေဒနာ သက်သာပျောက်ကင်းသွားနိုင်မယ်ထင်ပါတယ်'

'ဟား ဟား....ဟား ဟား....'

ကျောင်းကူးက သဘောကျစွာ ရယ်မောလိုက်လေသည်။

မုယုံစိမ်းက အံ့သြသွားတော့....

'ဘွားဘွားက ဘာတွေများသဘောကျနေလို့လဲဟင်'

ကျောင်းကူးက အတော်ကလေးကြာအောင် ရယ်မောပြီးမှ---

'မင်းပြောတဲ့ စကားက ရယ်စရာကောင်းနေလို့ပေါ့၊ ဆုတောင်းသုံးခုနန်းတော်ရှိတယ်လို့ ကြားဖူးပေမယ့် ရောက်ဖူးတဲ့လူတစ်ယောက်မှ မတွေ့သေးဘူး၊ မင်းပြောသလို ငါလဲ တစ်ခါတလေစိတ်ကူးမိတာပေါ့၊ ဒါပေမယ့် ဖြစ်မှမဖြစ်နိုင်တာ၊

တစ်ယောက်လို့ ဆုတောင်းသုံးခုနှန်းတော်ကို အရောက်သွားနိုင်တဲ့ လမ်းရှိရင် ငါသွားပြီးဆုတောင်းမိမှာပဲ'

မုယုံစိမ်းက ထိုင်ရာမှစုန်းခနဲထရပ်ကာ...

'အဲဒီမှာ သွားပြီး ဆုတောင်းရင် တစ်ယောက်တော့ ပြည့်လို့ လားဟင်'

ဟုတ်တယ်လို့ ဆိုကြတာပဲ၊ နေပါဦး၊ မင်းကတာလို့ ဒါကို မေးနေရတာလဲ'

မုယုံစိမ်းက စမ်းသာအားရဖြင့်...

''ဘွားဘွား ဘာမှမပူနဲ့၊ ဆုတောင်းသုံးခု နန်းတော်ကို ကျွန်တော် အရောက်သွားပြီးပြီ၊ ဘွားဘွားရဲ့ ရောဂါဝေဒနာ ပျောက်ကင်း သက်သာသွားအောင် ဆုတောင်းပေးမယ်'

ကျောင်းကျူးက ရယ်မောလိုက်ပြန်သည်။

'ဟင်း... ဟင်း... ဟင်း မင်းတော်တော်စိတ်ကူးယဉ်တဲ့သူငယ် ပဲ၊ ဆုတောင်းသုံးခုနန်းတော်ကို မင်းတယ်လိုလုပ်အရောက်သွား နိုင်မှာလဲ'

မုယုံစိမ်းသည် လမ်းညွှန်မြေပုံရရှိထားကြောင်း ပြောပြလို စိတ်များ တားမရဆီးမနိုင်ဖြစ်ပေါ်လာ၏။

သို့သော် စန်ကွမ်းရှောင်ချင်း၏ တားမြစ်ချက်အရ မည်သူ့ ကိုမှ ပြောပြအသိပေးခြင်း မပြုရန် မနည်းထိန်းချုပ်ထားလိုက် ရလေသည်။

ကျောင်းကျူးက...



'ထားပါတော့လေ၊ မင်းအရောက်သွားနိုင်ခဲ့ရင် ငါ့အတွက် အဆိပ်ဝေဒနာ သက်သာပျောက်ကင်းသွားအောင် ဆုတောင်း ပေးပေါ့ ဟုတ်ပြီလား'

'စိတ်ချ ကျွန်တော်ဆက်ဆက်ဆုတောင်းပေးမယ်'

ထိုသို့ပြောပြီးမှ ဆုတောင်းသုံးခုနန်းတော်၌ အလိုရှိရာဆုသုံး ခုသာ တောင်းနိုင်ကြောင်း သတိဝင်လာသည်။

သူ၏ဖခင်အား သတ်ဖြတ်သွားကြသော ကျောင်းစုအိမ် တို့လူစုကို ရင်ဆိုင်ဖြေရှင်းရဦးမည် ဖြစ်၏။

သူ၏သိုင်းပညာအရည်အချင်းနှင့် မည်သို့မျှရင်ဆိုင်နိုင်မည် မဟုတ်ပါချေ။

ထို့ကြောင့်ကျောင်းစုအိမ်တို့လူစုကို ရင်ဆိုင်မည့်နည်းလမ်း ညွှန်ပြပေးပါရန် ဆုတောင်းရမည်ဖြစ်သည်။

သူ့အတွက် ဆုတောင်း တစ်ခုတည်းဖြင့် လုံလောက်မည် ဖြစ်သည်။

ကျောင်းကျူးအတွက် ဆုတောင်းတစ်ခု တောင်းပေးလျှင် ဆု တောင်းတစ်ခုပင် ကျန်နေဦးမည် မဟုတ်လား။

ထို့ကြောင့် ကျောင်းကျူးအသက် ဆုတောင်းပေးရန် ခိုင်မာ စွာ ဆုံးဖြတ်လိုက်လေသည်။

'ကျွန်တော်တစ်ယောက်ပြောတာပါ၊ ဆုတောင်းသုံးခုနန်းတော် ကို ရောက်အောင် သွားပြီး ဘွားဘွားရဲ့ ဝေဒနာ သက်သာ ပျောက်ကင်းသွားအောင် ဆုတောင်းပေးပါ့မယ်'

ကျောင်းကျူးက မုယုံစိမ်းကို စိုက်ကြည့်လိုက်သည်။

မုယုံစိမ်း အမှန်ဘာတယ် ပြောနေခြင်း ဖြစ်ကြောင်း နားလည်၏။

＊

သို့သော် ဆုတောင်းသုံးခုနန်းတော်အား မည်သို့မျှ ရှာဖွေနိုင်မည်မဟုတ်ဟု ယုံကြည်၏။

မည်သို့ဆိုစေ မုယုံစိမ်းက စိတ်အားထက်သန်စွာ ပြောနေခြင်းကြောင့် မုယုံစိမ်း၏ ယုံကြည်မှုကို မဖျက်ဆီးလိုတော့ချေ။

မုယုံစိမ်းမှာ အလွန်စိတ်ကူးယဉ်တတ်သော လူငယ်လေးတစ်ယောက်ဖြစ်သည်ဟုသာ စိတ်ထဲ မှတ်သားလိုက်သည်။

မုယုံစိမ်းက ဆက်ပြောလိုက်ပြန်သည်။

'ဆုတောင်းသုံးခုနန်းတော်က ကျွန်တော်ပြန်လာတဲ့ အခါ ဘွားဘွားကို ဘယ်မှာလာတွေ့ရမယ်ဆိုတာ ပြောပြပါခင်ဗျာ။ နို့မဟုတ်ရင် ကျွန်တော်လိုက်ရှာနေရဦးမယ်'

ယခုတစ်ကြိမ် ကျင်းကူး မငြင်းနိုင်တော့ချေ။

မုယုံစိမ်းအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။



'မင်းက ဆုတောင်းသုံးခုနန်းတော်ကို တကယ်ပဲ အရောက်သွားနိုင်မယ်လို့ ယုံကြည်နေတယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

'ကောင်းပြီလေ နေ့စက်ငါးရက်ဆိုရင် ငါ စီဝူရေအိုင်ကို သွားမလို့ စိတ်ကူးထားတယ် ဒါပေမယ့် ငါ့ဒီမြို့ကိုပဲ ပြန်လာမှာပါ မင်း ငါ့ကို တွေ့ချင်ရင် ဒီမြို့မှာပဲ လာရှာပေါ့ ဟုတ်ပြီလား'

'ကောင်းပါပြီ ခင်ဗျာ'

မုယုံစိမ်းက ထိုင်ရာမှထလိုက်သည်။ ကျင်းကူးမျက်မှောင်ကြုတ်ရင်း....

'မင်းသွားတော့ မလို့လား'

'ဟုတ်ကဲ့'

'သတိတော့ထားဦးနော် သောင်းကျန်း မင်းပစ္စည်းတွေ သူများ လုယူသွားဦးမယ်'

'စိတ်ချပါခင်ဗျာ ကျွန်တော် အမြဲသတိထားပါ့မယ်'

'အေးလေ မင်းသွားမယ်ဆိုရင်၊ သွားပေတော့ ဆုတောင်းသုံးခုနန်းတော်ကို ရောက်အောင် သွားနိုင်ပါစေလို့ ငါ ဆုတောင်းပေးလိုက်ပါ့မယ်'

'ဟုတ်ကဲ့ ဘွားဘွားကို စီဝူရေအိုင်မှာ ကျွန်တော်လာတွေ့ပါ့မယ် ကျွန်တော့်ကို သွားခွင့်ပြုပါဦး ခင်ဗျာ'

ကျောင်းဆရာကို နှုတ်ဆက်ပြီး မုယှူ စိမ်း စားသောက်ဆိုင်မှ ထွက်သွားသည်။

ကျောင်းဆရာသည် မုယှူ စိမ်း၏ နောက်ကျောကို ငေးကြည့်ရင်း…

'အင်း— ဒီသူငယ်မှာ စဉ်းစဉ်ဆရာလေးနဲ့ ရှားနေသူပါလား'

* * *

## အခန်း (၈)

အခက်တွေ့ ရတက်ဝေ

နေ့ရက်အလီလီ ကုန်ဆုံးသွားလေသည်။ မုယှူ စိမ်းခရီးဆက်လာခဲ့သည်မှာ ဆယ်ရက်ခန့်ပင် ရှိပြီဖြစ်သည်။

ဆယ်ရက်ခန့် ခရီးသွားပြီးနောက် မြေပြန့်ဒေသရှိ သိုးမွေးမြို့အရောက် ရောက်ရှိလာလေသည်။

သိုးမွေး မြို့—

သိုးမွေးမြို့သည် သိုးကျောင်းသားများ၊ သိုးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများအထူးအားထားရာ မြို့အစေးဖြစ်ပေသည်။

သိုးမွေးမြို့တွင် နာမည်နှင့် လိုက်ဖက်အောင်ပင် သိုးမွေးဖြင့် ယက်လုပ်ထားသော အထည်အလိပ်များ အရောင်းအဝယ်ဖြစ်ထွန်းလေသည်။

အနယ်နယ်အရပ်ရပ်မှ သိုးမွေးကုန်သည်များလည်း ရောက်ရှိလာပြီး ရောင်းဝယ်ဖောက်ကားခြင်းပြုကြသည်။

သိုးမွေးအရောင်းအဝယ် ဖြစ်ထွန်းသည်နှင့်အမျှ စည်ကားသိုက်မြိုက်လာရာ အခြားလူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများလည်း ရောင်းချ၍ အကျိုးဖြစ်ထွန်းလာတော့သည်။

စည်ကားသိုက်မြိုက်သော သိုးမွေးမြို့ကလေးသို့ ရောက်ရှိလာသည့်အခါ မုံယုံစိမ်းပျော်ရွှင်လာ၏။

ရက်ပေါင်းများစွာ လူသူ ကင်းမဲ့သော တောအုပ်များ၊ တောင်တန်းများ၊ ကွင်းပြင်များကို ဖြတ်ကျော်ခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့် သိုးမွေးမြို့ကလေးသို့ရောက်သည်နှင့် မုံယုံစိမ်းသည် ခရီးပန်းဖြေရန် ဆုံးဖြတ်လိုက်သည်။

မြို့လယ် စည်ကားသော လမ်းကြီးနံဘေးရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်တည်းခိုသည်။

ယင်းစားသောက်ဆိုင်မှာ တည်းခိုခန်းနှင့် တွဲဖက်ဖွင့်ထားခြင်းဖြစ်ပေသည်။

သူသည် အခန်းတစ်ခန်းငှားပြီး အဝတ်အစားများ လဲလှယ်ရန် ဆုံးဖြတ်လိုက်၏။



အကြောင်းမှာ ခရီးဝေးသွားခြင်းမှ အသက်လုပြေးရခြင်းကြောင့် အဝတ်အစားသော်လည်းကောင်း၊ ငွေသော်လည်းကောင်း ယူမလာနိုင်ခဲ့ချေ။

စန့်ကုမ်မှ ထွက်ခွာချင်း ခရီးစရိတ်အဖြစ်ထားခဲ့သော ရွှေငွေရတနာများ ရရှိခဲ့၍သာ စားရေးသောက်ရေးအတွက် မပူရဘဲ ခရီးဆက်လာနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ဆယ်ရက်ခန့် ခရီးပြင်းနှင်ပြီးသည့်အခါ သူ၏အဝတ်အစားများမှာ လွန်စွာ ညစ်ပတ်ပေကျံနေပြီဖြစ်သည်။

ချောက်ကမ်းပါးထဲသို့ကျစဉ်က ချုံနွယ်များနှင့်ငြိတွယ်ကာ အချို့နေရာများ၌ စုတ်ပြဲသွားခဲ့သေး၏။

ဟောင်းနွမ်းစုတ်ပြဲနေသောအဝတ်အစားများကို ဖုန်အလိမ်းလိမ်း ချေးအထပ်ထပ် ကပ်ငြိပေကျံနေသော ရုပ်ရည်ကြောင့် လမ်းခရီးတစ်လျှောက်သူ့အား မည်သူမျှဂရုစိုက်ကြချေ။

ကျောင်းစုအိမ်တို့ တွေ့သွားလျှင်ပင် သူ့အား ရုတ်တရက် မှတ်မိနိုင်မည် မဟုတ်ချေ။ မုံယုံစိမ်းလည်း ဤပုံစံအတိုင်း ရှေ့ဆက်သွားရန်စိတ်ကူးထားသည်။

သို့သော် ဆယ်ရက်ခန့် ခရီးသွားပြီးသောအခါ မနေနိုင်တော့ချေ။ ရေမိုးချိုး၊ ကိုယ်ကာယသန့်စင်ကာ အဝတ်အစားလဲလိုစိတ်များ ပေါ်ပေါက်လာ၏။

နဂိုကပင်သန့်သန့်ရှင်းရှင်းနေထိုင်ခဲ့သူဖြစ်ရာ ညစ်ညစ်ပတ်ပတ်နေရသောအခါ မနေတတ် မထိုင်တတ်ဖြစ်လာသည်။

ထို့ကြောင့် သိုးမွေးမြို့ကလေးသို့ရောက်သည်နှင့် ကိုယ်ကာယသန့်စင်ကာ အဝတ်အစားလဲရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ဓားဓေဟာ ခြံဝင်းနှင့်အတော်ဝေးကွာခဲ့ပြီဖြစ်ရာ ကျောင်း၊ စုအိမ်တို့ လူစုအား တွေ့ရသည်မဟုတ်ဟုဆည်း ယူဆထားလေ၏၊

အခန်းတစ်ခန်းငှားရမ်းစဉ်က သူ့အား တောင်းရမ်းစား သောက်သူဟု ထင်မှတ်ကာ ဆိုင်လုလင်များက အော်ဒေါက် မောင်းထုတ်ကြသေး၏။

မုယုစိမ်းက အချိန်မီငွေထုတ်ပေးနိုင်ခြင်းကြောင့်သာ လက်ခံ ခဲ့ခြင်းဖြစ်ပေသည်။

လူငယ်ပီပီ အထင်အမြင်သေးခံရမည်ကို မကျေမနပ်ဖြစ်မိ၏၊ အကောင်းဆုံးအဝတ်အစားများ ဝယ်ယူဝတ်ဆင်ရန်ပင်စိတ်ကူး မိလာသည်။

အခန်းငှားပြီးသည်နှင့် မြို့ထဲသို့ ထွက်လာခဲ့သည်။ မြို့လယ် အထည်အလိပ်ရောင်းချသော ဆိုင်ကြီးတစ်ဆိုင်အတွင်းသို့ တန်း တန်းမတ်မတ်ပင် ဝင်သွားသည်။

လူဝင်လာသည်ကိုတွေ့သောအခါ ဆိုင်ရှင်မျက်မှောင်ကြုတ် သွားသည်။ အနီးသို့ရောက်လာသောအခါ ချွေးနံ့ ချဉ်နံ့ နံနံခြင်း ကြောင့် နှာခေါင်းရှုံ့ကာ...

'ဟေ့ ဟေ့ မင်းဘာလို့ ဆိုင်ထဲဝင်လာတာလဲ၊ ဒါ စားသောက်ဆိုင်မဟုတ်ဘူးကွ၊ တောင်းချင်ရင် စားသောက်ဆိုင် ကို သွားမှပေါ့'

မုယုစိမ်း ဒေါပွသွား၏၊ အဝတ်အစားနှင့် ငွေကြေးကို အဓိကထားသူများလည်း လောကပေါ်၌ ရှိသေးကြောင်း သူ နားလည် သဘောပေါက်လာသည်။



ဆိုင်ရှင်၏ အော်ဒေါက်သံကြောင့် အထည်အလိပ်ကြည့်ရှုနေ သူများ လှည့်ကြည့်လာကြ၏။

အဖိုးတန် သိုးမွှေးစထဆ်စကို စိတ်ဝင်စားစွာကြည့်နေသော မိန်းကလေး တစ်ယောက်နှင့် မျက်လုံးချင်း ဆုံမိသည့်အခါ မုယုစိမ်း၏ တစ်ကိုယ်လုံး ထူပူသွား၏။

မိန်းကလေးသည် အစိမ်းရောင် အဝတ်အစားများ ဝတ် ဆင်ထားပြီး ချောမောလှပသူကလေး ဖြစ်ပေသည်။

သူနှင့်သက်တူရွယ်တူခန့် ရှိမည်ဟု ခန့်မှန်းမိ၏။ ထိုမိန်း ကလေးက သူ့အား ကရုဏာသက်သော အကြည့်ဖြင့် ကြည့်၏။

မုယုစိမ်း ရင်ခုန်လိုက်သည်။ ဆိုင်ရှင်ကို မျက်နှာထား တင်းတင်း ဖြင့် ကြည့်ကာ....

'ခင်ဗျားဆိုင်ထဲ ဈေးလာဝယ်တဲ့လူကို ဒီလိုပဲ ဆက်ဆံရ သလားဗျ'

ဆိုင်ရှင်မျက်မှောင်ကြုတ်သွား၏။

'ဘာ... မင်းက ဈေးလာဝယ်တာ ဟုတ်သလား'

'ဟုတ်တယ်'

'ဟွန်း... မင်းက ဘာများဝယ်နိုင်မှာမို့လဲ'

အထင်သေးစကား အပြောခံရသဖြင့် မုယုစိမ်း မခံမရပ် နိုင်ဖြစ်သွားသည်။

'ခင်ဗျားဆိုင်က တန်ဖိုးအကြီးဆုံး အဝတ်အစား တစ်စုံ ကျုပ်လိုချင်တယ်'

ပြောရင်း အင်္ကျီအိတ်ထဲမှ အထုပ်ကလေးနှိုက်ယူကာ ဖြည် လိုက်သည်။ အထုပ်ကလေးအတွင်း၌ ရွှေတုံးငွေတုံးကလေးများ

များနှင့် ကျောက်သံပတ္တမြားများ ရှိနေသည်ကို တွေ့ရသော အခါ ဆိုင်ရှင်မျက်လုံး ပြူးသွား၏။

မျက်နှာမူရာ ချက်ချင်းပြောင်းလဲသွားပြီး....

'ဟဲ-ဟဲ မိတ်ဆွေသား စိတ်မရှိပါနဲ့ဗျာ၊ မိတ်ဆွေသားနဲ့ လိုက်ဖက်မယ့် အသင့်ချုပ်ပြီးသား အဝတ်အစားတွေရှိပါတယ်၊ အဖိုးသက်သက်သာသာနဲ့ ရောင်းပေးပါ့မယ်ဗျာ'

မုယုံစိမ်းက ရင်တော့ထာ၏။ သူ့အား လှမ်းကြည့်နေသော မိန်းကလေးဘက်သို့လည်း မသိမသာ စောင်း၍ ကြည့်လိုက်လေသည်။

မိန်းကလေးက သူ့အားတစ်ချက်ကြည့်ကာ မျက်နှာလွှဲသွားသည်ကို တွေ့ရ၏။

ဆိုင်ရှင်က အသင့်ချုပ်ပြီးသား အဝတ်အစားများကို ထုတ်ပြသည်။ အဝတ်အစားများမှာ သိုးမွှေးဖြင့် ချုပ်လုပ်ထားပြီး အဖိုးတန် အကောင်းစားအဝတ်အစားများ ဖြစ်ကြပေသည်။



ဆိုင်ရှင်က သူ၏ဆိုင်မှာ လက်ရာကောင်းကြောင်း၊ ပစ္စည်းမှန်၊ ဈေးမှန်ဖြစ်ကြောင်း အာပေါက်အောင်ပြောကာ ဈေးခေါ်၏။

မုယုံစိမ်း အာရုံစိုက်တော့ချေ။ သူနှစ်သက်သော အဝတ်အစားတစ်စုံကို ညွှန်ပြကာ ဈေးမဆစ်ဘဲ ချက်ချင်းငွေချေလိုက်လေသည်။

ပြီးနောက် အဝတ်ထုပ်ကိုပိုက်ကာ ဆိုင်ထဲမှထွက်လာခဲ့၏။ ထိုအချိန်၌ မိန်းကလေးမှာ ဆိုင်ထဲမှထွက်သွားပြီဖြစ်၏။

မုယုံစိမ်းလည်း မိန်းကလေးနောက်သို့လိုက်ပြီး အကဲခတ်ကြည့်လိုစိတ်များ ပေါ်ပေါက်လာ၏။

သို့သော် သူဆိုင်အပြင်ဘက်ထွက်မိသောအခါ မိန်းကလေးသည် တစ်စုံတစ်ခုမေ့ကျန်ခဲ့သည့်အသွင်ဖြင့် ဆိုင်ထဲသို့ ခပ်သုတ်သုတ် ပြန်ဝင်သွားသည်ကို တွေ့လိုက်ရ၏။

မုယုံစိမ်း ကြောင်အမ်းအမ်း ဖြစ်သွား၏။ စောင့်နေလျှင် ကောင်းမည်လော သို့မဟုတ် ဆက်၍ထွက်သွားရ ကောင်းမည်လောဟု ဝေခွဲမရဖြစ်သွားသည်။

အဝတ်ထုပ်ကိုကိုင်ကာ ငေါင်နေပြီးမှ ရှေ့ဆက်ရမည့်ခရီးအကြောင်းတွေးမိကာ အထည်အလိပ်ဆိုင်မှထွက်လာခဲ့တော့၏။

သူ၏ဘဝသည် တွေဝေငေးငိုင်နေရန် အချိန်မရှိ။ ဖခင်အတွက် ရန်သူများနှင့် ရင်ဆိုင်ရဦးမည်သာတည်း။

ထို့ပြင် ချောမောလှပသော မိန်းကလေးများကိုလည်း စိတ်ဝင်စားရန် အချိန်မရှိပါချေ။

မုယုံစိမ်း သက်ပြင်းချရင်း စားသောက်ဆိုင်ဆီသို့ ခပ်သုတ်သုတ်ကလေး လျှောက်သွားလေတော့သည်။

*

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။ မုယုံစိမ်း နိုးလာသောအခါ မိုးချုပ်စပြုနေပြီဖြစ်ကြောင်း တွေ့ရှိရလေသည်။

အထည်အလိပ်ဆိုင်မှပြန်လာပြီး ရေမိုးချိုး၊ ကိုယ်လက်သန့်စင်ကာ သိုးမွေးအင်္ကျီကို ဝတ်ဆင်လိုက်သည်။

ပြီးနောက် စားသောက်ခန်းမသို့ဆင်းကာ စားသောက်ဖွယ်ရာများ မှာယူစားသောက်လိုက်သည်။

စားသောက်ပြီးသည်နှင့် အိပ်ချင်စိတ်များ ပေါ်ပေါက်လာသည်။

ခုနစ်ရက်ရှစ်ရက်ခန့် ခရီးပြင်းနှင်ခဲ့ရခြင်းကြောင့် အလွန်ပင်ပန်းနွမ်းနယ်နေပြီဖြစ်၏။

ထို့ကြောင့် တရေးတမောအိပ်ရန်စိတ်ကူးကာ အခန်းသို့ပြန်ပြီး အိပ်ချလိုက်သည်။

အိပ်ရာပေါ်ခေါင်းချမိသည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီး ညနေစောင်းမှ နိုးလာတော့၏။



'ဟင်....မိုးတောင်ချုပ်ခတော့မှာပါလား'

လွတ်ခနဲရေရွတ်ကာ အိပ်ရာမှထလိုက်၏။

ညနေပိုင်း မြို့ထဲလှည့်ပတ် ကြည့်ရှုရန် စိတ်ကူးထား၏။ ထို့ကြောင့် ထပျာတယာထရပ်လိုက်၏။

ဤတွင်....

'ဒေါက်...ဒေါက်....ဒေါက်'

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ မုယုံစိမ်း မျက်မှောင်ကြုတ်သွား၏။

'ဘယ်သူများပါလိမ့်'

တွေးရင်း တံခါးကို သွားဖွင့်ပေးလိုက်သည်။ တံခါးအပြင်ဘက်၌ လူတစ်ယောက်ရပ်နေပါသည်။

ထိုလူကိုတွေ့လျှင် မုယုံစိမ်း မျက်လုံးပြူးကျယ်သွားသည်။ အကြောင်းမှာ တံခါးအပြင်ဘက်၌ရပ်နေသူမှာ အထည်အလိပ်ဆိုင်၌တွေ့ခဲ့ရသော မိန်းကလေးဖြစ်နေခြင်းကြောင့်ပင်။

မုယုံစိမ်း ကြောင်အမ်းအမ်းဖြင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်

မိန်းကလေးက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး....

လေသံတိုးတိုးဖြင့်....

'ရှင် ဒီက အမြန်ဆုံးထွက်သွားပေတော့၊ နို့မဟုတ်ရင် ဒုက္ခတွေ့လိမ့်မယ်ရှင့်'

မုယုံစိမ်းက ပိုပြီးအံ့ဩသွားရ၏။ မိန်းကလေးကိုနားမလည်နိုင်စွာကြည့်ကာ....

'ကျုပ်...ကျုပ်အထွက်သွားရမယ်ဟုတ်လား'

'ဟုတ်တယ်၊ မမြန်ဆုံး ထွက်သွားမှအန္တရာယ်ကင်းမယ်ရှင့်'

'ဘာဖြစ်လို့လဲဗျာ၊ ကျုပ်ဘာမှသဲလေလုပ်မိလို့လား'

မိန်းကလေးမှာ အားမလိုအားမရ ဖြစ်သောပုံရ၏။

'တော်တော်ခက်ပါလား၊ ရှင်ဘာမှမလုပ်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါပေမယ့်ရှင့်ကို ဒုက္ခပေးမယ့်လူက ဒုက္ခပေးတော့မယ်ရှင့်'

'ဗျာ ကျုပ်ကိုဒုက္ခပေးကြမယ်ဟုတ်လား၊ ဘယ်သူတွေများလဲဗျာ၊ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲဗျ'

'ရှင့်မှာအပြစ်ရှိတာ မရှိတာ သူတို့မသိဘူး၊ သူတို့သိတာက ရှင့်ဆီက ရွှေငွေတွေကို အရယူဖို့ပဲ'

'ဗျာ—'

'ရှင်အံ့သြနေသလား၊ ရှင်ကအဘည်အလိပ် ဆိုင်ရှင်ရွှေမှာ ငွေထုပ်ကိုမှင့်ပြီး အင်္ကျီဖိုးပေးခဲ့တယ်မဟုတ်လား၊ ရှင်ဟာ ဒီမြို့ကိုအခုမှရောက်လာတဲ့ လူစိမ်းတစ်ယောက်ဆိုတာ ဆိုင်ရှင်သိသွားတယ်၊ ပြီးတော့ ရှင့်ဆီက ရွှေငွေ တွေဟာ မက်မောလောက်အောင် များပြားနေတယ်၊ ဒါကြောင့်ဆိုင်ရှင်ကလုယူမယ်လို့ သူ့တပည့်တွေနဲ့ တိုင်ပင်နေတာ ကြားခဲ့ရတယ်ရှင့်'

မုယုံစိမ်းထံ၌ ရွှေငွေများရှိနေသည်ကို ဆိုင်ရှင်က တွေ့မြင်သွားသလို အထည်အလိပ်ဆိုင်ထဲသို့ ထိုမိန်းကလေး နောက်တစ်ခေါက် ပြန်ဝင်သွားခဲ့သည်ကိုလည်း အမှတ်ရလေ၏။

'ခင်ဗျား နောက်တစ်ခေါက်ဝင်သွားရင်း ကြားသွားခဲ့တာလား'



မိန်းကလေးက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ ကျွန်မအထည်တွေ ယူပြီး ထွက်လာတဲ့ အခါ အင်္ကျီစအစ်ခုနမေ့ကျန်ခဲ့တယ်လေ။ ဒါကြောင့်နောက်တစ်ခေါက် ပြန်ဝင်ယူတော့ ဆိုင်ရှင်နဲ့ သူ့တပည့်တွေ တီးတိုး တိုင်ပင်နေတာကြားခဲ့ရတာပဲ၊ သူတို့က ကျွန်မပြန်ဝင်လာတာ ကိုတောင် သတိမပြုမိကြဘူး၊ ကျွန်မလဲ အသာအနေပြန်ထွက်လာခဲ့တာပဲ'

မုယုံစိမ်းရင်လေးသွားသည်။

စန့်ကွမ်ရှောင်ချင်ထံမှ ခရီးစရိတ်အဖြစ်ရရှိခဲ့သော ရွှေငွေတနာများသည် အန္တရာယ်ကိုဖိတ်ခေါ်နေသလို ရှိနေပြီဟုတ်ပါလား။

'မတတ်နိုင်ဘူးလေ၊ သူတို့လိုချင်တယ်ဆိုရင်လဲ ပေးလိုက်ရမှာပေါ့ဗျာ'

သူ၏စကားကြောင့် မိန်းကလေး၏မျက်လုံးများ ဝိုင်းစက်သွားသည်။

မုယုံစိမ်းအား မယုံကြည်နိုင်စွာကြည့်ရင်း—

'ရှင်ဘယ်လိုပြောလိုက်တာလဲ၊ သူတို့လာပြီးလုယက်တဲ့အခါ ရှင်က သူတို့ကို ပေးလိုက်မယ်ပေါ့ဟုတ်လား'

'ဟုတ်တယ်လေ'

'ရှင် တော်တော်သဘောကောင်းပါလား'

မုယုံစိမ်းက ပြုံးလိုက်၏။

'သဘောမကောင်းလို့လဲ မဖြစ်ဘူးလေ၊ ကျုပ်အမှ သူများနဲ့ ရန်မဖြစ်ချင်တာ၊ ငွေကြေးအတွက် အသက်တော့ အသေမခံနိုင်ဘူးဗျ'

မိန်းမလေး၏မျက်ဝန်းအစုံ၌ ထူးခြားသောအရိပ်အယောင်များ ထွက်ပေါ်လာသည်။

သူ့အား အထင်သေးသွားပြီလောဟု တွေးဆာ မုယူ့စိမ်း ရင်ထိတ်မိ၏။

မိန်းမလေးက ....

'ရှင် တော်တော်သဘောထားကြီးတဲ့လူပဲ၊ ဒါပေမယ့် သူတို့ကတော့ ရှင့်လို သဘောထားကြီးမှာမဟုတ်ဘူး၊ ရှင့်ဆီက ပစ္စည်းလုယူသွားတာ ဘယ်သူမှမသိရအောင် ရှင့်ကိုတစ်လက်စတည်း နှုတ်ပိတ်ကြမှာပဲ'

'ဗျာ....'

'ကျွန်မပြောတာ မယုံမရှိနဲ့၊ သူတို့က တကယ် လုပ်ကြမှာရှင့်'

'ဟာ ပစ္စည်းလဲယူသေးတယ်၊ လူကိုလဲ ဒုက္ခပေးတာတော့ ဘယ်ကောင်းမလဲဗျာ'

'သူတို့ဟာ ဓားဓာဓားဓာတက်နေတဲ့ လူတွေရှင့်၊ မှားတယ် မှန်တယ် စဉ်းစားဝေဖန်ကြမှာမဟုတ်ဘူး၊ ရှင်ဒီက အမြန်ဆုံး ထွက်သွားတာ အကောင်းဆုံးပါပဲ'

မုယူ့စိမ်း သက်ပြင်းချလိုက်သည်။

'ဒုက္ခပါပဲဗျာ၊ ကျုပ်ဘဝဟာ လမ်းပေါ်က ဆေလွှဲနှီးခွေးတစ်ကောင်နဲ့ မခြားတော့ပါလား၊ ဟိုလူ့ကြောက်ရ၊ ဒီလူ့ကြောက်ရ၊ ဘယ်သူ့ကိုမှ ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးတိမ်းရှောင်နေရတဲ့ အဖြစ်ကို စိတ်ကုန်ပါပြီဗျာ'



သူ၏ ညည်းညူစကားကြောင့် မိန်းကလေး စိတ်ဝင်စားသွားသည်။

'ရှင်က ရန်သူကို ရှောင်တိမ်းရင်း ဒီမြို့ကိုရောက်လာတာပေါ့၊ ဟုတ်လား'

မုယူ့စိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

တစ်ဆက်တည်းပင် မိန်းကလေးကို လက်ကာပြလိုက်ပြီး....

'ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ကျုပ်အကြောင်းကိုတော့ မပြောပါရစေနဲ့၊ ကျုပ်နဲ့ ပတ်သက်နေတယ်ဆိုတာ သိရင် ခင်ဗျားလဲ ဒုက္ခရောက်သွားနိုင်လို့ပါ'

မိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

'ကျွန်မ ဘယ်သူ့ကိုမှ အရေးမစိုက်ဘူးဆိုတာ ရှင်နားလည်ထားစေချင်တယ်၊ ရှင့်ကို ဒီက ထွက်သွားဖို့ပြောတာလဲ ဆိုင်ရှင်လူစုကိုကြောက်လို့ မဟုတ်ဘူး၊ ကျွန်မ ဒုက္ခရောက်နေတဲ့အချိန် ဘယ်သူနဲ့မှ ရန်မဖြစ်ချင်လို့ပါ'

'ဗျာ ခင်ဗျားလဲ ဒုက္ခရောက်နေတယ် ဟုတ်သလား'

'ဟုတ်တယ်'

'ဘယ်လို ဒုက္ခရောက်နေတာလဲဗျ'

မိန်းကလေး လက်ကာပြလိုက်သည်။

'ကျွန်မ ပြောမပြနိုင်တာ စိတ်မရှိပါနဲ့ရှင်'

'ဘာဖြစ်လို့'

မုယူ့စိမ်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။ အကြောင်းမှာ သူကိုယ်တိုင်က သူ၏အကြောင်းကို မပြောပြနိုင်

ခဲ့သဖြင့် မိန်းကလေး၏ အကြောင်းကို မေးရန်လည်း မသင့်ကြောင်း ဆင်ခြင်မိသောကြောင့် ဖြစ်ပေသည်။

မိန်းကလေးကို လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်ရင်း....

'ကျုပ်ကို အခုလိုလာပြီးသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ် ဒီမြို့က ထွက်သွားမှာပါ၊ ဒါပေမယ့် ခရီးပန်းလာလို့ တစ်ရက်နှစ်ရက်လောက်တော့ နားပါရစေဦး'

'ဒါဖြင့် ရှင်ထွက်မသွားဘူးပေါ့'

'ဟုတ်တယ်'

'ရှင်က သူတို့ကို ရင်ဆိုင်မယ်ပေါ့'

'ဟာ-မတရားတာ လုပ်ရင်တော့ ကျုပ်ဘယ်ခေါင်းငုံ့ခံနိုင်မှာလဲဗျာ'

မိန်းကလေးသည် မုယုံစိမ်းအား စိတ်ပျက်သွားပုံရသည်။ ခေါင်းခါယမ်းရင်း....

'ကောင်းပြီလေ၊ ရှင့်သဘောအတိုင်းပေါ့၊ ကျွန်မကို ခွင့်ပြုပါဦး'

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေသည်။ မုယုံစိမ်းလည်း သူမအား ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။



မိုးချုပ်သွားပြီ ဖြစ်သည်။ နေရောင်ခြည် ပျောက်ကွယ်သွားသည်နှင့် အမှောင်ထုက လွှမ်းမိုးနေရာယူလာသည်။

အိမ်တိုင်းအိမ်တိုင်း မီးများထွန်းညှိထားကြပြီးဖြစ်လေသည်။ စားသောက်ဆိုင်လည်း မီးရောင်များ ထိန်ထိန်လင်းနေသည်။

မုယုံစိမ်း အခန်းတွင်းမှထွက်ကာ စားသောက်ခန်းသို့ ဆင်းလာခဲ့သည်။

စန့်ကွမ်းရှောင်ချင်းထံမှ ရလာခဲ့သောဓားနှင့် ရွှေငွေအထုပ်ကလေးကိုပါ တစ်ပါတည်း ယူဆောင်လာခဲ့လေသည်။

စားသောက်ခန်းမ၌ လူစည်ကားနေသည်။ မုယုံစိမ်းသည် ချောင်ကျကျ စားပွဲတစ်လုံး၌ ဝင်ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်လေသည်။

ရေမိုးချိုး အဝတ်အစားလဲကာ သပ်ရပ်ခန့်ညားစွာ ပြုပြင်ထားပြီးဖြစ်၍ သူ၏ချောမောခန့်ညားသောရုပ်သွင် ပေါ်ပေါက်လာပြီဖြစ်ရာ သူ့အား ဆိုင်လုလင်များနှင့်ဆိုင်ရှင်လည်း အထင်မသေးဝံ့တော့ချေ။

မုယုံစိမ်းသည် စားရင်းသောက်ရင်း မိန်းကလေးကို သတိရနေမိသည်။ ထိုမိန်းကလေးအပေါ် အလိုလိုနေရင်း ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လျက်ရှိနေသည်။

မိန်းကလေးက သူ့အတွက် စိုးရိမ်တကြီးဖြင့် လာရောက်သတိပေးသွားခြင်းကြောင့်လည်း ကျေးဇူးတင်မိသည်။

သို့သော် ထွက်သွားရန်ကား စိတ်ကူးချေ၊ စားသောက်ပြီးသည်နှင့် မြို့ထဲသို့ လှည့်ပတ်ကြည့်ရှုရန်ပင် စိတ်ကူးထားလေ၏။

စားလက်စသိမ်းပြီး ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ် စားသောက်ဆိုင်ထဲသို့ လူတစ်စုဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ အထည်အလိပ်ဆိုင်ပိုင်ရှင်ဖြစ်ကြောင်း မုယုံစိမ်း ချက်ချင်း မှတ်မိလိုက်၏။

အထည်အလိပ်ပိုင်ရှင်သည် ခန္ဓာကိုယ် ထွားကြိုင်းသန်မာသူ တစ်ယောက်ဖြစ်၏။

ကျော၌ ဓားတစ်လက် ပိုးထားသဖြင့် ကုန်သည်ပွဲစား တစ်ယောက်နှင့် မတူဘဲ သိုင်းသမားတစ်ယောက်နှင့် တူနေပေသည်။

ထိုလူ အဘယ့်ကြောင့် ရောက်လာရသည်ကို မုယုံစိမ်း ချက်ချင်း နားလည်သဘောပေါက်လိုက်လေသည်။

ထိုလူစုသည် သူ့ထံမှ ပစ္စည်းများလုယက်ရန် ရောက်ရှိလာကြခြင်းပင် မဟုတ်ပါလား။

မိန်းကလေးပြောသော စကားများမှာ မှန်ကန်နေပြီဖြစ်ကြောင်း မုယုံစိမ်း ယုံကြည်လာ၏။

အထည်အလိပ်ဆိုင်ပိုင်ရှင် လူသန်ကြီးတို့လူစုသည် မည်သူ့ကိုမျှ အရေးမစိုက်ဘဲ အပေါ်ထပ်သို့ ခပ်သွက်သွက် ပြေးတက်သွားကြသည်။

မုယုံစိမ်း ပြုံးကြည့်နေသည်။ တခဏအကြာတွင် လူသန်ကြီးတို့လူစု ဝုန်းဒိုင်းကျဲအော အပေါ်ထပ်မှ ပြေးဆင်းလာကြသည်ကို တွေ့လိုက်ရသည်။



အပေါ်ထပ်၌ သူ့အားရှာမတွေ့သဖြင့်ဒေါပွကာ ပြန်ဆင်းလာကြခြင်းဖြစ်ပါသည်။

အောက်ထပ်သို့ ရောက်သည့်အခါ လူသန်ကြီးသည် ဆိုင်လုလင်တစ်ယောက်၏ လည်ဂုတ်ကိုဆွဲအော အသံဩကြီးဖြင့်...

'ဟေ့ အခန်းငါးက ဧည့်သည် ဘယ်ရောက်သွားပြီလဲ'

ဆိုင်လုလင်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မုယုံစိမ်းထိုင်နေသော စားပွဲဆီသို့ ညွှန်ပြလိုက်သည်။

'ဟို-ဟိုမှာ ရှိပါတယ်'

'သွားစမ်း'

လူသန်ကြီးက ဆိုင်လုလင်ကို တွန်းထုတ်အော မုယုံစိမ်းထံသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာလေ၏။

ဆိုင်လုလင်များသည် အဆောင်းစား သိုးမွှေးအင်္ကျီ ဝတ်ဆင်ထားပြီး သန့်သန့်ပြန့်ပြန့်ဖြစ်နေသော မုယုံစိမ်းကို မှတ်မိထားကြသည်။

ထို့ကြောင့် မုယုံစိမ်းကို ချက်ချင်းညွှန်ပြလိုက်ခြင်း ဖြစ်ပေသည်။ လူသန်ကြီး လျှောက်လာသည်ကို တွေ့သည့်အခါ မုယုံစိမ်း စိတ်ပျက်သွား၏။

သူတို့သည် လောဘဇောတက်အော လူစည်းကားသော စားသောက်ဆိုင်ထဲအထိဝင်ရန်ပြုရန် ရောက်ရှိလာကြပြီမဟုတ်လား။

လူသန်ကြီးသည် မုယုံစိမ်းရှေ့၌ ခါးထောက်ရပ်လိုက်ပြီး...

'မင်းတစ်ယောက်တည်း ဒီမြို့ကိုလာရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ မင်းအဝတ်အစားတွေကော ဘယ်မှာလဲ၊ မင်းအဖော်တွေ ဘယ်မှာပုန်းနေရစ်ခဲ့သလဲ'

မမျှော်လင့်သောစကားကြောင့် မုယုံစိမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လူသန်ကြီးကို နားမလည်စွာကြည့်ရင်း....

'ခင်ဗျား ဘာတွေ ပြောနေတာလဲဗျ'

'ဟွန်း- ငါ ဘာပြောတယ်ဆိုတာ မင်းနားလည်ရမှာပေါ့။ မင်း ငါ့ဆီက အထည်လိပ်ဖိုး ငွေတွေ လိမ်သွားတာ မေ့နေပြီလား၊ မင်းနဲ့ အတူပါလာတဲ့လူ့ကောင်၊ မင်းတို့နှစ်ယောက်ကို ကောင်းကောင်းကြီးဆုံးမရမယ် ငါ့ရဲ့ အထည်အလိပ်ဖိုး ငွေတွေ ပြန်ယူရမယ်'

ထိုစကားကြောင့် မုယုံစိမ်း ဒေါပွသွား၏။

လူသန်ကြီးကို စေ့စေ့ကြည့်ကာ...

'ခင်ဗျား လူမှားနေပြီဗျ'

'ဘာ-လူမှားနေတယ်ဟုတ်လား၊ ဟား-ဟား-ဟား-ဟား။ ရယ်စရာကောင်းလိုက်တာ၊ မင်းရုပ်ကို ခွေးချီသွားတောင် ငါ မှတ်မိတယ်ကွ'

သူက ဇွတ်အတင်း ပြောနေ၏။ စားသောက်နေသူများနှင့် ဆိုင်လုလင်များက သူတို့အား လှမ်းကြည့်ကြသည်။

လူတို့၏အကြည့်မှာ မုယုံစိမ်းက ဆိုင်ရှင်လူသန်ကြီးအပေါ် ကာလိန်ကျခဲ့သူဟု ထင်မှတ်နေကြသည့် သဘောပေါ်လွင်နေ၏။

မုယုံစိမ်းခံပြင်းသွားသည်။ တဆက်တည်းမှာပင် ဆိုင်ရှင်လူသန်ကြီးက သူ့အား တမင်အကွက်ဆင်၍ အရှက်ခွဲနေခြင်း ဖြစ်ကြောင်း တွေးမိလာသည်။



သို့မှသာ သူ့ထံမှ ရွှေငွေပစ္စည်းများ လုယူသည့် အခါ အများက တရားမျှတသည်ဟု ယူဆကြမည် မဟုတ်ပါလော။

မုယုံစိမ်း ဒေါသထွက်လာရလေသည်။

'ခင်ဗျားတော်တော် ယုတ်မာပါလား၊ ကျုပ်ဆီက ပစ္စည်းတွေလိုချင်လို့ တမင်သက်သက် အကွက်ဆင်နေတာ ကျုပ်မသိဘူးမှတ်နေသလား၊ ခင်ဗျား အကြောင်းကို ဟိုမိန်းမလေးလာပြောလို့ ကျုပ်သိပြီးပြီဗျ'

'ဘာ'

'ခင်ဗျားက ကျုပ်ဆီက ပစ္စည်းတွေ လုယူလို့တပည့်တပန်းတွေနဲ့ တိုင်ပင်နေတာ ကျုပ်မသိဘူးမှတ်နေသလား'

လူသန်ကြီးမျက်လုံးပြူးသွားသော်၊ မုယုံစိမ်းက ဆက်ပြော လိုက်၏။

'ခင်ဗျားဆိုင်မှာ ကျုပ်အဝတ်အစား ဝယ်တုန်းက ကျုပ်ဆီမှာ ရွှေငွေတွေရှိတာ ခင်ဗျားတွေ့သွားတယ်၊ ဒါကြောင့် လုယက်ဖို့ တပည့်တွေနဲ့ တိုင်ပင်နေတာကို ပစ္စည်းမေ့ကျန်ခဲ့လို့ ပြန်ဝင်ယူတဲ့ မိန်းကလေးတစ်ယောက်က တွေ့ခဲ့ ကြားခဲ့လို့ ကျုပ်ကို လာပြီး သတိပေးသွားပြီးပြီ ခင်ဗျား ဘာပြောဦးမလဲ'

ထိုစကားကြားသည့်အခါ စားသောက်နေသူများနှင့် ဆိုင်လုလင်များသည် သူတို့အား ထပ်လှည့်စီ ကြည့်မိကြတော့၏။

လူသန်ကြီး၏ ပြောစကားကို ယုံရမည်လား၊ မုယုံစိမ်း၏ စကားကိုယုံရမည်လား ဝေခွဲမရ ဖြစ်ကုန်ကြ၏။

လူသန်ကြီး ကြမ်းပြင်ပေါ် ခြေဆောင့်ကာ....

'အံ့သယ် မင်းကများ ငါ့ကိုမြှန်ပြီး မဟာဆု စွပ်စွဲနေပါသလား မပြောစမ်း အဲဒီ မိန်းကလေးက ဘယ်သူလဲ ခင်ဗျားက်ဆုပ် လက် ကိုင် သက်သေပြနိုင်ရင်ပြ မပြနိုင်ရင် သေဖို့သာပြင်ထား ဒီမြို့မှာ ငါဟာ လူကောင်းတစ်ယောက်ဆိုတာ လူတိုင်းသိကြတယ် ငါ့ ကို အရှက်ခွဲဖို့ ကြံစားမယ် မကြံနဲ့'

ပြောချင်း ရှေ့တိုးလာသည်။ ဆိုင်ရှင်လူသန်ကြီးမှာ ဉာဏ်မြို့ခံ တစ်ယောက်ဖြစ်၍ စားသောက်နေကြသူများက သူ၏ စကား ကို လက်ခံယုံကြည်သွားကြလေတော့သည်။

မုယုံစိမ်းမှာ ရုတ်တရက် မည်သို့ ပြန်ပြောရမှန်း မသိဖြစ် သွားလေ၏။ သူ့အား သတိပေးခဲ့သော မိန်းကလေး၏ အမည်ကို ပင် သူမသိချေ။

လူသန်ကြီးက...

'ပြောလေ မင်းပြောတဲ့ မိန်းကလေးက ဘယ်သူလဲ ပြော စမ်း၊ မြန်မြန်ပြောစမ်း'

မုယုံစိမ်း ပြန်မပြောနိုင်ချေ။

ထိုစဉ်မှာပင်....

'ကျွန်မ ပြောခဲ့တာ ရှင်၊ ရှင်တို့လူစု မဟုတ်တာ လုပ်ဖို့ တိုင်ပင်နေကြတာ ကျွန်မကိုယ်တိုင် ကြားခဲ့တာပဲ'

ရုတ်တရက် ကြည်လင်ပြတ်သားသော စကားသံ တစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လူသန်ကြီးတို့ လူစုအသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့် လိုက်ကြသည်။ ထိုအခါ စားသောက်ဆိုင်ထဲသို့ မိန်းကလေး တယောက် လှမ်းဝင်လာသည်ကို တွေ့မြင် လိုက်ရလေသည်။

လွင် ၈၁ ၆၀
ဒေါ်မြင့်သုံး/လိုင်း...

ထိုမိန်းကလေးကို တွေ့သည့်အခါ မုယုံစိမ်း ဝမ်းသာသွား၏။ အကြောင်းမှာ ထိုမိန်းကလေးသည် သူ့အားလာရောက် သတိပေးသွားသော မိန်းကလေး ဖြစ်နေခြင်းကြောင့်တည်း။

လူသန်ကြီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

'ဟင် သိုင်းဆရာကြီး တင်းချူးရဲ့သမီး တင်းတင်းပါလား'

လူသန်တို့အဖွဲ့မှ တစ်ယောက်က အံ့အားသင့်ခြင်းဖြင့် လှသံ ခနဲ ရေရွတ်လိုက်သည်။

'မှန်ပါတယ်ရှင် ကျွန်မဟာ သိုင်းဆရာကြီး တင်းချူးရဲ့ သမီးတင်းတင်းပဲ'

မိန်းကလေးစကားကို ကြားသည့်အခါ စားသောက်ဆိုင် တစ်ခုလုံး ငြိမ်ကျသွားလေတော့သည်။

တင်းတင်းက စားသောက်ဆိုင်ထဲ လှမ်းဝင်လာ၏။ လူသန် ကြီးတို့လူစု နောက်ဆုတ်သွားကြသည်။

'ညီမ'

မုယုံစိမ်းက ဝမ်းသာအားရ ထခုပ်လိုက်သည်။

တင်းတင်းက သူ့အား ပြုံးပြနှုတ်သိမ့်ရင်း....

'ရှင်ဘာမှမပူပါနဲ့ ရှင့်အမှန်အတိုင်းဖြစ်စေရမှာပေါ့၊ ကျွန်မ ဖေဖေ နေထိုင်တဲ့မြို့မှာ မတရားမှုတွေ မဖြစ်စေရဘူးလို့ ကျွန်မ အာမခံပါတယ်'

လူသန်ကြီးဒေါပွသွားသည်။

'မိန်းမလေး၊ မင်း ဘာလာရှုပ်တာလဲ'

တင်းတင်းမဲ့ပြုံးပြုံးသာ....

'ကျွန်မ လာရှုပ်တာ မဟုတ်ဘူး၊ ရှင်တို့မတရားလုပ်နေတာကို လက်ပိုက်ကြည့်မနေနိုင်လို့ ကြားဝင်ရှင်းပြတာရှင့်၊ ရှမ်းကိုး ရှင်ဟာ အထည်အလိပ်ကို ဘန်းပြပြီး မကောင်းမှုတွေ လုပ်နေတယ်ဆိုတာ ကျွန်မ မသိဘူးများ မှတ်နေသလား'

အထည်အလိပ်ပိုင်ရှင် လူသန်ကြီး၏အခေါ်မှာ ရှမ်းကိုးဖြစ်လေသည်။ တင်းတင်းကြောင့်အကြံပျက်သွားရသဖြင့် ရှမ်းကိုး ဒေါသခြောင်းခြောင်း ထွက်သွား၏။

'သိုင်းဆရာ တင်းချူးကို ငါလေးစားပါတယ်၊ ဒါပေမယ့် လူဟာ အစွယ်မရှိတဲ့ မြွေခွေးအိုကြီးလို သုံးမရတဲ့ ဒုက္ခိတဖြစ်နေပြီ မဟုတ်လား၊ သူ့ကို ဒုက္ခပေးဖို့ မရည်ရွယ်ဘူး၊ ကျုပ်တို့ကိစ္စထဲ စင်ရှုပ်တာလဲ လက်မခံနိုင်ဘူး'

'ဘာ...'

ဖခင်ဖြစ်သူအား အစွယ်ကျိုးနေပြီဖြစ်သော မြွေခွေးအိုကြီးဟု ခိုင်းနှိုင်းအပြောခံလိုက်ရသဖြင့် တင်းတင်း ဒေါသဖြစ်သွားလေသည်။

ရုတ်ခြည်း ရှေ့သို့ လှမ်းတက်ကာ....



'ရှင်စော်ကားလှချည်းလား၊ ရှင့်ကိုမှတ်လောက်သားလောက်အောင် ဆုံးမရမယ်'

ပြောရင်း လက်တစ်ဖက် ဆန့်ထုတ်လိုက်သည်။

'ဖြန်း....'

အသံတစ်ချက် ထွက်ပေါ်လာသည်။ လူသန်ကြီး၏ပါးပြင်၌ ချက်ချင်းလက်ငါးချောင်းရာထင်သွားသည်။

ရှမ်းကိုးသည်စပ်ဖျဉ်းဖျဉ်းဖြစ်သွားသောပါးပြင်ကိုလက်ဖြင့် ယောင်ယမ်းကိုင်မိ၏။

တင်းတင်းသာ....

'ရှင် ကျွန်မဖေဖေကိုလာပြီး ဒုက္ခပေးလို့ လက်စားချေဖို့ ဘယ်တော့မှ ကျွန်မ ကျေနပ်နိုင်မယ်မထင်နဲ့'

ရှမ်းကိုး၊ ဒေါသခြောင်းခြောင်းထွက်သွား၏။ မီးဝင်းဝင်း တောက်သောမျက်လုံးများဖြင့် တင်းတင်းကို စိုက်ကြည့်ရင်း-

'မင်း... မင်း ငါ့ကို ပါးရိုက်လိုက်တယ် ဟုတ်လား၊ သိကြသေးတာပေါ့ကွာ'

ပြောရင်း တင်းတင်းကို တိုက်ခိုက်လိုက်လေသည်။

'ရပ် ...ဗိုက်'

မုယုံစိမ်းက ရုတ်ခြည်းကြားဝင်ဟန့်တားသည်။ တန့်တားရင်း လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်၏။

ထို့ကြောင့် ရှမ်းကိုးမှာတင်းတင်းကိုမတိုက်ခိုက်နိုင်တော့ပဲ မုယုံစိမ်းဘက်လှည့်ကာ ရင်ဆိုင်လိုက်ရလေသည်။

မုယုံစိမ်းက လက်ဦးအောင် တိုက်ခိုက်နိုင်ခဲ့ခြင်းကြောင့်—

'အ ....'

'ဝုန်း—'

ရှမ်းကုန်းမှာ မသဲမကွဲအော်ညည်းကာ နောက်သို့ လွင့်စဉ်သွား၏။ ထိုအခါသူ၏ နောက်မှ လိုက်ပါလာသော လူငါးယောက်မှာ ချက်ချင်းပြေး၍ ပွေ့ထူဖေးမ လိုက်ကြသည်။

ရှမ်းကုန်း ပြန်လည်ထရပ်လာနိုင်လျှင်….

'မင်းတို့နှစ်ယောက်ကို မသတ်ရရင် ငါ့နာမည်ပျက်ဘူးကွ'

ပြောရင်း ဓားတစ်လက်ထုတ်ကာ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။ ဓားရောင်ဖွေးခနဲဝင်းလက်သွား၏။

ဟင်းတင်းက—

'သတိထား'

အော်ပြောရင်း မုယုစိမ်းအား တွန်းထုတ် လိုက်သည်။ ပြီးနောက် ရှမ်းကုန်းထံပြေးဝင်ရင်းဆိုင် လိုက်လေသည်။

သူတို့နှစ်ယောက် ရင်ဆိုင်လိုက်သည်နှင့် ကျန် လူများ တလည်း….

'သေပေတော့'

'မလွတ်စေနဲ့ ဝိုင်းထား'

'သုံးမလိုက်ကြစမ်းပေါ့'

တစ်ယောက်တစ်ပေါက် အော်ပြောရင်း မုယုစိမ်းထံ ပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

ဓားကိုယ်စီဖြင့် ပြေးဝင်တိုက်ခိုက်လာခြင်းကြောင့် မုယုစိမ်း ရင်ထိတ်သွား၏။

ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုငံ့ဘဲ နောက်ဆုတ်ရှောင်တိမ်းပေး လိုက်ရသည်။



ထိုအခါ ပြေးဝင်တိုက်ခိုက်လာသူများ၏ ဓားချက်များ မုယုစိမ်း ရှေ့မှစားပွဲကြီးကို အပိုင်းပိုင်းဖြစ်အောင် ခုတ်ချလိုက် ကြလေသည်။

'ဝုန်း….'

တင်းတင်းမှာ မုယုစိမ်းအတွက် စိတ်ပူသွား၏။

'သတိထား'

အော်ပြောရင်း ရှမ်းကုန်းအား နောက်ဆုတ်သွားအောင် တိုက်ထုတ်လိုက်သည်။

ထို့နောက် မုယုစိမ်းထံပြေးဝင်ကာ ကူညီတိုက်ခိုက်လိုက် လေသည်။ တင်းတင်းပြေးဝင်လာသည်နှင့် ထိုလူငါးယောက်မှာ ဓားကိုယ်စီဖြင့် ဆီးကြိုတိုက်ခိုက်လိုက်ကြ၏။

ဓားရောင်များ ဝင်းလက်သွားသည်။

လူရိပ်များ ရောထွေးသွားပြီး—

'အား….'

'အ့ွန်…'

'အမလေး'

စူးရှသောအော်ဟစ်သံများ ပေါ်ထွက်လာသည်။ ထိုလူငါးယောက်အနက် သုံးယောက်မှာ လူတခြား ခေါင်းတခြား ဖြစ်ကာ အဝေးသို့လွင့်စဉ်သွားကြ၏။

ထိုနည်းတူ တင်းတင်း၏လက်မောင်းတစ်ဘက်၌လည်း ဓား ဒဏ်ရာတစ်ချက် ရှပ်ထိသွားလေသည်။ မုယုစိမ်း ထိတ်လန့် သွား၏။

တင်းတင်း ဒဏ်ရာရရှိသွားသည့်အပြင် ရှမ်းကုန်းအား အသစ် ပြေးဝင်တိုက်ခိုက်လာခြင်းကြောင့် မနေနိုင်တော့ဘဲ...

'တင်းတင်း ဓားဖယ်လိုက်'

အမှတ်မထင် တင်းတင်း၏အခည်ကို အော်ခေါ်လိုက်မိ၏၊ တဆက်တည်းပင် စန်းကွမ်းရှောင်ချင်းထံမှ ရရှိခဲ့သော ဓားကို ဆွဲထုတ်ကာ ခုခံပေးလိုက်လေသည်။

ဓားမှ စိမ်းဖန့်ဖန့်အရောင်များသည် စားသောက်ခန်းမတစ်ခု လုံးကိုဖုံးလွှမ်းသွားသလို ထင်မှတ်လိုက်ရလေသည်။

'ချွမ်း'

ကျယ်လောင်သော အသံများလည်း ထွက်ပေါ်လာ၏၊ ရှမ်းကုန်း၏ လက်ထဲမှဓားနှင့် သူ၏ လူနှစ်ယောက် လက်ထဲမှ ဓားများသည် ထက်ပိုင်းကျိုးပြတ်သွား လေသည်။

ထို့ပြင် မုယုံစိမ်းခုတ်ချလိုက်သော ဓားဖျား ရှပ်ထိသွားသော ရှမ်းကုန်း၏ရင်ဝ၌ အဝတ်အစားများစုတ်ပြဲကာ သွေးချင်းချင်း နီရဲသွားလေသည်။

ရှမ်းကုန်းထိတ်လန့်ကာ လက်ထဲမှဓားကျိုးကို လွှင့်ပစ်ပြီး ချက်ချင်းခုန်ဆုတ်သွား၏။

'ကောင်းလိုက်တဲ့ဓား'

စားသောက်ခန်းမအတွင်းမှ လူတစ်ယောက်၏ ချီးကျူးသံ ထွက်ပေါ်လာသည်။ တင်းတင်းနှင့် မုယုံစိမ်းတို့ လှည့်မကြည့် ဖြစ်ကြပါချေ။

သူတို့သည် ရှမ်းကုန်းတို့လူစုကိုသာ အရေးစိုက်နေလေ၏၊ ရှမ်းကုန်းတို့လူစု ချက်ချင်းနောက်ဆုတ်သွားကြသည်။



'ခင်ဗျားတို့ ထွက်သွားရင်ကောင်းမယ်'

မုယုံစိမ်းအား ပြောလိုက်သည်။

ရှမ်းကုန်း အံထင်းတင်းကြိတ်ကာ သူ၏လူများကို ဆက်ဝေ ယမ်းပြလိုက်၏။

'သွားစို့'

ပြောပြီး ရှေ့ဆုံးမှပြေးသွား၏။

ကျန်လူငါးယောက်လည်း နောက်မှပြေးလိုက်သွားကြလေ တော့သည်။

* * *

## အခန်း ( ၉ )

စေတနာအတွက် ဝေဒနာခံ

ရှမ်းကုန်းတို့လူစု ထွက်ပြေးသွားကြပြီဖြစ်သည်။ ရှမ်းကုန်းတို့လူစုလက်ချက်ကြောင့် တင်းတင်း၏ လက်မောင်းတစ်ဖက်မှာ ဒဏ်ရာရရှိထားပြီဖြစ်၏။

တင်းတင်းအတွက် မုယုံစိမ်း စိတ်မကောင်းဖြစ်သွားသည်။

'ညီ…ညီမ ဒဏ်ရာကို ဆေးထည့်ဖို့လိုမယ်ထင်တယ်'

တင်းတင်း ရယ်မောလေ…

'ဒဏ်ရာရထားမှတော့ ဆေးထည့်ရမှာပေါ့ရှင်'

'ဟို…ဟို ကျုပ်က…'



တင်းတင်းက သူ၏လက်ထဲမှဓားကို ကြည့်လိုက်ပြီး…

'ရှင့်ဓားက တကယ့်ဓားကောင်းတစ်လက်ပဲ၊ ရှင်ဟာ သိုင်းပညာရှင်တစ်ယောက်ဖြစ်ရမယ်၊ ဘာကြောင့် ပညာလျှို့ထားရတာလဲရှင့်'

မုယုံစိမ်း ရည်သို့ပြန်ဖြေရမှန်းမသိအောင်ဖြစ်သွား၏။ သူသည် စန့်ကုမ်းရှောင်ချင်၏ဓားကို အမှတ်မထင် ထုတ်ယူအသုံးပြုမိလိုက်ပြီဖြစ်သည်။

အလွန်ကောင်းသော ဓားကောင်းတစ်လက်ဖြစ်ရာ မြင်သူတိုင်းက အလိုရှိကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် ဓားအိမ်ထဲပြန်ထိုးသွင်းကာ ပိုးစဖြင့် အပျော့ရစ်ပတ်သိမ်းဆည်းထားလိုက်လေသည်။

တင်းတင်း ပြုံးလိုက်သည်။ ဓားအကြောင်းမမေးတော့ဘဲ…

'ကဲ ရှင် ဒီမှာ ဆက်ပြီးတည်းခိုနေဦးမှာလား'

တင်းတင်းက စကားလမ်းကြောင်းပြောင်းကာ မေးလိုက်သည်။ မုယုံစိမ်း စိတ်ပျက်နေပြီဖြစ်သည်။

ရှမ်းကုန်းတို့လူစုက သူ့အား ကျေနပ်မည်မဟုတ်ပါ။ နောက်ထပ်ရန်မရှာတော့ဟု မပြောနိုင်ချေ။

'ကျုပ်သွားတော့မယ်ဗျာ'

မုယုံစိမ်း စိတ်ပျက်လက်ပြောသည်။

တင်းတင်းက…

'မိုးချုပ်နေပြီ၊ ရှင်ဘယ်သွားမလို့လဲ'

'ကျုပ်'

မုယုံစိမ်းသည်၊ ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွား၏။

တင်းတင်းက...

'ရှင့်မှာ ရွှေငွေရတနာပစ္စည်းတွေ ရှိနေတဲ့အပြင်၊ မြား ကောင်းတစ်လက် ရှိနေတယ်ဆိုတာလဲ လူအတော်များများ သိသွားကြပြီ၊ ဒါကြောင့် ရှင့်ကို နှောင့်ယှက်မယ့်လူတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတော့မှာပဲ၊ ဘေး အန္တရာယ်ကင်းကင်းနေချင်တယ်ဆိုရင် ဒီမြို့မှာ နေရာတစ်ခုရှိ ပါတယ်'

'ဘယ်နေရာလဲ၊ ကျေးဇူးပြုပြီး ပြောပြပါဗျာ'

မုယုံစိမ်းက အားတက်သရော မေးလိုက်သည်။

တင်းတင်းက...

'တင်းဂေဟာပေါ့'

'ဗျာ'

'တင်းဂေဟာမှာလ တင်းဂေဟာကို ဘယ်သူမှ သွားပြီး မနှောင့်ယှက်ဝံ့ကြဘူးရှင့်၊ တင်းဂေဟာမှာ ရှင့်အတွက် တစ်သု တာလောက် ဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်နိုင်လိမ့် မယ်လို့ ကျွန်မ အာမခံပါတယ်'

မုယုံစိမ်း သဘောကျသွား၏။ လူရှုပ်သော ဤစားသောက် ဆိုင်မှ ထွက်သွားလိုပြီဖြစ်သည်။

ထို့ကြောင့်...

'တင်းဂေဟာ ဘယ်မှာရှိတယ်ဆိုတာ ညွှန်ပြပါအားဗျာ'

တင်းတင်းက သူ့အားစိုက်ကြည့်အာ...

'ရှင် သွားချင်လို့လား'

'ဟုတ်ပါတယ်'



'ဒါဖြင့် ကျွန်မ လိုက်ပို့ပေးပါမယ်၊ ကျွန်မနောက် လိုက်ခဲ့ ပါရှင်'

'ကျေးဇူးတင်လိုက်တာဗျာ'

'ကိစ္စမရှိပါဘူးရှင်၊ အခက်အခဲတွေနေတဲ့လူကို ကူညီရမယ် လို့ ကျွန်မဖေဖေ မှာထားတယ်ရှင့်'

တင်းတင်းသည် စားသောက်ဆိုင်မှ လှမ်းထွက်သွား ၏၊ မုယုံစိမ်းလည်း ကျသင့်ငွေပေးချေကာ တင်းတင်းနောက် သို့ လိုက်သွားလေသည်။

*

ညဉ့်နက်ပြီဖြစ်သည်။ မြို့ထဲမှ အချို့အဆောက်အအုံများပင် မီးမှိတ်ကာ အိပ်ရာဝင်နေပြီဖြစ်လေသည်။

လမ်းမများပေါ်၌ လူသွားလူလာ နည်းပါးသွား၏။ တင်းတင်းသည် လမ်းမအတိုင်း မြို့တောင်ဘက်ဆီသို့ ဦးတည် လျှောက်သွားသည်။

မုယုံစိမ်းက နောက်မှ လိုက်ပါလာ၏။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လျှောက်လာရင်း မြို့တောင်ပိုင်းသို့ ရောက်မှန်းမသိ ရောက်ရှိလာကြသည်။

မြို့တောင်ပိုင်းအရောက်တွင် ကြီးမားသော ခြံဝင်းကျယ်ကြီး တစ်ခုကို တွေ့မြင်ရ၏။

တင်းတင်းသည် ထိုခြံဝင်းထဲသို့ ဝင်သွားသည်။ မုယုံစိမ်း က နောက်မှလိုက်ဝင်၏။

ခြံဝင်းအတွင်း၌ ခန်းနားသော အဆောက်အဦးကြီး တစ်လုံးရှိနေပြီး မီးရောင်များ ထိန်ထိန်လင်းနေသည်ကို တွေ့မြင်ရသည်။

တင်းတင်းဝင်လာသည်နှင့်....

'ဟော သခင်မလေး ပြန်လာပြီ'

စကားသံနှင့်အတူမိန်းကလေးနှစ်ယောက်ပြေးထွက်ကြိုဆိုကြသည်ကို တွေ့မြင်ရသည်။

ထိုမိန်းကလေး နှစ်ယောက်မှာ တင်းတင်းနှင့် သက်တူရွယ်တူခန့်ရှိပြီး အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

တင်းတင်းအား ရှိရှိသေသေ ဆက်ဆံသည်ကို တွေ့ရသဖြင့် မုယုံစိမ်း အံ့ဩသွားသည်။ ထိုစဉ် တင်းတင်းက သူ့အား လှည့်ကြည့်ကာ ပြုံးပြုံးရင်း....

'အထဲကိုကြွပါရှင်'

ဟု ဖိတ်ခေါ်လိုက်၏။

မုယုံစိမ်း မျက်းမှောင်ကြုတ်ကာ....

'ခင်ဗျားက တင်းဂေဟာကို လိုက်ပို့မယ်ဆို'



'ဟုတ်တယ်လေ'

'ဒါဖြင့်'

'ဒါက တင်းဂေဟာ ပေါ့ရှင့်'

'ဗျာ'

မုယုံစိမ်း ပါးစပ်အဟောင်းသား ဖြစ်သွားသေးသည်။

တင်းတင်းက....

'ကျွန်မအဖေပါ အထင်မလွဲပါနဲ့ရှင်၊ ရှင့်အတွက် ကျွန်မတို့ တင်းဂေဟာက အလုံခြုံဆုံး စိတ်အချရဆုံးပါပဲ၊ ဒါကြောင့် ရှင့်ကို ခေါ်လာတာပါ'

မုယုံစိမ်း ပါးစပ်ပိတ်ထားလိုက်လေသည်။ တင်းတင်းက ဆမ်းပြခေါ်ဆောင်သွား၏။

မုယုံစိမ်းလည်း နောက်မှ လိုက်သွားလေသည်။ ဂေဟာ အတွင်းသို့ ရောက်သည့်အခါ တင်းတင်းက....

'ကျွန်မအဖေဖနဲ့ တွေ့ဖို့ ရှင်စိတ်ဝင်စားမယ် ထင်ပါတယ်'

မှန်ပေသည်။ အစွယ်ကျိုးနေသည့်မြွေဆိုးအိုကြီးဟု ရှမ်းကုံးက တင်စားပြောခဲ့သော တင်းတင်း၏ဖခင် တင်းကျိုးအား စိတ်ဝင်စားနေမိသည်။

ယခု တင်းတင်း၏စကားကြောင့် တင်းကျိုးအား တွေ့လိုစိတ်များ ပို၍ပြင်းပြလာ၏။

ထို့ကြောင့်....

'တွေ့ခွင့်ရရင် ကောင်းတာပေါ့ဗျာ'

တင်းတင်း ဝမ်းသာသွားပုံရ၏။ အခန်းတစ်ခုသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားသည်။

'သမီး ပြန်ရောက်လာပြီလား၊ ညှော်သည်လဲ ပါလာတာကိုး'

အခန်း တစ်ခန်းရှေ့သို့ ရောက်သည်နှင့် အတွင်းဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ မုယုံစိမ်း အံ့သြသွား၏။

ခြေသံကြားရရုံဖြင့် အတွင်းဘက်မှလူက သူတို့ရောက်လာကြောင်း သည်ကို ခွဲခြားသိထားနေသည် မဟုတ်ပါလား။

'ဟုတ်ပါတယ်ဖေဖေ'

တင်းတင်းက ပြောရင်း အခန်းတံခါးတွန်းဖွင့်ကာ ဝင်သွားလေသည်။

'ကျွန်မနောက် လိုက်ခဲ့ပါရှင်'

မုယုံစိမ်းကိုလည်း ခေါ်၏။ မုယုံစိမ်း ခေါင်းညိတ်ကာ တင်းတင်းနောက်မှ ကပ်လျက် အခန်းတွင်းသို့ လှမ်းဝင်၏။

အတွင်းဘက်ရောက်သည့်အခါ အခန်းသည်၊ ကြီးကျယ်ခန်းနားလှသော ခန်းမဆောင်ကြီးတစ်ခုဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။

*



ခန်းမဆောင်ကြီးသည် လွန်စွာကျယ်ဝန်းခန့်ညားလှပေ၏။ ခန်းမဆောင်ကြီး၏ ဝဲဘက်တစ်နေရာတွင် ခုတင်ကြီးတစ်လုံး ချထားပြီး ထိုခုတင်ပေါ်တွင် လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့ရ၏။

ဂွမ်းစောင် အထပ်ထပ်ခြုံထားပြီး မျက်နှာကိုသာ ဖော်ထားပေသည်။

အခန်း၏ နံရံလေးဘက်လေးတန်၌ ဓာလှံ လက်နက်များ အစီအရီ ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။

ရုတ်တရက်ကြည့်လျှင် သိုင်းလောကသူခန်းမ တစ်ခုဟုပင် ထင်မှတ်ရမည် ဖြစ်ပေသည်။

တင်းတင်းသည် ခုတင်ထက်၌ လဲလျောင်းနေသော အဘိုးအိုထံ ပြေးသွားသည်။ မုယုံစိမ်းအား အခန်းတွင်းလှည့်ပတ် ငေးမော ကြည့်ရှုနေမိ၏။

'ဖေ–ဖေ'

တင်းတင်း၏စကားသံ ထွက်ပေါ်လာသည်။ ခုတင်ပေါ်၌ လဲလျောင်းနေသော အဘိုးအို မျက်လုံးလှန်ကြည့်သည်။

'သမီး ဒီနေ့ နောက်ကျလှချည်လား'

'ဟုတ်ပါတယ်ဖေဖေ၊ ကိစ္စလေးနည်းနည်း ရှိလို့ပါ'

'ဒါထက် သမီး ညှော်သည်ကို ဖေဖေနဲ့ မိတ်ဆက်ပေးပါဦး'

တင်းတင်းက မုယုံစိမ်းကို လှမ်းကြည့်လိုက်သည်။ မုယုံစိမ်းက ခပ်သွက်သွက်လျှောက်လာကာ လက်နှစ်ဘက် ဆုပ်၍ ဦးညွှတ်လိုက်၏။

'ကျွန်တော် မုယုံစိမ်းပါ ဂါရဝပြုပါတယ်ခင်ဗျာ'

အဘိုးအိုက သူ့အား စူးရှသောမျက်လုံးများဖြင့် ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

အဘိုးအို၏ မျက်လုံးများကို အကဲခတ်ကြည့်ရုံဖြင့် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်း နားလည်လိုက်သည်။

အဘိုးအိုက...

'ငါကတော့ ကောင်းချီးပါ၊ ဒါထက်မင်းကပထမဆရာ မုယုံချန်းနဲ့ ဘယ်သို့ပတ်သက်နေသလဲ'

ထိုစကားကြားသည့်အခါ မုယုံစိမ်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားလေ၏။ အဘိုးအိုသည် ရန်သူလား မိတ်ဆွေလားဆိုသည်ကို မုယုံစိမ်း မသိပါ။

အဘိုးအိုသည် သူ၏ဖခင်အမည်ကို ကြားဖူးသူ ဖြစ်ရမည်ဟု တွက်ဆမိသည်။ ဖခင်နှင့် ပတ်သက်နေခြင်း မရှိဟု သူမပြော မထွက်ချေ။

မည်သို့သော အန္တရာယ်ကြုံတွေ့ရပါစေ၊ သူသည် ဖခင်ကြီး မုယုံချန်း၏ သားသမီးဖြစ်သည်။ မိမိအကျိုး ကို ငဲ့ကွက်၍ မျိုးရိုးကို ထိပ်ဝှက်ဖုံးကွယ်လိမ့်မည် မဟုတ်ချေ။

'ပထမဆရာ မုယုံချန်းဟာ ကျွန်တော့်ရဲ့ဖခင်ပါဗျာ'

မုယုံစိမ်းက ရင်ကော့၍ပြောလိုက်၏။

ထိုစကား ကြားလျှင် တင်းတင်း၏အမူအရာ ပြောင်းလဲသွားသည်ကို တွေ့ရသည်။

အဘိုးအိုကား ဦးခေါင်း ကိုတဆက်ဆက်ညိတ်နေသည်။

'အင်း ပထမဆရာ မုယုံချန်းဟာ သိုင်းလောကရဲ့ ရှေးဆောင်သိုင်းသမားကြီးတစ်ယောက်ပါ၊ သူဟာတစ်



တစ်ခုလုံးအရေးတည့်ပြီး သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ခဲ့တဲ့ လူတစ်ယောက်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့်ငါ့ရှင်းတာက သူဟာဘာ့ကြောင့် ဝံသူတော် ရှောင်ဖုန်နဲ့ ပူးပေါင်းခဲ့တာလဲ မိတ်ဆွေတွေကို ရန်ပြုခဲ့တာ၊ ဒီအချက်တွေဟာ အဝိမတန်အံ့ဩစရာကောင်းနေတယ်၊ ဒါကို မင်းရှင်းပြနိုင်ရင် ရှင်းပြပါလား'

တင်းတင်းကသည်း....

'ရှင်ဟာ ပထမဆရာ မုယုံချန်းရဲ့သားကိုး၊ ဒီလိုဆိုရင် ရှင့်အတွက် ကျွန်မစိုးရိမ်ခဲ့တာ အပိုဖြစ်သွားပြီပေါ့၊ ရှင့်ရဲ့ သိုင်းပညာနဲ့ ရှမ်းကုန်းတို့လူစုကို တောင်းအောင်းကြီး အနိုင်ယူနိုင်တာပဲ'

သူမ၏စကားသံတွင် မခံချမနပ်စွက်ဖက်နေကြောင်း ထင်ရှားသည်။ မုယုံစိမ်းသက်ပြင်းချလိုက်၏။

'ဦး... ကျွန်တော့် ဖေဖေဟာ ဝံသူတော် ရှောင်ဖုန်နဲ့ ပူးပေါင်းပြီး မိတ်ဆွေတွေအပေါ် သစ္စာဖောက်ခဲ့တယ်ဆိုတာ ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်သလဲဗျာ၊ ကျေးဇူးပြုပြီး ရှင်းပြပါလား'

ဖခင်ဖြစ်သူ၏ မကောင်းသတင်း ကြားလိုက်ရခြင်းကြောင့် မုယုံစိမ်းရင်ထဲ၌ ခံပြင်းနေမိလေသည်။

အဘိုးအိုက တင်းတင်းကိုကြည့်ကာ—

'သမီး ရှင်းပြလိုက်ပါကွယ်'

တင်းတင်းက....

'မကြာသေးခင်က သိုင်းလောကမှာ ထူးခြားတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်၊ ပထမဆေးမုယုံချန်းဟာ ချန်ကျန်း မြစ်ကမ်းနံဘေးမှာ ဝသူတော်ရှောင်ဖုံနဲ့တွေ့ပြီး ရင်ဆိုင် တိုက်ခိုက်ခဲ့တယ်တဲ့၊ ဒါပေမယ့်တကယ်တန်း ရင်ဆိုင်တိုက်ခိုက် ခြင်းမပြုဘဲ ဝသူတော်ရှောင်ဖုံးနဲ့ ပူးပေါင်းခဲ့တာတဲ့၊ ဝ သူတော်ရှောင်ဖုံးက ဝပုလွေသိုင်းကျမ်းကို လက်ဆောင်ပေး တာကိုတောင် လက်ခံယူပြီး တိတ်တဆိတ် လေ့ကျင့်ခဲ့တယ်လို့ သတင်းထွက်ပေါ်လာခဲ့ပါတယ်'

ပြောရင်း မုယုံ စိမ်းအား အကဲခတ် ကြည့်လိုက်လေသည်။ မုယုံစိမ်းအံ့ကြိတ်ထား၏။

သေဆုံးသွားပြီ ဖြစ်သောဖခင်ကြီးမှာ မသမာသူ၏လုပ်ကြံ သတင်းဖြန့်မှုကြောင့် နာမည်ပျက်နေရပြီ မဟုတ်ပါလား။

တင်းတင်းက ဆက်ပြောလိုက်ပြန်သည်။

'ဒီအကြောင်း သိသွားလို့ မိတ်ဆွေတွေကသွားပြီး တားဆီး ခဲ့ကြတဲ့အခါ သူအနေနဲ့ပြုပြီး မိတ်ဆွေတွေကိုတောင် လုပ်ကြံ သတ်ဖြတ်ပစ်ဖို့ ကြိုးစားခဲ့သေးတယ်တဲ့၊ သူ့ရဲ့မိတ်ဆွေတွေဟာ ဘယ်လိုပဲ သည်းခံပေမယ့် မရတဲ့နောက်ဆုံး ရင်ဆိုင်တိုက်ခိုက် ခဲ့ကြရတယ်။ သိုင်းလောကအသားအကျိုးအတွက်မို့ ပထမဆေး မုယုံချန်းကို တားဆီးဖို့ ပြင်းပြင်းထန်ထန် စုပေါင်းကြိုးစားခဲ့ ကြရတာပဲ၊ ဒါကြောင့် နောက်ဆုံးမှာ ပထမဆေး မုယုံချန်း သေဆုံးသွား...'

'တော်ပါတော့'



မုယုံစိမ်းက ကြားဖြတ်အော်လိုက်သည်။ တင်းတင်းပါးစပ် ပိတ်သွားသည်။

မုယုံစိမ်းကိုလည်း လှမ်းကြည့်လိုက်မိသည်။ မုယုံစိမ်း၏ခန္ဓာ ကိုယ်သည် တဆတ်ဆတ်တုန်ယင်နေပါသည်။

'ဒေါသကြောင့် မျက်နှာမှာ နီရဲနက်ထန်နေ၏။

အဘိုးအိုတင်းချူးက....

'မင်းရဲ့ဖခင်အကြောင်းကြားရလို့ စိတ်ထိခိုက်သွားတာလား'

မုယုံစိမ်း အံကြိတ်ထား....

'ဒီသတင်းတွေ ဘယ်သူလွှင့်တယ်ဆိုတာ ပြောစမ်းပါဗျာ'

'ငွေမင်းသား ကျောင်းစုအိမ်က သိုင်းလောကသားတွေကို ဖိတ်ခေါ်ပြီး ရှင်းပြခဲ့တာပါ၊ ဒါကြောင့် ဒီသတင်းဟာ သိုင်း လောကတစ်ခုလုံး ပျံ့နှံ့သွားတာပေါ့'

'တောက်...လူယုတ်မာကြီး'

မုယုံစိမ်း ဒေါသအိုးပေါက်ကွဲသွား၏။

တင်းတင်းနှင့် တင်းချူးတို့က သူ့အား မျက်တောင်မခတ် ကြည့်နေကြသည်။

မုယုံစိမ်းက ဆက်ပြောလိုက်၏။

'ဝပုလွေသိုင်းကျမ်းကို တအယ်တမ်းလိုချင်တာက လူယုတ် မာကြီး ကျောင်းစုအိမ်ဗျ၊ သူကပဲ ဦးလေးဟွာကိုဖုံး၊ ကျောက် စုနဲ့ ရှီဟုန်တို့ကိုစည်းရုံးပြီး ဖေဖေ့ကိုလုပ်ကြံခဲ့တာ၊ လုပ်ကြံ ရုံတင်မကဘူး၊ ဖေဖေ့ရဲ့ဂုဏ်သိက္ခာကို ကျအောင်လုပ်ခဲ့ကြတယ်၊ သူတို့ကို ကျွန်တော် ဘယ်တော့မှမကျေဘူးဗျ'

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ တင်းတင်းနှင့် တင်းချူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

မုယ့်စိမ်းပြောနေသောစကားများနှင့် သူတို့ကြားခဲ့ရသော သိုင်းလောကသတင်းများမှာ ဆန့်ကျင်ခြားနားနေသည်မဟုတ်ပါလား။

'သိုင်းလောကမှာထွက်ပေါ်နေတဲ့သတင်းတွေဟာ ကျောင်းစုအိမ် လုပ်ကြံပြောဆိုတာလို့ ရှင်ဆိုလိုတာပေါ့ ဟုတ်လား'

တင်းတင်းက မေးသည်။

'ဟုတ်တယ်၊ သူက လူယုတ်မာပဲ၊ သူလိမ်ပြောနေတာဗျ'

'ဒါပေမယ့် သူ့စကားကို သိုင်းလောကသားတွေ ယုံကြည်နေကြပါလား'

'ဘာ....'

မုယ့်စိမ်း ခံပြင်းသွား၏။

တင်းတင်းက...

'သူပြောတာ မဟုတ်ဘူးဆိုရင် ရှင်က သိုင်းလောကသားတွေကိုဖိတ်ခေါ်ပြီး ရှင်းပြပါလားရှင့်၊ ဒါမှမဟုတ် ကျောင်းစုအိမ်နဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး ဖြေရှင်းပါလား'

မုယ့်စိမ်း ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား ကျုပ်က ဘာကြောင့် မရှင်းပြရမှာလဲ၊ တစ်နေ့ ဒီကိစ္စကို အမှန်အတိုင်းပေါ်ပေါက်လာအောင် ရှင်းရမှာပဲ၊ ကျောင်းစုအိမ်နဲ့လဲ ထိပ်တိုက်ရင်ဆိုင်ရမှာပဲဗျ'



'ရှင်အခု ရှင်းမပြနိုင်သေးဘူးပေါ့'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲရှင့်'

'ဘာကြောင့်လဲဆိုတော့ ကျောင်းစုအိမ်က သူ့ရဲ့ မတရားလုပ်ရပ်တွေမပေါ်အောင် ကျုပ်ကိုပါ ရှင်းပစ်နေလို့ပါ၊ အမှန်အတိုင်းပြောရရင် သူနဲ့ ထိပ်တိုက်ရင်ဆိုင်နိုင်တဲ့ အရည်အချင်း ကျုပ်မှာ မရှိသေးလို့ဗျ'

တင်းတင်းနှင့် တင်းချူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

မုယ့်စိမ်းလည်း အဖြစ်မှန်များ ရှင်းပြလိုစိတ် ရင်ထဲ၌ တဖွားဖွား ပေါ်ပေါက်လာလေသည်။

သို့သော် တင်းတင်းနှင့် တင်းချူးတို့မှာ မည်သို့သောလူစားမျိုးဖြစ်ကြောင်း အသေအချာ မသိရသေးသဖြင့် စိတ်ကို ထိန်းချုပ်ထားလိုက်ရလေသည်။

ထိုစဉ် တင်းချူးထံမှ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

'ပထမတော့ မုယ့်ချန်းနဲ့ ငါဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ မဟုတ်ကြပေမယ့် တစ်ယောက်ကိုတစ်ယောက် သိကျွမ်းကြပါတယ်၊ သူဟာ လေးစားကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုတာ ငါသိပါတယ်၊ ဒါကြောင့် သူ့ရဲ့သတင်းကြားရတဲ့အခါ အတော့်ကိုအံ့ဩမိတယ်၊ သူဟာ တကယ်ပဲ မိတ်ဆွေတွေအပေါ် သစ္စာဖောက်ပြီး လူဆိုးကြီးတစ်ယောက်နဲ့ ပူးပေါင်းခဲ့သလား

ဆိုတာ ဝေခွဲမရဘူး၊ ဒီကိစ္စမှာ ထူးခြားချက်တစ်ခုရှိရမယ်ဆိုတာ တွေးမိတယ်၊ စုံစမ်းကြည့်ချင်ပေမယ့် အခွင့်မသာခဲ့ဘူးကွယ့်'

'ကျွန်တော့်ဖေဖေကို မတရားသက်သက် နာမည်ပျက်အောင် လုပ်ကြတာပါ၊ သူတို့ဟာ လုပ်ကြံသတ်ဖြတ်လို့ အားမရသေးတဲ့ နာမည်ပျက်အောင်ပါ လုပ်နေကြတာပါ။

'ဘာပဲဖြစ်ဖြစ် အမှန်တရားပေါ်ပေါက်လာအောင်ကျွန်တော် ဖြေရှင်းရမှာပဲ'

တင်းချူးခေါင်းညိတ်လိုက်သည်။

'အင်း မင်းဟာ အဖြစ်မှန်ကို သိထားတဲ့ လူဆိုတာ ငါယုံကြည်တယ်၊ တို့ကိုအမှန်အတိုင်းရှင်းပြပါလား၊ တို့ကူညီနိုင်ရင် ကူညီတာပေါ့'

ထိုအခါ တင်းတင်းဆာစိုးရိမ်ကြောင့်ကြသော လေသံဖြင့်—

'ဖေဖေ ဖြစ်ပါ့မလားဖေဖေ'

'ဘာဖြစ်လို့လဲ သမီးရဲ့'

'ဖေဖေ ဖေဖေဟာ ဝေဒနာ ခံစားနေရတယ် မဟုတ်လား၊ ပထမဝါး မုသုံချွန်းရဲ့ ကိစ္စဟာ အတော်အလေး လေးနက်ရှုပ်ထွေးမယ်လို့ သမီး ထင်ပါတယ်၊ တော်ကြာ ဖေဖေ့အတွက် အန္တရာယ်....

စကားဆုံးအောင်မပြောဘဲ ရပ်ကာ တင်းချူးအား စိုးရိမ်ပူပန်သောအကြည့်ဖြင့် ကြည့်နေလိုက်လေသည်။

တင်းချူးက ခေါင်းယမ်းလိုက်ရင်း—



'ဖေဖေ့အတွက် ဘာမှမပူပါနဲ့သမီးရယ်၊ အိပ်ရာထဲလဲနေရပေမယ့် စိတ်ဓာတ်ဟာသိုင်းလောကမှာ ကျင်လည် ကျက်စားနေတုန်းကလို လန်းလန်းဆန်းဆန်း ရှိနေဆဲပါ၊ မတရားမှုမှန်သမျှ ရင်ဆိုင်ဖြေရှင်းဖို့ ဖေဖေဝန်မလေးပါဘူး၊ ကိစ္စဘာလဲထူးခြားမှုရှိနေလိမ့်မယ်၊ သမီး ဒီနေ့ည ဖေဖေစိတ်ပျော်ရွှင်လာအောင် လုပ်ပေးနိုင်ခဲ့တာပဲ'

မှန်ပါသည်။

ခါတိုင်းထက်ပို၍ တက်ကြွရွှင်လန်းနေ၏။

ယခင်ရက်များက ဆိုလျှင် တင်းချူးမှာ အိပ်ရာထဲလဲကာ စိတ်ပျက်အားငယ်နေခဲ့သည်။

ယနေ့ညလို စကားများများပြောခြင်းလည်း မရှိချေ။

ယခုတော့ မုယုံစိမ်နှင့် စကားဖောင်ဖွဲ့နေပေသည်။

'ငါသိုင်းလောကမှာ ငါနှစ်ပေါင်းအတော်ကြာအောင်ကျင်လည်ကျက်စားခဲ့တယ်၊ မတရားမှုတွေကိုတိုက်ဖျက်ပြီး အများအကျိုးကို အသက်စွန့်ဆောင်ရွက်ခဲ့တယ်။

'မင်းကြည့်စမ်း၊ ဒီအခန်းထဲမှာချိတ်ဆွဲထားတဲ့လက်နက်တွေကို တွေ့တယ်မဟုတ်လား၊ ဒါတွေ အားလုံးဟာ မကောင်းမှုဒုစရိုက်တွေကိုလုပ်ပြီး၊ အများပြည်သူကိုဒုက္ခပေးနေတဲ့ လူဆိုးလူမိုက်တွေကိုင်ဆောင်ခဲ့တဲ့ လက်နက်တွေပဲ၊ သူတို့ကိုရှင်းလင်းပြီး သူတို့ရဲ့လက်စွဲတော်လက်နက်တွေကိုသိမ်းဆည်းထားခဲ့တယ်လေ၊ အခုတော့ အမှတ်တရကြည့်ရှုပဲရှိတော့တာပေါ့၊ ဒါပေမယ့် ငါ

တာဘယ်လောက်ပဲ အများအကျိုးကိုဆောင်ရွက်ခဲ့တယ် ထား ဦး၊ မင်းအဖေရဲ့ခြေဖျားကိုတောင် မမီနိုင်တာအမှန်ပဲ'

တင်းချူးသည် သူ၏ဖခင်အား လေးစားကြည်ညိုသူ ဖြစ်ကြောင်း မုယုံစိမ်းနားလည်လာသည်။

တင်းချူးသည် သူ၏ဖခင်နှင့် ခေတ်ပြိုင် ကြော်ကြားခဲ့သူ ဖြစ်ရမည်ဟုလည်း တွက်ဆမိ၏။

သူ၏ဖခင်အား သေဆုံးသွားချေပြီ။

ထို့အတူ တင်းချူး မှာလည်း လူမမာအဖြစ် အိပ်ရာထဲ လဲနေပေပြီ။

အဘယ်ကြောင့် ယခုလို အိပ်ရာထဲ လဲနေရသည်ကို သိချင်လာ၏။

'ကျွန်တော်ဟာ မုယုံချန်းရဲ့ သားဖြစ်ပေမယ့် သိုင်းလောကနဲ့ ဝေးကွာနေခဲ့လို့ ဦးနာမည်ကိုမသိတာခွင့်လွှတ်ပါ၊ ဦးဘာ ဘယ်လိုရောဂါဝေဒနာ ရနေတယ်ဆိုတာ ပြောပြနိုင်ရင်ပြောပြ ပါလားဗျာ'

တင်းချူးက ပြုံးလိုက်သည်။

'ငါ မင်းကိုရင်းရင်းနှီးနှီးပဲဆက်ဆံမယ်၊ ကြားရတဲ့သတင်း စကားတွေကို မယုံဘဲမင်းစကားကိုပဲ လက်ခံလိုက်မယ်၊ မုယုံ ချန်းတာ အသက်ရှင်သေးတဲ့အထိ မကောင်းတာလုပ်မယ့်လူ မဟုတ် ဘူးဆိုတာ ငါယုံတယ်၊ ဒါကြောင့် ဘယ်သူ့ကိုမှ အသိမပေး တဲ့ ငါ့ရဲ့လျှို့ဝှက်ချက်ကို ပြောပြမယ်'



တင်းတင်းက စိုးရိမ်ပူပန်သော မျက်နှာထားဖြင့် ဖခင်ဖြစ်သူတင်းချူးကိုလှမ်းကြည့်လိုက်သည်။

'ဖေဖေ အားလုံးက ဖေဖေရှိုးရှိုးနေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေတာလို့ပဲထင်ကြတယ်၊ ဖေဖေ့အကြောင်း ဝေဖန်ပြောဆိုနေကြပေမယ့် ဘယ်သူကမှ လာပြီးမေးမြန်းနှုတ်ဆက်ကြပါဘူး၊ တကယ်လို့များ ဖေဖေခံစားနေရတဲ့ ဝေဒနာအစစ်အမှန်ကိုသာ သိသွားကြရင်—'

သူမ၏ စကားမဆုံးမီ တင်းချူးက လက်ကာပြလိုက်လေသည်။

'ကိစ္စမရှိဘူး၊ သူ့ကို ဖေဖေ ယုံကြည်ပြီ စိတ်ချပါတယ်ကွယ်၊ သူဟာ ပထမဆုံး မုယုံချန်းရဲ့ သားဆိုတော့ မုယုံချန်းရဲ့သွေး ပါမှာပဲမဟုတ်လား'

ထိုစကားကြားသည့်အခါ မုယုံစိမ်းမှာ ကြက်သီးမွေးညင်း ထသွားလေသည်။ မှန်ပါသည်။ မုယုံချန်း၏ သားသည် မုယုံ ချန်း၏ ခြေရာ ဆက်ခံနိုင်ရမည် မဟုတ်ပါလော။

မုယုံစိမ်းက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျွန်တော်ကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေရဘူးလို့ ကတိပြုပါတယ်ခင်ဗျာ'

တင်းချူး သဘောကျသွားသည်။

'ယောကျ်ားကောင်း တစ်ယောက်ဟာ အခုလို စိတ်ဓာတ်ရှိရမှာပေါ့၊ ငါဘာကြောင့် အိပ်ရာထဲ လဲနေရသလဲ ဆိုတာ မင်းသိချင်တယ် မဟုတ်လား၊ ကောင်းပြီ ငါ

ပြောပြမယ်၊ ငါဟာ သိုင်းလောကမှာ ပြိုင်ဘက်မရှိတဲ့ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်ချင်တယ်၊ ငါတတ်ထားတဲ့သိုင်းပညာနဲ့ အများအကျိုး ဆထက် ထမ်းပိုး တိုးပြီး ဆောင်ရွက်ချင်တယ်၊ ဒီစိတ်ထားနှင့်ရှ ကြောင့် အချိန်အားရတာနဲ့ သိုင်းပညာနဲ့ အတွင်း အား တိုးပွားလာအောင် အစဉ်ကြိုးစားခဲ့တာပဲ'

ပြောရင်း မေ့သွားဟန်ဖြင့် ခေတ္တ ရပ်သွားလိုက်၏။ ထိုအခါ တင်းတင်းက ဆက်ပြောပြလိုက်လေသည်။

'ဖေဖေဟာ တစ်ဘက်က အများအကျိုးဆောင်ရွက် ခဲ့ပြီး၊ တစ်ဘက်က သိုင်းပညာ ကြိုးစားလေ့ကျင့် ခဲ့တယ်၊ အားလပ်ချိန်မရှိဘူး၊ အနားမယူခဲ့ဘူး၊ သည် လိုနဲ့ သိုင်းပညာရပ်တော့ အတွင်းအားပါ တစ်ဆထက် တစ်ဆ တိုးပွားလာခဲ့တယ်၊ အချိန်ကုန်သွားလေလေ တိုးတက်လာလေလေပဲ၊ ဒါပေမယ့် နှစ်ပေါင်းများ စွာ အနားမယူခဲ့တဲ့အတွက် ခန္ဓာကိုယ်တွင်းက သွေး ကြောတွေဟာ စိတ်အလိုအတိုင်း မလိုက်နိုင်တော့ဘူး၊ အတွင်းအား အမြင့်ဆုံးအချိန် ရောက်လာတဲ့အခါမှာ၊ သွေးကြောတွေဟာ ထိန်းချုပ်ခံနိုင်ရည် စွမ်းအား မရှိ တော့ဘဲ ပေါက်လွဲပေါက်ပြန် ဖြစ်ခဲ့ရတာပဲရှင်'

မုယုံစိမ်း အံ့သြသွားလေသည်။ အတွင်းအား လျော့နည်း တာ ဒုက္ခရောက်ရသည်ကိုသာ သူကြားဖူးလေသည်။

အခုတော့ အံ့မခန်း တိုးတက်ပွားများလာသော အတွင်း အားကို ခန္ဓာကိုယ် သွေးကြောများက ထိန်းချုပ်နိုင်စွမ်းမရှိတော့



ဘဲသွားသော ပေါက်ပြန်တာ ရောဂါရခဲ့ကြောင်း ကြားသိ လိုက်ရပြီ ဖြစ်လေသည်။

တင်းချူ၊ ခံစားနေရသော ရောဂါဝေဒနာမှာ လွန်စွာ ထူးခြားနေချေသည်တကား…

တင်းချူးက....

'တစ်နေ့မှာ အတွင်းအား လေ့ကျင့်ရင်း တစ်ဆထက်တစ်ဆ တိုးပွားလာတဲ့ အတွင်းအားကို တစ်ကိုယ်လုံး လှည့်ပတ်စီးဆင်း စေခဲ့တယ်၊ သည့်လိုနဲ့ တုန်း၊ ဖြန်းဆို တစ်ကိုယ်လုံး ပူပူ လောင်လောင် ဖြစ်လာတယ်၊ တိုးပွားလာတဲ့ အတွင်းအားကို မထိန်းနိုင်တော့ဘူး၊ ချက်ချင်း မြောက်တက်သွားတော့မတတ် ခံစားချက်ကင်းမဲ့ပြီး သတိလစ်သွားတယ်၊ သတိရလာတော့ ကိုယ်တစ်ခြမ်းသေနေပြီလေ'

'ဗျာ....'

မုယုံစိမ်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။ တင်းချူး၏ ရောဂါဝေဒနာမှာ ထူးခြားလှပြီး သိုင်းလောကသား များအတွက် ဝမ်းနည်းဖွယ် ဖြစ်နေပေတော့၏။

အများအကျိုးဆောင်ရွက်သူ တစ်ယောက် ဒုက္ခတွေ့ကြုံရခြင်း သည် သိုင်းလောကအတွက် နစ်နာဆုံးရှုံးမှုမည်ပေသည်။

တင်းချူးက မုယုံစိမ်းကို စိုက်ကြည့်ကာ....

'ကဲ- ငါ့အကြောင်းတော့ မင်းသိပြီ၊ မင်းအကြောင်းတော့ ငါမသိရဘူးလား'

မုယူ့စိမ်းမှာ တင်းချူးအား ကြည်ညိုလေးစားသော စိတ်များ ပေါ်ပေါက်နေသည်။

ဖခင် ဂုဏ်သိက္ခာအတွက် အမှန်အတိုင်း ရှင်းပြလိုစိတ်များလည်း ပေါ်ပေါက်လာ၏။

ထို့ကြောင့် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အမှန်အတိုင်း ရှင်းလင်းပြောပြလိုက်လေတော့သည်။

❀ ❀ ❀

## အခန်း (၁၀)

ဒုတိယဆုတောင်း

အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ အတော်ကလေး ကြာမှ တင်းချူး သက်ပြင်းချလိုက်လေသည်။

မုယူ့စိမ်းအား ဆေရှာကာ သက်စွာကြည့်ကာ....

'လက်စသတ်တော့ မင်းအဖေဟာ မတရား လုပ်ကြံခံလိုက်ရတာကိုး၊ ဒီအကြောင်း သိုင်းလောကသားတွေသာ သိသွားရင် အတော်အံ့သြသွားကြမှာပဲ၊ ဒါပေမယ့် ကျောင်းစုံအိမ်တို့က အဖြစ်မှန် မပေါ်ပေါက်အောင် ကြိုးစားမှာပဲ မင်းက သိုင်းလောကသားတွေကို ဖိတ်ခေါ်ပြီး ရှင်းပြမယ်ဆိုရင်လဲ သိုင်း

လောကသားတွေက မင်းစကားထက် သူတို့စကားကိုပဲ ယုံကြည်လိမ့်မယ်၊ ဒီတော့ မင်းက ပညာရှိဝမ်းလီကို တွေ့အောင်ရှာသူဟာ မင်းအတွက် အကောင်းဆုံးသက်သေပဲ'

မုယ့်စိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ဒီအချက်ကို ကျွန်တော် နားလည်သဘောပေါက်ပါတယ်၊ တာငဝမ်းလီကို တွေ့အောင်ရှာမှာပါ၊ ဒါပေမယ့် အနူဆုတောင်းသုံးခုနန်းတော်ကို သွားရဦးမှာမို့ အဲဒီကပြန်လာမှ ဘာဝမ်းလီကိုတွေ့မယ်၊ ကျောင်းစုအိမ်တို့နဲ့ ပြေရှင်းမယ်လို့ စိတ်ကူးထားပါတယ်'

ထိုစကားကြားလျှင် တင်းချူ မျက်လုံးပြူးသွား၏။ မုယ့်စိမ်းအား မယုံကြည်နိုင်စွာကြည့်တာ....

'ဆုတောင်းသုံးခု နန်းတော်ဟုတ်လား'

'ဟုတ်ပါတယ်'

'ဆုတောင်းသုံးခုနန်းတော်ကို မင်း ဘယ်လိုသွားမလဲ'

'ကျွန်တော် အရောက်သွားမှာပါ'

'မင်း စိတ်ကူးယဉ်နေတာလား'

'မဟုတ်ပါဘူးဗျာ တကယ်ပြောတာပါ'

'ဆုတောင်းသုံးခုနန်းတော်အကြောင်း ငါကြားဖူးပါတယ်၊ ဒါပေမယ့် ဒဏ္ဍာရီတစ်ပုဒ်လိုပဲ သဘောထားခဲ့တယ်၊ အောစာပေါ်မှာ တကယ်ရှိတယ်လို့ မယုံသဘူးကွ'

မုယ့်စိမ်း ပြုံးလိုက်သည်။

'ရှေးဆုံထိုးမယ်တော်ကျောင်းကူးလဲ၊ ဒီလိုပြောတာပါပဲခင်ဗျာ၊ ဒါပေမယ့် နောက်ဆုံး သူယုံကြည်သွားပြီး သူ့အတွက်တောင်



ဆုတစ်ခု တောင်းလာပေးဖို့ အကူအညီ တောင်းလိုက်ပါသေးတယ်'

'ဟေ'

တင်းချူးပါးစပ် အဟောင်းသား ဖြစ်သွား၏၊ မုယ့်စိမ်းအား မယုံကြည်နိုင်စွာကြည့်မိသည်။

'ရှေးဆံထိုးမယ်တော် ကျောင်းကူးဆာတောင် ဆုတောင်းတစ်ခုတောင်းပေးဖို့ မင်းကိုအကူအညီ တောင်းလိုက်သေးတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'နေပါဦး မင်းက တကယ်သွားနိုင်လို့လား'

'ဟုတ်ကဲ့ သွားနိုင်ပါတယ်'

'မင်းဘယ်လိုလုပ် သွားမှာလဲ ဆုတောင်းသုံးခုနန်းတော်သွားတဲ့လမ်း မင်းဘယ်လိုလုပ် သိတာလဲ'

'စန့်ကွမ်းရှောင်ချင်း ပြောပြတာပါ ခင်ဗျာ'

'ဘာ'

'စန့်ကွမ်းရှောင်ချင်းပါ'

တင်းချူး ခေါင်းယမ်းလိုက်လေသည်။

မုယ့်စိမ်းပြောသော စကားများကို လုံးဝ မယုံကြည်နိုင်သော ပုံဟန်မျိုးဖြစ်၏။

မုယ့်စိမ်း မကျေမနပ် ဖြစ်သွား၏။ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲကျောင်းစုအိမ်တို့ လူစုသက်မှလွတ်အောင် ပြေးရင်း ချောက်ထဲသို့ကျသော လျှို့ဝှက်လိုဏ်ဂူတစ်ခု တွေ့ခဲ့ကြောင်း၊ ထိုလိုဏ်ဂူ၌ စန့်ကွမ်းရှောင်ချင်း၏ အရိုးစုနှင့် ကိုယ်

ရေးမှတ်တမ်းကို တွေ့ခဲ့ရသည်မှ အစပြုပြီး ဆုတောင်းသုံးခုနန်းတော်သို့ ဦးတည်ခရီး ထွက်သွားခြင်းဖြစ်ကြောင်း ရှင်းပြလိုက်လေသည်။

တင်းတင်းနှင့် တင်ချူးတို့မှာ ဘာတစ်လုံးမျှ မပြောဘဲ ငြိမ်သက်စွာ နားထောင်နေကြလေသည်။

မုယုံစိမ်း၏ စကားဆုံးသွားမှ တင်ချူးသက်ပြင်းချကာ-

'စန့်ကွမ်းရှောင်ချင်းဟာ တို့ထက် စောပြီးသိုင်းလောကမှာ ထင်ရှားကျော်ကြားခဲ့သူ တစ်ယောက်ပဲ။ လူထူးလူဆန်းကြီးလို့ လူသိများကြတာပဲ၊ အင်း ငါတို့တော့ မယုံကြည်နိုင်စရာအဖြစ်တွေကို လက်ခံယုံကြည်ရတော့မလို ဖြစ်နေပြီ ဒီတိုင်းဆိုရင် မင်းဟာဘယ်သူမှ ရှာမတွေ့တဲ့ ဆုတောင်းသုံးခုနန်းတော်ကို အရောက်သွားနိုင်တော့မှာပဲ'

'ဟုတ်ပါတယ်၊ အရောက်သွားမယ်လို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ် ဆုတောင်းသုံးခု နန်းတော်ကို အရောက်သွားပြီး ကျောင်းစုအိမ်တို့လူစုကို ရင်ဆိုင်နိုင်တဲ့ နည်းလမ်းညွှန်ပြပေးဖို့ ဆုတောင်းမှာပါ'

ထိုစဉ် တင်းတင်း၏ စကားသံထွက်ပေါ်လာသည်။

'ရှင်က ဒီဆုတောင်းကို တကယ်တောင်းမှာလား'

'တကယ်ပေါ့ ဘာဖြစ်လို့လဲ'

'ဒါဖြင့် ရှင့်အတွက် ဆုတောင်းတစ်ခုတည်းနဲ့ လုံလောက်တာပေါ့ရှင်'

'ဟုတ်ပါတယ်ဗျာ'



'ရွှေဆံထိုးမယ်တော် ကျင်းတာ့ူးက ရှင့်ကို အကူအညီတောင်းထားတယ်ဆို'

'ဟုတ်ပါတယ်'

'ဒါဆို သူ့အတွက်ပါ ဆုတောင်းပေးမယ်ပေါ့'

'ဟုတ်ပါတယ် ကျုပ်ကတိပေးထားပါတယ်'

တင်းတင်းက ဝမ်းသာသောအသံဖြင့်...

'ဒါဖြင့် ရှင့်မှာ ဆုတောင်းတစ်ခု ကျန်နေသေးတာပေါ့'

မုယုံစိမ်း မျက်မှောင် ကြုတ်သွား၏။ တင်းတင်းကိုနားမလည်နိုင်စွာကြည့်ကာ...

'ဟုတ်ပါတယ် ဘာများဖြစ်လို့လဲဗျ'

'ဒြော် ရှင်ကူညီနိုင်မယ်ဆိုရင် ပိုနေတဲ့ ဆုတောင်းတစ်ခုကို ကျွန်မအဖေအတွက် ဆုတောင်းပေးပါလားရှင်'

'ဗျာ'

'ရှင်ကူညီမယ်ဆိုရင် ကျေးဇူးမမေ့ပါဘူးရှင် ကျွန်မအဖေသာ ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားရင်၊ အများအကျိုးအတွက် ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်မှာပါ၊ ပြီးတော့ ရှင့်ဘက်ကလဲ ကူညီနိုင်မှာ သေချာပါတယ်ရှင်'

တင်ချူးသည် သိုင်းလောကတွင် နာမည်ရှိသူ ဖြစ်ပေသည်။ တင်ချူးနှင့် ပညာရှိဝမ်းလီတို့က သူ့ဘက်မှမားမားမတ်မတ်ရပ်ကြမည်ဆိုလျှင် ကျောင်းစုအိမ်တို့၏ မတရား လုပ်ရပ်ကို ဖော်ထုတ်ရာ၌ များစွာအထောက်အကူ ရရှိနိုင်ပေသည်။

ဆုတောင်းတစ်ခုပိုနေသည့်အတွက် သူတစ်ပါးအား ကူညီလိုက်ခြင်းက မှန်မြတ်သည်ဟု တွေးမိသောကြောင့်—

'ကောင်းပါပြီ ကျွန်တော်ဆုတောင်းပေးပါမယ်'

သူ၏စကားကြားလျှင် တင်းတင်းနှင့်တင်းချူးတို့ ဝမ်းသာသွားကြလေသည်။

'ရှင်တကယ်ပြောတာနော်'

'တကယ်ပေါ့'

'ကျေးဇူးတင်ပါတယ်ရှင်'

တင်းချူးကလည်း....

'ဆုတောင်းသုံးခုနန်းတော်သာ တကယ်ရှိတယ်ဆိုရင်တောင်းတဲ့ဆုပြည့်မှာတော့ သေချာတယ်ငါ့ရောဂါ ဝေဒနာသက်သာပျောက်ကင်းသွားမယ်ဆိုရင် မင်းကျေးဇူးကို မမေ့မှာမဟုတ်ပါဘူး'

မုယ့်စိမ်းက ကြည်ကြည်သောမျက်နှာထားဖြင့်—

'ကျွန်တော် ဆုတောင်းသုံးခုနန်းတော်ကို အရောက်သွားပြီး ဆုတောင်းပေးပါ့မယ်ခင်ဗျား။ ဘာမှမစိုးရိမ်ပါနဲ့'

'ကဲ သမီး သူ့ကို ကောင်းကောင်းမွန်မွန် ညှော်ခံပြုစုလိုက်ပါကွယ်၊ ခရီးသွားဖို့လိုတာ ရှိရင်လဲပြည့်ဆည်းပေးပါဟုတ်လား'

'ဟုတ်ကဲ့ ဖေဖေ'

တင်းတင်းက မုယ့်စိမ်းကိုကြည့်ကာ—

'ကျွန်မနောက်လိုက်ခဲ့ပါရှင်'

ပြောပြီး ရှေ့မှထမ်းပြ ခေါ်ဆောင်သွား၏။ မုယ့်စိမ်းလည်း တင်းချူးအား လက်နှစ်ဖက်ဆုပ်ကာဦးညွှတ်လိုက်ပြီး တင်းတင်းနောက်သို့ လိုက်ပါသွားလေတော့သည်။

❀



သိုးမွေးမြို့လေးသည် စနံ့ကက်ဘက်ခပ်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ထို့နည်းတူ တင်းတင်းနှင့် တင်းချူးတို့သည်လည်း သိုးမွေးမြို့လေး၌ ကျန်ရစ်ခဲ့ကြပြီဖြစ်လေသည်။

တင်းတင်းက မုယ့်စိမ်းအတွက် သွားရေးလာရေး အဆင်ပြေစေရန် မြင်းတစ်ကောင်စီစဉ်ပေးလိုက်သည်။

ထို့အပြင် လမ်းခရီး၌စားသောက်ရန် ရိက္ခာခြောက်များကိုလည်း စီစဉ်ပေးလိုက်၏။ သိုးမွေးမြို့ကလေးမှ ထွက်ခွာနိုး၌ ဆုတောင်းသုံးခု နန်းတော်အားလုံး ဝရှာတွေ့သည်ဖြစ်စေ၊ ရှာမတွေ့သည်ဖြစ်စေ၊ အပြန်ခရီး၌ တင်းဂေဟာသို့ ဆက်ဆက်ဝင်ပါရန်လည်း အထပ်ထပ်မှာကြားခဲ့လေသည်။

မုယ့်စိမ်းအဖို့ ဆုတောင်းသုံးခုနန်းတော်၌ ဆုတောင်းရန် ဆန္ဒသုံးခုပြည့်နေပြီဖြစ်၏။ ပထမဆုတောင်းမှာ အဆိပ်မိရောဂါဝေဒနာခံစားနေရသည့် ရွှေဆံသိုးမယ်တော် ကျန်းကျူးအတွက်ဖြစ်သည်။

ဒုတိယဆုတောင်းကား အတွင်းအား လေ့ကျင့်ရင်းသွေးကြောများ ဖောက်လွဲဖောက်ပြန် ဖြစ်ကာ ကိုယ်တစ်ခြမ်းသေသွားသော တင်းချူးအတွက် ဖြစ်သည်။

တတိယ ဆုတောင်းမှာမူ ကျောင်းစုအိမ်တို့ လူစုအား မည်သို့မည်ပုံ ရင်ဆိုင်အနိုင်ယူရမည်ဆိုသောနည်းလမ်းကိုတောင်းယူရန်ဖြစ်သည်။

ဆုတောင်းသုံးခု နန်းတော်သို့ မရောက်သေးမီ ဆုတောင်းရမည့် ဆုသုံးခုမှာ ပြည့်သွားပြီဖြစ်သည်။

ဆုတောင်းသုံးခု နန်းတော်သို့ အရောက်သွားရန်သာ ကျန်တော့သည်။ ထို့ကြောင့်လည်း မုယုံစိမ်းသည် မြင်းကိုဇက်ကုန်မှ ခရီးပြင်းနှင်ခဲ့လေတော့သည်။

*　　*　　*

# အခန်း ( ၁၁ )

မင်းသားရုပ်နှင့် စိတ်မနှံ့သူ

'ရပ်လိုက်'

ရုတ်တရက် အော်ဝေါက်သံတစ်ချက် ထွက်ပေါ်လာသည်။ တစ်ဆက်တည်းပင် လမ်းဘေးရှိ သစ်ပင်ကြီး တစ်ပင်လည်း ဝေါခနဲ ပြိုကျလာပြီး လမ်းပေါ်ပြိုလဲကျလာ၏။

'ဗုန်း—'

သစ်ပင်ကြီး၊ လမ်းပိတ်ဆို့သွားခြင်းကြောင့် မုယုံစိမ်း ရှေ့ဆက်မသွားနိုင်တော့ချေ။

'ဟေး—ဟေး'

မုယု စိမ်းက ညာသံပေးကာ မြင်းဇက်ကြိုးဆွဲပြီး ရပ်လိုက်ရ၏။ မြင်းကြီးကား ပဒပ်ပုပ်ဟီပြီး ရပ်တန့်သွားသည်။

ထိုစဉ်မှာပင် —

'ဟား... ဟား— ဟား.... ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာပြီး လူတစ်စု လမ်းဘေးတစ်ဘက်တစ်ချက်မှ ပြေးထွက်လာကြသည်၊

ထိုလူစုမှာ ဓားလှံ လက်နက်များ ကိုင်ဆောင်ထားကြပြီး မုယုံစိမ်းအား ဝိုင်းထားကြ၏။

မုယု စိမ်းမျက်နှာပျက်သွားကြတ်သွား၏၊ မြင်းပေါ်မှ မဆင်းဘဲ

'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်ကိုနှောင့်ယှက်ရတာလဲဗျ'

သူ၏စကားသံနှင့် မနေရှမနှောင်းမှာပင်....

'ဟား ဟား ဟား မင်းဆီက ရွှေငွေရတနာတွေ အပြင် ခားကောင်းတစ်ခုလိုချင်လို့ပေါ့ကွာ'

ကျယ်လောင်သော အသံဝကြီးနှင့်အတူ ရှမ်းကုန်းထွက်လာသည်ကို တွေ့လိုက်ရ၏။ ရှမ်းကုန်းကို မြင်လိုက်ရသည်နှင့် မုယု စိမ်း မျက်နှာပျက်သွား၏။

ရှမ်းကုန်းက —

'ဒီတစ်ခါတော့ မင်းကို ဘယ်သူမှ မကူညီနိုင်တော့ဘူး ငါ့လက်က လွတ်မြောက်ဖို့မလွယ်ဘူး နဲ့'

ပြောရင်း လက်ဝေ ယမ်းပြကာ....

'ဟေ့ ဝိုင်းတိုက်ကြစမ်း'



ဟု အမိန့်ပေးလိုက်လေသည်။ သူ၏စကားအဆုံးတွင်လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများသည် ညာသံပေးရင်း ပြေးဝင်တိုက်ခိုက်လာကြတော့၏။

'ဟေ့ တိုက်ကြစမ်း'

'သေဖို့အပြင်ထား'

'လွှတ်မနေနဲ့ ဟေ့'

မုယု စိမ်း ရင်ထိတ်သွားလေသည်။ တိုက်ပွဲကို ရှောင်လွှဲ၍မရမှန်းသိ၍ စန့်ကွမ်းရှောင်ချင်းထံမှ ရခဲ့သော ဓားကိုဆွဲထုတ်လိုက်ကာ ခုခံတိုက်ခိုက်လိုက်ရလေသည်။

ဓားဆွဲထုတ်လိုက်သည်နှင့် စိမ်းဖန့်ဖန့် အရောင်းရောင်များ ထွက်ပေါ်လာပြီး ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားသည်။

ပြေးဝင်လာသူများ ရင်ထိတ်ကာ တုန့်ခနဲဖြစ်သွားကြ၏။

'ဟေ့ ဘာလုပ်နေကြတာလဲ ဝင်တိုက်ကြပ လား'

ရှမ်းကုန်းက အော်ပြောလိုက်သည်။ ထိုအခါ ငယ်သားများသည်း မနေစံ ကြတော့ပဲ ပြေးဝင်တိုက်ခိုက်ကြ၏။

မုယု စိမ်းသည်း မနေသာဘဲ ပြန်လည်တိုက်ခိုက်လိုက်ရတော့သည်။

'အား'

'အွန့်'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မုယု စိမ်း တိုက်ခိုက်လိုက်သည်နှင့် ရှေ့သို့ ပြေးဝင်လာသူများ အတုန်းအရုန်း လဲကျကုန်လေသည်။

ရှမ်းကုန်း ဒေါ်ပွသွားၿပီ။

'ဖယ်စမ်း'

အော်ငေါက်ရင်း ရှေ့သို့ လျှပ်တစ်ပြက်ခုန်ဝင်ပြီး တိုက်ခိုက်လိုက်သည်။ ရှမ်းကုန်းဝင်ရောက် တိုက်ခိုက်လာသောအခါ မုယုံစိမ်း နောက်ဆုတ်သွားရ၏။

သို့သော် မုယုံစိမ်း၏ ဓားက အလွန်အကောင်း မှန်နေသဖြင့် ရှမ်းကုန်းမှာ အရမ်းဝင်မတိုက်ရဲချေ။

ရှမ်းကုန်းသည် သိုင်းပညာအဆင့် ရှိသူ ဖြစ်ပေသည်။ ထို့ကြောင့်တစ်ယောက်တည်း ရင်ဆိုင်လျှင် မုယုံစိမ်း အနေဖြင့် သူ့ကို ယှဉ်နိုင်မည် မဟုတ်ပေ။

သို့သော် မုယုံစိမ်း၌ စန့်ကွမ်းရှောင်ချင်း၏ အစိမ်းရောင်ဓားရှိနေ၍ ခုခံနိုင်ခြင်းဖြစ်ပေသည်။

သို့တိုင်အောင် တစ်ယောက်တည်း တိုက်ခိုက်သည့်အခါ မုယုံစိမ်းမှာ နောက်သို့ တရွေ့ရွေ့ ဆုတ်သွားရ၏။

'ဟား...ဟား...ဟား'

ရှမ်းကုန်း ရယ်မောလိုက်သည်။

ရှမ်းကုန်းက ရယ်မောရင်း မုယုံစိမ်း၏ အစိမ်းရောင်ဓားကို ထိပ်တိုက်ခုခံလိုက်၏။ ဓားနှစ်လက်ဆုံတွေ့မိသည်နှင့်...

'ချွမ်း'

ရှမ်းကုန်း၏ ဓားထက်ပိုင်းကျိုးသွား၏။ ကျွတ်ပြီး ရှမ်းကုန်းက ကျန်ဓားတစ်လက်ဖြင့် မုယုံစိမ်း၏ ရင်ဝသို့ ထိုးစိုက်လိုက်သည်။ မုယုံစိမ်း ထိတ်လန့်သွား၏။



ဓားတစ်လက်ကို ခုခံရင်း ကျန်ဓားတစ်လက်ကို ခုခံနိုင်စွမ်း မရှိဘဲ ဖြစ်သွား၏။

ထိုစဉ်မှာပင်...

'ခစ်...ခစ်...ခစ်'

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ တဆက်တည်းပင်...

'အမယ်လေးဗျ'

ရှမ်းကုန်းမှာ တစ်ချက်အော်ရင်း ဓားလွှတ်ချကာ နောက်ဆုတ်သွားလေသည်။

ဓားကိုင်ထားသော သူ၏လက်မှာ ပဲကြီးစေ့ခန့် ရှိရဲသော အဖုကြီး ပေါ်လာ၏။ ရှမ်းကုန်းအံကြိတ်ရင်း—

'ဘယ်သူလဲ ခိုးကြောင်ခိုးဝှက်တိုက်ခိုက်တာ ထွက်ခဲ့စမ်း'

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်...

'ခစ်...ခစ်...ခစ်'

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားရပြန်လေသည်။ မုယုံစိမ်းနှင့် ရှမ်းကုန်းတို့ ရယ်မောသံထွက်ပေါ်လာရာဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ လမ်းဘေးတစ်နေရာ၌ ခြေဆင်းထိုင်ကာ တခစ်ခစ် ရယ်မောနေသော မိန်းမလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းမလေးသည်တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ဆံပင်ဖားလျား ချထားလေ၏။

ယင်ကောင် ပိုးကောင်များက သူ့ခန္ဓာကိုယ်လုံး စို့ အုံနေသည်ကိုတွေ့ရ၏။

မိန်းကလေးက သူတို့ကို အရေးမစိုက်ဘဲ လက်ထဲမှ အရုပ်ကလေးတစ်ရုပ်ကိုကြည့်ရင်း ရယ်မောနေခြင်းဖြစ်သည်။

အရုပ်အလေးမှာ အဝတ်စများဖြင့် ပြုလုပ်ထားသော မင်းသားရုပ်ကလေးဖြစ်၏။

'တော်တော်ချောတဲ့ မင်းသား ရှင်က ကျွန်မကို မနှစ်သက်ဘူးပေါ့လေ၊ ဟွန်း—ကျွန်မလောက် ချောတဲ့လူ လောကမှာရှိလို့လား သေသေချာချာ ကြည့်စမ်းပါဦး ရှင့်'

မိန်းကလေးကတတွတ်တွတ်ပြောနေသည်။

သူမ၏မျက်နှာတွင် ဝက်ခြံဖုကဲ့သို့ အဖုများ ပြည့်နေသလို အနာများသည်း ပေါက်နေသည်ကို တွေ့ရသည်။

မျက်နှာတွင်သာမက ခြေလက်များ၌ပါ အနာပေါက်နေပြီး ယင်ကောင်အကောင်းသောင်း ဖြစ်နေသည်ကို တွေ့ရသည်။

စက်ဆုပ်ရွံရှာဖွယ်ကောင်းလွန်းလှသည်။

မုယုံစိမ်းနှင့် ရှမ်းကုံးတို့ ချက်ချင်း မျက်နှာလွှဲသွားလိုက်လေသည်။

မည်သို့ဆိုစေ ပတ်ဝန်းကျင်၌ လူစိမ်းဟူ၍ မိန်းကလေးတစ်ယောက်သာရှိရာ ဝင်ရှုပ်သူမှာ ထိုမိန်းကလေးအလွဲ၍ အခြားသူမဖြစ်နိုင်ကြောင်း ရှမ်းကုံးတွက်ဆမိသည်။

ထို့ကြောင့် မိန်းကလေးဘက်သို့လှည့်ကြည့်ကာ—



'မိန်းကလေး မင်းကဘာကြောင့် ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကို ဝင်ရှုပ်ချင်ရတာလဲ'

ရှမ်းကုံး၏ အော်ဟစ်သံကြောင့် မိန်းကလေး ခေါင်းထောင်လာသည်။

'ရှင်ကျွန်မကိုပြောနေတာလား ရှင့်'

ရှမ်းကုံးမဲ့ပြုံးပြုံးကာ...

'မင်းကိုမပြောလို့ ဘယ်သူ့ကိုပြောရမှာလဲ'

'ဩော် ရှင်က ကျွန်မ မင်းသားနဲ့အတူနေတာကို မနာလိုနပ်ဘူးပေါ့'

ပြောရင်းထိုင်ရာမှထလာလေသည်။

ရှမ်းကုံးနှင့် မုယုံစိမ်းတို့က မိန်းကလေးကို မျက်စသောင်မခတ်စိုက်ကြည့်နေကြလေသည်။

မိန်းကလေးက သူ့အနီးသို့လျှောက်လာ၏။

လက်တစ်ဘက်က မင်းသားရုပ်ကလေးကို ကိုင်ကာ နောက်ကျောဘက်၌ ပိုက်ထားလေသည်။

ရှမ်းကုံးမှာ မိန်းကလေး၏ခန္ဓာကိုယ်လုံးတွင် အနာများရှိနေသည်ကို ရှမ်းကုံး ရွံရှာသွားကာ...

'အွန်...'

တံတွေးပျစ်နဲ့ထွေးလိုက်သည်။

မိန်းကလေးက...

'ရှင်ဘာကြောင့်တံတွေးထွေးတာလဲရှင့်'

'မင်းကိုရှုံ့လို့ပေါ့'

'ဘာ....'

'မင်းရုပ်ကိုလဲ မင်းပြန်ကြည့်စမ်းပါဦး'

မိန်းကလေးက နဖူးပေါ်ဝဲကျနေသော ဆံပင်များကို လက်ဖြင့်သပ်တင်လိုက်သည်။ ထိုအခါ ယင်ကောင်များ အစဝေးသို့ ပျံသွား၏။ အနာများ ပြည့်နေသော မျက်နှာက ထင်ထင်ရှားရှားပေါ်လာသည်။

ရှမ်းကုန်းကိုစိုက်ကြည့်ကာ-

'ကျွန်မလေးက ချောတဲ့ မိန်းကလေးတစ်ယောက်ကို ရှင်မရှုံ့စရာကောင်းတယ်လို့ ပြောရသလား။ ကျွန်မချစ်သူမင်းသားလေးသာ ကြားသွားရင် ရှင်မသက်သာဘူး'

ပြောရင်း နောက်ဘက်တွင်ဝှက်ထားသောလက်ကို ဆန့်ထုတ်လိုက်သည်။

သူ့ဓါးလက်ထဲသို့ မင်းသားရုပ်ကလေးပါလာသည်။ မင်းသားရုပ်ကလေးကိုကြည့်ကာ-

'ကြည့်ပါဦး အစ်ကိုရယ်၊ သူက ကျွန်မကို ရှုံ့စရာကောင်းတယ်လို့ ပြောနေတယ်'

ထိုမိန်းကလေးမှာ တစ်ကိုယ်လုံး အနာများ ပေါက်နေပြီး စိတ်မနှံ့သူဖြစ်ကြောင်း၊ မုယုံ စိမ်းနားလည်လိုက်သည်။ မိန်းကလေးအပေါ် သနားကရုဏာသက်မိ၏-



ရှမ်းကုန်းတို့လူစုမှာ ရက်စက်ကြမ်းကြုတ်ပြီး ကိုယ်ချင်းစာနာစိတ်ရှိသူများ မဟုတ်ကြောင်းလည်း သိရှိထား၏။

'မိန်းကလေး ဒီအအမြန်ထွက်သွားပါ၊ တော်ကြာ မင်းဒုက္ခရောက်နေလိမ့်မယ်'

မိန်းကလေးက သူ့အားကြည့်ကာ....

'ကျွန်မ ဒုက္ခရောက်မယ်ဟုတ်လား၊ ဟွန်း... မင်းသားလေးရှိနေသမျှကာလပတ်လုံး ဘယ်သူက ကျွန်မကို ဒုက္ခပေးရဲမှာလဲ၊ မင်းသားလေးက ဆိုးမပစ်မှာပေါ့၊ ရှင်တို့မယုံရင် စမ်းကြည့်ပါလား'

မင်းသားရုပ်ကလေးကို မြှောက်ပြရင်း ပြောလိုက်လေသည်။

ရှမ်းကုန်းသည် မိန်းကလေးမှာ စိတ်မနှံ့သူ ဖြစ်ကြောင်း ရိပ်မိသွားသည်နှင့် အရေးမစိုက်တော့ဘဲ—

'ဘယ်သူကဆိုးမှာလဲ ကြည့်ကြသေးတာပေါ့'

ပြောရင်း လက်သီးဆုပ်ကာ ရှေ့သို့လှမ်းလိုက်သည်။ သို့သော် ရှေ့သို့ ခြေတစ်လှမ်းလှမ်းလိုက်မိသည်နှင့်—

'အမယ်လေး'

အထိတ်တလန့်အော်ဟစ်ရင်း နောက်သို့ခြေလှမ်းမျှ ပြန်လည်ဆုတ်သွားရလေသည်။

အကြောင်းမှာ သူ၏နဖူးတွင် ပဲကြီးအရွယ် နီရဲသောဘုကြီးတစ်ဘု ထွက်ပေါ်လာပြန်သောကြောင့်ဖြစ်သည်။

မုယုံစိမ်းလည်း အံ့ဩသွား၏။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ချောင်းမြောင်းတိုက်ခိုက်သူတစ်ယောက်ရှိနေပြီဟု ယုံကြည်မိသည်။ သို့သော် အရှုံမပေးလိုပြီး ရှာမရချေ။

အရူးမလေးက တခစ်ခစ်ရယ်မောလိုက်လေသည်။

'ခစ်-ခစ်-ခစ် ဘယ်သိုလဲ မင်းသားလေးက ရှင့်ကို ဆုံမလိုက်ပြီမဟုတ်လား'

ရှမ်းကုန်း ဒေါသူထွက်သွားသည်။ နှစ်ကြိမ်တိုင် ခိုးကြောင်ခိုးဝှက် တိုက်ခိုက်ခံလိုက်ရသည့်အတွက် မခံမရပ်နိုင်အောင် ဖြစ်သွားလေသည်။

'ဟေ့-ဘယ်သူလဲ ခိုးကြောင်ခိုးဝှက်ခိုက်တာ၊ သတ္တိရှိရင် ထွက်လာခဲ့စမ်း'

သူ၏စကားသံသည် တောလမ်းကလေးတစ်လျှောက် ပျံ့လွှင့်သွားလေသည်။

'ခစ်-ခစ် ခစ်'

မိန်းကလေးက ရယ်မောနေသည်။ ရှမ်းကုန်းအ အံကြိတ်ရင်း....

'ဟေ့-မပြောနေတာမကြားဘူးလား၊ သတ္တိရှိရင်ထွက်လာခဲ့လေကွာ၊ မင်းထွက်မလာရင် ငါလိုက်ရှာ ရှာ....'

စကားတစ်ပိုင်းတစ်စဖြင့် တစ်စုံတစ်ခု ထွေးထုတ်လိုက်သည်။ ကျောက်ခဲကလေးတစ်လုံး ပါးစပ်ထဲမှထွက်လာသည်ကို တွေ့ရလေသည်။

တစ်စုံတစ်ယောက်က ပဲကြီးစေ့ ခန့်အရွယ် ကျောက်ခဲအလေးဖြင့် သူ၏ပါးစပ်ပေါက်တည့်တည့်သို့ ပစ်ပေါက်လိုက်ခြင်း ဖြစ်လေသည်။



ပါးစပ်ထဲ ကျောက်ခဲဝင်သွားခြင်းကြောင့် ဆက်မပြောနိုင်တော့ဘဲ ကျောက်ခဲကလေးကို ထွေးထုတ်လိုက်ရခြင်းဖြစ်၏။

ယခုတစ်ကြိမ် ရှမ်းကုန်းထိတ်လန့်သွား၏။

နောက်ထပ်အောင်မပြောဝံ့တော့ချေ။

'ဟဲ....ဟဲ....ဟဲ'

ရှမ်းကုန်း ပြူးပြူးပျာပျာဖြစ်နေသည်ကိုကြည့်ကာ မုယုံစိမ်းလည်း မချုပ်တည်းနိုင်တော့ဘဲ ရယ်မောမိလေသည်။ အရူးမလေးက....

'ဟော... ရှင့်ယယ်တယ်၊ ရှင်က သခင်ကျွန်မ တွေ့သွားပြီပေါ့၊ ခစ်-ခစ်-ခစ် ဒီလူကြီးက သိပ်ရယ်ရတာပဲနော်'

ပြောရင်း လက်ခုပ်လက်ဝါးတီးကာ ရယ်မောနေတော့သည်။ ရှမ်းကုန်းက ဒေါသချောင်းချောင်းထွက်သွား၏။

'တော့-ဘာငိုင်နေကြတာလဲ၊ ဝင်တိုက်ကြပါတော့လား'

ငယ်သားများကို အမိန့်ပေးလိုက်လေသည်။ ငယ်သားများ မနေနိုင်ကြတော့ဘဲ လက်နက်ကိုယ်စီဆွဲကာ ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

သူတို့သည် မည်သူ့ကိုတိုက်ခိုက်ရမှန်းမသိသဖြင့် ရှေ့၌ရှိနေသော အရူးမလေးအား တိုက်ခိုက်လိုက်ကြခြင်း ဖြစ်ပေသည်။

မုယုံစိမ်း ရင်ထိတ်သွား၏။

'မိန်းကလေး သတိထား'

အော်ပြောရင်း ဓားကိုဝေ့ယမ်းကာ မိန်းကလေးရှေ့သို့ ပြေးဝင်ကာကွယ်လိုက်သည်။

အရှုံးမခလေး မျက်စေ့စင်ကြုတ်သွား၏။

'ရှင် ဘာလုပ်တာလဲ'

'မိန်းမလေး ခင်ဗျားဒုက္ခရောက်လိမ့်မယ်၊ ကျုပ် သူတို့ကို တန့်ထားထားမယ်၊ ကျုပ်မြင်းပေါ်တက်ပြီ၊ မြန်မြန်ထွက်သွားပေတော့'

အရှုံးမလေးမှာ ရယ်မောလိုက်သည်။

'ခစ်....ခစ်...ခစ် တယ်သဲ ရယ်စရာကောင်းပါလား၊ ကျွန်မ ဒုက္ခရောက်လိမ့်မယ် ဟုတ်လား၊ မင်းသားလေးရှိနေသမျှ ကာလ ပတ်လုံး ဘယ်သူက ကျွန်မကိုဒုက္ခပေးရဲမှာလဲ'

ပြောရင်း မင်းသားရုပ်အခလေးကို ဝှေ့ယမ်းလိုက်လေသည်၊

ထိုစဉ်မှာပင်—

'အား....'

'အ့န်...'

'အမယ်လေး'

ပြေးဝင်လာသူများ စူးစူးရှရှအော်ဟစ်လိုက်သည်။ တစ်စုံ တစ်ယောက်၏ ချောင်းမြောင်းတိုက်ခိုက်ခြင်း ခံရသည့်အလား လက်နက်တခြား လူတခြား လွင့်စဉ်ကုန်ကြ၏။

ကြောက်လန့်တကြား နောက်ဆုတ်သွားကြပြီး ကျန်လူများလည်း ရှေ့ဆက်မတိုးဝံ့ကြတော့ချေ။

'ခစ်-ခစ်-ခစ်'



အရှုံးမခလေးကားမင်းသားရုပ်အခလေးကိုကြည့်ကာအားအား ခသတ် ရယ်မောနေလေတော့သည်။

မုယ့်စိမ်၊ ကြောင်အမ်းအမ်း ဖြစ်နေ၏။

မိန်းကလေးကိုတစ်လှည့် ရှမ်းကုံးတို့လူစုကိုတစ်လှည့် ကြည့်မိ၏။ ရှမ်းကုံးမှာ အခြေအနေမဟန်မှန်း၊ သဘောပေါက်သွားပုံရသည်။

'အခြေအနေ မကောင်းဘူးဟေ့'

ပြောပြီးသည်နှင့် နောက်ချန်ဆုတ်ကာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးလေတော့သည်။

သူ၏ ငယ်သားများသည်း ဆက်မနေဝံ့ကြတော့ဘဲ ချာခနဲ လှည့်ကာ ထွက်ပြေးသွားကြလေတော့သည်။

*

ရှမ်းကုံးတို့လူစုအား ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။ တောလမ်းကလေး၌ မုယ့်စိမ်းနှင့် အရှုံးမလေးတို့ နှစ်ယောက် သာ ကျန်ရစ်ခဲ့ကြလေတော့၏။

မုယ့်စိမ်း သက်ပြင်းချလိုက်သည်။ အစိမ်းရောင်ဓားကို ပြန်လည်သိမ်းဆည်းပြီး မိန်းကလေးကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ရှမ်းကုံးတို့လူစုအား တိတ်တဆိတ် ချောင်းမြောင်း တိုက်ခိုက်ခဲ့သူ ရှိရမည်ဟု ယုံကြည်၏။

ထိုလူမှာ တိတ်တဆိတ် ချောင်းမြောင်း တိုက်ခိုက်ခဲ့ခြင်းလော၊ သို့မဟုတ် သူ့ရှေ့၌ရှိနေသည့် အရှုးမလေးပင်လော ဝေခွဲမရချေ။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သော်လည်း လူသူ တစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

အရူးမလေးကို သံသယဖြစ်လာသည်။ မည်သို့ဆိုစေ တစ်ကိုယ်လုံး အနာအပါက်နေခြင်းကြောင့် သူ၏စိတ်ထဲ၌ ရှုနေမိသည်မှာ အမှန်ဖြစ်ပေသည်။

အရူးမလေးက သူငေးစိုက်ကြည့်နေသည်ကို တွေ့လျှင် နှာခေါင်းရှုံ့ကာ...

'ရှင် ဘာကြည့်တာလဲ၊ မင်းသားလေးကို လုယူချင်လို့လား ရှင့်...'

မုယ့်စိမ်း ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူး ဗျာ'

'ဒါဖြင့် ဘာကြည့်တာလဲ'



'ဪ ရှမ်းကုံး တို့လူစုကို ဘယ်သူကများ မောင်းထုတ်လိုက်သလဲဆိုတာ သိချင်လို့ပါ'

'ခစ်-ခစ်-ခစ်၊ မင်းသားလေး မောင်းထုတ်လိုက်တာလေ ရှင်မတွေ့ဘူးလား'

'ဗျာ....

အရူးမလေးက တခစ်ခစ် ရယ်မောနေလေသည်။ မုယ့်စိမ်း ခေါင်းကုပ်လိုက်သည်။

ဆက်တွေး၍လည်း အဖြေရနိုင်မည်မဟုတ်ကြောင်း နားလည်မိလေသည်။

ရှမ်းကုံးတို့လူစုလည်း ထွက်ပြေးသွားကြပြီဖြစ်ရာ အချိန်ရှိတုန်း ခရီးဆက်ရန် တွေးပြီး....

'အင်း... ဒါဆိုလဲ မင်းသားလေးကို ကျေးဇူးတင်ပါတယ် ဗျာ၊ ကဲ-ကျုပ်ကို သွားခွင့်ပြုပါဦး'

စကားဆုံးလျှင် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်လေ၏။ အရူးမလေးက....

ရှင် သွားတော့မလို့လား'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

'မင်းသားလေးက ရှင်ဟာကျေးဇူးသိတတ်တဲ့လူတစ်ယောက်မို့ ရှင့်ကို ကူညီရမယ်လို့ ပြောနေတယ်ရှင့်'

'ဗျာ...'

မုယု ိစိမ်း ကြောင်အမ်းအမ်းဖြစ်နေသည်။ ထိုစဉ် အရှုးမလေးသည် သူ၏အနီးသို့ လှစ်ခနဲရောက်လာသည်။ မုယုိစိမ်းပင် အံ့သြသွားရသည်။

အရူးမလေး၊ ဤမျှ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် လျှောက်လာနိုင်မည်ဟု မထင်မိချေ။

အရူးမလေးက—

'မင်းသားလေးပြောတာ ရှင်ဘယ်လိုသဘောရသလဲ'

မုယုိစိမ်း ကြောင်အမ်းအမ်းဖြစ်၍....

'ခင်ဗျား ဘာပြောတာလဲ'

'ဪ- မင်းသားလေးက ရှင့်ကို ကူညီရမယ်လို့ပြောတယ်၊ အဲဒါကို ရှင် ဘယ်လိုသဘောရသလဲ မေးတာပါ'

'ကျေးဇူးတင်ပါတယ်ဗျာ၊ အခုလောလောဆယ် ကျုပ်အကူအညီမလိုသေးပါဘူး'

'ရှင်တကယ်ပြောတာလား'

'တကယ်ပါ'

'ဒါဖြင့်လဲ ပြီးရောပေါ့၊ အကူအညီလိုရင် မင်းသားလေးရဲ့ကူညီပါလို့ ပြောလိုက် ဟုတ်ပြီလား၊ မင်းသားလေးချက်ခြင်းရောက်လာပြီး ကူညီလိမ့်မယ်'

'ကောင်းပါပြီဗျာ ကဲ....ကျုပ်ကို သွားခွင့်ပြုပါဦး'

'ရှင်သွားချင်ရင် သွားပေါ့'



အရူးမလေးနှင့် ဆက်၍ပြောဆိုနေပါက အချိန်သာကုန်ပြီး အကြောင်းထူးမည်မဟုတ်ဟု ယူဆမိသော—

'ကဲ- သွားပြီဗျို့'

နှုတ်ဆက်သော မြင်း၏ဝမ်းဗိုက်ကို ဖနောင့်ဖြင့် ခပ်ဆတ်ဆတ်လေး ပေါက်လိုက်သည်။ မြင်းကြီးလည်း တစ်ချက်ဟီကာရှေ့သို့ဒုန်းစိုင်းပြေးထွက်သွားတော့၏။

*　　*　　*

# အခန်း(၁၂)

ချက်စိလည်စရာ—စတာမဟုတ်မဟာ

နေ့ဝန်းနီသည် အနောက်ဘက်သို့ တိမ်းစောင်းသွားပြီ ဖြစ်သည်။

ပါးလွှာသော အမှောင်ထု စတင်ဝင်ရောက်လာပြီဖြစ်၏၊ မုယုစိမ်းအား မြင်းကို ဒုန်းစိုင်း၍ ခရီးနှင်နေဆဲ...

ဆုတောင်းသုံးခု နန်းတော်သို့ အမြန်ဆုံး ရောက်လိုစိတ်များ ဖြစ်ပေါ်နေပေသည်။

လူနေမြို့ရွာများကို တွေ့သော်လည်း မရပ်နားတော့ပဲ ခရီးဆက်လာခြင်းလည်းဖြစ်၏။



တင်းတင်းပေးလိုက်သော ရိက္ခာခြောက်များ ပါလာ၍ လမ်း၌ စားရေးသောက်ရေး ပူပင်စရာ မလိုတော့ချေ။

မြင်းဒုန်းစိုင်းနှင်လာရင်း ညနေစောင်းချိန်၌ ကျယ်ပြန့်ပြောသော မြေပြန့်လွင်ပြင် တစ်ခုသို့ ရောက်လာသည်။

လွင်ပြင်ကိုဖြတ်ကျော်ရင်း ရှေ့ဘက်၌ မြင်းစီးသမားတစ်စု ခရီးပြင်းနှင်နေကြသည်ကို တွေ့ရ၏။

မုယု စိမ်း ရင်ထိတ်သွားသည်။

လမ်း၌ တွေ့ရသူများသည် သူ့အား ဒုက္ခပေးသူသာ များပေသည်။ ထို့ကြောင့် မြင်းစီးသမားများနှင့်သည်း ပတ်သက်လိုခြင်းမရှိချေ။

မည်သို့ဆိုစေ မြင်းစီးသမားများသည် သူဖြတ်သန်းသွားရမည့် လမ်းခရီး၌ရှိနေ၏။ ထိုလူများကို ဖြတ်ကျော်ပြီးမှ ရှေ့ခရီးဆက်သွားနိုင်ပေမည်။

ထိုလူများအား ရှောင်ကွင်းသွားမည်ဆိုပါက ခရီးနှောင့်နှေးကြန့်ကြာမည်ဖြစ်သည်။

မုယု စိမ်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ မြင်းဒုန်းစိုင်းကာ ရှေ့မှသွားနေသော မြင်းစီးသမားများအား ဖြတ်ကျော်လိုက်လေသည်။

စန္ဒကွမ်းရှောင်ချင်းထံမှ ရရှိခဲ့သော မြေပုံအရ လွင်ပြင်ကို ဖြတ်ကျော်ပြီး လျှင် မှိုင်းညို့သော တောင်တန်းကြီး ဆီသို့ ရောက်သွားပေမည်။ ထိုတောင်တန်းကြီး၏ တစ်ခုသော တောင်ကြားကို ဖြတ်ကျော်ပြီးသည်နှင့် ဆုတောင်းသုံးခု နန်းတော်သို့ ရောက်သွားမည် ဖြစ်ပေသည်။

ဆုတောင်းသုံးခု နန်းတော်သို့ ရောက်ရန် ခရီးမကွာတော့ချေ။

ထို့ကြောင့်လည်း မရပ်မနား ခရီးပြင်းနှင်နေခြင်း ဖြစ်ပေတော့သည်။ မြင်းစီးသမားများကို ဖြတ်ကျော်ရင်း မသိမသာ အကဲခတ်ကြည့်သွားသည်။ မြင်းသမားများမှာ ကုန်သည်ပွဲစားများ ဖြစ်ကြဟန်ရှိသည်။

ကုန်စည်စလည် တင်ထားသော ဝန်တင်ဆားများကို အဆယ်မှုထားသော ခေါ်ကိုယ်စီ ကျောပိုးထားသူများက နံဘေးမှ စောင့်ကြပ်လျက် ခရီးသွားနေကြခြင်း ဖြစ်၏။

မုယူစိမ်း ကျော်ဖြတ်သွားချိန်တွင် မြင်းစီးသမား အုပ်စုထဲမှ တစ်ယောက်က....

'ဗျို့ မိတ်ဆွေလေး ခဏနေပါဦးဗျ'

မုယူစိမ်း အံ့ဩသွားရသည်။ အရှုတ်မှထင် မြင်းကိုရပ်၍ လှည့်ကြည့်လိုက်သည်။

ကုန်သည်အုပ်စုမှ လူတစ်ယောက်က မြင်းကို ရှေ့သို့ ဒုန်းစိုင်းထွက်လာပြီး မုယူစိမ်းအနီး ချဉ်းကပ်လာသည်။

မုယူစိမ်းက—

'ဘာကိစ္စရှိလို့လဲဗျ'

ထိုလူက—

'မိတ်ဆွေ ဘယ်ကိုသွားမလို့လဲဗျ'

'ကျုပ်အရှေ့တက်သွားမလို့ပါ၊ ဘာဖြစ်လို့လဲ'

အရှေ့ဘက်၌ တွေ့မြင်နေရသော မှိုင်းညို့သောတောင်တန်းကြီးဆီသို့ ညွှန်ပြရင်း ပြောပြလိုက်လေသည်။



ထိုလူက—

'မိတ်ဆွေ ဘာကိစ္စနဲ့သွားမှာလဲ'

'ကိစ္စနည်းနည်းရှိလို့ပါ၊ မိတ်ဆွေတို့နဲ့ ဆိုင်ဘူးထင်ပါတယ်ဗျာ'

မုယူစိမ်းကခပ်ပြတ်ပြတ်ပြောလိုက်သည်။

ထိုလူကလက်ကာပြရင်း....

'အထင်မလွဲပါနဲ့ဗျာ၊ ကျုပ်ကစပ်စုတာ မဟုတ်ပါဘူး၊ အရှေ့ဘက်တောင်တန်းမှာ လူနေအိမ်ခြေမရှိဘူးဗျ၊ သားရဲတိရစ္ဆာန်တွေ ပေါများတယ်၊ တောပုန်းခားပြတွေလဲ ရှိတယ်၊ ဒါကြောင့် မိတ်ဆွေတစ်ယောက်တည်း ခရီးသွားရင်အန္တရာယ်ကြုံတွေ့နိုင်တာမို့ ကျုပ်နဲ့အတူ သွားပါလားဗျ'

မုယူစိမ်း တွေဝေသွားလေသည်။ ထိုလူက ဆက်ပြောလိုက်လေသည်။

'တောပုန်းခားပြတွေထက် ပိုကြောက်စရာကောင်းတာက ကျားသစ်တွေပဲဗျ။ အဲဒီတောင်တန်းတွေကို ဖြတ်ကျော်မယ်ဆိုရင် သတိထားရမယ်၊ အုပ်စုဖွဲ့ပြီးသွားရတယ်၊ ဘယ်လိုကိစ္စမျိုးတွေတွေ မစပ်စုရဘူး။ ကိုယ့်လမ်းကိုယ်သွားရတယ်၊ အဲကျားသစ်တွေနဲ့တွေ့ရင်တော့ ပြေးသာပြေးပေတော့ဗျို့'

ကုန်သည်ပွဲစားများသည် ဤဝမ်း ဤခရီးမှ မကြာခဏ ဖြတ်သွားနေကျဖြစ်ကြောင်း ရိပ်မိလေသည်။

ထို့ကြောင့်—

'ခင်ဗျားတို့ကော ကျွဲသစ်တွေနဲ့ တွေ့ဖူးသလား'

ဟု မေးလိုက်သည်။ ထိုလူက....

'မတွေ့ဘူးဗျ။ ဒါပေမယ့် တွေ့ရင် မသက်သာဘူးဆိုတာ သိတယ်။ ခင်ဗျားတစ်ယောက်တည်း သွားမှာထက်စာရင် ကျုပ်တို့နဲ့ အတူတူ ပူးပေါင်းသွားတာကပိုပြီး လုံခြုံစိတ်ချရလိမ့်မယ်'

မုယုံစိမ်း သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ။ ခင်ဗျားတို့သဘောတူတယ်ဆိုရင် ကျုပ် ခင်ဗျားတို့နဲ့ အတူတူသွားပါမယ်ဗျာ'

'ဟာ ဝမ်းသာလိုက်တာ။ ကျုပ်တို့လူစုက ဒီခရီးကို ဖြတ်သန်းသွားမယ့်လူတွေစုပြီးလာခဲ့တာပဲဗျ။ အားလုံး မိတ်ဆွေတွေလို သဘောထားပေါ့ဗျာ'

မုယုံစိမ်းက ကိုယ်မရောက်ဖူးသော အရပ်ဒေသဖြစ်၍ ထိုလူများနှင့်ရော၍ အတူတူခရီးသွားရန်ဆုံးဖြတ်လိုက်၏။

သူ့အား ထွက်၍ မိတ်ခေါ်သွားသော လူရှောင်လုံးဟုခေါ် ကြောင်း သိရလေသည်။ လူရှောင်လုံးနှင့် မိတ်ဆွေဖြစ်သွားပြီးနောက် ကုန်သည်အုပ်စုနှင့်အတူတူ ရောနှောကာ ရှေ့ခရီး ဆက်ခဲ့လေတော့သည်။

*



လွင်ပြင်ကိုဖြတ်သန်းပြီး တောင်တန်းအနီးသို့ ရောက်သောအခါ မိုးချုပ်သွားပြီဖြစ်လေသည်။

အလင်းရောင် ကွယ်ပျောက်သွားပြီး တောင်တောင်ပေါ်၌ လခြမ်းပဲ့ကလေးနှင့် ကြယ်ကလေးများ ထွက်ပေါ်လာသည်။

မသဲကွဲ အလင်းရောင်ဖြင့် ခရီးဆက်သွားရန် မလွယ်ဟု လူရှောင်လုံးက ပြောပြ၏။

ကုန်သည်အားလုံး တောင်ခြေမြက်ကွက်လပ်၌ တစ်ညတာ အနားယူရန် ပြင်ဆင်လိုက်ကြသည်။

သားရဲတိရစ္ဆာန်များ အန္တရာယ်မှ ကာကွယ်ရန် ထင်းခြောက်များကောက်ကာ မီးပုံကြီးများ ဖိုလိုက်ကြသည်။ ထို့နောက် ကုန်ပစ္စည်းများကို အလယ်၌ပုံကာ ဘေးပတ်လည်တွင် မြင်းများ လားများကာရံပြီး ပစ္စည်းနံဘေး၌ အားလုံးစုဖွဲ့ကာ အိပ်စက်ကြသည်။

အိပ်စက်ရာ၌လည်း နှစ်ယောက်တစ်တွဲ တစ်ညလုံးအလှည့်ကျ ကင်းစောင့်ရန် တာဝန်ခွဲဝေလိုက်ကြလေသည်။

ကုန်သည်များနှင့်အတူ ခရီးသွားရင်း လူရှောင်လုံး၏ မိတ်ဆက်ပေးမှုကြောင့် အခြားလူများနှင့်ပါ ခင်မင်ရင်းနှီးလာလေသည်။

မုယုံစိမ်းကိုလည်း အဖွဲ့သားတစ်ယောက်အဖြစ် သတ်မှတ်ကာ ကင်းတာဝန်ခွဲဝေပေးသည်။ လူရှောင်လုံးနှင့်မုယုံစိမ်းတို့သည် ညသန်းခေါင်အချိန်မှစပြီးတာဝန်ယူရသည်။

နံနက်အာရုံတက်ချိန်အထိ စောင်းစောင့်ရန် တာဝန်ကျလေသည်။ ထို့ကြောင့် စေ့စေ့စပ်စပ် သူတို့ အိပ်စက်အနားယူလိုက်ကြသည်။

အေးမြသော ညလေများ တိုက်ခတ်လာသည်။ မီးပုံထင်း ခြောက်များ တဖျပ်ဖျပ်မြည်ကာ တောက်လောင်နေသည်။

မီးပုံမှ ထွက်ပေါ်လာသော အလင်းရောင်ကြောင့် ကုန်စည်များ စုပုံနေသည်ကို လည်းကောင်း၊ အစီအရီခိုင်းပွဲလာ အိပ်စက်နေကြသော ကုန်သည်များကို လည်းကောင်း၊ တွေ့မြင်နိုင်၏။

မုယာ့စိမ်းနှင့် လုရှောင်လုံးတို့နှစ်ယောက်မှာ ပတ်ဝန်းကျင်ကိုလှည့်ပတ် စစ်ဆေးကြည့်လိုက်ကြသည်။ ပြီးနောက် မီးပုံနှင့် လှမ်းမကမ်း၌ ထိုင်ချလိုက်ကြလေသည်။ လုရှောင်လုံးက...

'တော်တော်အေးတယ်နော်'

ဟု စကားစလိုက်လေသည်။ မုယာ့စိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'



'ဒါထက် ခင်ဗျားကို ကြည့်ရတာ ဒီအရပ်ဒေသကို တစ်ခါမှ ရောက်ဖူးဟန် မတူဘူး ထင်တယ်'

'ဟုတ်တယ်ဗျ'

'ခင်ဗျားဟာ ကုန်သည်ပွဲစားတော့ မဖြစ်နိုင်ဘူး ဘယ်လို ကိစ္စရှိနေလို့လဲဗျ'

မုယာ့စိမ်းက သူ့အား အကဲခတ်ကြည့်လိုက်သည်၊ လုရှောင်လုံးမှာ သူနှင့်အသက်တူရွယ်တူ လူငယ်တစ်ယောက် ဖြစ်ပေသည်။

နှစ်လိုဖွယ်ကောင်းသော အကျင့်စရိုက်ရှိသူဖြစ်သည်။ ဤကုန်သည် အုပ်စုခေါင်းဆောင်မှာ လုရှောင်လုံး၏ ဖခင်ဖြစ်သည်၊

ထို့ကြောင့် လုရှောင်လုံးက မုယာ့စိမ်းအား သူတို့နှင့်အတူ ခရီးသွားရန် ဖိတ်ခေါ်ခဲ့ခြင်းကို အခြားလူများက အန့်ကွက် ခြင်း မပြုဘဲ လက်ခံခဲ့ကြခြင်းဖြစ်ပေသည်။

မုယာ့စိမ်း သက်ပြင်းချလိုက်သည်။

'အင်း အရေးကြီးတဲ့ ကိစ္စရှိနေတယ်လို့ပဲ သဘောထားပါဗျာ နောက်နောင် ပြန်သည်ဆုံတွေ့တဲ့အခါ ကျုပ်ပြောပြပါ့မယ်၊ အခုပြောမပြနိုင်တာကို စိတ်မဆိုးဖို့ တောင်းပန်ပါတယ်ဗျာ'

'အို...မဟုတ်တာဘဲဗျာ ခင်ဗျား ပြောမပြနိုင်တဲ့ ကိစ္စကို မေးမိလို့ စိတ်မဆိုးဖို့ တောင်းပန်ရမှာက ကျုပ်ပါ'

'ဒီလောက်လဲ မဟုတ်ပါဘူးဗျာ'

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့ နှစ်ယောက် မိတ်ဆွေဖြစ်ကြပြီ၊ နေခင်နောင်တွေ့ဆုံနိုင်သေးတာပေါ့၊ ကျုပ်ကို တွေ့ချင်ရင်၊ လုရန်မြို့ကိုလာခဲ့ပါ ဟင်းခတ်အမွှေးအကြိုင် ကုန်သည်ကြီး လုရဲ့အိမ်ကို ဘယ်သူ့မေးမေး ရပါတယ်'

မုယု"စိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျုပ်မှတ်ထားပါ့မယ်ဗျာ'

သူတို့နှစ်ယောက်စကားပြောဆိုနေကြစဉ်....

'ဝူး....ဝူး...ဝူး'

အဝေးမှ တောခွေး အူသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ လုရှောင်လုံးက....

'တောခွေးအူသံတွေပါလား၊ သတိထားမှဖြစ်မယ်'

'ဘာဖြစ်လို့လဲဗျ'

'တောခွေးတွေဟာ အုပ်စုဖွဲ့ပြီးသွားတတ်တဲ့ သဘာဝရှိတယ်ဗျ သူတို့ဟာသားကောင်တို့ တွေ့လို့ အူနေတာပဲဖြစ်ရမယ် တဖြည်းဖြည်း နီးကပ်လာနေတော့ သတိထားရမယ်'

သူတို့နှစ်ယောက်မီးပုံအနီးမှ ထလာခဲ့ကြသည်။ မြေကွက်လပ် တစ်ဘက်တောစပ်သို့သွားကာ အနေအထားကို ကြည့်လိုက်ကြလေသည်။ ထိုစဉ်မှာပင်....

'ဝူး-ဝူး-ဝူး'

တောခွေးအော်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တဆက်တည်းပင် သစ်ပင်များအကြားမှ လူရိပ်တစ်ရိပ် ဖြတ်ပြေးသွားသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။



'ဟင်...လူတစ်ယောက်ပါလား'

လုရှောင်လုံးက လွှတ်ခနဲ ရေရွတ်လိုက်သည်။

'ဟုတ်တယ်ဗျို'

'ထူးဆန်းတယ် တောတောင်ထဲမှာ လူရိပ်တွေဘာ အုံခြစရာပဲဗျ'

'ဟုတ်တယ်၊ ဒီနေရာမှာ ထူးဆန်းတာတွေ အများကြီးရှိတယ်၊ ကိုယ်နဲ့မဆိုင်ဘဲဝင်မစွက်ရဘူးလို့ ကျုပ်အဖေ သေသေချာချာသတိပေးထားတယ်ဗျ'

'ဒါထက် ခင်ဗျားတို့ကုန်စည်းတွေ လုယူမယ့် လူဆိုးတွေဖြစ်နေရင်တော့'

လုရှောင်လုံး ရင်ထိတ်သွားလေသည်။

'ဒုက္ခပဲ၊ ဒီအတိုင်းဆို ဖေဖေ့ကိုညီနိုင်းပြီး သတိပေးတာကောင်းမယ်'

'မှန်တာပေါ့၊ သတိဆိုတာ ပိုတယ်မရှိဘူး၊ ကြိုကြိုတင်တင် ပြင်ဆင်ထားမှဖြစ်မယ်'

'ဒါဖြစ်ရင် ခင်ဗျား အခြေအနေစောင့်ကြည့်နေဦး၊ ကျုပ်ဖေဖေ့ကို သွားပြီးနိုးလိုက်ဦးမယ်'

လုရှောင်လုံး ခပ်သွက်သွက်ကလေးထွက်သွားသည်။ မုယု"စိမ်းက အခြေအနေစောင့်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ထိုစဉ် သစ်ပင်များကြားမှ လူရိပ်တစ်ရိပ် လှစ်ခနဲပြေးလွှားသွားသည်ကို တွေ့ရပြန်သည်။

မုယုံစိမ်း မျက်တောင်မခတ် စိုက်ကြည့်နေလိုက်၏။ လူရိပ်သည် သစ်ပင်များအကြား လှည့်ပတ်ပြေးနေခြင်းဖြစ်သည်။

လရောင်ကြောင့် မြေကွက်လပ်တစ်ဘက်စွန်းမှ ရပ်ကြည့်နေသော သူ့အား လက်ယပ်ခေါ်နေသည်ဟုပင် ထင်ရလေသည်။

တောတောင်ထဲ လူတစ်ယောက်တွေ့ရသည်မှာ ထူးဆန်းလှပေသည်။ ဤနေရာ၌ ထူးဆန်းသောကိစ္စရပ်များရှိသည်ဟု သိရသဖြင့် ပို၍စိတ်ဝင်စားလာသည်။

မနေနိုင်တော့သည့်နောက်ဆုံး သတိကြီးစွာထားကာ သစ်ပင်များရှိရာသို့ ပြေးသွားလေသည်။

သူပြေးသွားသည်နှင့် လူရိပ်သည်း တစ်ဘက်သို့လှည့်ကာ ပြေးသွား၏။

မုယုံစိမ်း ခုံပြင်းသွား၏။

'မပြေးနဲ့ ရပ်လိုက်စမ်း'

အော်ငေါက်ရင်း နောက်မှပြေးလိုက်သွား၏၊ လူရိပ်မှာ ရပ်တန့်ခြင်းမရှိသည့်အပြင် ပို၍လျင်မြန်စွာပြေးလေသည်။

'မပြေးနဲ့လို့ပြောနေတာ မကြားဘူးလား'

မုယုံစိမ်းက ဟန့်တားရင်း အားကုန်ပြေးလိုက်သွား၏၊ သစ်ပင်များကြားသို့ ပြေးဝင်သွားမိချိန်၌ အနောက်ဘက်မှ လူရှောင်လုံး၏အော်ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'မုယုံစိမ်း ခင်ဗျားဘယ်သွားမလို့လဲ၊ ပြန်လာခဲ့ပါ'



မုယုံစိမ်းမှာ သူ၏တကြော်ကြော်အော်ခေါ်သံကို လျစ်လျူရှုကာ ရှေ့မှပြေးသွားသောလူရိပ်နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွားလေတော့သည်။

လရောင်ဖြာကျနေသည်။

တောင်ခြေတလျှောက် သစ်ပင်ချုံနွယ်များ၊ ကျောက်တုံးကျောက်ခဲများ ဖုံးလွှမ်းလျက်ရှိပေသည်။

ရှေ့မှပြေးသွားသော လူရိပ်သည် သစ်ပင် ချုံနွယ်များအကြား တိုးဝှေ့ပျောက်ကွယ်သွားသည်။

တောအုပ်ထဲ ရောက်သည်နှင့် မုယုံစိမ်းမှာ သတိကြီးစွာထားကာ လှည့်ပတ်ရှာဖွေလိုက်လေသည်။

လရောင်ဖြာကျနေသော်လည်း အမှောင်ရိပ်သိုးကျနေသည့်နေရာများစွာရှိပေသည်။

သို့ဖြစ်ရာ ရှေ့မှပြေးသွားသောလူရိပ်ကို ရှာမတွေ့တော့ချေ။

'တောက်....ဘယ်ပျောက်သွားပါလိမ့်'

တွေးရင်း တောအုပ်ထဲသို့ တိုးဝင်မှန်းမသိ ဝင်လာမိ၏။

'ဝူး...ဝူး...ဝူး'

တောခွေးအူသံများ ထွက်ပေါ်လာသည်။

မုယို စိမ်း ကျောထဲစိမ့်တက်သွားသည်။

'ဒုက္ခပဲ၊ ငါဝင်လိုက်လာမိတာ မှားပြီထင်တယ်'

တွေးရင်း ချက်ချင်း နောက်ကြောင်း ပြန်လှည့်လာခဲ့၏။ ထိုအခါမှ လမ်းစပျောက်နေတော့သည်။

သစ်ပင် ချုံနွယ်များသည် လည်းကောင်း၊ ကျောက်တုံးကျောက်ခဲများသည်လည်းကောင်း အားလုံးလိုလို တပုံစံတည်းဖြစ်နေသည်ထင်ရ၏။

လှည့်ပတ်ကြည့်ရင်း နောက်ပြန်လှည့်လာခဲ့သော်လည်း တောအုပ်ထဲမှထွက်မရဘဲ တဝဲလည်လည်ဖြစ်နေတော့သည်။

အေးမြစသာညအချိန်ဖြစ်သော်လည်း သူ၏နဖူးပေါ်၌ ချွေးများစို့ရွှဲလာသည်။

လုရှောင်လုံး၏စကားကို နားမထောင်မိခြင်းကြောင့် မှားပြီဟု နောင်တရလာသည်။

လှည့်ပတ်သွားရင်း နောက်ကြောင်းပြန်လှည့်နိုင်တော့အညီ နောက်ဆုံး သစ်ပင်တစ်ပင်ခြေရင်း၌ ထိုင်ချလိုက်၏။

သစ်ပင်ကို ကျောမှီကာ....

'လုရှောင်လုံးပြောတာမှန်တယ်၊ ဒီနေရာဟာ အင်မတန်ထူးခြားတဲ့နေရာတစ်ခုပဲ၊ ဒါကြောင့်လဲဆုတောင်းသုံးခု နှန်းတော်ဟာ ဒီနေရာ ပတ်ဝန်းကျင်မှာ ဟည်ရှိ နေတာအစား မပြောတတ်ဘူး'



တွေးရင်းတွေးရင်းစိတ်ရှုပ်လာသည်။

ညဥ့်နက်နေပြီဖြစ်၍က တစ်ကြောင်း၊ စိတ်ရှုပ်ထွေးနေသည်က တစ်ကြောင်း၊ ပြေးလိုက်လာရခြင်းကြောင့် ပင်ပန်းနေသည်က တစ်ကြောင်းကြောင့် သစ်ပင်ကိုကျောမှီရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေရာမှ မျက်ခွံများလေးလံလာကာ မွေးခနဲ အိပ်ပျော်သွားသည်။

မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။

သူအိပ်ရာမှလန့်နိုးလာသော အခါ မိုးစင်စင် လင်းနေပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရလေတော့သည်။

❀

မိုးစင်စင်လင်းလာပြီဖြစ်လေသည်။

ကျေးငှက်အလေးများ ဟိုဟိုသည်သည် ပျံသန်းနေကြသည်ကို တွေ့မြင်နိုင်၏။

ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းလန်းသောသစ်ပင်ချုံနွယ်များဖုံးလွှမ်းနေသည်။

မုယို စိမ်းဆတ်ခနဲထရပ်လိုက်သည်။

အရပ်ဒေသမျက်နှာတွင် သစ်ပင်ချုံနွယ်များသာ တွေ့ရလေသည်။

သူဝင်လာခဲ့သောမြေကွက်လပ်ဆီသို့ ထွက်ရာ လမ်းကိုလော့ မတွေ့ရချေ။

'လူရှောင်လုံးတို့ထွက်သွားကြပြီ ဒီလား မပြောတတ်ဘူး'

တွေးရင်းတွေးရင်း ညအလူရိပ်တစ်ရိပ်တွေ့၍ လိုက်လာရင်း တောအုပ်ထဲတွင်မျက်စိသည်မှာ ထွက်ပေါက်ရှာမတွေ့ဘဲ ဖြစ်ခဲ့ရပုံကို သတိရလာသည်။

ပတ်ဝန်းကျင်ကို သတိထား အကဲခတ်ကြည့်ရင်း ထွက်လာခဲ့၏။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ်ရင်း လျှောက်လာရာထွက်ပေါက်မတွေ့သည့်အပြင် တောနက်ထဲသို့ပင် ရောက်မှန်း မသိရောက်ရှိလာတော့သည်။

မုယ့်စိမ်း စိတ်ပျက်လာ၏။

'ဒုက္ခပဲ ဒီအတိုင်းဆိုရင် တောအုပ်ထဲမှာ တစ်သက်လုံး နေရတော့မယ်ထင်ပါရဲ့'

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းတစ်နေရာ၌ မီးခိုးများ တလူလူ ထွက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟော မီးခိုးတွေထွက်နေပါလား၊ မီးခိုးရှိရင်လူရှိမှာပဲ'

ဝမ်းသာအားရဖြင့် မီးခို ထွက်ပေါ်လာရာ ဆီသို့ ဦးတည်လျှောက်သွားလေသည်။



အတော်ကလေး ကြာအောင် လျှောက်သွားပြီးသည့် အခါ တောအုပ်ကလေး၏တစ်ဖက်သို့ ထွက်လာနိုင်ခဲ့တော့သည်။

တောအုပ်ကလေးတစ်ဖက်၌ တောင်ကုန်းလေးတစ်ခု ရှိနေသည်။

တောင်ကုန်းကလေးပေါ်၌ အိမ်ကလေးတစ်လုံးရှိနေပြီး ထိုအိမ်ကလေး၏ မီးခိုးခေါင်းတိုင်မှ မီးခိုးများ ထွက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

မုယ့်စိမ်းဝမ်းသာသွားသည်။

တောင်ကုန်းကလေး ပေါ်သို့ ခပ်သွက်သွက်ပြေးတက်သွားလေသည်။

အိမ်ကလေးက တံခါးပိတ်ထား၏။

အိမ်ကလေးနှင့်နီးကပ်လာလေလေ မွှေးကြိုင်သင်းပျံ့သော စားနံ့များ ရှူရှိုက်ရလေဖြစ်သည်။

မုယ့်စိမ်းတကြုတ်ကြုတ်ဆာလောင်လာ၏။

တင်းတင်းပေးလိုက်သော မြင်းနှင့် ရိက္ခာခြောက် များသည် လူရှောင်ဖုံးတို့ထံ၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မုယ့်စိမ်းက ရိက္ခာခြောက်များ အကြောင်း စဉ်းစားရာမှ ရွှေငွေအထုပ်ကလေးနှင့် အစိမ်းရောင်သန်းနေသောဓားကိုသတိရလာသည်။

ကောက်တစ်ဘက်က အင်္ကျီရင်ဘတ်ကြားသို့ စမ်းကြည့်လိုက်ရာ ရွှေငွေအထုပ်ကလေးရှိနေသည်ကို တွေ့ရ၏။

သို့သော်ကျော်ပိုးထားသည့်အစိမ်းရောင်ခါးစားမရှိတော့ပါချေ။

'ဟင်-ဝံား—ခါးစားယ်ပျောက်သွားပါလိမ့်'

ယခုမှမျက်လုံးပြူးသွားရလေတော့သည်။

အစိမ်းရောင်သန်းသည့် စန့်ကွမ်းရှောင်ချင်းထံမှ ရရှိခဲ့သော ခါးစားမှာ ပျောက်ခြင်းလေ ပျောက်ဆုံးသွားချေပြီ။

ထိုခါးစားနှင့်လက်စွပ်သည် ဆုတောင်းသုံးခုနန်းတော်သို့ သွားရောက်ပို့ဆောင်ပေးရမည့် ပစ္စည်းများဖြစ်နေသည်။

ခါးပျောက်ဆုံးသွားပြီဖြစ်ရာ ဆုတောင်းသုံးခု နန်းတော်သို့ သွားနိုင်တော့မည်မဟုတ်ချေ။

မုယုံစိမ်းမှာ တစ်ကိုယ်လုံး ခွန်အားများ ပျောက်ကွယ်သွားသည်ဟု ခံစားလိုက်ရတော့သည်။

ထိုစဉ်မှာပင်....

'အိမ်းရှေ့က ဘယ်သူလဲ'

စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ မုယုံစိမ်း သတိဝင်လာပြီး လှမ်းကြည့်လိုက်ရာ အိမ်တံခါးပွင့်သွားပြီး အဘွားအိုတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေ၏။

'ခြော်... ဧည့်သည်ရောက်နေတာကိုး၊ ကြွပါ-ကြွပါ'

အဘွားအိုက မနေမနား ဖိတ်ခေါ်လိုက်သည်။

မုယုံစိမ်းလည်း မတတ်သာတော့ဘဲ အိမ်ရှေ့သို့ လျှောက်သွားရလေသည်။



အဘွားအိုမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည်ဟု ထင်ရ၏။ ခန့်ညားသော ရုပ်သွင်ရှိပြီး ငယ်ရွယ်စဉ်က ချောမောလှပသူ ဖြစ်ခဲ့မည်ဟု တွေးမိနိုင်ပေသည်။

အဘွားအိုက မုယုံစိမ်းအား ပြုံးမြဲရင်း....

'မင်း လမ်းမှားပြီး ဒီဆီကိုရောက်လာတဲ့ ဧည့်သည်ပဲ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ငါ့အိမ်ကို ရောက်မှတော့ ဧည့်ခံရမှာပေါ့၊ ကဲ-ကဲ-အိမ်ထဲဝင်ပါဦး'

မုယုံစိမ်း လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျေးဇူးပါပဲဗျာ'

အဘွားအိုက အိမ်ထဲဖိတ်ခေါ်သဖြင့် မုယုံစိမ်းလည်း နောက်မှလိုက်၍ ဝင်သွားလေသည်။ အိမ်ထဲရောက်လျှင် အဘွားအိုက....

'မင်းကိုကြည့်ရတာ တောထဲမှာ ညအိပ်ခဲ့ရတယ် ထင်ပါရဲ့၊ ဗိုက်ဆာနေရောပေါ့'

ပြောရင်း နေရာထိုင်ခင်းပေးကာ စားသောက်ဖွယ်ရာများ လာရောက်ချပေးလေသည်။

မုယုံစိမ်း ဝမ်းသာသွားသည်။ ဤမျှ လူသူကင်းဝေးသော တောတောင်ထဲ၌ တစ်ယောက်တည်း လာနေသော အဘွားအို အပေါ်လည်း အံ့သြမိသည်။

အဘွားအိုသည် ထူးခြားသူဖြစ်ရမည်ဟု တွေးမိပြီး ဝမ်းဗိုက်ဆာလောင်နေသည့်တိုင်စားသောက်ဖွယ်ရာများကို စားသောက်ခြင်းမပြုဘဲ နေလိုက်လေသည်။

ထို့ပြင် မနေ့ညက တောအုပ်ထဲ၌ တွေ့ခဲ့ရသော လူရိပ်များမှာ အဘွားအိုဖြစ်နိုင်သည်ဟုလည်း တွေးမိ၏။

အဘွားအိုက သူ၏အတွေးကို ရိပ်မိသွားဟန်ဖြင့်....

'ဘာလဲ စားစရာသောက်စရာတွေကို မင်းမသောက်သေး ထင်တယ်၊ အစားစားလို့ ဘာမှမဖြစ်နိုင်ဘူး၊ မစားဘဲမသောက်ဘဲနေမှ ဒုက္ခရောက်မှာ၊ ငါက ငါ့ကိုဒုက္ခမပေးရင် ဘယ်သူ့ကိုမှ ဒုက္ခပေးဖို့ စိတ်ကူးဘူး၊ ငါ့ကိုဒုက္ခပေးလာရင်လဲ ဘယ်သူ့ကိုမှ ချမ်းသာမပေးနိုင်ဘူး'

အဘွားအို၏ ပြောပုံဆိုပုံ လှုပ်ရှားသွားလာပုံကိုကြည့်ကာ သိုင်းပညာ တတ်မြောက်ထားသူ ဖြစ်ရမည်ဟု ဆင်ခြင်မိသည်။

သို့သော် သူ့အား ဒုက္ခပေးလိုပုံမရကြောင်း ဆင်ခြင်မိသဖြင့် လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်ရင်း....

'တောတောင်ထဲမှာ လူနေအိမ်ခြေတစ်ခု တွေ့ရလို့ အံ့ဩမိတာပါခင်ဗျာ၊ ကျွန်တော့်ကို ဘယ်လိုမှမထင်ပါနဲ့၊ စိတ်လဲ မဆိုးပါနဲ့ခင်ဗျာ'

ပြောပြီး စားသောက်ဖွယ်ရာများကို စားသောက်လိုက်လေတော့သည်။

သူ စိတ်ချလက်ချ စားသောက်နေသည်ကိုတွေ့မှ အဘွားအို သဘောကျသွားသည်။

'ဒီလိုမှပေါ့၊ တော်ကြာ ငါ့သမီးနိုးလာမှ မင်းကိုလိုက်ပို့ခိုင်းမယ်၊ မင်းဘာသာသွားမယ်ဆိုရင် တစ်သက်လုံး တောအုပ်



အပြင်ဘက်ရောက်မှာ မဟုတ်ဘူး၊ ဒီနေရာကို ရောက်လာတာတောင် ကံကောင်းတယ်လို့မှတ်ပါ'

ထိုစကားကြောင့် အဘွားအိုတွင် သမီးတစ်ယောက်ရှိသေးကြောင်း သိလိုက်ရ၏။

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'မေမေ မေမေ၊ ဘယ်သူနဲ့ စကားပြောနေတာလဲ'

အတွင်းဘက်မှ ချိုလွင်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုအသံကို ကြားဖူးသည်ဟု ထင်မိသဖြင့် မုယ့်စိမ်း လှမ်းကြည့်လိုက်သည်။

အတွင်းဘက်မှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာ၏။ ထိုမိန်းကလေးကို တွေ့လိုက်ရသည်နှင့် မုယ့်စိမ်း မျက်လုံးပြူးကျယ်သွားပြီး....

'မင်း....မင်း'

စကားဆုံးအောင်မပြောနိုင်ဘဲ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၏။ မိန်းကလေးကလည်း သူ့အားတွေ့သည့်အခါ အံ့ဩသွားပြီး–

'ဟင် လက်စသတ်တော့ ရှင်ကကျွန်မနောက်ကို လိုက်လာတာကိုး'

ပြောရင်း သူ့ထံလျှောက်လာသည်။ မုယုံစိမ်း ပါးစပ်အဟောင်းသားဖြစ်၍ ငေးကြည့်နေမိ၏။

ထိုမိန်းကလေးမှာ ရှမ်းကုန်းတို့လူစု ဝိုင်းရံတိုက်ခိုက်စဉ်က ကြုံတွေ့ခဲ့ရသော အရူးမလေးဖြစ်နေသည်။

အရူးမလေးနှင့်မှ မမျှော်လင့်ပဲ ဆုံတွေ့ရခြင်းပြီဖြစ်လေသည်၊

* * *

လွှင့်စာပေ
အမှတ် ၁၅/၁၃၀၊ ၆ လမ်း၊
တောင် ၄ ရပ်ကွက်။

အခန်း( ၁၃ )

တမလွန်မှခွင့်လွှတ်ပါ

'ခစ်-ခစ်-ခစ်'

အရူးမလေး ရယ်မောလိုက်လေသည်။ မုယုံစိမ်း ပါးစပ်အဟောင်းသားဖြစ်၍ ငေးကြည့်မိသည်။

အဘွားအိုမှာ မျက်မှောင်ကြုတ်သွားပြီး—

'သမီး သူ့ကိုသိတယ်ဟုတ်လား'

'သိပါတယ်မေမေ သူက သမီးနောက်ကိုလိုက်လာတာပါ'

'ဪ....ဪ သူက သမီးမိတ်ဆွေကိုး'

'ဟုတ်ပါတယ်'

'ကဲ ကဲ သမီးတို့စကားပြောနေကြဦး။ မေမေမီးဖိုချောင်ထဲ ဝင်ပြီး လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်'

'ကောင်းပါပြီမေမေ'

အဘွားအိုက မုယ္စိမ်းအား တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် အိမ်နောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

'ရှင် ဘာကြည့်နေတာလဲရှင့်'

အရှုးမလေးက လှမ်းမေးမှ မုယ္စိမ်း သတိပြန်ဝင်လာ၏။

'မင်း...မင်း'

'ကျွန်မ ဘာဖြစ်သလဲ'

'မင်းဒီမှာနေတာလား'

'ဟုတ်တယ်လေ၊ ရှင်ပဲကျွန်မအိမ်ကို လိုက်လာပြီးတော့'

'ကျုပ် ကျုပ်လိုက်လာတာ မဟုတ်ဘူးဗျ'

'ဘာရှင့်'

မုယ္စိမ်းဆက်ပြောင်းချရင်း....

'ကျုပ်ကုန်သည်အုပ်စုနဲ့ လိုက်လာတာပါ။ မမျှော်လင့်ဘဲ ဒီတောအုပ်ထဲမှာ မျက်စိလည်လမ်းမှားပြီး ဒီကိုရောက်လာတာ ပါဗျာ'

မုယ္စိမ်းသည် အရှုးမလေးမျက်နှာပေါ်မှ အနာများကို ကြည့်ကာ ရင်ထဲဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာ ရလေသည်။

အရှုးမလေးက-



'ရှင်ဘာတွေ လျှောက်ပြောနေတာလဲ ဒီနေရာမှာ လမ်းမှား တယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ ကျွန်မချက်ချင်းဘဲပြီး လမ်းလျှောက်ရင်တောင် လမ်းမမှားနိုင်ပါဘူးရှင့်'

မုယ္စိမ်းမျက်မှောင်ကြုတ်သွား၏။ အရှုးမလေးနှင့် အဘွား အိုသည် သာမန်လူများ ဘုတ်ကြောင်း နားသည်မိပြီဖြစ်၏၊ အကြောင်းတစ်ခုခုကြောင့် လူသူဝေးလံသော ဤနေရာ တွင် လာရောက် ဇာတိမြုပ်နေကြသူများ ဖြစ်နိုင်မည်ဟု တွေးမိသည်။

'ဒီလိုဆိုရင် ကျုပ်ကိုလမ်းပြပေးဖို့ အောင်းပန်ပါတယ်ဗျာ'

အရှုးမလေး မျက်မှောင်ကြုတ်သွားသည်။

'ဘာ ရှင်ထွက်သွားဖို့ လမ်းပြပေးရမယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'နေပါဦး၊ ရှင်က ဘယ်ကိုသွားမှာလဲ'

'ကျုပ်....'

မုယ္စိမ်းမှာ ရုတ်တရက် မည်သို့ ပြန်ပြောရမှန်း မသိဖြစ် သွား၏။ ဆုတောင်းသုံးခုနန်းတော်သို့ သွားမည်ဟု ပြော ထွက်လေ။

အဘွားအိုနှင့် အရှုးမလေး၏အကြောင်း သေသေချာချာ မသိရဘဲ အသိပေးရန် မဖြစ်နိုင်ဟု ယူဆထားသည်။

'ရှင် ဘယ်သွားမှာလဲ ပြောလေ'

အရှုးမလေးက စိတ်မရှည်ဟန်ဖြင့် ထပ်မေးသည်။

'ကျုပ် ကျုပ် ဟို'

'အင်း ရှင့်ကို ကြည့်ရတာ စိတ်မှန်ရဲ့လား မသိဘူး၊ သွားစရာနေရာ မရှိရင်လဲ ဘာမှ ပူမနေနဲ့၊ ကျွန်မတို့နဲ့ အတူတူနေပေါ့'

'ဗျာ'

မမျှော်လင့်သောစကားကြောင့် မုယာ့စိမ်းပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အရူးမလေးက ရယ်မောရင်း -

'ခစ်...ခစ်... ခစ် ကျွန်မပြောတာ ရှင်ဘယ်လိုသဘောရသလဲ ကျွန်မတို့နဲ့ အတူတူနေပေါ့ ဟုတ်ပြီလား ဟောဒီတောင်ထဲမှာ ဆိုရင်ပေမယ့် ပျော်စရာကောင်းပါတယ်ရှင့်၊ ရှင့်ကို ဘယ်သူကမှ အနှောင့်အယှက် ပေးနိုင်မှာမဟုတ်ပါဘူး'

မုယာ့စိမ်း ခေါင်းယမ်းလိုက်လေသည်။

'ဟာ မဖြစ်ဘူး ကျုပ်နေလို့ မဖြစ်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲရှင့်'

'ကျုပ် သွားစရာရှိသေးတယ်'

'ရှင် ရှင် သွားစရာရှိတယ် ဟုတ်လား၊ ဘယ်ကို သွားမှာလဲ'

'ကျုပ်'

'ဟော တွေ့လား ရှင်မပြောနိုင်ဘူး မဟုတ်လား၊ ဒါကြောင့် ကျွန်မ ပြောတာပေါ့၊ ကျွန်မတို့နဲ့ နေပါလို့'

'ဟာ မဖြစ်ဘူးဗျ'

'ရှင်က အတင်းပဲ ထွက်သွားချင်နေတာကိုး၊ သွားချင်ရင်လဲ အခုသွားလေ'



'ဗျာ'

'ဟုတ်တယ် ရှင် မနေချင်ဘူး၊ သွားချင်တယ်ဆိုရင် အခု ချက်ချင်းသွားလေပေါ့'

'ကျုပ်'

အရူးမလေး မဲ့ပြုံးပြုံးလိုက်သည်။

'ဟင်း...ဟင်း...သည်လိုဆိုတော့လဲ ရှင်မသွားချင်ဘူးမဟုတ်လား'

မုယာ့စိမ်း စိတ်ညစ်သွားလေသည်။

'ဒုက္ခပဲ ဒီမိန်းကလေးနဲ့ စကား ပြောရတာ ကြာရင် ငါပါရူးရလိမ့်မယ်'

မုယာ့စိမ်းစိတ်ထဲ တွေးမိလေသည်။

အရူးမလေးက....

'ရှင် ဘာတွေတွေးနေတာလဲ၊ ဒီကထွက်သွားဖို့လား၊ ဒီမှာ နေဖို့လား'

မုယာ့စိမ်း သက်ပြင်းချလိုက်ပြီး....

'ကျုပ် ထွက်သွားမလို့ပါ'

'ဒါဖြင့် ရှင်ဘယ်ကိုသွားမယ်ဆိုတာ ပြောပါ'

'ဆုတောင်းသုံးခုနန်းတော်ကို သွားမလို့ပါ'

သည်တစ်ခါတော့ ဖြစ်ချင်ရာဖြစ် ဇွတ်မှိတ် ပြောလိုက်တော့၏။

'ဘာရှင့်'

မုယာ့စိမ်းက ထပ်မပြောတော့ဘဲ အရူးမလေးကို စိုက်ကြည့်နေလိုက်လေသည်။ အရူးမလေး၏ မျက်နှာပေါ်၌ အနှင်မျိုး

ပြည့်နှက်နေသော်လည်း၊ သူမ၏မျက်လုံး အစုံအား ရှိန်းထက်နေသည်။

ရှုံ့သွပ်နေသူတစ်ယောက်၏မျက်လုံးများနှင့် လုံးဝခြားနားချေ။

'တင်း...ဆုတောင်းသုံးခု နန်းတော်ကို သွားမလို့တဲ့၊ ဒီတောအုပ်ကတော့ အပြင်ရောက်အောင် မထွက်နိုင်ဘဲနဲ့ လောကြီးနေလိုက်တာ'

အရှုံးမပေးသော မဲ့အား ရွဲ့အား ပြောလိုက်သည်။ မုယုံစိမ်း အောင့်သက်သက်ဖြစ်သွားသည်။ သို့သော် သူမပြောသည့်အတိုင်း မှန်အန်နေခြင်းကြောင့် ဘာမျှပြန်မပြောဘဲ နေလိုက်လေသည်။

အရှုံးမပေးသော ဆက်ပြောလိုက်သည်။

'ရှင်ဒီမှာ မနေဘဲ ထွက်သွားမယ်ဆိုရင် အခုချက်ချင်း ထွက်သွားတာ အကောင်းဆုံးပဲ၊ ရှင်မသွားတတ်ရင် ကျွန်မ လိုက်ပို့ပေးမယ်'

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။ မုယုံစိမ်းမှာ အခွင့်အခရေးကို အက်လွှတ်မခံနိုင်ချေ။

အရှုံးမပေးသော လိုက်ပို့မည်ဆိုလျှင် ဝက်ပေါ့သဖွယ် ဖြစ်နေသော တောအုပ်ထဲမှ ထွက်သွားနိုင်မည်ဖြစ်ပေသည်။

တောအုပ်ထဲမှ ထွက်သော ရှေ့ခရီး ဆက်ရဦးမည်ဖြစ်ပေသည်။ သို့သော် သူ့အတွက် အခက်အခဲမှာ အစိမ်းရောင်ဆန်း သောခေါင်း ပျောက်ဆုံးသွားခြင်း ဖြစ်ပေသည်။

ခေါင်းပျောက်ဆုံးသွားသော်လည်း လက်စွပ်ကျန်သေးသည်ဟု တွေးမိ၍ ထွက်သွားရန် ဆုံးဖြတ်လိုက်၏။



သို့မဟုတ်လျှင် ခေါင်းပျောက်ဆုံးသွားသလို သူသည်၊ တောအုပ်ထဲမှ တစ်သက်လုံး ထွက်နိုင်တော့မည် မဟုတ်ချေ။

'ကျုပ်ကို လိုက်ပို့ပေးမယ်ဆိုရင် ကျေးဇူးပါပဲဗျာ'

ပြောရင်း လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

အရှုံးမပေးသော...

'အို မလိုပါဘူး၊ ရှင်သွားချင်တယ်ဆိုရင် သွားရမှာပေါ့'

သူမ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်...

'ဆုတောင်းသုံးခု နန်းတော်ကို ဘယ်သူက သွားမှာလဲ'

ရုတ်တရက် နောက်ဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုယုံစိမ်း လှည့်ကြည့်လိုက်ရာ အဘွားအိုထွက်လာသည်ကို တွေ့ရသည်။

အရှုံးမပေးသော မုယုံစိမ်းကို ညွှန်ပြရင်း...

'သူသွားမယ်လို့ ပြောနေတယ်မေမေ'

အဘွားအိုက မုယုံစိမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး...

'မင်းသွားမယ် ဟုတ်လား'

မုယုံစိမ်း လက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ်ဒေါ်ဒေါ်'

သူ၏စကားကြားလျှင် အဘွားအို မျက်ခမှောင်ကြုတ်ကာ...

'မင်းက သေချင်လို့လား'

'ဗျာ'

'ဆုတောင်းသုံးခုနန်းတော်ကို ဘယ်သူမှ တွေ့အောင်ရှာနိုင်မှာလဲ၊ မင်းရှုးနေပြီလား။ မင်းတို့ကိုရှာလို့ တစ်သက်လုံး တွေ့မှာ မဟုတ်ဘူး၊ တောထဲတောင်ထဲ အစာရေစာ ပြတ်ပြီး သေသွားလိမ့်မယ်'

အဘွားအိုရဲ့ အထင်သေးစကားကြောင့် မုယု စိမ်း ခံပြင်းသွားသည်။

'ကိုစွမ်းရှိပါ ဘွား ဒေါ်ဒေါ်၊ ကျွန်တော် ရောက်အောင်သွားမှာပါ၊ တွေ့အောင်ရှာမှာပါ'

'မင်း တော်တော်ခေါင်းမာပါလား၊ တို့အောင်မတွေ့တာ မင်းက ဘယ်လိုလုပ်တွေ့နိုင်မှာလဲ'

'ဗျာ....'

မုယု စိမ်း အံ့ဩသွားခဲ့လေသည်။

အဘွားအိုကိုငေးကြည့်ရင်း—

'ဒေါ်ဒေါ်ကလဲ ဆုတောင်းသုံးခုနန်းတော်ကို လိုက်ရှာနေတာ ဟုတ်လား'

'ဟုတ်တယ်၊ ငါရှာနေတာ ငါ့သမီး ရှစ်နှစ်သမီးအရွယ်ကတည်းကပဲ၊ အခုထိမတွေ့သေးဘူး၊ ဒါကြောင့် ဇာတိရပ်ရွာကို မပြန်ဘဲ တစ်နေ့တွေ့လိမ့်နိုးနဲ့ ဒီအရပ်မှာပဲ အခြေချပြီး ဆက်ရှာနေတာ အခုအချိန်ထိ မတွေ့ရသေးဘူး'

မုယု စိမ်း ရင်ထိတ်သွားသည်။

အဘွားအိုသည် ဤနေရာ၌အခြေချကာ ရှာဖွေနေသည်ဆိုလျှင် ဆုတောင်းသုံးခုနန်းတော်အကြောင်း အတော်အလေး သိရှိထားသူ ဖြစ်နိုင်ပေသည်။



ဆုတောင်းသုံးခုနန်းတော်တည်ရှိနေသည့် နေရာဒေသ အနီးအဝိုက်သို့ပင် အရောက်လာနိုင်ခဲ့သည် မဟုတ်ပါလား။

အဘွားအို နှစ်ပေါင်းများစွာကြာအောင် ရှာတော်သည်။ မတွေ့ရချေ။

စန္ဒကူပ်းရှောင်ချင်း၏ မြေပုံအညွှန်းအပေါ် ပထမဆုံး သံသယဝင်လာမိသည်။

သို့သော် စန္ဒကူမ်းရှောင်ချင်းထံ မြေပုံအညွှန်း တိတိကျကျ ရေးဆွဲထားခဲ့ခြင်းကြောင့် တွေ့ကိုတွေ့ရမည်ဟု ထင်မိ၏။

ထို့ကြောင့်—

'ကျွန်တော်ကတော့ တွေ့အောင်လိုက်ရှာနိုင်မယ်လို့ ယူဆပါတယ်ခင်ဗျာ'

အဘွားအို မဲ့ပြုံးပြုံးလိုက်သည်။

'တွေ့အောင်ရှာနိုင်ရင် မင်းက လူတော်ပဲ'

မုယု စိမ်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ၊ ဆုတောင်းသုံးခုနန်းတော်ကိုလိုက်ရှာဖို့ အချိန်နောက်ကျနေပါဦးမယ်'

ပြောပြီး ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

အဘွားအိုက—

'မင်း တကယ်ရှာလို့တွေ့မယ်ထင်သလား'

မုယု စိမ်းက နောက်လှည့်ထွက်ခွာရန် ကျောခိုင်းထားရာမှ ခေါင်းညိတ်ပြလိုက်သည်။

အဘွားအိုက....

'ဒါဖြင့် ခဏနေဦး'

'ဗျာ....'

မုယူ့စိမ်း အံ့ဩသွားပြီး အဘွားအိုဘက်သို့ ပြန်လှည့်လိုက်လေသည်။ အဘွားအိုက တည်ကြည်သောမျက်နှာထားဖြင့်—

'ဆုတောင်းသုံးခုနန်းတော်ကို မင်းရှာတွေ့နိုင်ရင် တို့အတွက် ဆုတစ်ခုလောက် တောင်းပေးပါသား'

ထိုစကားကြားတော့ မုယူ့စိမ်း၏မျက်ခုံးမွေးအစုံ နဖူးပေါ် မြင့်တက်သွားသည်။

'ဗျာ-ဆုတောင်းပေးရမယ် ဟုတ်လား'

'ဟုတ်တယ်၊ ငါ့ရှာတွေ့ရင်လဲ မင်းအတွက် ဆုတောင်းပေးမယ်လေ၊ အလဲအလှယ်သဘောပေါ့'

မုယူ့စိမ်း ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ခင်ဗျာ၊ မဖြစ်နိုင်ပါဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်တော့်မှာ ဆုသုံးခု တောင်းစရာရှိနေလို့ပါ'

'မင်းက ဆုတောင်းသုံးခုစလုံး တောင်းဖို့ အစီအစဉ်ရှိပြီးသားပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'မင်း လောဘကြီးလှချည်လား'

'ဗျာ'

မုယူ့စိမ်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ အဘွားအိုက မကျေမနပ်လေသံနှင့်....

'ဆုတောင်းသုံးခု နန်းတော်မှာ ဘယ်လိုလူမျိုးဆို ဆုတောင်းတိုင်းပြည့်ဝတယ်လို့ဆိုကြတယ်၊ ဘယ်သူမဆို ဆုတစ်ခု



တောင်းရင် လုံလောက်ပြီ ဒါမှမဟုတ် နှစ်ခုပေါ့၊ အခုတော့ မင်းက သုံးခုစလုံး တောင်းမယ်ဆိုတော့ လောဘကြီးတာ ထင်ရှားနေပြီပဲ'

မုယူ့စိမ်း ပြုံးလိုက်သည်။ ရွှေဆံထိုးမယ်တော် ကျင်းကူးနှင့် ဖောင်းဂေဟာမှ တင်းချူးတို့အတွက် ဆုတစ်ခုစီ တောင်းပေးရဦးမည့်အကြောင်း ရှင်းလင်းပြောပြလိုက်သည်။

သူ၏စကားအဆုံးတွင် အဘွားအို၏ မျက်နှာအမူအရာ ချက်ချင်း ပြောင်းလဲသွားတော့သည်။

သူမ၏မျက်ဝန်းအစုံတွင် ချီးကျူးသော အရိပ်အရောင်များ ပေါ်လွင်လာ၏။

ဦးခေါင်း တဆတ်ဆတ်ညိတ်ရင်း....

'မင်းက သူများအတွက် ဆုနှစ်ခု တောင်းပေးမယ်လို့ စိတ်ပေးခဲ့တာကို'

'ဟုတ်ပါတယ်'

'အင်း-အဲ့ဒါခက်တာပဲ'

'ဗျာ-ဘာခက်တာလဲ ဒေါ်ဒေါ်'

'ကြည့်-မင်းဟာ ဆုတောင်းသုံးခုနန်းတော်ကို တကယ် အရောက် သွားနိုင်မယ့်လူလို့ ယုံကြည်မိလို့ ခက်တာပေါ့'

မုယူ့စိမ်း ဘာမျှပြန်မပြောပဲ နေလိုက်လေသည်။ အဘွားအိုက ဆက်ပြောလိုက်သည်။

'မင်းက လူတို့နှစ်ယောက်အတွက် ဆုမတောင်းဘဲ နေလို့မရဘူးလား'

'ဟာ--မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ကျွန်တော် သေသေချာချာ အတိပေးထားတာပါ၊ အတိမဖျက်ပါရစေနဲ့'

'မင်းအတိဖျက်တာ သူတို့မှမသိနိုင်ဘဲကွဲ့'

'သူတို့ မသိပေမယ့် ကျွန်တော်ကိုယ်တိုင်ကတော့ သိနေတယ် မဟုတ်လား၊ ကျွန်တော် တစ်သက်လုံး လိမ်ပြောခဲ့တော့မှာ မဟုတ်ဘူး၊ လူလိမ်လူညာတစ်ယောက်အဖြစ် ကိုယ့်ကိုကိုယ် အပြစ်တင်နေမိတော့မှာပဲ ဒီလိုမလုပ်ပါနဲ့ ခင်ဗျာ'

အဘွားအိုက....

'အင်း- မင်း သူတို့ကိုပေးထားတဲ့ အတိမဖျက်ချင်ဘူးဆိုရင် ငါ့မှာ လုပ်စရာ နည်းလမ်းတစ်ခုဘဲ ရှိတော့တာပေါ့'

မုယုံစိမ်းအ အဘွားအိုပြောသောစကားကို နားမလည်နိုင်ဘဲ ငေးကြည့်နေမိသည်။

အဘွားအိုအ အမနေခက်ဘက် အခန်းတွင်းသို့ ဝင်သွား၏။ သူမပြန်ထွက်လာသောအခါ လက်ထဲ၌ အပြာရောင် ပိုးစဖြင့် ပတ်ထားသော ရှည်မျောမျော အထုပ်တစ်ထုပ်ပါလာသည်။

ထိုအထုပ်ကိုမြင်လျှင် မုယုံစိမ်း ရင်ခုန်သွားလေသည်။

'ဟင်-စန့်ကွမ်းရှောင်ချင်းရဲ့ ဓားပါလား'

မှန်ပါသည်။ အဘွားအို၏ လက်ထဲ၌ ပျောက်ဆုံးသွားသော စန့်ကွမ်းရှောင်ချင်း၏ ဓားရောက်ရှိနေသည်။

မနေ့ညက တွေ့ခဲ့ရသော လူရိပ်မှာ အဘွားအိုဖြစ်ပြီး အဘွားအိုက သူ့ထံမှ ဓားကို ခိုးယူသွားခြင်းဖြစ်ပေသည်။

အဘွားအိုအ အထုပ်အသေးကိုဖြည်ကာ....



'ဒီဓားက မင်းရဲ့ဓားမဟုတ်လား'

ဟု မေးလိုက်လေသည်။

မုယုံစိမ်းက....

'ကျွန်တော့်ပစ္စည်း မဟုတ်ပါဘူး၊ လူတစ်ယောက်က ဆုတောင်းသုံးခုနှင့်တော်ကို ပို့ခိုင်းလိုက်တာပါ'

'ဘယ်သူကလဲ'

'ပြောမပြနိုင်တာ ခွင့်လွှတ်ပါဗျာ'

'ထားပါတော့လေ ငါလဲ ဒါတွေစိတ်မဝင်စားပါဘူး၊ မင်းကသာ တို့အတွက် ဆုတောင်းမပေးဘူးဆိုရင် ဒီဓားကို ငါ အပိုင်ယူထားလိုက်ရတော့မှာပဲ'

မုယုံစိမ်း မအကျမနပ်ဖြစ်သွားသည်။

'ခင်ဗျားက သူများရဲ့ပစ္စည်းကိုလဲ ခိုးယူသေးတယ်၊ ပြီးတော့ သူများကို အကြပ်ကိုင်တယ်၊ ဒီလိုလုပ်တာ မကောင်းဘူး ထင်တယ်'

'ငါနားမလည်ဘူး၊ မင်းငါ့အတွက် ဆုတောင်းမပေးရင် ဓား ပြန်မရဘူး'

မုယုံစိမ်း အံကြိတ်လိုက်သည်။

'ဒါဖြင့် ကျွန်တော်သွားမယ်'

လိုစကားကြောင့် အဘွားအို အံ့သြသွားပြီး....

'မင်းဓားမယူတော့ဘူးလား'

မုယုံစိမ်း ခေါင်းယမ်းလိုက်သည်။

'မယူတော့ပါဘူးဗျာ'

'ဒီစားအာ တအေယ်ကို ရတာနှစ်ခါးတစ်လက်ပဲ၊ ဒီလိုဓား ကောင်းကောင်း တစ်လက်ကို တစ်သက်လုံးလိုက်ရှာရင်တောင် တွေ့ရဖို့ လွယ်ဘူး။ မင်းမမက်မောဘူးလား'

'ကျွန်တော်က ငွေညီးဥစ္စာထက် အကျင့်သိက္ခာကို ပိုပြီး လေးစားတန်ဖိုးထားပါတယ်၊ ရှိပါစေတော့ဗျာ'

မုယု*စိမ်းက အရေးစိုက်ဘဲ ထွက်သွားရန် ခြေလှမ်းပြင် လိုက်လေသည်။ အဘွားအိုအာဦးခေါင်းကိုတဆတ်ဆတ်ညိတ်ကာ-

'ဖင်း ဆေးဘူး၊ ကဲ ကဲ မင်းဓားကို မင်းပြန်ယူသွားပါ'

'ဗျာ...'

မမျှော်လင့်သောစကားကြောင့် မုယုံစိမ်း ခြေလှမ်းတုန့်ခနဲ ရပ်လိုက်လေသည်။

အဘွားအိုကိုလည်း မယုံကြည်နိုင်စွာကြည့်မိ၏။ အဘွားအို က သူ့အားပြုံး၍ကြည့်နေသည်။

'ကျွန်တော့်ကို ဓားပြန်ပေးမယ်ဟုတ်လား'

'ဟုတ်တယ်၊ မင်းဓား မင်းပြန်ယူသွားပါ'

'ဒါ...ဒါဖြင့်'

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

'တို့သားအမိအတွက် အားဆုမှ တောင်းပေးစရာ မလိုပါဘူး။ တို့ထိုက်နဲ့ တို့ကံပဲရှိပါစေတော့ကွယ်'

သူမ၏အသံမှာ ဝမ်းနည်းသံ စွက်ဖက်ပါဝင်နေကြောင်း မုယု*စိမ်းရိပ်မိလိုက်၏။



ဓားပြန်ယူရကောင်းနိုးနိုး၊ ယူတဲ့နေရ ကောင်းနိုး ဝေခွဲ မရတဲ့နေ၏။

အဘွားအိုက-

'ကျုပ်တို့ သားအမိ အသက်ရှင်နေတဲ့အထိ ဆုတောင်းသုံးခု နန်းတော်ကို လိုက်ရှာကြမှာပဲ၊ မင်းဓား မင်းပြန်ယူသွားပါ။ ဆုတောင်းသုံးခု နန်းတော်ကို ရောက်တာ မရောက်တာတော့ ကျုပ်တို့သားအမိကံပေါ့ကွယ်'

ပြောရင်း ဓားကိုအမ်းပေးလိုက်သည်။ မုယု*စိမ်းလည်း လှမ်း ယူမိလေသည်။

ပျောက်ဆုံးသွားသောစန့်ကွမ်းရှောင်ချင်း၏ ဓားကိုပြန်လည် ရရှိပြီဖြစ်သည်။

ဆုတောင်းသုံးခု နန်းတော်ပိုင်ရှင်အား ဓားနှင့်ဆက်စပ်ကို ပေးနိုင်တော့မည်ဖြစ်လေသည်။

အဘွားအို၏မျက်ဝန်းအစုံ၌ မျက်ရည်များရစ်ဝဲနေသည်ကို တွေ့ရလေ၏။ အရှုံးမလေးအား စကားတစ်ခွန်းမှ မပြောဘဲ မင်းသားရှင်အားဆေးနှင့် ဆော့ကစားနေလေသည်။

အဘွားအိုနှင့် မုယု*စိမ်းတို့ ပြောဆိုနေကြသည့် စကားများ ကို လုံးဝစိတ်ဝင်စားပုံမရချေ။

မုယု*စိမ်းက အဘွားအိုကို အကဲခတ်ကြည့်ကာ-

'ဒေါ်ဒေါ်တို့မှာ အခက်အခဲ အေးဒုက္ခနဲ့ ကြုံတွေ့နေရ 17 လို့လားဟင်'

အဘွားအိုသက်ပြင်းချရင်း ခေါင်းညိတ်ပြလိုက်၏။

'အင်း ဆိုပါတော့ကွယ်'

'ဘယ်လိုအခက်အခဲဆိုတာ ပြောပြပါလားဗျာ'

'မင်းကိုပြောပြလို့ ဘာအကြောင်းထူးမှာလဲကွယ်။ ကျုပ်တို့သားအမိကံအတိုင်း ရှိပါစေတော့'

'အို…ဒီလိုဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်သိရရင် ကူညီဖြေရှင်းနိုင်မယ်လို့ထင်ပါတယ်ခင်ဗျာ'

မုံယု'စိမ်းသည် ဒုက္ခရောက်နေသူများအား ကြင်နာသနားပြီး ကူညီတတ်သော စိတ်ထားရှိသူဖြစ်ပြီ အဘွားအိုဝမ်းနည်းကြေကွဲနေသည်ကို တွေ့သည့်အခါ မနေနိုင်ဘဲ မေးမိလိုက်ခြင်းဖြစ်လေသည်။

အဘွားအိုသာ သူ့အားခေါင်းမော့ကြည့်ရာ….

'မင်း…မင်း တကယ်ပြောတာလားဟင်'

'တကယ်ပြောတာပါခင်ဗျာ'

အမှန်တော့ မုယု'စိမ်းက အခြားနည်းလမ်းတစ်ခုခု ရှာကြံကာ ကူညီရန် စိတ်ကူးထား၏။

အဘွားအိုမှာမူ ဆုတောင်းသုံးခု နန်းတော်၌ ဆုတောင်းပေးသော ကူညီသည်ဟု မှတ်ထင်ယုံကြည်သွားပုံရ၏။

ထို့ကြောင့်သူတို့ကြုံတွေ့နေရသော အခက်အခဲများကိုဖြေပြလိုက်လေသည်။



'အင်း C ရဲ့အဖြစ်ကို ပြောပြရမယ်ဆိုရင် အတော်ရှည်လျားလိမ့်မယ်၊ ဒါပေမယ့် အကျဉ်းချုံးပြီး မင်း နားလည် သဘောပေါက်အောင် ပြောပြရမှာပဲ၊ ဝါဟာ အသက် ခြောက်ဆယ့်ခြောက်နှစ်အရွယ်လောက်ပြီး သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့ရင်း တစ်နေ့မှာ လူတစ်ယောက်နဲ့ တွေ့ဆုံခဲ့တော့ မျှခဲ့တယ်၊ ဒါပေမယ့်သူနဲ့ C ရဲ့ဘဝဟာ ပေါင်းစပ်ဖို့အယ်လိုမှမဖြစ်နိုင်တာကို သိလို့သူဟာ C နဲ့ လမ်းခွဲသွားခဲ့တယ်။

'ဒီအချိန်မှာ C ဟာ သူ့ရဲ့ရင်သွေးကိုလွယ်ထားရပြီ ဆိုတာ သူမသိခဲ့ဘူး၊ C သူ့ကို လိုက်ရှာပေမယ့် နှစ်ပေါင်းများစွာ အချိန်ကုန်သွားတယ်၊ မတွေ့ခဲ့ရဘူး။

'သူ့ရဲ့ ရင်သွေးကို မွေးခဲ့ရ တော့လဲ လူစဉ် မမီအောင် တစ်ကိုယ်လုံး အနာတွေပေါက်နေတဲ့ သမီးကလေး ဖြစ်နေပြန်တယ်၊ C ရဲ့သမီးရဲ့ ရောဂါဝေဒနာပျောက်ကင်းပြီး သူ့ရဲ့ဖခင်နဲ့ ပြန်လည်ဆုံတွေ့နိုင်ပါစေလို့ ဆုတောင်းသုံးခု နန်းတော်မှာ ကျုပ်က ဆုတောင်းချင်တယ်လေ၊ ဘယ်လိုလဲ မင်းကူညီနိုင်မလား'

မုယု'စိမ်း ငိုင်ကျသွားလေသည်။

အဘွားအို၏ဘဝဇာတ်ကြောင်းကို ကြားသိ လိုက်ရသောအခါ စိတ်မကောင်းဖြစ်သွား၏။

အရှုးမလေးကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။

အဘွားအိုနှင့် အရှုးမလေးတို့၏ ဒုက္ခကိုအယ်ဘယ်နိုင်စွမ်းရှိမည်ဟု ဆိုနိုင်၏။

ဆုတောင်းသုံးခုနန်းတော်၌ ဆုတောင်းပေးလျှင် အဘွား အိုနှင့် အရူးမလေးတို့ ဒုက္ခဘေးမှ လွတ်မြောက်နိုင်သည် မဟုတ်ပါလော။

သို့သော် ဆုတောင်းသုံးခုသာတောင်းရမည်ဖြစ်ရာ အဘွား အိုကိုကူညီမည်ဆိုလျှင် သူ့အတွက် ဆုတောင်း နိုင်တော့မည် မဟုတ်ချေ။

မုယုံစိမ်းသည် အမျိုးမျိုးတွေးတောရင်း မည်သို့လုပ်ရမှန်း မသိဖြစ်နေတော့၏။

အဘွားအိုက မုယုံစိမ်းအား အကဲခတ်ကြည့်ကာ...

'ဘယ်လိုလဲ၊ မင်းတို့သားအမိကို ကူညီနိုင်မလားဟင်'

မုယုံစိမ်းက သက်ပြင်းချလိုက်သည်။

'အင်း ငါ့နေရာမှာ ငါ့ရဲ့ဖခင်ဆိုတယ်လိုမျိုး ဆုံးဖြတ်မလဲ၊ ဖေဖေတော့ အများအကျိုးကိုရှေ့တန်းတင်ပြီး ဆောင်ရွက်တတ် သူပဲ၊ သူ့ရဲ့အသက် သေမယ်ဆိုရင်တောင် မှုမှာ မဟုတ်ဘူး။ တကယ်လို့ ဖေဖေဟာ သက်ရှိထင်ရှားရှိနေခဲ့ရင် သူတို့သားအမိ ကို ကူညီခိုင်းမှာသေချာတယ်'

ဟု တွေးမိ၏။

တစ်ဘက်မှလည်း....

'သိုင်းလောကမှာ ဖေဖေ့ရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ကျောင်းစုအိမ်တို့ လုပ်ကြံသတင်းလွှင့်နေတာကို အမြန်ဆုံးတား



ဆီးရမယ်၊ သူတို့ဟာ ထိပ်သီး သိုင်းသမားတွေ ဖြစ်နေတော့ ငါ့ဘယ်နည်းနဲ့မှ ရင်ဆိုင်နိုင်မှာမဟုတ်ဘူး၊ ဆုတောင်း သုံးခု နန်းတော်မှာ သူတို့ကို အနိုင်ရမယ့်နည်းလမ်း တောင်းခံနိုင်မှ ဖေဖေရဲ့ဂုဏ်သိက္ခာကို ပြန်ပြီး ဆယ်တင်နိုင်မယ်၊ လူယုတ်မာ တွေကို သုတ်သင်နိုင်မယ်'

အစွန်းနှစ်ဘက်ကြား ဝေခွဲမရ ဖြစ်နေတော့၏။

အဘွားအိုက သူ့အား မျှော်လင့်ခြင်းသာ မျက်လုံးများဖြင့် ကြည့်နေ၏။

မုယုံစိမ်း တိတိကျကျ မဆုံးဖြတ်နိုင်ချေ။

ထိုစဉ် အရူးမလေးကစားရင်းထွက်လာသည်ကို ကြား လိုက်ရလေသည်။

'မေမေသမီးတို့သွားကြစို့၊ လေ၊ မင်းသားလေးက ပြောတယ်၊ သမီးဖေဖေနဲ့ တွေ့ရတော့မယ်တဲ့၊ ဖေဖေ စောင့်နေတယ်တဲ့၊ ဒါပေမယ့် လမ်းပိတ်ထားတဲ့ ဘီလူးကြီးတစ်ကောင်ကိုဖယ်ခိုင်း ရဦးမယ်'

အရူးမလေး ပြောချင်ရာလျှောက်ပြောနေသည်ကို အဘွား အိုနှင့် မုယုံစိမ်းတို့က ဘာရေးမှုစိုက်ကြပါချေ။

သို့သော် မုယုံစိမ်း၏ရင်ထဲ၌—

'အင်း သူကလဲ ငါ့လိုအဖြစ်ဆိုးကြုံရသူပါလား။ ငါ့အဖေ သေသွားပြီး ဘယ်တော့မှ ပြန်တွေ့ရတော့မှာမဟုတ်ဘူး။ သူ့အဖေ တော့ ပြန်တွေ့နိုင်စရာလမ်းရှိသေးတယ်၊ ငါကူညီလိုက်ရင်တွေ့ ရမှာပဲ'

မုယု စိမ်းအံကြိတ်လိုက်သည်။

အဘွားအိုကို စိုက်ကြည့်ရင်း....

'ဒေါ်ဒေါ် အခုအချိန်ကစပြီး စိတ်ချမ်းချမ်းသာသာ နေပါတော့၊ ဒေါ်ဒေါ်တို့သားအမိနှစ်ယောက်ရဲ့ဒုက္ခကို ကျွန်တော် ကူညီမယ်ဘင်ပါ့မယ်'

ဟုယတိပြတ် ပြောလိုက်လေသည်။

အဘွားအိုမှာ ထခုန်မိမတတ် ဝမ်းသာသွားပြီး....

'ခင်၊ ခင်းကအယ်ပြောတာနော်'

'တကယ်ပါခင်ဗျာ'

'ဝမ်းသာလိုက်တာကွယ်'

အဘွားအိုအတွက် ဝမ်းသာစရာသည် သူ့အတွက် ဝမ်းနည်းစရာဖြစ်၏။

ဖခင်အကျိုးအတွက် မည်သို့မျှ ဆောင်ရွက်နိုင်တော့မည် မဟုတ်ချေ။ သို့သော် ကိုယ်ကျိုးစွန့်အားအမျိုးအကျိုး ဆောင်ရွက်ခဲ့သည်ကို တမလွန်ဘဝမှ ဖခင်ကြီးသိလျှင် သူ့အား အပြစ်မှ ခွင့်လွှတ်မည်ဟု ယုံကြည်မိသည်။

'ကဲ-ကျွန်တော့်ကို သွားခွင့်ပြုပါဦး၊ ဆုတောင်းသုံးခု နန်းတော်ကို သွားပြီးဆုတောင်းပေးပါမယ်'

'ကျေး-ကျေးဇူးတင်လိုက်တာကွယ်'

မုယု စိမ်း ဘာမျှမပြောတော့ချေ။ အဘွားအိုနှင့် အရှုံးပေးထိုသည် သူ့အား ဝက်ပါသဖွယ် ဖြစ်နေသော ဆေးအုပ် စာစေ့ဆေးမှ အပြင်ဘက်သို့ လိုက်ပို့ပေးကြ၏။



မုယု စိမ်းအား သူတို့အား နှုတ်ဆက်တာ ခရီးထွက်လာခဲ့၏။

မြို့ပုံ အညွှန်းအရ ဆုတောင်းသုံးခု နန်းတော် အဝင်ဝ တောင်ကြားလမ်း တစ်နေရာသို့ပင် ရောက်ရှိချေပြီ။

မုယု စိမ်းလည်း အလွတ်ကျက်မှတ်ထားသည့် မြေပုံအတိုင်း ဆုတောင်းသုံးခုနန်းတော်သို့ ဦးတည်သွားလေသည်။

* * *

အခန်း ။၁၄။

ဆုတောင်းပေးသူ လက်ထပ်ယူ

ဆုတောင်းသုံးခု နန်းတော်တွင် မည်သူမဆို ကိုယ်ကြိုက်နှစ်သက်ရာ ဆုတောင်းသုံးခု တောင်းနိုင်သည်။

တောင်းသည့်ဆုဘိုင်း ပြည့်ရမည်ဟုလည်း အဆိုရှိပေသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ဆုတောင်းသုံးခု နန်းတော်ဆီသို့ အရောက်သွားလိုကြသည်။

သို့သော် ဆုတောင်းသုံးခု နန်းတော်အား ရှာဖွေမရနိုင်ဘလို ရောက်ဖူးသူဟူ၍လည်း လုံးဝမရှိချေ။

မုယုံစိမ်းသည် အသက်ဘေးမှလွတ်အောင်ပြေးရင်း ရန်သူလက်ချက်ဖြင့် ချောက်ထဲကျခဲ့ရာမှ လျှို့ဝှက်လိုဏ်ဂူအတွင်းရှိ



စန့်ကွမ်းရှောင်ချင်း၏ အရိုးစုကိုတွေ့ကာ ဆုတောင်းသုံးခု နန်းတော်ဆီသွားရန် မြေပုံလမ်းညွှန်ရခဲ့လေသည်။

သူသည်ဆုတောင်းသုံးခုနန်းတော်ဆီသို့ ရည်ရွယ်ချက်အပြည့်ဖြင့် လာခဲ့သည်။ သို့သော် လမ်းခရီး၌ ကြုံတွေ့ခဲ့ရသော အဖြစ်များကြောင့်လည်းကောင်း သူတပါးအား ကူညီလိုစိတ်ကြောင့်လည်းကောင်း မိမိအကျိုးစွန့်လွှတ်ခဲ့ရ၏။

ဆုတောင်းသုံးခု နန်းတော်သို့ရောက်သွားချိန်၌ သူ့အတွက်ဆုမပါဘဲ အခြားသူများအတွက်သာ ဆုတောင်းပေးရန်ပါလာသည်။

မုယုံစိမ်းအား ဓာတ်ပုံအတိုင်း အောင်မြင်ခဲ့လေတော့သည်။

*

တောအုပ်အလေးကို ကျော်ဖြတ်ပြီးနောက် တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိလာလေသည်။

တောင်ကြားလမ်းသို့ ရောက်သည်နှင့် မုယုံစိမ်းအ မျက်စိလျင်လျင်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သွားသည်။

တစ်နေရာ အရောက်တွင် ခြေလှမ်းတုံ့ခနဲရပ်ကာ....

'မြေပုံအညွှန်းမှာပါတဲ့ ကျောက်ဖြူ ရေအိုင်ဟာ ဒါပဲ ထင်ပ ရဲ့'

ဟု တွေးလိုက်၏။

တောင်ကြားအတွင်း ရေအိုင်ငယ်ကလေးတစ်ခု ရှိနေသည်။ ရေအိုင်ကလေးမှာ ဆယ်ပေပတ်လည်ခန့်သာ ကျယ်ဝန်းမည် ဖြစ်သည်။

ကန်ရေမှာ ကြည်လင်နေပြီး ရောင်စုံကြာပန်းများ ဖူးပွင့်နေလေသည်။

မုယု စိမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ အခြားရေအိုင်မရှိ။ ထိုနေရာ၌ ဤရေကန်တစ်ကန်သာရှိသည်။

'ဟုတ်ပြီ ဒီရေအိုင်ပဲဖြစ်မှာ'

တွေးရင်း ရေအိုင်အနီးသို့ ရောက်သွားပြီး အကဲခတ် ကြည့် ရှုလိုက်၏။

ထို့နောက် ရေအိုင်ထဲ ခုန်ဆင်းလိုက်လေသည်။ ရေအိုင် ကလေးမှာ အသားငယ်သော်လည်း ရေနက်လှ၏။

ရေအိုင်ထဲ ရောက်သည့်အခါ လက်နှစ်ဘက်ဖြင့် ရေအိုင် နံဘေးတစ်လျှောက် လိုက်လံစမ်းသပ်သည်။

မကြာပါချေ။ လိုဏ်ဂူပေါက်သဖွယ် အပေါက်ကလေး ရှိနေ သည်ကို တွေ့ရ၏။

မုယု စိမ်းသည်ရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲထိုအပေါက် ကလေးထဲသို့ တိုးဝင်လိုက်၏။

ရေငုပ်နေခြင်းကြောင့် တဖြည်းဖြည်း အသက်ရှူမွန်းကျပ် လာပြီဖြစ်လေသည်။



သို့သော် အပေါက်ကလေးမှတိုးဝင်လိုက်သည်နှင့် တစ်ဘက် တွင် ရေများမရှိတော့သည့် လိုဏ်ဂူပေါက်တစ်ခုသို့ ရောက်သွား တော့သည်။

'ဟူး'

မုယု စိမ်း သက်ပြင်းချလိုက်သည်။ စန့်ကွမ်းရှောင်ချင်း၏ မြေပုံအညွှန်းစာ၊ တိကျမှန်ကန်နေပြီ။

ဆုတောင်းသုံးခုနန်းတော်သို့ ရောက်တော့မည်ဟူသောအသိ ကြောင့် စိတ် တက်ကြွလာ ပြီး ဂူပေါက်ကလေးအတိုင်း ဆက်၍ လျှောက်သွားသည်။

တစ်ဘက် ဂူပေါက်ကလေးမှာ အတော် ကြီးမားလာပြီး နောက်ဆုံး အိမ်တစ်ဆောင်စာမျှပင် ကျယ်ဝန်းလာသည်ကို တွေ့ရ၏။

အလင်းရောင် မည်သည့်နေရာမှ ဝင်လာမှန်းမသိ၊ လင်းလင်း ချင်းချင်းဖြစ်နေသည်။

မုယု စိမ်းလည်း အစကြောက်အရှုံကင်းစွာဝင်သွားပြီး ရှေ့ ဆက်လျှောက်သွားရာ မကြာပါချေ။ ထွက်ပေါက်တစ်ခုကို တွေ့ လိုက်ရသည်။

ထိုအပေါက်ကလေးမှ လှမ်းထွက်လိုက်သည်နှင့် ချောက် ကမ်းပါးအတွင်းသို့ တိုးထွက်နေသောကျောက်ဆောင်ကြီးတစ်ခု ပေါ်သို့ ရောက်နေပြီး ထိုကျောက်ဆောင်ကြီးပေါ်၌ အိမ် တစ်ဆောင်ရှိနေသည်ကို တွေ့လိုက်ရ၏။

မုယု စိမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ လေ တဟူးဟူးတိုက်ခတ်နေသည်။

ဘေးဘက်တစ်ဘက်တစ်ချက်၌ နက်ရှိုင်းသော ချောက်ကမ်းပါး ကြီးများ ရှိနေ၏။

ကျောက်ဆောင်ပေါ်မှ အောက်ဘက်သို့ ကျလျှင် အရိုးအသားပင် ရှာတွေ့နိုင်လိမ့်မည်မဟုတ်ချေ။

မုယုံစိမ်းက သတိကြီးစွာထားရင်း အဆောက်အအုံဆီသို့ လျှောက်သွား၏။

အဆောက်အအုံအဝင်ဝ၌....

'ဆုတောင်းသုံးခုနန်းတော်'

ဟုရေးသားထားသောဆိုင်းဘုတ်ကိုတွေ့ရ၏။ မုယုံစိမ်းအား လူအများရောက်ချင်နေကြသော ဆုတောင်းသုံးခုနန်းတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပြီဖြစ်လေတော့သည်။

*

မုယုံစိမ်းရင်ထဲ လှုပ်ရှားလာသည်။

ဆုတောင်းသုံးခု နန်းတော်အား သူ၏ရှေ့၌ ရှိနေချေပြီ။ အလိုရှိရာဆုသုံးခု ပြည့်စေနိုင်သောနေရာလည်း ဖြစ်သည်။ သို့သော် သူ့အတွက် တောင်းစရာဆုအား မရှိတော့ချေ။



မုယုံစိမ်း သက်ပြင်းချရင်း ရှေ့ဆက် လျှောက်သွား၏။ ဆုတောင်းသုံးခုနန်းတော် အဆောက်အအုံမှာ ကြီးမားလှသည် မဟုတ်ချေ။

သာမန်အိမ်ကြီးတစ်ဆောင်မျှသာ ဖြစ်ပေသည်။ သို့သော် စုလစ်မွန်းချွန်များ၊ အနုတ်ပန်းများဖြင့် တန်ဆာဆင်ထားခြင်း ကြောင့် ရုတ်တရက်ကြည့်လျှင် နန်းတော်တစ်ခုဟု ထင်မှတ်မှား လောက်သည်။

အဆောက်အအုံရှေ့တံခါးကြီး ပိတ်ထား၏။

တံခါးပေါ်၌....

'ဤတံခါးမှ ဖြတ်ကျော်ဝင်ရောက် ဆုသုံးခုတောင်းပြီး ဤ တံခါးကြီးမှ ပြန်ညည်ဖြတ်သန်း ထွက်ခွာ သွားပြီး သည်နှင့် ဆုတောင်းသုံးခုနန်းတော်အကြောင်း လုံးဝမေ့ပစ်လိုက်ရမည်'

မုယုံစိမ်း ပြုံးလိုက်သည်။

ဤနေရာသို့ တစ်ကြိမ်ရောက်လာပြီး သူသည် နောက်ထပ် တစ်ကြိမ် လာခွင့်မရှိတော့ကြောင်း နားလည်သဘောပေါက် လိုက်၏။

ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ တံခါးတွန်းဖွင့်ကာ လှမ်းဝင်လိုက်၏။

အတွင်းဘက်သို့ ခြေချမိသည်နှင့်....

'ဆုတောင်းသုံးခုနန်းတော်မှ ကြိုဆိုပါတယ်ရှင်'

ချိုလွင်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ အတွင်းဘက်၌ မှောင်မည်းနေ၏။

အခန်းအနေအထား မည်သို့မည်ပုံရှိသည်မဆိုထားနှင့်၊ ရှေ့သက်တစ်လှမ်းအကွာသို့ပင် မမြင်ရချေ။

မုယုံစိမ်းလည်း ရှေ့ဆက်မတိုးဝံ့ဘဲ ခြေလှမ်းရပ်တန့်လိုက်လေသည်။

ထိုစဉ်....

'ကျေးဇူးပြုပြီး ကျွန်မနေရာကို လိုက်ခဲ့ပါရှင်'

ချိုလွင်သောစကားသံ ထပ်မံထွက်ပေါ်လာ၏။ တဆက်တည်းပင် ရှေ့ဘက်၌ ပိုးစုန်းကြူးပမာ ဝင်းလက်သောအလင်းရောင်များ မှိတ်ချည်လင်းချည် ထွက်ပေါ်လာ၏။

အလင်းရောင်သည် တစ်ဘက်သို့ ရွှေ့လျားသွားနေခြင်းဖြစ်ရာ လမ်းပြပေါ်နေခြင်းဖြစ်ကြောင်း သေချာမှုမရှိပြီး အလင်းရောင်နောက်သို့ သတိကြီးစွာထား၍ လိုက်သွား၏။

မှိတ်တစ်လှည့် လင်းတစ်လှည့် ထွက်ပေါ်နေသောအလင်းရောင်ကို မျက်ခြည်မပြတ် ကြည့်ရှုရင်း လိုက်သွားရာ မကြာမီ—

'ကျွ'

တံခါးပွင့်သွားသောအသံကို ကြားလိုက်ရ၏။ ထို့နောက် မီးရောင်များ လင်းထိန်နေသည့် အခန်းကြီးတစ်ခုကို တွေ့လိုက်ရလေသည်။



မုယုံစိမ်းက ခပ်သွက်သွက်လေးလား လျှောက်သွားပြီးလှမ်းဝင်လိုက်သည်။ အခန်းတွင်းသို့ ခြေချမိသည့်အခါ ဆုံးတောင်းသုံးခုနှစ်းတော်ပိုင်ရှင်နှင့် တွေ့လိုက်ရလေသတော့သည်။

အခန်းတွင်း၌ အိမ်ထောင်ပရိဘောဂ ပစ္စည်းဟူ၍ မရှိချေ။ လေးဘက်လေးတန်တွင် ကျောက်နံရံ ကာရံထားပြီး အခန်းအလယ်၌ လူတစ်ယောက် ရပ်နေ၏။

ထိုလူသည် တစ်ကိုယ်လုံး ရွှေရောင် တဖိတ်ဖိတ် တောက်ပနေသော အဝတ်အစားများ ဝတ်ဆင်ထားသည်။ ဦးခေါင်းမှ ခြေဖဝါးအထိ ဖုံးအုပ်ဝတ်ဆင်ထားခြင်းဖြစ်၏။

ရုတ်တရက်ကြည့်လျှင် ဆင်းလိပ်ချော တစ်ကောင်ဟုပင် ထင်မှတ်ရမည် ဖြစ်ပေသည်။

မျက်လုံးပေါက်နေရာ၌ စူးရှ တောက်ပသော မျက်လုံးအစုံကို တွေ့မြင်ရခြင်းကြောင့်သည်းကောင်း၊ လူသားတစ်ယောက်ပုံဟန် ခန္ဓာကိုယ်အနေအထား ရှိနေခြင်းကြောင့်သည်းကောင်း သူသည် လူသားတစ်ယောက်ဟု သိရခြင်းသာ ဖြစ်ပေသည်။ နိုင်ခဲ့ပြီ ဖြစ်၏။

ထိုလူက မုယုစိမ်း ဝင်လာသည်ကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ မုယုစိမ်းက ထိုလူနှင့် ခြေငါးလှမ်းခန့် အကွာတွင် ခြေလှမ်းရပ်လိုက်သည်။

အခန်းတွင်း၌ မီးရောင်ထိန်ထိန် လင်းနေသော်လည်း မီးတိုင် မီးခွက် မတွေ့ရဘဲ မီးရောင်များသာ ထွက်ပေါ်နေသည်ကို တွေ့ရ၏။

မုယုစိမ်းက အခန်းကို သတိထားကြည့်ပြီးမှ ထိုလူကို အကဲခတ်ကြည့်ရာ....

'ခင်ဗျားက ဆုတောင်းသုံးခု နန်းတော် ပိုင်ရှင်လား'

ထိုလူ ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်'

မုယုစိမ်းက စိမ်းဖန့်ဖန့်အရောင်ထွက်ပေါ်လာသော ဓားနှင့် လက်စွပ်ကို ယူကာ လှမ်းပေးရင်း....

'စန့်ကွမ်းရှောင်ချင်းက ပေးပို့ခိုင်းလိုက်ပါတယ်'

ထိုလူက ခံစားချက် ကင်းမဲ့နေသော လေသံဖြင့်...

'စန့်ကွမ်းရှောင်ချင်း ပေးခိုင်းလိုက်တာ ဟုတ်လား၊ ဘာကြောင့် သူကိုယ်တိုင် မလာတာလဲ'

'သူ သေသွားလို့ပါ'

'ဘာ'

'တ်ဘာသေသွားတာ အတော်ကြာပြီ'

မုယုစိမ်းက ကျောက်ဂူထဲ၌ စန့်ကွမ်းရှောင်ချင်း၏ အရိုး တွေ့လိုက်ရက်အခါ၊ တွေ့ခဲ့ရပုံကို ပြောလိုက်၏။



စန့်ကွမ်းရှောင်ချင်းနှင့် ပတ်သက်သော ကိစ္စများသာ ပြောပြီး သူ၏ဘဝအကြောင်း ချန်လှပ် ထားလိုက်လေသည်။

သူ၏ စကားအဆုံးတွင် ထိုလူက စိမ်းဖန့်ဖန့် အရောင် ထွက်သော ဓားနှင့်လက်စွပ်ကို လက်ခံယူလိုက်သည်။

ဓားနှင့်လက်စွပ်ကို အတော်ကလေးကြာအောင် စိုက်ကြည့်ပြီးနောက်....

'ကဲ မင်းကြိုက်နှစ်သက်ရာ ဆုသုံးခု တောင်းပေတော့'

စန့်ကွမ်းရှောင်ချင်းနှင့် ပတ်သက်သော ကိစ္စများ ပြောလာမည်ဟု ထင်မှတ်ထားသော်လည်း ဘာမျှ မမေးမြန်းခြင်းကြောင့် မုယုစိမ်း အံ့သြသွား၏။

သို့သော် အခုမှာ သူရောက်လာရသည်မှာ ဆုတောင်းသုံးခု အတွက်မဟုတ်ပါလား။

ထို့ကြောင့်...

'တောင်းပါပြီခင်ဗျာ၊ ပထမ ကျွန်တော့် ဆုတောင်းချင်တာက ရွှေဆံထိုးမယ်တော် ကျင်းကူးဟာ ပြင်းထန်နေတဲ့ အဆိပ် တစ်မျိုးမိထားပါတယ်၊ သူ့ရဲ့အဆိပ် ပြေပျောက်သွားအောင် ကူညီပါလို့ ဆုတောင်းပါတယ်'

သူ၏ စကားအဆုံးတွင် ထိုလူက ခေါင်းညိတ်လိုက်၏။

'ဒါလွယ်ပါတယ်၊ မင်းဆုတောင်း ပြည့်စေရမယ်'

ကျင်းကူးအတွက် မုယုစိမ်း ဝမ်းသာ သွားလေသည်။ ကျင်းကူးအား ပေးထားသော ကတိအတိုင်း ကူညီနိုင်ခဲ့ပြီ ဖြစ်၏။

ကျောင်းကူး၏ အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်စရာမလို တော့ချေ။ ထို့ကြောင့် ဒုတိယဆုတောင်းကိုပြောလိုက်ပြန်၏၊

'တင်းဂေဟာပိုင်ရှင် တင်းချူးဟာ အဘွင်းအားလေ ကျွဲ ရာမှ လွန်ကဲပြီ၊ သူ့ကြောင့် ဖေါက်ပြန်လို့ ကိုယ်တစ်ခြမ်း သေသွားပါတယ်၊ သူ့ရဲ့ဝေဒနာပျောက်ကင်းသွားဖို့ဆုတောင်း ပါတယ်'

ထိုလူက လက်ဝေ့ယမ်းပြလိုက်သည်။

'မင်းဆုတောင်းပြည့်ရမှာပေါ့'

မုယု'စိမ်း ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုလူက-

'တတိယဆုတောင်းကို တောင်းပေတော့'

မုယု'စိမ်းသည် တင်းချူးအတွက် ဆုတောင်းပြည့်ရမည် ဆိုလျှင်ပြီးရောဟု သဘောထားကာမခေါ်းမြန်းတော့ဘဲ တတိယ ဆုတောင်းကို ဆက်ပြောလိုက်၏။

'မိန်းမလေးတစ်ယောက်ဟာတစ်ကိုယ်လုံးအနာတွေပေါက် နေပါတယ်၊ စိတ်ရောဂါဝေဒနာလဲ ခံစားနေရပါတယ်။ ဒီမိန်း မရဲ့ဝေဒနာ သက်သာ ပျောက်ကင်းသွားပါစေလို့ ဆု တောင်းပါတယ်'

ထိုလူက....

'မင်းရဲ့ဆုတောင်းသုံးခုစလုံး ပြည့်ရမှာပါ၊ အခုဆုတောင်း သုံးခုပြည့်သွားပြီ။ မင်းပြန်နိုင်ပြီ'



မုယု'စိမ်းက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ဆုတောင်းသုံးခု တအယ်ပြည့်တယ်ဆိုရင် ကျေးဇူးဆပ် ဆုံးနိုင်တော့ပါဘူးဗျာ'

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာထွက်ရန် ခြေလှမ်းပြင် လိုက်၏။

ထိုစဉ်....

'မင်းကသူများအတွက် ဆုတောင်းခဲ့တယ်၊ မင်းအတွက်ကော ဆုမတောင်းတော့ဘူးလား'

နောက်ကျောဘက်မှစကားသံထွက်ပေါ်လာသည်။မုယု'စိမ်း က လှည့်ကြည့်ဘဲ ခေါင်းယမ်းပြကာ....

'ကျုပ်အတွက် အရေးမကြီးပါဘူးဗျာ။ ဒုက္ခရောက်နေသူ တွေကို ကူညီဖို့ပဲ အရေးကြီးပါတယ်'

ပြောပြီး အပြင်ဘက် လှမ်းထွက်လိုက်သည်။

'ဂျိမ်း....'

အနောက်ဘက်မှ တံခါးပိတ်သံ ထွက်ပေါ်လာသည်။ မီးရောင်များလည်းကွယ်ပျောက်ကာ မှောင်နှင့်မည်းမည်းဖြစ် သွားသည်။

ထိုစဉ်—

'ကျွန်မနောက် လိုက်ခဲ့ပါရှင်'

စကားသံနှင့်အတူ လင်းတစ်လှည့် မှိတ်တစ်လှည့် မီးရောင် လေးထွက်ပေါ်လာသည်။

မုယုံစိမ်းသည်း ထိုမီးရောင်စာစောင်နောက်သို့ မှန်းဆ၍ လိုက်သွား၏။

မကြာပါချေ။ ဆုတောင်းသုံးခု နန်းတော်အပြင်ဘက်သို့ ပြန်လည်ရောက်ရှိသွားလေတော့သည်။

'ဤတံခါးမှ ဖြတ်ကျော်ဝင်စာ ဆုတောင်းသုံးခုတောင်းပြီး ပြန်လည်ဖြတ်သန်းထွက်သွားပြီးသည်နှင့် ဆုတောင်းသုံးခု နန်းတော်အကြောင်း လုံးဝမေ့ပစ်လိုက်ရမည်။

တံခါးပေါ်၌ ရေးထားသောစာများကို ထင်ထင်ရှားရှား တွေ့မြင်ရလေသည်။

ထိုတံခါးကိုဖြတ်ကျော်စာ အတွင်းသို့ဝင်၍ ဆုတောင်းပြီး နောက် ထိုတံခါးမှပင်ပြန်လည်ဖြတ်သန်း ထွက်လာခဲ့ရပြီဖြစ်၏။

ထို့ကြောင့် ဆုတောင်းသုံးခုနန်းတော်အကြောင်း မေ့ပစ်လိုက်ရတော့မည်ဖြစ်ပေသည်။

မုယုံစိမ်း သက်ပြင်းချလိုက်သည်။ ကိုယ်ကျိုးမဖက်တဲ့ သူတပါး အခက်ခဲ ဒုက္ခကို ကူညီဖြေရှင်းရန် ဆုတောင်းသုံးခု တောင်းခဲ့ပြီးဖြစ်သည်။



ဆုတောင်းပြည့်မည်ဟုသည်း ယုံကြည်မိ၏၊ သူ၏ရင်ထဲတွင် ကျေ ဖြစ်နေခြင်းမှာ သူ့အတွက် ဆုတောင်းနိုင်ခဲ့ခြင်းနှင့် စန္ဒကူမ်းရှောင်ချင်းအကြောင်း ဘာမျှမသိရှိခဲ့ရခြင်း ဖြစ်သည်။

စန္ဒကူမ်းရှောင်ချင်းက ပုရပိုက်ရေးသားစာ အခသအချာ မှာကြားသွားသော်ည်း ဆုတောင်းသုံးခု နန်းတော်ပိုင်ရှင် ထံမှ ထူးခြားချက်မပြခဲ့။

စန္ဒကူမ်းရှောင်ချင်းအား စိတ်နာနေ၍လားဟု တွေးမိ၏။ မည်သို့ဆိုစေ ထွက်သွားရန်သင့်ပြီဟု ယူဆမိခြင်းကြောင့် လှည့်ထွက်လာခဲ့သည်။

'ဟင်...'

လှေကားထစ်များပေါ်၌ သေတ္တာငယ်အသေးသုံးလုံး အစီအရီရှိနေသည်ကို တွေ့ရခြင်းကြောင့် လှတ်ခနဲ ရေရွတ်မိသည်၊

သေတ္တာလေးများမှာ ခြောက်သက်မခန့်သာ ရှိပေသည်။ ရှတ်တရက်ကြည့်လျှင်စက္ကူဘူး စာလေးများနှင့်တူနေ၏။

မုယုံစိမ်းသည် ခပ်သွက်သွက်လေးလှမ်းသွားပြီး အကဲခတ်ကြည့်လိုက်သည်။ ထိုခါ သေတ္တာသုံးလုံးပေါ်၌....

'ပထမဆုတောင်း'

'ဒုတိယဆုတောင်း'

'တတိယဆုတောင်း'

ဟု အသီးသီး ရေးသားထားသည်ကိုတွေ့ရသည်။

မုယုံစိမ်း ဝမ်းသာသွားလေသည်။ ဤသေတ္တာစာလေးများ များသည် သူတောင်းခဲ့သော ဆုတောင်းသုံးခုနှင့် ပတ်သက်နေမည်ဟု ယုံကြည်မိ၏။

ထို့ကြောင့် သေတ္တာစလေး သုံးလုံးကို ကောက်ယူကာ ဆုတောင်းသုံးခုနန်းတော်အား ကျောခိုင်းထွက်ခွာခဲ့လေတော့သည်။

❀

'ဟင်....မင်းပြန်ရောက်ပြီလား'

အဘွားအိုက ဝမ်းသာအားရပြောလေသည်။ မုယုံစိမ်းကိုလည်း မယုံကြည်နိုင်စွာကြည့်နေ၏။

မုယုံစိမ်း ပြုံးလိုက်သည်။

'ကျွန်တော်ပြန်လာမယ်၊ ဒေါ်ဒေါ်တို့အတွက် ဆုတောင်းပေးခဲ့မယ်လို့ ကတိပေးထားခဲ့တာပဲဗျာ'

အဘွားအိုက အားရပါးရရယ်မောလိုက်သည်။

'အင်း....မင်းဟာ တအားယုံကြည်ရတဲ့ ကောင်လေး တစ်ယောက်ပါပဲ၊ တို့အတွက် ဆုတောင်းသုံးခုနန်းတော်မှာ ဆုတောင်းပေးခဲ့တယ်ပေါ့'

'ဟုတ်ပါတယ်'



'မင်း တစ်ယောက်ပြောတာလား၊ ဒီမှာ ဘာမှထူးခြားသေးပါလား'

မုယုံစိမ်း လက်တစ်ပြလိုက်သည်။

'ဒီအတွက် မပူပါနဲ့၊ ကျွန်တော်ဆုတောင်းပေးခဲ့တာပဲ၊ ကြာခင်ပြည့်ရမှာပေါ့'

ပြောရင်း ဆုတောင်းသုံးခုနန်းတော်မှရရှိခဲ့သည့် သေတ္တာစလေးသုံးခုကို ထုတ်ယူလိုက်သည်။

ထို့နောက် တတိယဆုတောင်းဆိုသော သေတ္တာကလေးကို ရွေးထုတ်လိုက်၏။

'ဆုတောင်းသုံးခု နန်းတော်မှာ ဒေါ်ဒေါ်တို့ အတွက် ဆုတောင်းပေးပြီး ပြန်ထွက်လာခဲ့တဲ့အခါ ဟောဒီသေတ္တာလေး ရခဲ့တယ်၊ ထူးခြားမှုရှိမယ်ထင်ပါရဲ့ ဒေါ်ဒေါ်'

အဘွားအို၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

သေတ္တာစလေးကို လက်ခံယူလိုက်သည်။

ထို့နောက် ဖွင့်ကြည့်လိုက်လေသည်။

သေတ္တာစလေးမှာ သော့ခတ်ပိတ်ထားသည်ဟု ထင်ရသော်လည်း အဘွားအိုက ဟိုလှည့်သည်လှည့်ဖြင့် ဖွင့်လိုက်သောအခါ အဖုံးပွင့်သွားသည်ကို တွေ့ရ၏။

အဖုံးလေးလွယ်တကူပွင့်သွားခြင်းကြောင့် မုယုံစိမ်းပင် အံ့သြသွားရလေသည်။

အဘွားအိုအ—

'ဟော-စာတစ်စောင်နဲ့ ပုဆင်းတစ်လုံးပါလား'

ပြောရင်း သေတ္တာအလားအတွင်းမှ စာနှင့်ပုဆင်းကို ထုတ်ယူလိုက်၏။

ပုဆင်းမှာ သေးငယ်သေးသော ဆေးပုဆင်းအသေးဖြစ်ပြီး စာကို ချိတ်ပိတ်ထား၏။

အဘွားအိုအ စာကို ချက်ချင်း ဖောက်ဖတ်လိုက်လေသည်။ မုယုံစိမ်းက မသိမသာ အကဲခတ်ကြည့်နေ၏။

အဘွားအို ပျော်ရွှင်နေသည်ကို တွေ့ရသောအခါ သူမသည်း ဝမ်းသာ ပျော်ရွှင်လာလေသည်။

သူ့အတွက် ဆုတောင်းတဲ့ ပြန်လာခဲ့ရသည့်အဖြစ်ကိုလည်း မေ့လျော့နေ၏။ အဘွားအိုက စာကို အသံထွက်၍ ဖတ်လိုက်လေသည်။

'တတိယဆုတောင်း၏။ ဝေဒနာရှင်သည် အရွယ်ရောက်သည့်တိုင် ရောဂါဝေဒနာ ခံစားနေရသေးလျှင်၊ အိမ်ထောင်ချပေးရမည်ဖြစ်သည်။ အိမ်ထောင်ချပေးပြီးလျှင် ပုဆင်းထဲရှိ ဆေးမှုန့်များကို ရေသန့်သန့်ဖြင့်ဖျော်ကာ တစ်ကိုယ်လုံး သုတ်လိမ်းပေးရမည်။ ဆေးသားမဓာတ်ငယ်သဖြင့် အမျိုးသမီးသဘာဝ ပေါက်ပြန်ကာ အနာများ ပေါက်နေခြင်း ရှုးသွပ်သွပ်ဖြစ်နေခြင်းတို့သည် ယူပစ်သလို ပျောက်ကင်းသွားလိမ့်မယ်'

ဟူ၍ ဖြစ်လေသည်။



မုယုံစိမ်း အားတက်စွာ ပြုံးလိုက်၏။

'ကဲ-ဘယ်လိုလဲ ဒေါ်ဒေါ်တို့ဆန္ဒပြည့်ဝသွားပြီမဟုတ်လား'

အဘွားအို ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ မောင်ရင်အား ကျေးဇူးကြောင့်ပါပဲကွယ်၊ ဒါပေမယ့် တို့ကို ကူညီလက်စနဲ့ ဆက်ပြီး ကူညီရဦးမယ် ဟုတ်လား'

'ဗျာ-ကျွန်တော်ဆက်ပြီး ကူညီရမယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒေါ်ဒေါ်တောင်းပန်ပါတယ်ကွယ်'

မုယုံစိမ်း အံ့သြသွားပြီး....

'ကျွန်တော် ဘယ်လိုကူညီရမှာလဲဗျ'

'အဖြော်...စာထဲမှာ ပါတဲ့အတိုင်း ဒေါ်ဒေါ့်သမီးကို လက်ထပ်ယူဖို့ပါပဲကွယ်'

'ဗျာ....'

မုယုံစိမ်းတစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရလေသည်။ ...သူမျှား

တစ်ကိုယ်လုံး အနာများပြည့်နှက်နေပြီး ရှုး...မှ အကျိုး မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူရမည့် ... စိတ်ကူးထဲပင် မထည့်ဝံ့စရာဖြစ်သည်။ ...ရမည်ဟု

'ဟာ-ဒါဖြစ်နိုင်ပါ့ဘူးခင်ဗျာ၊ ကျွန်တော့်မှာ တစ်ခြားတွေ အများကြီးရှိပါသေးတယ်၊ အခုလောက် ကူညီခဲ့တာ ကျေနပ်ပါတော့ခင်ဗျာ'

စကားဆုံး သည်နှင့် အိမ်ထဲမှလှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

အဘွားအိုက....

'မင်းတကယ် သွားတော့မှာလား'

'ဟုတ်ပါတယ်'

'ဒီမယ် မင်းစဉ်းစားပါဦး၊ တစ်ကိုယ်လုံး အနာတွေပေါက်နေတဲ့ ဒေါ်ဒေါ့သမီးကို ဘယ်သူက ယူမှာလဲ၊ မင်း တို့ကိုကူညီခဲ့တယ်ထားဦး၊ ဒေါ်ဒေါ့သမီးကို လက်ထပ်မယ့်လူ မရှိတော့ဘာများ ထူးဦးမှာလဲ၊ ဆုတောင်းသုံးခု နန်းတော်ပိုင်ရှင်တာ တို့သားအမိ ဒုက္ခရောက်နေတာ သိလျက်နဲ့ အတော်ရက်စက်တာပဲ၊ ဘာပဲဖြစ်ဖြစ် တို့သားအမိကို မင်းလဲလို့ ဘယ်သူမှ မကူညီနိုင်ဘူးဆိုတာ ဒေါ်ဒေါ်ယုံကြည်တယ်'

မုယုံစိမ်းခြေလှမ်း တုံ့ခနဲရပ်သွား၏။ အဘွားအို ညည်းညူဆိုလည်း ညည်းညူစရာပင်။

'တပါနေဖြင့် ကူညီခဲ့သော်လည်း အကျိုးမထင် အရသည့်တိုင် ...တော့မည်မဟုတ်ပါလား။ ချပေးရမည် ...သင်းသည်ပင် ကောင်းဦးမည်၊ ဆုတောင်းပြီး ဆေးမှုန့်များ ပို၍စိတ်ဆင်းရဲစရာ ဖြစ်လာသည်။ လိမ်းမ... ခင်က မျှော်လင့်ချက် ထားနိုင်သော်လည်း ယခုအား ...နိုင်တော့သည့် အခြေအနေမို့ ဆုတောင်းသုံးခုနန်းတော်ကိုပင် စိတ်မကူး ဝံ့တော့ပြီ မဟုတ်လား။



အရှုံမခလေးအား လက်ထပ်မည့်သူမရှိ၍ ရောဂါဝေဒနာသက်သာပျောက်ကင်းနိုင်တော့မည် မဟုတ်ပါချေ။

အဘွားအိုက ဆေးပုလင်းအလေး လှမ်းပေးရင်း....

'တို့အတွက် ထူးတော့ပါဘူးကွယ်၊ ဒီဆေးပုလင်းလဲ မလိုချင်တော့ပါဘူး၊ မင်းပဲ ပြန်ယူသွားပါတော့'

မုယုံစိမ်း၏ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာသည်။

သူသည် တိုယ်ကျိုးစွန့်လွှတ်ကာ အများအကျိုး ဆောင်ရွက်ခဲ့သည်။ သို့သော် သူ၏ဆောင်ရွက်မှုသည် အကျိုးမရှိဖြစ်နေ၏။

အရှုံမလေးအား လက်ထပ်ယူမည့်သူ ရှိမှသာလျှင် အကျိုးခံစားရမည် ဖြစ်ပေ၏။

ရှုံ့သုပ်နေခြင်းအတော်သေးသော်လည်း တစ်ကိုယ်လုံး အနာများပေါက်နေသည်မှာ ရွံရှာဖွယ်ကောင်းပေသည်။

မုယုံစိမ်း အံကြိတ်လိုက်သည်။ သူ၏ဖခင်အတွက် ရန်သူများကို ရင်ဆိုင် ရန်ပင် ဆုမတောင်းခဲ့ဘဲ အနစ်နာခံကူညီပြီးမှ အကျိုးမရှိသည့် အဖြစ်ကို သူ လက်မခံနိုင်ပါချေ။

သူ၏ အကူအညီသည် တစ်ဘက်သား စိတ်ချမ်းသာရမည်ဟု ဆုံးဖြတ်လိုက်သည်။ အဘွားအိုကို စေ့စေ့ကြည့်ရင်း....

'ကျွန်တော်က လက်ထပ်ယူမယ် ဆိုရင်ကော'

'ဟေ....'

'ကျွန်တော် လက်ထပ်ယူပါမယ်'

'မင်း–မင်းတကယ်ပြောတာလား'

'တကယ်ပါ'

'ငါ့သမီး ရူးသွပ်နေတယ်၊ ပြီးတော့ တစ်ကိုယ်လုံး အနာတွေ ပေါက်နေတယ်ဆိုတာ မင်းသိပါတယ်နော်'

'သိပါတယ်၊ ကူညီမှုတော့ ဆုံးခန်းတိုင်အောင် ကူညီရတော့မှာပေါ့'

အဘွားအို၏ မျက်ဝန်းအစုံ၌ မုယုစိမ်းအား ချီးကျူးသော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

သူမ၏မျက်နှာပေါ်၌ အဓိပ္ပာယ်အမျိုးမျိုး ယူဆနိုင်သော တန်အမူအရာများ တွေ့နေရ၏။

မုယုစိမ်းအား အတော်ကလေးကြာအောင် စိုက်ကြည့်လိုက်ပြီးလျှင်....

'မင်းလို လူငယ်မျိုးလောကမှာ ရှာတွေ့နိုင်မယ် မထင်ပါဘူး၊ အမျိုးအကျိုးဆောင်ရွက်ရင် ကိုယ့်အကျိုး အောင်မြင်စေတယ်ဆိုတာ မှတ်ထားပါကွယ်'

ထိုစဉ်....

'မေမေ ဘာတွေပြောနေတာလဲဟင်'

စကားသံနှင့်အတူ အရှုပ်မလေး အိမ်ထဲ ပြေးဝင်လာသည်ကို တွေ့ရ၏။ လက်တစ်ဘက်တွင် မင်းသားရုပ်ကလေးကို ကိုင်ဆောင်ထားသည်။



မုယုစိမ်းအားတွေ့လျှင်....

'ဟင်–ရှင်ပြန်ပြီလား၊ ဘာလဲ ဗိုက်ဆာလို့လား၊ ဒါမှမဟုတ် မျက်စိလည်နေလို့လား'

ဟု မေးချင်ရာမေးလေသည်။

ဆုတောင်းသုံးခုနှင်းတော်မှအပြန်တွင် အဘွားအို၏အိမ်သို့ မမေ့မလျော့ပဲ တန်းတန်းမတ်မတ် လာနိုင်ခဲ့လေသည်။

မုယုစိမ်းမှာ ဥာဏ်ကောင်းသူဖြစ်ရကား တစ်ကြိမ်သွားလာဖူးရုံဖြင့် လမ်းခရီးအနေအထားကို ကောင်းစွာ မှတ်မိနေပေတော့သည်။

မုယုစိမ်းက ဘာမျှမပြောဘဲ ပြုံးနေသည်။ ထိုမိန်းကလေးအား သူလက်ထပ်ယူရမည်ဖြစ်သည်။

ထို့ကြောင့် ထိုမိန်းကလေး၏ အနှိပ်အယှက်ခံနိုင်ရန် ယခုကတည်းက ကြိုးစားရမည်ဟု ဆုံးဖြတ်ထားလေသည်။

အဘွားအိုက....

'သမီး'

'ရှင်မေမေ'

'သမီး သူနဲ့ လက်ထပ်ရလိမ့်မယ်'

အရှူးမလေး မျက်လုံးပြူးသွားကာ—

'ရှင်-သူနဲ့ လက်ထပ်ရမယ်ဟုတ်လား၊ မဖြစ်ဘူး၊ မင်းသားလေးကို ဘယ်မှာသွားထားမလဲ မေမေရဲ့'

လက်ထဲမှ မင်းသားရုပ်ဆာလေးကို မြှောက်ပြရင်း ပြောသည်။ အဘွားအိုရယ်မောကာ....

'မင်းသားလေးကလဲ သမီးနဲ့ အတူတူနေမှာပေါ့'

'တကယ်လားဟင်'

'တကယ်ပေါ့'

အရှုံးမလေးက မုယုံစိမ်းရှေ့သို့ လျှောက်လာပြီး....

'ရှင် ကျွန်မကို လက်ထပ်ယူမယ်ဟုတ်လား၊ ခစ်....ခစ်'

မေးရင်း ရယ်မောလိုက်လေသည်။ မုယုံစိမ်း သက်ပြင်းချလိုက်သည်။ တည်ကြည်သော မျက်နှာထားဖြင့် အရှုံးမလေးကို စိုက်ကြည့်လိုက်ရင်း....

'ဟုတ်ပါတယ်၊ ကျုပ် လက်ထပ်ယူပါ့မယ်ဗျာ'

အဘွားအိုက မုယုံစိမ်း စိတ်ထားပြောင်းသွားမည်ကို စိုးရိမ်ကြောင့်ကြ၍သားမသိ၊ ချက်ချင်း လောဆော်လိုက်လေသည်။

'ကဲ-ကဲ-အချိန်ရှိတုန်း မင်းတို့နှစ်ယောက် လက်ထပ်လိုက်ကြရအောင် လာ-လာ'

ပြောပြီး အိမ်ထဲရှိ မယ်တော်ရုပ်ထုရှေ့သို့ ခေါ်သွား၏၊ ထို့နောက် မုယုံစိမ်းနှင့် အရှုံးမလေးတို့အား ယှဉ်တွဲဆိုင်စေကာ သူမကပင် ဦးဆောင်၍ လက်ထပ်ပေးလိုက်လေသည်။

မယ်တော်ရုပ်ထုရှေ့၌တစ်သက်လုံး ချစ်ခင်မြတ်နိုးစွာပေါင်းသင်းသွားကြပါမည့်အကြောင်း ဇနီးမောင်နှံအဖြစ်ဘစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြုကြောင်း ကတိပြု တိုင်တည်ကြရလေသည်။



မမျှော်လင့်ပဲ မုယုံစိမ်းမှာ ဆန်းပြားလှသောဘဝကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေရပေတော့သည်။

ထိုတို့နှစ်ယောက်လက်ထပ်ပြီးလျှင် အဘွားအိုက ဆေးပုလင်းလေးကိုကိုင်ကာ....

'ကဲ- သမီးမေမေ့နေစက် ခဏသိုက်ခဲ့ဦး၊ ဆေးလိမ်းရမယ်'

ပြောပြီး မိန်းကလေးအား အိမ်အတွင်းဘက်သို့ ခေါ်ဆောင်သွား၏။

မုယုံစိမ်းမှာ အိမ်ရှေ့၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏၊ မုယုံစိမ်းမှာ အိမ်ရှေ့ခန်း၌ တစ်ယောက်တည်း ထိုင်ရင်း ပျင်းယိညည်းငွေ့လာနေတော့သည်။

ထိုစဉ် အတွင်းဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တဆက်တည်း အခွားအိုနှင့် မိန်းကလေးတစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

အတွားအိုနောက်မှ လိုက်ပါလာသော မိန်းကလေးမှာ လွန်စွာချောမောလှပသူ တစ်ယောက်ဖြစ်သည်။

မုယုံစိမ်း အံ့သြသွား၏။ မိန်းကလေးတစ်ယောက် မည်သည့်အချိန်က ရောက်ရှိလာခဲ့သနည်းဟု စဉ်းစားမိလေသည်။

အဘွားအိုက သူ့အား ပြုံးပြလိုက်ရင်း....

'မင်းရဲ့ကျေးဇူး ဘယ်လိုဆပ်ရမှန်း မသိတော့ပါဘူးကွယ်'

ဟု ပြောလိုက်လေသည်။

မုယုံစိမ်း လက်ကာပြလိုက်သည်။

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် ကူညီနိုင်လို့ ကူညီတယ်လို့ပဲ သဘောထားပါခင်ဗျာ'

'အင်း...မင်းက စိတ်ကောင်းစေတနာနဲ့ ကူညီခဲ့လို့ ဒေါ်ဒေါ့် သမီးလေး ရောဂါပျောက်ကင်းသွားပြီလေကွယ်'

တဆက်တည်းမှာပင် မိန်းကလေးဘက်သို့လှည့်ကာ....

'သမီး... သမီးရဲ့ ခင်မွန်းကို ဂါရဝ ပြုလိုက်လေ'

အဘွားအိုနောက်မှ ကပ်လျက် လိုက်ပါလာသော ချောမောလှပသည့် မိန်းကလေးက ခေါင်းလေးငုံ့ကာ ရှေ့ထွက်လာ၏။



ရှက်ရွံ့စိတ်ကြောင့် သူမ၏ ပါးပြင်နီရဲနေသည်ကို တွေ့ရ၏။ မုယုံစိမ်းရှေ့သို့ရောက်လျှင် ဒူးထောက်ချကာ....

'အစ်ကို့ရဲ့ ကျေးဇူးကြီးမားလှပါတယ်ရှင်၊ ကျွန်မတို့ သားအမိ ကျေးဇူးဆပ်လို့ ကုန်မှာမဟုတ်ဘူး'

မုယုံစိမ်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး....

'မင်း... မင်း... မင်းက အရူးမလေးလား'

'ဟုတ်ပါတယ်ရှင်'

'မင်း.... မင်းကိုယ်ပေါ်က အနာတွေ'

မုယုံစိမ်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားလိုက်၏။ မိန်းကလေးက ခေါင်းမော့လာသည်။

'အစ်ကိုယူလာပေးတဲ့ ဆေးကြောင့် အရှင်းပျောက်ကင်းသွားပါပြီရှင်'

သူမ၏လှပချောမောသော မျက်နှာလေးကို ကြည့်ကာ မုယုံစိမ်း၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

ကိုယ်ကျိုးစွန့် အနစ်နာခံ ကူညီမှုသည် အကျိုးသက်ရောက်မှု ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ မဟုတ်ပါလား။

မိန်းကလေး၏လက်ထဲ၌ မင်းသားရုပ်ကလေး မတွေ့ရတော့ချေ။

မိန်းကလေးမှာ အနာရောဂါများ ပျောက်ကင်းသွားကာ လူကောင်းပကတိဖြစ်လာပြီဟု နားလည် သဘောပေါက်မိလာသည်။

အဘွားအိုက သူတို့နှစ်ယောက်အားပြုံး၍ကြည့်ရင်း....

'အခုအချိန်ကစပြီး ငါ့သမီးကိုမင်းပိုင်ဆိုင်သွားပါပြီ၊ သူ့ကို တစ်သက်လုံးစောင့်ရှောက်သွားလိမ့်မယ်လို့ ငါယုံကြည်ပါတယ်၊ မင်းခေါ်သွားနိုင်ပါပြီကွယ်'

ထိုစကားကြားမှ ဤနေရာတွင်နေ၍မဖြစ်သေးဘဲ ခရီးဆက်ရဦးမည်ဖြစ်ကြောင်း မုယုစိမ်းတွေးမိ၏။

သူ၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များကို ခံစားနေရသည်။

ဝမ်းသာခြင်းလော၊ ဝမ်းနည်းခြင်းလော မဝေခွဲရချေ။

မည်သို့ဆိုစေ မိန်းမလေး တစ်ယောက်နှင့် လက်ထပ်ပြီး၊ သောအိမ်ထောင်ရှင်တစ်ယောက် ဖြစ်နေပြီဆိုခြင်းအား ငြင်း၍မရချေပြီ။

မုယုစိမ်းသက်ပြင်းချကာ....

'ကျွန်တော်ဟာ ဒေါ်ဒေါ်တို့ သားအမိကို စေတနာအရင်းခံနဲ့ ကူညီခဲ့တာပါ၊ ညီမလေးရဲ့ ရောဂါဝေဒနာသက်သာပျောက်ကင်းသွားတာကိုပဲ ဝမ်းသာလှပါပြီ၊ တကယ်လို့များ ညီမလေးအိမ်ထောင်မပြုချင်သေးဘူးဆိုရင် ဒေါ်ဒေါ်နဲ့ပဲ နေခဲ့စေချင်ပါတယ်၊ ကျွန်တော်က....'

သူ၏စကားမဆုံးမီ အဘွားအိုက ကြားဖြတ် ပြောလိုက်လေသည်။

'မင်းရဲ့ကျေးဇူးတွေက ဆပ်လို့မကုန်နိုင်ပါဘူး၊ ငါ့သမီးကိုလည်းမင်းနဲ့ပဲစိတ်ချတယ်၊ မင်းဟာ သူ့ကိုစိတ်ချမ်းသာအောင်ထားနိုင်မယ်၊ စောင့်ရှောက်သွားနိုင်လိမ့်မယ်၊ မင်းလို စိတ်



သဘောထားမျိုး ဘယ်သူကမှ ထားနိုင်ကြမယ် မထင်ဘူးဒါကြောင့် ငါက ကြည်ကြည်ဖြူဖြူ သဘောတူခဲ့တာပါ'

မုယုစိမ်း ပါးစပ်ပိတ်ထားလိုက်သည်။

မိန်းမလေးအရှင်းလဲ့ တောက်ပနေသော မျက်လုံးများဖြင့် သူ့အား ကြည့်နေသည်။

မိန်းမလေး၏အကြည့်ကြောင့် မုယုစိမ်းမှာ တစ်ကိုယ်လုံးကြိုးအထပ်ထပ်ဖြင့် တုပ်နှောင်ထားခြင်းခံလိုက်ရသလို ခံစားနေရတော့သည်။

မမျှော်လင့်ဘဲ သူကိုယ်တိုင်လည်းမိန်းမလေးအပေါ်သံယောဇဉ်တွယ်တာလာမိပြီဖြစ်သည်။

* * *

## အခန်း ( ၁၅ )

သိုင်းမဉာန်ပျက်ပြား မျှဝေအတွင်းအား

သိုးမွေး မြို့ကလေးအားလှမ်းပြီး တွေ့မြင်နေရပြီ ဖြစ်လေသည်။

မုယုံစိမ်းသည်ဒုန်းစိုင်းလာသောမြင်းကိုအရှိန်လျှော့ချလိုက်သည်။

သူ၏နံဘေး၌ စန့်ကွမ်းရှဲ့က အတူယှဉ်တွဲလာ၍ မြင်းတစ်စီးစီးနင်းလိုက်ပါလာလေသည်။

စန့်ကွမ်းရှဲ့မှာ အရှုံးမလေး၏နာမည်ဖြစ်သည်။

အရှုံးမလေး(ဝါ) စန့်ကွမ်းရှဲ့သည် ရှောက်ပေါ့ဂိုဏ်း၌ လူထောင်းပဏ္ဍိတ်ဖြစ်နေချေပြီ။



ထို့ပြင် မုယုံစိမ်း၏ဇနီးသည်လည်း ဖြစ်နေချေပြီ။

မြင်းကိုစိုင်းနှင်ခရီးပြင်းနှင်လာကြရင်းနှစ်ယောက်သားတစ်ယောက်နှင့်တစ်ယောက် ပို၍ရင်းနှီးလာကြလေတော့သည်။

သိုးမွေးမြို့ကလေးသို့ လှမ်းပြီးမြင်တွေ့ရလျှင် မုယုံစိမ်းက-

'အစ်ကိုတို့အဲဒီမြို့ကလေးကို သွားကြရမယ်၊ အဲဒီမှာရှိတဲ့ လူတစ်ယောက်ကအစ်ကိုပြန်လာမယ့် အချိန်ကို စောင့်နေမှာပဲ'

သိုးမွေးမြို့ကလေးမှအထွက်တွင် စန့်ကွမ်းရှဲ့(ဝါ) အရှုံးမလေးနှင့် စတင်ဆုံတွေ့ခဲ့ရခြင်းဖြစ်ပေသည်။

သူမနှင့်စတင်ဆုံတွေ့ခဲ့ရသည့် အကြောင်းအရင်းများ တွေးကာ မုယုံစိမ်းပြုံးမိသည်။

သူတို့နှစ်ယောက် သိုးမွေးမြို့ကလေးသို့ ရောက်ရှိသွားသောအခါ...

မုယုံစိမ်းက အချိန်မဆွဲဘဲ တင်းဂေဟာသို့ ဦးတည်သွားလေသည်။

တင်းဂေဟာရှေ့သို့ရောက်သည်နှင့် ဂေဟာထဲမှ ထွက်လာသော တင်းတင်းကို တွေ့လိုက်ရ၏။

'တင်းတင်း—တင်းတင်း'

မုယုံစိမ်း ဝမ်းသာအားရ ခေါ်လိုက်၏။ တင်းတင်းမှာလည်း မုယုံစိမ်းရောက်ရှိလာသည်ကို တွေ့လျှင် အံ့ဩဝမ်းသာသွားလေသည်။

'ဟင် ရှင်....ရှင်ပြန်ရောက်လာပြီနော်'

မုယုံစိမ်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ ဂေဟာအတွင်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရင်း....

'ဦး ဘယ်လိုနေသလဲ'

တင်းတင်း၏ ပြုံးရွှင်နေသော မျက်နှာကလေး ညိုးကျသွားလေသည်။

'ဖေဖေက၊ ရှင် ဆုတောင်းသုံးခုနန်းတော်ကို တအယ်အရောက်သွားနိုင်မယ်လို့ မျှော်လင့်နေတာရှင့်၊ တစ်နေ့တစ်နေ့ ရှင့်ကိုပဲ မေးနေတယ်'

'ကျုပ် သူ့ကိုတွေ့ချင်တယ်'

တင်းတင်းက အကဲခတ်ကြည့်လိုက်သည်။ မုယ့်စိမ်း၏ အမူအရာကို တွေ့လျှင် ထူးခြားမှုရှိကြောင်း နားလည်သဘောပေါက်သွား၏။

စန့်ကွမ်းရှောင်ရှဲ့ကိုတွေ့ရသည့်အခါ...

'ရှင့်ရဲ့ မိတ်ဆွေနဲ့ ကျွန်မကို မိတ်မဆက် ပေးတော့ဘူးလားရှင့်'

ထည်တော့မှ မုယ့်စိမ်း သတိရသွားကာ...

'သြော်... ဟုတ်သားပဲ၊ ကျုပ်လဲ ခင်ဗျားဖေဖေကို တွေ့ချင်စိတ်အများနေလို့ မေ့သွားတယ်၊ သူက ကျုပ်ရဲ့ဇနီးပါ၊ စန့်ကွမ်းရှဲ့လို့ ခေါ်ပါတယ်ညီမ၊ သူကတော့ ပေါဒီ တင်းဂေဟာ ပိုင်ရှင်ရဲ့သမီး တင်းတင်းပါ'

တင်းတင်းနှင့် စန့်ကွမ်းရှဲ့အား မိတ်ဆက်ပေးလိုက်သည်။ စန့်ကွမ်းရှဲ့က လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်၏။



တင်းတင်းမှုမူ မုယ့်စိမ်း၏ စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မျက်နှာပျက်သွားသော်လည်း ချက်ချင်း ဟန်ဆောင်ပြုံးကာ...

'တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ အိမ်ထဲဝင်ပါဦး၊ ဖေဖေနဲ့ တွေ့ရတာပေါ့'

ပြောပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွားသည်။

သူမသည် မုယ့်စိမ်း၏အကြောင်းစုံကို သိရှိပြီးနောက် မသိမသာ စိတ်ဝင်စားမှုရှိခဲ့ပသည်။

ယခုမူ မုယ့်စိမ်း အိမ်ထောင်ပြုလိုက်ပြီဟု ကြားသိရသဖြင့် စိတ်မကောင်းဖြစ်သွားလေသည်။

တင်းတင်းနောက်သို့ မုယ့်စိမ်းနှင့် စန့်ကွမ်းရှဲ့တို့ လိုက်သွားကြ၏။

ကြာပေချေ။ ခန်းမကျယ်တစ်ခုသို့ရောက်ရှိသွားပြီး သူတို့အား ငံ့လင့်ကြိုဆိုနေသော တင်းချူအား တွေ့လိုက်ရလေတော့သည်။

*

တင်းချူးက ခုတင်ပေါ်မှ လူးလိမ့်ထထိုင်ရန် ကြိုးစားလေသည်။ တဆက်တည်းပင် ဝမ်းသာအားရလေသံဖြင့်—

'မင်း ပြန်ရောက်လာပြီနော်'

မုယုံစိမ်း ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် ဦးအတွက် ကတိအတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ပါတယ်ဗျာ'

တင်းချူး ဝမ်းသာသွားပြီး….

'ဒါ… ဒါဖြင့် ဆုတောင်းသုံးခုနန်းတော်ကို မင်းရောက်ခဲ့တယ်ပေါ့'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဒါ… ဒါဖြင့် ငါ့အတွက်….'

လူကြီးတစ်ယောက်အနေဖြင့် ကိုယ်ကျိုးရှေ့တန်းတင်အောမမေးသင့်ကြောင်း သတိရသွားပုံရ၏။

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။ မုယုံစိမ်းက သေတ္တာကလေးတစ်လုံး ထုတ်ယူပေးလိုက်လေသည်။

ယင်းသေတ္တာကလေးပေါ်၌….

'ဒုတိယဆုတောင်း'

ဟု ရေးသားထားသည်ကို တွေ့နိုင်၏။

တင်းချူးက သေတ္တာလေးကိုကိုင်ကာ မုယုံစိမ်းအား နားမလည်နိုင်စွာ ကြည့်နေ၏။

တင်းတင်းကလည်း မလှမ်းမကမ်းမှ အကဲခတ်ကြည့်ရှုနေလေသည်။

မုယုံစိမ်းက….



'သေတ္တာကလေးထဲမှာ ဦးရဲ့ ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားစေနိုင်မယ့် နည်းကောင်းလမ်းကောင်းပါလာမှာ သေချာပါတယ်ခင်ဗျာ'

ဟု ရှင်းပြလိုက်လေသည်။

တင်းချူးက တင်းတင်းကိုကြည့်လိုက်သည်။ တင်းတင်းက—

'သမီးဖွင့်ပေးပါ့မယ် ဖေဖေ'

သေတ္တာကလေးကိုယူကာ ဖွင့်ပေးလိုက်လေသည်။ သေတ္တာပွင့်သွားသည့်အခါ အနီရောင်ဆေးလုံးကလေးတစ်လုံးနှင့် စာတစ်စောင်ရှိနေသည်ကို တွေ့ရ၏။

တင်းတင်းက စာကိုဖောက်ဖတ်လိုက်သည်။

'ကျေးဇူးရှိသူကို ကျေးဇူးမမေ့သဖြင့်၊ အတွင်းအားတိုးပွားသည့်ဆေးကို သွေးကြောများအမခံနိုင်၍ ကိုယ်တခြမ်းသေသွားသည်ဆိုလျှင် ဆေးသောက်ပြီး အတွင်းအား ဖော်ထုတ်ပါ၊ သင်၏ခန္ဓာကိုယ်အတွင်းမှ အတွင်းအားများ တခြားလူတစ်ယောက်ထံ ကူးပြောင်းပေးလိုက်ပါ၊ ရောဂါ ချက်ချင်းသက်သာပျောက်ကင်းသွားပါသည်'

တင်းချူး ထခုန်မိမတတ် ဝမ်းသာသွား၏။

ချက်ချင်းပင် အနီရောင်ဆေးလုံးကလေးကို သောက်လိုက်သည်။

ပြီးနောက်….

'မုယုံစိမ်း၊ မင်းဟာ ငါ့ရဲ့ကျေးဇူးရှင်ဖြစ်နေပြီ၊ ဒါကြောင့် မင်းကို ကျေးဇူးဆပ်ပါရစေ၊ ကူညီသက်စနဲ့ ငါ့ကိုကူညီပါဦး'

မုယုံစိမ်း မျက်မှောင်ကြုတ်ကာ….

'ကျွန်တော်ကူညီရမယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်လိုကူညီရမှာလဲ'

'ငါ့အနားလာခဲ့ပါ'

မုယုံစိမ်းသာ တင်းချူးအနီးသို့ ချဉ်းကပ်သွားသည်။

တင်းချူးက ခုတင်ပေါ်၌တင်ပျဉ်ခွေထိုင်သည့်အနေအထားသို့ ပြုပြင်ချဉ်းကပ်လိုက်၏။

ပြီးလျှင် မုယုံစိမ်းကိုလည်း ခုတင်ပေါ်၌ သူနှင့် မျက်နှာချင်းဆိုင် ထိုင်စေသည်။

မုယုံစိမ်းမှာ ကြောင်အမ်းအမ်းဖြင့် တင်းချူးစေခိုင်းသည့်အတိုင်း ပြုလုပ်လိုက်ရ၏။

မျက်နှာချင်းဆိုင် ထိုင်မိကြလျှင် တင်းချူးက မုယုံစိမ်း၏ လက်နှစ်ဘက်ကို သူ၏ဝဲယာပခုံး တစ်ဘက်တစ်ချက်စီ၌တင်စေ ဆုပ်ကိုင်ထားခိုင်းသည်။

သူကမူ လှုပ်ရှားနိုင်သော လက်ဝဲတစ်ဘက်ဖြင့် မုယုံစိမ်း၏ ပခုံးတစ်ဘက်ကို ဆုပ်ကိုင်ထားလိုက်၏။

စာထဲ၌ပါသည့်အတိုင်း အတွင်းအား ကူးပြောင်းပို့ဆောင်ရန် စိုင်းပြင်နေမှန်းသိလျှင် တင်းတင်းက စန့်ကွမ်းရှို့အား အပြင်ဘက်သို့ ခေါ်ထုတ်သွားပြီး အခန်းတံခါး ပိတ်ထားလိုက်လေတော့သည်။



မုယုံစိမ်းနှင့် တင်းချူးတို့အား မည်သူမျှ နှောင့်ယှက်၍ မရတော့ချေ။

*

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ စန့်ကွမ်းရှို့က စားစရာ သောက်စရာများကို တို့တနန်း ဆိတ်တနန်းသာ စားသောက်နေလေသည်။

မုယုံစိမ်းမှာ သူမ၏ ခင်ပွန်းသည် ဖြစ်နေချေပြီ။ မုယုံစိမ်းသည် အများအတွက် ကူညီရန် အများအကျိုး ဆောင်ရွက်ရန် ဦးစားပေးသူဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် စကားတစ်လုံးမျှ မဟဘဲ နေခဲ့သည်။

တင်းတင်းက....

'မုယုံစိမ်းဟာ လူတော်တစ်ယောက်ပါပဲ၊ ရှင်သူ့ကိုရတာ ကံကောင်းပါတယ်'

စန့်ကွမ်းရှို့ ပြုံးလိုက်သည်။

'ကျေးဇူးတင်ပါတယ်ရှင်'

'ဒါထက် ရှင်နဲ့ ဘယ်လိုတွေ့ကြတာလဲ'

စန့်ကွမ်းရှု့က အဖြစ်အပျက်များကို အမှန်အတိုင်း ပြောပြလိုက်သည်။ သူ၏စကားအဆုံးတွင် တင်းတင်းဦးခေါင်း တဆတ်ဆတ်ညိတ်သော...

'အင်း–သူ့လို စိတ်ဓာတ်ရှိတဲ့လူ ရှားပါးပေတယ်ရှင်၊ သူဟာ ကိုယ်ကျိုးမဖက်တဲ့ အများအကျိုး ဆောင်ရွက်ခဲ့တာပဲ၊ ဒါကြောင့် ကျွန်မတို့ကလဲ ကျေးဇူးသိတတ်ရမယ်၊ သူ့အတွက် ပြန်ပြီးကူညီရမယ်ရှင့်'

စန့်ကွမ်းရှု့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သူ့ကို ကူညီတဲ့အနေနဲ့ ကျောင်းစုအိမ်တို့ လူစုရဲ့ မတရားလုပ်ရပ်ကို ဖော်ထုတ်ဖို့ ကျွန်မဆုံးဖြတ်ထားပါတယ်ရှင်'

တင်းတင်းက...

'ဟုတ်တယ်၊ သူဟာ ဆုတောင်းသုံးခုနန်းတော်ကို ရောက်ခဲ့ပေမယ့် သူ့အတွက်ဘာမှမလုပ်နိုင်ခဲ့ဘူး၊ ဒါကြောင့်ကျွန်မတို့က သူ့ကိုဝိုင်းဝန်းကူညီရမယ်၊ ကျောင်းစုအိမ်တို့ လူစုကို ရင်ဆိုင်ရမယ်'

သူတို့နှစ်ယောက်သည် ကျောင်းစုအိမ်တို့လူစု၏ မတရားလုပ်ရပ်များနှင့် မည်သို့မည်ပုံ ရင်ဆိုင်ဖြေရှင်းရမည်ကို တိုင်ပင်ဆွေးနွေးကြလေသည်။

တခဏ အတွင်းမှာပင် သူတို့နှစ်ယောက် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်သွားကြလေတော့သည်။



သူတို့နှစ်ယောက်မည်မျှကြာအောင် စကားဆောင်းနေမိမှန်း မသိ နောက်မှ ခြေသံများထွက်ပေါ်လာသည့်အခါမှ သတိဝင်လာကြလေသည်။

နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြသည့်အခါ ပြုံးရွှင်သော မျက်နှာထားဖြင့် လှမ်းလာနေသော မုယုံစိမ်းကို တွေ့ရလေသည်။

မုယုံစိမ်းနောက်မှ တင်းချူးက လိုက်လာသည်။ ကိုယ်တစ်ခြမ်းသေသော ဒုက္ခိတဘဝ ရောက်နေသော တင်းချူး လမ်းလျှောက်နိုင်သည်ကို တွေ့ရလျှင် အခြေအနေကို နားလည်သဘောပေါက်သွားပြီး အားလုံးဝမ်းသာသွားကြလေတော့၏။

* * *

## အခန်း (၁၆)

### အကြံပက်စက် ကြမ္မာဝိဘက်

နံနက်စာစားချိန်ဖြစ်၍ စားသောက်ဆိုင်ကလေး အတွင်း၌ လူစည်ကားနေလေသည်။

စားသောက်ဆိုင်ကလေး၏ ထောင့်တစ်နေရာတွင် လုလင်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ထိုင်ကာ စားသောက်ဖွယ်ရာများ စားသောက်နေကြ၏။

ထိုလုလင်နှင့်မိန်းကလေးတို့မှာ မုယု စိမ်းနှင့် စန္ဒကွမ်းရှို့တို့ ဖြစ်ကြလေသည်။

သူတို့သည် တင်းဂေဟာမှ ထွက်လာခဲ့ကြပြီ ဖြစ်လေသည်။ ရှေ့ခရီးဆက်လာရင်း မင်းတွာမြို့ကလေးသို့ အရောက်တွင်



ဝမ်းဗိုက်ဆာလောင်လာကြသဖြင့် စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်ကာ စားသောက်နေကြခြင်းဖြစ်လေသည်။

သူတို့ စားသောက်နေစဉ် စားသောက်ဆိုင် ထဲသို့ လူတစ်ယောက်ခပ်သုတ်သုတ်ဝင်လာသည်ကို တွေ့ရ၏။

ထိုလူကို တွေ့သည်နှင့် တစ်ချိန်က သူ၏ငွေထုပ်အား အသစ်နှိုက်ယူခဲ့သော ခြတံရှည် ဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်လေသည်။

ထို့ကြောင့် မုယုံစိမ်းက သတိထား ကြည့်လိုက်သည်။ ခြတံရှည်က သူတို့၏စားပွဲနှင့်ကပ်လျက်ရှိနေသော စားပွဲတစ်လုံးမှာ ထိုင်နေသောလူလေးယောက်ထံသို့ ခပ်သုတ်သုတ်လျှောက်သွားပြီး....

'ဟေ့ ကျင်းကူးဆိုတဲ့အဘွားအိုကြီးတော့ အိပ်ရာထဲလဲနေပြီကွ၊ သူ့မှာ ရောဂါဝေဒနာတစ်ခု ပြင်းပြင်းထန်ထန် ခံစားနေရပုံပဲ၊ ဒါဟာ ကျုပ်တို့အတွက် အချိန်ကောင်းဆိုတာ မင်းတို့ သိကြတယ် မဟုတ်လား၊ နေရာတကာဝင်ရှုပ်တဲ့ အဘွားကြီးကိုသွားပြီး ဆုံးမလိုက်ကြရအောင် သူမရှိရင် ဒီမြို့မှာ ကျုပ်တို့ ထင်သလို လုပ်နိုင်ပြီကွ'

ထိုအခါ ထိုင်နေသူလေးယောက်သဘောတူကြပြီး ချက်ချင်း ထရပ်ကာ ခြတံရှည်နှင့်အတူ စားသောက်ဆိုင်ထဲမှထွက်သွားကြလေသည်၊

မစမျှော်သင့်ဘဲ ကြားလိုက်ရသော စကားကြောင့် မုယု စိမ်း ထိတ်လန့်သွားသည်။

စန္ဒကွမ်းရှို့ ဘက်သို့လှည့်ကာ....

'ညီမ ထူတို့ပြောနေကြတဲ့ စကားတွေကို ကြားတယ်မဟုတ်လားဟင်'

စန္ဒကူမ်းရဲ့ ခေါင်းညိတ်လိုက်သည်။

'ကြားပါတယ် အစ်ကို'

'သူတို့ ဒုက္ခပေးမယ့် ကျောင်းကူးဆိုတာ အစ်ကိုတို့ကို ကူညီခဲ့တဲ့လူပဲ၊ ဒါကြောင့် အစ်ကိုတို့လိုက်သွားမှဖြစ်မယ်'

'အစ်ကို့ သဘောပဲ'

'ဒါဖြင့် သွားကြစို့'

သူတို့နှစ်ယောက် ထိုင်ရာမှထကာ စားသောက်ကျသင့်ငွေ ပေးချေလိုက်သည်။

ပြီး စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။ မလှမ်းမကမ်း၌ ခြေတံရှည်တို့လူစု ခပ်သုတ်သုတ်သွားနေကြသည်ကို တွေ့လျှင် မသိမသာနောက်ရောင်ခံလိုက်သွားကြလေတော့သည်။

*

ခြေတံရှည်သည် မြို့စွန်အေမီးကြားအစား တစ်ခုအတွင်းရှိ အိမ်ငယ်လေးတစ်လုံးရှေ့သို့ ရောက်သည့်အခါ ခြေလှမ်းရပ်လိုက်သည်။



တို့နောက် အိမ်တံခါးကိုထုကာ....

'ဟော့ တံခါး မြန်မြန် ဖွင့်စမ်း'

တဒုန်းဒုန်းမြည်သံများ ထွက်ပေါ်လာခြင်းကြောင့်အတွင်းဘက်မှ....

'ဘယ်သူလဲ'

ဟု မေးသံ ထွက်ပေါ်လာသည်။

စကားသံမှာ ယဲ့ယဲ့ တစေား မျှသာဖြစ်ပေသည်။ ခြေတံရှည်သည် တံခါးကို တဒုန်းဒုန်းထုရင်း....

'ဘယ်သူရှိရမလဲ၊ ခင်ဗျားကို ဆုံးမမယ့် ခြေတံရှည်ပေါ့ကွဲ တံခါးဖွင့်စမ်း'

ပြောရင်း ခြေထောက်ဖြင့် ဆန့်ကျော့က် လိုက်သည်။ သုံးလေးချက် ဆန့်ကျော့က်လိုက်သည်နှင့်....

'ဝုန်း'

တံခါးရွက်ကျိုးပဲ့ကာ ဟာသာဟင်းလင်းဖြစ် သွားတော့၏။ ခြေတံရှည်က အတွင်းဘက်ရင်ဆောင့်ကာ လှမ်းဝင်သွား၏။

အိမ်ကလေးကား ခပ်ကျဉ်းကျဉ်းကလေး ဖြစ်ပေသည်။

အိမ်ရှေ့ခန်းရှိ ကုတင်ပေါ်တွင် လဲလျောင်းနေသော ကျောင်းကူးကို တွေ့ရ၏။

ကျောင်းကူးသည် ခြေတံရှည်ပမာခန့် တံခါးရိုက်ချိုးဖျက်ဆီး ဝင်လာသည်ကို တွေ့ရသော်လည်း ဟန့်တားခြင်း မပြုနိုင်ရှာပေ။

ဒေါသထွက်နေသော မျက်လုံးများဖြင့်သာ စိုက်ကြည့်နေရလေသည်။ ခြေတံရှည်မှာ ကျောင်းကူးအနီးသို့လျှောက်သွားပြီး....

'ဘယ်လိုလဲ၊ နေရာတကာ ဝင်ရှုပ်ချင်တဲ့ အဘွားကြီး၊ ဒီတစ်ခါတော့ မရှုပ်နိုင်တော့ဘူး မဟုတ်လား'

ကျောင်းကူး နှုတ်ခမ်းတင်းတင်းစေ့ထားး၏။ ခြေတံရှည်က ဆက်ပြောလိုက်သည်။

'ခင်ဗျားကြောင့် ကျုပ်တို့ ဒီမြို့မှာ ဘယ်လောက် အနေအထိုင် ကျဉ်းကြပ်ခဲ့ရတယ်မှတ်သလဲ၊ အခုတော့ ခင်ဗျားအလှည့်ရောက်ပြီ၊ ခင်ဗျားကူညီခဲ့တဲ့လူတွေကို တမ်းတပါအုံး၊ ခင်ဗျားအလှည့်ကျတော့ ဘယ်သူမှ မကူညီနိုင်တော့ဘူးမဟုတ်လား၊ ဟား ဟား ဟား....'

ကျောင်းကူး အိပ်ရာထက်မှ မထနိုင်သည်ကို အခွင့်ကောင်းယူ၍ အမျိုးမျိုး လှောင်ပြောင် ပြောဆိုလိုက်လေသည်။

ကျောင်းကူး နှာခေါင်းရှုံ့လိုက်ပြီး....

'ငါ့အာ အကျိုးအမြတ် မျှော်ကိုးပြီး အများအကျိုးဆောင်ရွက်တာမှ မဟုတ်ဘဲ၊ မင်းပြောစရာ မလိုပါဘူး၊ အခု မင်းဘာလုပ်မလဲ ငါ့ကိုသတ်မလား၊ သတ်ချင်ရင် သတ်ပစ်လိုက်လေ၊ မင်းလဲ တစ်သက်လုံးဆိုးသွမ်းလို့ ရမယ်မထင်နဲ့၊ မင်းကို ဆုံးမမယ့်လူ ပေါ်လာဦးမှာပဲ၊ ငါမရှိလို့ ထင်တိုင်းကဲ့နိုင်ပြီ ထင်ရင်မှားသွားမှာပေါ့'



ကျောင်းကူးသည် ဒေါနှင့် မောနှင့် ပြောလိုက်ရခြင်းကြောင့် မောပန်းသွားပုံရလေသည်။ ခြေတံရှည်အညီး ဒေါပွသွား၏။

'ခင်ဗျားက သေခါနီးတောင် မလျှော့သေးပဲကိုး၊ ကောင်းပြီ ခင်ဗျားကို ကျုပ်ကိုယ်တိုင် သုတ်သင်ပစ်မယ်ဗျ'

စကားဆုံးသည်နှင့် ဓားတစ်လက်ကုတ်ကာ ခုတ်ချရန်ဟန်ပြင်လိုက်လေသည်။

ကျောင်းကူးက မျက်တောင်ပင်မခတ်ဘဲ သူ့အား စိုက်ကြည့်နေ၏။ ခြေတံရှည် အနည်းငယ် ရှိုသွားသည်။

သို့သော် ကျောင်းကူးအား ရှင်းပစ်မှ ဖြစ်မည်ဟု နားလည်ထားရာ ဓားဖြင့်ခုတ်ချလိုက်လေသည်။

ထိုစဉ်မှာပင်....

'ဓားလွှတ်လိုက်'

အောင်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်။ ခြေတံရှည်၏ ဓားကိုင်ထားသော လက်မှာတစ်စုံတစ်ခု ထိမှန်သွားခြင်းကြောင့် နာကျင်သွားပြီး ဓားကိုပင် မကိုင်နိုင်တော့ဘဲ လွှတ်ချလိုက်ရလေသည်။

'အမယ်လေး'

တစ်ချက်အော်ပြီး နောက်သို့ ခြေလှမ်းဆုတ်သွား၏။ ခြေတံရှည် မကျေမနပ်ဖြင့် လှည့်ကြည့်လိုက်သည်။

ထိုအခါ....

'အား'

'အဉ္ဇန်'

'အမယ်လေးဗျ'

စူးရှလေသောအော်သံများနှင့်အတူလိုက်ပါလာသူများသည် လူနှစ်ယောက်၏ တိုက်ခိုက်ခြင်း ခံလိုက်ရပြီး ဖရိုဖရဲဖြစ်သွားကြသည်ကို တွေ့ရ၏။

သူ၏လူများသည် ဝင်ရောက်တိုက်ခိုက် လာသူများအား မယှဉ်နိုင်မှန်းသိသည်နှင့် လက်နက်များကိုပင် မကောက်တော့ဘဲ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားကြသည်။

ခြေတံရှည်မှာ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုဝင်လာချိန်၌ အဖော်လင်းမဲ့သော တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

အခြေအနေ စောင်းမှန်းသိသည်နှင့် မျက်နှာပျက်သွားသော သူ၏ နဖူးပေါ်မှ ချွေးများလည်း စီးကျလာလေတော့သည်။

*



ကျောင်းကျူး ပြုံးလိုက်လေသည်။

'သူများအကျိုးဆောင်ရှက်ရင် ကိုယ့်အကျိုးဆောင် မယ်လို့ ပေါ်လာတတ်တယ်ဆိုတာ မင်းမှ နားမလည် ဘဲကိုး'

ခြေတံရှည် မျက်နှာပျက်နေ၏။ မုယူစိမ်းအား ခြေတံရှည်ကို အရေးမစိုက်တော့ဘဲ ကျောင်းကျူးထံ လှမ်းဝင်သွားလာ....

'ဘွားဘွား ဘယ်လိုဖြစ်တာလဲဗျာ'

ကျောင်းကျူးမှာ မုယူစိမ်းအား ချက်ချင်းမှတ်မိသွားလေသည်။

'သြော်-မင်းရောက်လာပြီကိုး'

'ဟုတ်ပါတယ်'

'မင်း ဆုတောင်းသုံးခုနန်းတော်ကို သွားဘူးလား'

'သွားပါတယ်'

'ဒါဖြင့်—'

မုယူစိမ်းက အင်္ကျီရင်ဘတ်ကြား၌ သိမ်းဆည်းထားသော သေတ္တာလေးကို ထုတ်ပေးလိုက်သည်။

'ဘွားဘွားအတွက် ဆုတောင်းပေးခဲ့ပါတယ်'

ကျောင်းကျူး ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်လိုက်တာကွယ်၊ မင်းရဲ့ကျေးဇူး ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး'

'ကိစ္စမရှိပါဘူးဗျာ၊ ဘွားဘွားရဲ့ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားဖို့က အရေးအကြီးဆုံးပါ'

ပြောရင်း သူကိုယ်တိုင် သေတ္တာကလေးကို ဖွင့်လိုက်၏။ သေတ္တာထဲ၌ ဆေးဖြူရောင်ဆေးလုံးကလေး တစ်လုံးသာ ရှိသည်ကို တွေ့ရ၏။

မုယုံစိမ်းသည်၊ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ—

'သွားသွား၊ ဟောဒီဆေးကို သောက်လိုက်ပါ၊ သွားသွား ခံစားနေရတဲ့ ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းသွားပါလိမ့်မယ်'

ကျောင်းကူးက ဆေးလုံးကလေးကို လှမ်းယူလိုက်လေသည်။ ထို့နောက် ယုံယုံကြည်ကြည်ဖြင့် သောက်ချလိုက်၏။

ထိုစဉ် စန္ဒကွမ်းရှဲ့၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'အစ်ကို သူ့ကို ဘယ်လိုလုပ်လဲဟင်'

ယခုမှ ခြေတံရှည်ကို သတိရလာ၏။

မုယုံစိမ်းက ခြေတံရှည်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ခြေတံရှည်က အံကြိတ်ကာ သူ့ကိုပြန်စိုက်ကြည့်နေသည်ကို တွေ့ရ၏။

မုယုံစိမ်းက သက်ပြင်းချရင်း...

'ခင်ဗျားရဲ့အကျင့်စရိုက်တွေကို ပြုပြင်နိုင်ဖို့ အချိန်ပေးလိုက်ဦးမယ်၊ နောက်တစ်ခါဆိုရင် မသက်သာဘူးမှတ်ပါ၊ကဲ-ခင်ဗျား သွားပေတော့'

သူ့အား လွှတ်ပေးခြင်းကြောင့် ခြေတံရှည် မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။



'ကျေးဇူး—ကျေးဇူး'

'ခင်ဗျားသွားပါတော့၊ နောက်နေ့ခင် ဒီလိုအကျင့်မျိုးတွေ လုပ်မိအောင် ရှောင်ပါ၊ ခင်ဗျားကိုယ် ခင်ဗျား ပြန်လည် ပြုပြင်ပါ'

ခြေတံရှည် သက်ပြင်းချလိုက်သည်။

ထို့နောက် ဘာစကားမျှ မပြောဘဲ အိမ်ကလေးထဲမှ ပြေးထွက်သွားလေသည်။

ခြေတံရှည် ထွက်သွားပြီဖြစ်လေသည်။

မုယုံစိမ်းနှင့် စန္ဒကွမ်းရှဲ့တို့ တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြ၏။

ထိုစဉ်မှာပင်....

'ဝေါ...'

နောက်ဘက်မှ တဝေါဝေါမြည်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လှည့်ကြည့် လိုက်သောအခါ ကျောင်းကူးက အမည်းရောင်အရည်များ အန်ဖတ်များ အန်ထုတ်နေသည်ကို တွေ့ရလေသည်။

မုယုံစိမ်း ပြေးသွားပြီး ပြုစုလိုက်၏။

ကျင်းကူးသည် အတော်ကလေးကြာအောင် အနိုင်ထုတ်ပြီးမှ ခုတင်ပေါ် ပြန်လှည့်လှဲလျောင်းလိုက်သည်။

မောဟိုက်နွမ်းနယ်နေပြီ၊ စကားပင်မပြောနိုင်တော့၊ ထူယူဆောင်ခဲ့သော ဆေးလုံးကလေးမှာ အဆိပ်ဖြေဆေးဟုတ်မှုဟုတ်ပါလေစဟု မုယုံစိမ်းတွေးတောကာ သံသယဝင်နေသည်။

မည်သို့ဆိုစေ စန်ကွမ်းရှုံ့သည်လည်း ဆုတောင်းသုံးခုနန်းတော်မှ လမ်းညွှန်မှုနှင့် ဆေးဝါးများကြောင့် ရောဂါများ သက်သာပျောက်ကင်းသွားပြီဖြစ်လေသည်။

ထို့ကြောင့် ကျင်းကူးလည်း သက်သာ သွားလိမ့်မည်ဟု စိတ်ကိုဖြေသိမ့်နေရ၏။

မုယုံစိမ်း တွေးတောနေစဉ်...

'မုယုံစိမ်း မင်းဟာပထမဆေး မုယုံချန်းရဲ့ ခြေရာကိုနင်းနိုင်မယ့် လူတော်ကလေး တစ်ယောက်ပါကွယ်'

ကျင်းကူး၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုယုံစိမ်း ဝမ်းသာသွား၏။

ချက်ချင်းလှည့်ကြည့်လိုက်သောအခါ ကျင်းကူးမှာ ခုတင်ပေါ်၌ထိုင်နေပြီဖြစ်ကြောင်း တွေ့ရလေသည်။

ဆုတောင်းသုံးခုနန်းတော်မှ ဆေးတန်ခိုးပြလေချေပြီ။

ဤအတိုင်းဆိုလျှင်ကျင်းကူး၏ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားနိုင်တော့မည်မဟုတ်ပါလား။



သူသည် အခက်အခဲ ဒုက္ခရောက်နေသူများအား ကူညီနိုင်ခဲ့လေပြီ။

ကျင်းကူး...

'မုယုံစိမ်း မင်းပြန်ရောက်လာမယ့်အချိန်ကို ငါစောင့်နေတာ၊ မင်းငါ့အတွက် အဆိပ်ဖြေဆေးယူမလာလို့ အကြောင်း မဟုတ်ဘူး၊ မင်းအတွက် အရေးကြီးတဲ့စကား ပြောစရာရှိနေလို့'

'ဗျာ အရေးကြီးတဲ့စကားဟုတ်လား'

'ဟုတ်တယ်၊ ငါဟာ ရောဂါဝေဒနာကြောင့် မင်းကိုလိုက်မရှာနိုင်တာ၊ လိုက်ရှာဖို့တော့ ကြိုးစားခဲ့သေးတယ်'

မုယုံစိမ်းမှာ မျက်မှောင်ကြုတ်ကာ...

'ဘယ်လို အရေးကြီးတဲ့စကားများလဲဟင်'

'ပညာရှိဝမ်းလီက ပထမဆေးဂေဟာမှာ ကျောင်းစုအိမ်တို့ လူစုနဲ့ ရင်ဆိုင်ဖြေရှင်းဖို့ ချိန်းဆိုထားတဲ့သတင်း ထွက်ပေါ်နေတယ်လေ'

'ဗျာ...'

'ပညာရှိဝမ်းလီဟာ ပထမဆေးမုယုံချန်းရဲ့ မကောင်းသတင်းတွေပျံ့လွင့်နေတာကိုမကျေနပ်ဘူး၊ ဒါကြောင့် ကျောင်းစုအိမ်ကိုယတိပြတ်အတိအလင်းစိန်ခေါ်လိုက်တာပဲ ဒီသတင်းဟာလျှို့ဝှက်သတင်းတစ်ခုပဲ၊ သိတဲ့လူနည်းပါးလှတယ်ကွယ့်'

'ဟင်-ဒါဖြင့် ဘဘဝမ်းလီဟာ ပထမဆေးဂေဟာမှာရောက်နေလောက်ပြီပေါ့'

'ဖြစ်နိုင်တယ်၊ မကျောင်းစုအိမ်တို့ လူစုဟာ ချန်ကျွန်းမြစ်တစ်ဘက်ကမ်းရောက်နေကြတယ်လို့ သတင်းကြားရတာပဲ၊ ဒါပေမယ့် အခုချိန်လောက်ဆိုရင် သူတို့လဲရောက်လာကြရောပေါ့'

မုယု'စိမ်း စိတ်လှုပ်ရှားသွားလေသည်။

သူ၏သိုင်းပညာမှာ တိုးတက်မလာသေးချေ။

ကျောင်းစုအိမ်တို့အားရင်ဆိုင်နိုင်မည့် နည်းလမ်း ညွှန်ပြပေးပေးပါရန် ဆုတောင်သုံးနှုန်းတော်၌ ဆုတောင်းနိုင်ခဲ့ခြင်းလည်း မရှိသေးချေ။

သို့သော် ကျောင်းစုအိမ်တို့ လူစုံအား ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

စန့်ကွမ် ရှို့ဘက်သို့လှည့်ကာ....

'ညီမ အစ်ကိုတို့သွားမှဖြစ်မယ်'

စန့်ကွမ်ရှို့က ပြုံးကာခေါင်းညိတ်လိုက်လေသည်။

'အစ်ကိုသဘောပဲရှင်'

မုယု'စိမ်းက ကျင်းကျူးအားလက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်အရိုအသေပြုရင်း....

'ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးဗျာ'

ဟုပြောလိုက်၏။

'မင်းက ကျောင်းစုအိမ်တို့ လူစုနဲ့ သွားပြီး ရင်ဆိုင် မလို့လား'

'ဟုတ်ပါတယ်'

'ဒီလိုဆို င ါလဲလိုက်မှာပေါ့'

'ဗျာ...'



ကျင်းကျူးအိပ်ရာထဲမှခုန်ထလာလေသည်။

မုယု'စိမ်းက သူ့အား မယုံကြည်နိုင်စွာကြည့်နေသည်။

ကျင်းကျူး၏ ရောဂါဝေဒနာများမှာ ယူပစ်လိုက်သလိုသက်သာပျောက်ကင်းသွားပြီမဟုတ်ပါလား။

ကျင်းကျူးက....

'ဟေ့-ဘာငိုင်နေတာလဲ၊ အချိန်မရှိဘူး သွားကြစို့'

ဟု ဇလာဆော်လိုက်မှ မုယုံစိမ်း သတိပြန်ဝင်လာလေသည်။

* * *

## အခန်း( ၁၇ )

သွေးနှင့်မျက်ရည်

ပထမခေါ်ဂေဟာ....

ပထမ ခေါ်ဂေဟာသည် လူသူစွန့်ပစ်ထားခြင်းခံကြရ၍ သူခိုးထားပွက်များ ဝင်ရောက်ကာ အဖိုးတန်ပစ္စည်းများ ခိုးဝှက်ယူဆောင်သွားကြပြီ ဖြစ်သည်။

သို့ဖြစ်ရာ ရက်ပိုင်းလပိုင်းအတွင်း အဆောက်အအုံပျက်တစ်ခုနှင့်မခြား ပျက်စီးယိုယွင်းသွားလေတော့သည်။

ခြံဝင်းရှေ့သို့ ရောက်သည့်အခါ မုယုံစိမ်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်။



ကျောင်းစုအိမ်တို့လူစုသည် ဤနေရာသို့ ရောက်လာပြီး ပျော်ပျော်ရွှင်ရွှင် စားသောက်ခဲ့ကြသည်။

တစ်ဖန် မုံယုချန်းထံမှ ဝံပုလွေသိုင်းကျမ်းကို လိုချင်သော မကောင်းသူ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြလေသည်။

ကျောင်းစုအိမ်တို့ လက်ချက်ကြောင့် မုယုံချန်း အသက်သေဆုံးသွားကာ သူလည်း ထွက်ပြေး တိမ်းရှောင်ခဲ့ရလေသည်။

ငယ်စဉ်ကစပြီး နေထိုင်ခဲ့သော အိမ်ကလေးမှာ ပျက်စီးယိုယွင်းနေပြီဖြစ်ကြောင်း တွေ့သဖြင့် မုယုံစိမ်းရင်ထဲ ဆို့နင့်နေလေသည်။

မည်မျှကြာအောင် ငေးမောကြည့်နေမိမှန်းမသိ၊ ရုတ်တရက် အဆောက်အအုံပျက်အတွင်း၌ လူရိပ်တစ်ရိပ် လှစ်ခနဲလှုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။

'ဘယ်သူလဲ'

စန့်ကွမ်းရှဲ့က အော်မေးရင်း ခုန်ဝင်သွားသည်။ စန့်ကွမ်းရှဲ့မှာ မုယုံစိမ်း၏ဘဝကို ကောင်းစွာသိရှိထားပြီး ဖြစ်လေသည်။

'ညီမ သတိထား'

မုယုံစိမ်းက သတိပေးရင်း နောက်မှ ပြေးလိုက်သွား၏။ သူတို့နှစ်ယောက် အဆောက်အအုံအတွင်းသို့ ရှေ့ဆင့် နောက်ဆင့် ရောက်ရှိသွားကြသည်။

ထိုအခါ လှစ်ခနဲတွေ့လိုက်ရသောလူရိပ် ပျောက်သွားသည်။ ရှာမတွေ့တော့ချေ။

စန္ဒကူမ်းရှိ အ....

'အစ်ကိုရှေ့ဘက်ကိုသွား၊ ကျွန်မ နောက်ဘက်ဝင်ရှာမယ်'

စန္ဒကူမ်းရှိ အား မုယုံစိမ်း ငေးကြည့်နေမိသည်။ စန္ဒကူမ်းရှိ၏ သိုင်းပညာမှာ အလွန်ထက်မြက်နေကြောင်း သူသိထားသည် မဟုတ်သား။

ကျောင်းကူးအား မြို့ထဲ၌ သတင်းစုံစမ်းရင်း ကျွန်ရစ်ခဲ့သည်။ သူတို့နှစ်ယောက်သာ အလျင်ဆုံး ရောက်လာကြခြင်း ဖြစ်ပေ၏။

သူတို့နှစ်ယောက် စကားပြောနေကြစဉ် လူရိပ်တစ်ရိပ် ပြေးဝင်လာသည်ကို တွေ့ရ၏။

လှမ်းကြည့်လိုက်သောအခါ ကျောင်းကူးဖြစ်နေ၏။ ကျောင်းကူးက ခရီးရောက်မဆိုက်ပင်...

'အနောက်ဘက်ကို လူရိပ်တစ်ရိပ် ပြေးသွားတယ်'

ဟုပြောပြီး အနောက်ဘက်သို့ ပြေးသွား၏။

မုယုံစိမ်းနှင့် စန္ဒကူမ်းရှိတို့သည်၊ အချိန်မဆွဲဘဲ ချက်ချင်း ပြေးလိုက်သွားကြ၏။

အနောက်ဘက်သို့ ရောက်လျှင် မြေကွက်လပ်၌ လူတစ်စု ရောက်ရှိနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

*

လှိုင် ၈၇ ၉၀
[illegible]

မြေကွက်လပ်၌ လူခြောက်ယောက် ရှိနေပေ၏။ လူငါးယောက်က တစ်ဘက်တွင် ရင်ဘောင်တန်းကာ ရပ်နေပြီး လူတစ်ယောက်က ထိုလူငါးယောက်နှင့် မျက်နှာချင်းဆိုင် ရပ်နေခြင်း ဖြစ်ပေသည်။

တစ်ယောက်တည်းသောသူမှာ ပညာရှိဝမ်းလဲ ဖြစ်ပေသည်။ ဝမ်းလဲနှင့် မျက်နှာချင်းဆိုင် ရပ်နေသူ ငါးယောက်မှာ အား၊ ကျောင်းစုအိမ်၊ ဟွာကိုဖုံး၊ ရှီဟုန်၊ ကျောက်စုနှင့် ယင်းလုတို့ ဖြစ်ကြလေသည်။

တစ်ချိန်က ညီရင်းအစ်ကိုပမာ ရှိကြသော မိတ်ဆွေများသည် ယခုရန်သူသဖွယ် မျက်နှာချင်းဆိုင်နေကြပြီ ဖြစ်လေသည်။

မုယုံစိမ်း၊ ကျောင်းကူးနှင့်စန္ဒကူမ်းရှိတို့ ခြေလှမ်းရပ်လိုက်ကြ၏။

ကျောင်းကူးက....

'ဟော့ တို့အပြင်ထွက်လို့မဖြစ်ဘူး၊ အခြေအနေစောင့်ကြည့်နေကြရမယ်'

ဟု အသံတိုးတိုးဖြင့်ပြောလိုက်၏။

ထို့ကြောင့် မုယုံစိမ်းလဲ အပြင်မထွက်ဘဲ ပြိုပျက်နေသော အုတ်နံရံများနောက်ကွယ်မှ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

ထိုစဉ် ဝမ်းလဲ၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းလီ ကလက်ထဲမှစာအုပ်ကလေးတစ်အုပ်ကို မြှောက်ပြရင်းက-

'မင်းတို့ဟာ ဝူပုလွေသိုင်းကျမ်းကို လိုချင်တဲ့အတွက် မုယုံချန်းကို ဝိုင်းပြီးလုပ်ကြံခဲ့ကြတယ်မဟုတ်လား။ ကောင်းပြီ ဟောဒီမှာ ဝူပုလွေသိုင်းကျမ်း ရှိတယ်။ မင်းတို့လာယူကြလေတော့'

ထိုအခါကျောင်းစုအိမ်တို့လူစု လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။ ကျောင်းစုအိမ်က ရှေ့သို့လှမ်းထွက်ရင်း....

'ဝူပုလွေသိုင်းကျမ်း ဟုတ်လား၊ ကျုပ်တို့ လိုက်ရှာခဲ့သားတာပဲ။ လက်စသတ်တော့ ခင်ဗျားဆီရောက်နေတာကိုး'

'ဟုတ်တယ်'

'ခင်ဗျားက မုယုံချန်းနဲ့တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲကိုး'

'မင်းတို့ ငါးယောက်အတော'

ကျောင်းစုအိမ်ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းလီက....

'မင်းတို့ဟာ ဝူပုလွေသိုင်းကျမ်းလိုချင်တာနဲ့ မုယုံချန်းကို လုပ်ကြံသတ်ဖြတ်ကြတယ်၊ ပြီးတော့ သိုင်းလောကမှာ နာမည်ပျက်မှာကြောက်တာနဲ့ မုယုံချန်းကပဲ ဝူထူးတော်ရှောင်ဖုံး နဲ့ ပူးပေါင်းတယ်လို့ မဟုတ်မမှန်သတင်း လွှင့်ခဲ့တယ်။ မင်းတို့



ကြောင့် မုယုံချန်းဟာ အသက်သေဆုံးရသလို နာမည်ပါပျက်ခဲ့ရတယ်၊ ဒီကိစ္စကို ငါလက်ပိုက်ကြည့်မနေနိုင်ဘူး'

ကျောင်းစုအိမ်က....

'ကျုပ်တို့က လုပ်မိမှတော့ နောက်မဆုတ်တော့ဘူးဗျာ။ ခင်ဗျားလက်ပိုက်ကြည့်မနေနိုင်လဲ အရေးမစိုက်ဘူး၊ ခင်ဗျားကိုပါ မုယုံချန်းနောက် လိုက်သွားခိုင်းရမှာပေါ့။ ဟား ဟား ဟား'

ပြောရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ဝမ်းလီက....

'မင်းတို့ စိတ်သဘောကို ငါကောင်းကောင်းကြီး နားလည်သဘောပေါက်ပြီးပါပြီကွာ။ မင်းတို့ငါးယောက်က ငါ့ကိုဝိုင်းတိုက်ကြမယ်ဆိုတာလဲ နားလည်တယ်။ ဒါပေမယ့် မင်းတို့ ငါးယောက်ထဲမှာ ဝူပုလွေသိုင်းကျမ်း လိုချင်တဲ့လူရှိဦးမယ် ထင်လို့ပါ'

'ဘာ...'

'ကြည့်...မင်းတို့ငါးယောက် စုပေါင်းတိုက်ရင် ငါလဲနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဝူပုလွေသိုင်းကျမ်းကိုပေးမယ်။ ဒါပေမယ့် တစ်ယောက်တည်းကိုပဲပေးမှာ'

ကျောင်းစုအိမ်ရယ်မောလိုက်သည်။

'ဆက်စသတ်တော့ ခင်ဗျားက ကျုပ်တို့ငါးယောက်ကို သေးခဲ့နေတာကိုး။ စိတ်ချ ကျုပ်တို့ စုပေါင်းတိုက်ခိုက်ပြီး ဝံပုလွေသိုင်းကျမ်းကို ဝေမျှကြည့်မှာပေါ့ဗျာ'

'မင်းတို့ စိုင်းပြီး တိုက်ဖယ်ဆိုရင်ငါက ဝံပုလွေသိုင်းကျမ်းကို ဖျက်ဆီးပစ်လိုက်မှာပေါ့'

ကျောင်းစုအိမ် ရယ်မောရာမှ ရပ်သွားလေသည်။ မုယုံစိမ်း အံ့သြနေ၏။

ဝံပုလွေသိုင်းကျမ်းသာ သူ့ထံ၌ ရှိနေခြင်းသာဖြစ်သည်။ ရှု ထွက်ပြေးစဉ် ချောက်ထဲကျပြီး ပျောက်ဆုံးသွားခဲ့ပြီ ဖြစ်၏။

ဝမ်းလီထံ၌ ဝံပုလွေသိုင်းကျမ်း ရှိမနေနိုင်တော့ချေ။

ကျောင်းစုအိမ်က-

'ဘာပဲဖြစ်ဖြစ်၊ ကျုပ်တို့အတွက် မထူးတော့ဘူး။ ကျုပ်တို့ရဲ့ လျှို့ဝှက်ချက် သိတာ ခင်ဗျားတစ်ယောက်ပဲ ရှိတော့တယ်။ ဒါကြောင့် ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်ရမှာပဲ'

စကားဆုံးသည်နှင့် ရှေ့သို့လျှပ်တစ်ပြက်တိုးကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။ ဝမ်းလီ ရင်ထိတ်သွားသည်။

'မင်း၊ ဝံပုလွေသိုင်းကျမ်း မလိုချင်တော့ဘူးလား'

'ဟား... ဟား... ဟား မုယုံချန်းက သူ့ရဲ့သားကို ပေးလိုက်တယ်ဆိုတာ ကျုပ်တို့ မသိဘူးများ မှတ်နေသလား။ ဟား... ဟား....ဟား'



သူ၏စကားအဆုံးတွင် ဟွာကိုဖုံးရှေ့သို့ ပြေးဝင်လာသည်ကို တွေ့ရသည်။

ဝမ်းလီအား ဝံပုလွေသိုင်းကျမ်းအနေဖြင့် ကျောင်းစုအိမ်တို့ငါးယောက်ကို သေ့ခဲ့ကာ ရန်တိုက်ပေးရန် စိတ်ကူးထား၏။ သို့သော် သူ၏အကြံအစည် အထမြောက်အောင်မြင်ခြင်းမရှိတော့ချေ။ ကျောင်းစုအိမ်တို့သူတို့သည် ဝံပုလွေသိုင်းကျမ်း မုယုံစိမ်းထံ၌ပါသွားကြောင်း သိထားကြသည်မဟုတ်ပါလား။

သူ နောက်ဆုတ်ရှောင်ပေးရန် အချိန်မရတော့ချေ။

ကျောင်းစုအိမ်တို့လူစုက သူ့အား နှုတ်ပိတ်ပစ်ကြတော့မည်သာတည်း။

ဝမ်းလီ အံတင်းတင်းကြိတ်ကာ ပြန်လည်ခုခံ တိုက်ခိုက်လိုက်၏။

ဝမ်းလီအား ကျောင်းစုအိမ်တို့လူစု ဝင်ရောက်တိုက်ခိုက်နေကြသည်ကိုတွေ့လျှင် မုယုံစိမ်း မနေနိုင်တော့ချေ။

'ရပ်လိုက်စမ်း'

အော်ဟစ်ရင်း ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်၏။ ထိုအခါ စန်ကွမ်းရှို့နှင့် ကျင်းကျူးတို့သည်း ပုန်းကွယ်ရာမှ ထွက်လာကြသည်။

ထူတို့ထွက်လာကြသည်ကို တွေ့သည်နှင့် တိုက်ပွဲလည်း ရုတ်ခြည်း ရပ်တန့်သွားလေတော့သည်။

မုယု စိမ်း အံတင်းတင်း ကြိတ်ထားသည်။ စန့်ကွမ်းရှို့သည် သူ၏ဘေး၌ ယှဉ်တွဲရပ်လိုက်သည်။

ကျောင်းကျူးလည်း မလှမ်းမကမ်း၌ ရပ်လိုက်လေသည်။

ကျောင်းစုအိမ်မှာ ချက်ချင်းမှတ်မိသွားပြီး....

'မင်း....မင်း၊ မသေသေးပါလား'

ဟု အထိတ်တလန့်ရေရွတ်မိ၏။

မုယု စိမ်း ပြုံးလိုက်သည်။

'ခင်ဗျားတို့လူစုက ကျုပ်ကိုပါ သတ်ပစ်ဖို့ ကြိုးစားခဲ့ကြပေမယ့် ကျုပ်မသေခဲ့ဘူး၊ ခင်ဗျားတို့ရဲ့ရက်စက်ယုတ်မာပုံတွေကို ဖော်ထုတ်ဖို့ အသက်ရှင်နေတယ်လေ'

'ဟား....ဟား....ဟား....ဟား'

ကျောင်းစုအိမ်က သဘောကျစွာ ရယ်မောလိုက်လေသည်။



'မင်း အသက်မသေသေးတာ ကံကောင်းတယ်လို့ ဆိုနိုင်ပေမယ့် တို့ကို အခုလိုလာတွေ့တာတော့ မင်းကံဆိုးသွားပြီကွ'

မြေခြာရှင်း ရှေ့တိုးလာ၏။

ထိုစဉ် ကျောင်းကျူးနှင့် စန့်ကွမ်းရှို့တို့အား မုယု စိမ်းရှေ့သို့ ဝင်ကာ ရပ်လိုက်ကြလေသည်။

ကျောင်းစုအိမ်၏ခြေလှမ်း တုန့်ခနဲရပ်သွား၏။ စန့်ကွမ်းရှို့နှင့် ကျောင်းကျူးကို စိုက်ကြည့်ရာ—

'မင်းက အကူအညီခေါ်လာခဲ့တယ်ပေါ့ ဟုတ်လား၊ ငါက သူတို့ကို ဂရုစိုက်မယ်များထင်နေသလား'

ကျောင်းကျူးက....

'ကျောင်းစုအိမ်၊ ရှင်ဟာ သိုင်းလောကမှာ ထင်ရှားကျော်ကြားတဲ့လူတစ်ယောက်ပဲ၊ ဘာကြောင့် ယုတ်မာတဲ့စိတ်ထား မွေးချင်ရတာလဲ၊ ရှင့်ရဲ့ မကောင်းမှုအပြစ်ဒဏ်ကို ရှင်ခံစားရလိမ့်မယ်'

ကျောင်းစုအိမ် မျက်မှောင်ကြုတ်ရာ....

'ခင်ဗျားက ဘယ်သူလဲဗျ'

'ရွှေဆံသိုးမယ်တော် ကျောင်းကျူးဆိုတာ ကျုပ်ပဲ'

ကျောင်းစုအိမ် ရင်ထိတ်သွားလေသည်။

ရွှေဆံသိုးမယ်တော် ကျောင်းကျူး၏ အမည်သည်လည်း သိုင်းလောက၌ ထင်ရှားကျော်ကြားနေသည် မဟုတ်ပါလား။

ကျင်းကူးက....

'ရှင်တို့ရဲ့ ရက်စက်ယုတ်မာမှုတွေကို အားလုံးသိထားကြပြီ၊ ဒါကြောင့် ရှင်တို့ အပြစ်ဒဏ်ခတ်တာခံရတော့မယ်၊ ရှင်တို့လို လူစားမျိုးတွေကို သိုင်းလောကထဲကလုံးဝ ရှိရှမှုန်းတီးကြမှာပဲ'

ကျောင်းစုအိမ် ဒေါပွသွားသည်။

'တောက်... ကျုပ် ဘယ်သူ့ကိုမှအရေးမစိုက်ဘူးဗျ၊ ကျုပ်တို့ကိုစွတ်စွဲမရှုပ်ဘဲ အေးအေးဖယ်နေရင် ကောင်းမယ်၊ ဝင်ရှုပ်ရင်တော့ ရန်သူလို့ သတ်မှတ်တိုက်ခိုက်ရမှာပဲဗျ'

ကျင်းကူး မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ် ရှင်တို့ကို ကြောက်ရင် ဒီနေရာကို မလာဘူးဆိုတာ မှတ်ထားပါ'

ကျောင်းစုအိမ်က ဟွာကိုဖုံးတို့ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ဟွာကိုဖုံးတို့ မျက်နှာပျက်နေကြသည်။

သူတို့၏လျှို့ဝှက်ချက်ပေါ်ပေါက်သွားလျှင် သိုင်းလောကတွင် မျက်နှာမပြဝံ့သည့်ဘဝမျိုး ရောက်ရတော့မည်ဟု တွေးမိသည်။

ထို့ကြောင့် ကျင်းကူးကိုပါမချန်ဘဲ တိုက်ခိုက်သုတ်သင်ရန် လိုလားနေကြသည်။



ထိုအချက်ကို ရိပ်စားမိသော ကျောင်းစုအိမ်က....

'ကောင်းပြီလေ၊ ဘယ်သူက အနိုင်ရမလဲဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ကျင်းကူးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ ကျင်းကူးကလည်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် ရင်ဆိုင်မိသည်နှင့် ဟွာကိုဖုံးကလည်း ပြေးဝင် တိုက်ခိုက်လိုက်၏။

နှစ်ယောက်တစ်ယောက် ရင်ဆိုင်ရသော်လည်း ကျင်းကူးက မမှုဘဲ ပြန်လည်တိုက်ခိုက်နေလေသည်။

ထိုစဉ် ဝမ်းလီက....

'ငါရှိနေသေးတာလဲ မမေ့နဲ့လေ'

ပြောရင်း တိုက်ပွဲအတွင်းသို့ ပြေးဝင်လာ၏။ ထိုအခါ ကျန်ရှိနေသေးသော ရှို့ဟုန်၊ ကျောက်စုနှင့် ယင်းလုတို့ မနေနိုင်ကြတော့ချေ။

ရှေ့သို့ တက်လာပြီး ဝမ်းလီအား ဝိုင်း၍တိုက်ခိုက်လိုက်ကြ၏။ ထိုအခိုက် အဝေးမှလူရိပ်နှစ်ခု ပြေးလွှားလာနေကြသည်ကို တွေ့ရလေသည်။

'နေစက်ဆုတ်လိုက်ကြစမ်း'

ပြေးလာသူ နှစ်ယောက်သည် ခရီးရောက်မဆိုက် ယင်းလုံတို့ထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ထိုလူနှစ်ယောက်ကို တွေ့လျှင်....

'ဟင်-တင်းတင်းနဲ့ တင်းချူးပါလား'

မုယုံစိမ်း လွှတ်ခနဲရေရွတ်လိုက်မိသည်။ ပြေးလွှားလာသူ နှစ်ယောက်မှာ တင်းတင်းနှင့် တင်းချူးတို့သားအဖ ဖြစ်ကြလေသည်။

တင်းချူးက...

'မုယုံစိမ်း ဘာမှမပူနဲ့၊ မင်းကို တို့ကူညီမယ်'

မုယုံစိမ်း ဝမ်းသာသွားသည်။ သူသည် ဆုတောင်းသုံးခုနန်းတော်တွင် ကျောင်းစုအိမ်တို့လူစုအား ရင်ဆိုင်ရန် နည်းလမ်း ဆုတောင်းလိုသည်။

သို့သော် တစ်ခုတမ် ဆုတောင်းမထားခဲ့နိုင်ချေ။ သူတပါး အကျိုး ဆောင်ရွက်ခြင်းဖြင့် ကိုယ့်အကျိုး အောင်မြင်ရပြီ မဟုတ်လား။

မုယုံစိမ်း ဝမ်းသာနေလေတော့သည်။ တိုက်ပွဲအား ပြင်းထန်နေပေတော့သည်။



ဝမ်းသာ နှင့် ယင်းလုတို့ သဲကြီးမဲကြီး တိုက်ခိုက်နေကြသည်။ တင်းချူးနှင့် ရှိ့ဟုန်တို့ ယှဉ်ပြိုင်နေကြပြီး တင်းတင်းက ဟွာကို ဖုံးနှင့် ရင်ဆိုင်နေသည်။

ကျင်းကူးတား ကျောက်စုနှင့် ရင်ဆိုင်နေရသည်။ ကျောင်းစုအိမ်သည် တိုက်ရင်းခိုက်ရင်း မုယုံစိမ်းအား သုတ်သင်ပစ်နိုင်မည့် အခွင့်အရေးကို စောင့်နေ၏။

တိုက်ပွဲကြားမှ မသိမသာ ခုန်ထွက်ကာ မုယုံစိမ်းထံ ပြေးဝင်သွားလေ၏။

ဤတွင် မုယုံစိမ်းရှေ့၌ ရပ်နေသော စန့်ကွမ်းရှဲ့နှင့် ရင်ဆိုင်တိုးမိလေတော့သည်။

ကျောင်းစုအိမ်က—

'ဖယ်စမ်း'

အော်ဟစ်ရင်း ဓားဖြင့်ထိုးသွင်းလိုက်၏။ ထိုစဉ်စန့်ကွမ်ရှဲ၏ လက်တစ်ဖက် လှုပ်ရှားသွား၏။

'ချမ်း'

ဝန်းကျင်၌ စိမ်းဖန့်ဖန့်အရောင်များ ရှုဘိခြည့်းထွက်ပေါ်လာသည်။ ကျောင်းစုအိမ်၏ ဓားထက်ပိုင်း ပြတ်သွားသလို ကျောင်းစုအိမ်လည်း နောက်သို့ ဆုတ်လိုက်ရလေသည်။

စန့်ကွမ်ရှဲကို မယုံကြည်နိုင်စွာ ကြည့်ရင်း—

'မင်း မင်း'

စန္ဒကွမ်ရှံက....

'ဒီအနေနဲ့ ရှင်သေရမယ်ဆိုတာ မှတ်ထားပါ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။ ကျောင်းစုအိမ် နောက်ဆုတ်သွားလေသည်။

ထိုစဉ်မှာပင်....

'အမယ်လေး'

တင်းတင်းအော်ဟစ်ကာ နောက်ဆုတ်သွား၏။ တင်းချူး လည်း တင်းတင်းအတွက် စိတ်ပူစွာ–

'သမီး'

အော်ခေါ်ရင်း နောက်ဆုတ်သွားလေသည်။ ဝမ်းလီလည်း နောက်ဆုတ်လိုက်၏။

သူတို့အားလုံး နောက်ဆုတ် ပေးလိုက်ကြခြင်းဖြစ်၏။

ကျင်းကျူးမှာ....

'လူယုတ်မာတွေကို သုတ်သင်ပစ်ဖို့ အခိက ထားစမ်းပါ'

ပြောရင်း ပြေးဝင်တိုက်ခိုက်လိုက်၏။

သူတို့ နောက်ဆုတ်သွားကြသည်ကိုတွေ့လျှင် ဟွာကိုဖုံးတို့ လူစုက ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

မုယုံစိမ်း စိတ်ပူသွားပြီး....



'ဒုက္ခပဲ တင်းတင်း ဒဏ်ရာရထားပြီ၊ သူ့ကို ဂရုစိုက်နေ တုန်း အလစ် တိုက်ခိုက်တာ ခံရတော့မှာပဲ'

ပြောပြီး ရှေ့သို့ခုန်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုအခါ စန္ဒကွမ်းရှံမှ....

'အစ်ကို ဘာမှ မပူနဲ့'

ပြောရင်း ခေါးဝေ့ယမ်းကာ တိုက်ပွဲအတွင်းသို့ ပြေးဝင် တိုက်ခိုက်လိုက်၏။

စိမ်းဖန့်ဖန့် ဓားရောင်များ ဝင်းလက်သွားလေသည်။

မရေးမနှောင်းမှာပင်....

'အား'

'အွန့်'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

တဆက်တည်းပင် ယင်းလု ရှိ့ဟုန် ကျောက်စု ဟွာကိုဖုံး တို့ မြေပေါ် အတုံးအရုံး လဲကျသွားသည်ကို တွေ့လိုက်ရ၏။

ကျောင်းစုအိမ်မှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားလေ သည်။ ကျောင်းစုအိမ်က ဒယီးဒယိုင်ဖြစ်၍ ထရပ်သည်။

'သေစေပေတော့'

အောင်ပေါက်လျက် မုယုံစိမ်းထံ ခုန်ဝင်သွားလေသည်၊ စန်ကွမ်ရှိမှာ ဤသို့ ဖြစ်လာမည် မထင်သသောကြောင့် ရင်ထိတ်သွား၏။

'အစ်ကို သတိထား'

အော်ဟစ် သတိပေးလိုက်သည်။

မုယုံစိမ်းသည်၊ သတိကြီးစွာ ထားအာ လက်နှစ်ဘက် ဆန့်ထုတ်ပြီး ခုခံလိုက်လေသည်၊

ထိုအခါ မမျှော်လင့်ဘဲ ခန္ဓာကိုယ်ထဲမှ ထူးခြားသော အင်အားများ ဖြစ်ပေါ်လာတော့သည်။

'ဝူန်း'

အသံတစ်ချက် ထွက်ပေါ်လာသည်၊ လက်ဝါးချင်းရင်ဆိုင်မိသည်နှင့် ကျောင်းစုအိမ်၏ ခန္ဓာကိုယ်မှာ အပေါ်သို့မြောက်တက်သွားပြီး အဝေးသို့ လွင့်စဉ်သွားလေသည်။

တင်းချူ၏ အတွင်းအားများသည် မုယုံစိမ်းထံသို့ ကူးပြောင်းရောက်ရှိနေပြီ မဟုတ်ပါလား။

ကျောင်းစုအိမ်မှာ မုယုံစိမ်းအားလွယ်လင့်တကူ သုတ်သင်နိုင်မည်ဟု မှတ်ထင်ထားသော်လည်း တကယ်တမ်းတွင်မုယုံစိမ်းအား မနိုင်ပါတော့ချေ။



ကောပြည် ဝေလညှင်းများနှင့်အတူ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံလာ၏။

တောလမ်းလေးအတိုင်း မြင်းနှစ်ကောင် ခြေလှမ်းမှန်မှန်နှင့် လာသည်။

မြင်းစီးသမားနှစ်ယောက်တား မုယုံစိမ်းနှင့် စန်ကွမ်းရှို့တို့ ဖြစ်ကြလေသည်။ ကျောင်းစုအိမ်တို့လူစုသည်တား အမိုက်စာတ သိမ်းသွားပြီ ဖြစ်သည်။

ဝမ်လေ တင်းချူးနှင့် ကျင်းအာူးတို့၏ ရှင်းပြမှုကြောင့် အဖြစ်မှန်များ ပေါ်ပေါက်လာတော ပထမဝေး မုယုံချန်း၏ ဂုဏ်သိက္ခာ ပြန်လည်မြင့်တက်လာပေတော့သည်။

မြင်းယှဉ်တွဲ စီးလာရင်း မုယုံစိမ်းက...

'ညီမ'

'ပြောပါရှင်'

'ညီမဆီမှာ စန်ကွမ်းရှောင်ချင်းရဲ့ဓား ဘယ်လိုလုပ် ရောက်နေတာလဲဟင်'

စန်ကွမ်းရှို့ ငြိုးလိုက်လေသည်။ ထို့နောက် ရှင်းပြလိုက်လေသည်။

'တကယ်တော့ ဆုတောင်းသုံးခု နန်းတော်ပိုင်ရှင်ဟာကျွန်မမေမေပါရှင်၊ ဆုတောင်းစီး သုံးခု နန်းတော်ဟာ တကယ့်ကိုဆုတောင်းပြည့်တာ မဟုတ်ပါဘူး၊ အခက်အခဲ ဒုက္ခရောက်နေသူ

တွေကို စာချုပ်ပါဝင်ဖို့ဆိုပေမယ့် တစ်ယောက်ကို ဒုက္ခရောက်မှ ကူညီတာပါ၊ ကျွန်မမေမေမအေ အစ်ကို့ကို သူ့ဘဝအကြောင်းပြောပြဖူးတယ်မဟုတ်လား'

'ဟုတ်တယ်လေ ဒါကြောင့် ဆုတောင်းသုံးခုနန်းတော်ကို လိုက်ရှာနေတယ်လို့ ပြောခဲ့တာပေါ့'

'မေမေပြောခဲ့တာ အမှန်ပါ၊ ဖေဖေစန္ဒကွမ်းရှောင်ချမ်းဟာ သိုင်းလောကသားတွေကို စိတ်ပျက်ပြီး ဇာတ်မြှုပ်သွားခဲ့တုန်း အမေ့မေ့မှာ ကိုယ်ဝန်ရှိနေတာ မသိခဲ့ပါဘူး။ မေမေမအေ ဖေဖေ့ကို မျှော်လင့်စောင့်စား ရှာဖွေနေခဲ့တယ်၊ အစ်ကိုရောက်လာမှ ဖေဖေရဲ့ အဖြစ်ကို သိရတာပါ'

'ဒါ- ဒါဖြင့် ညီမ အနာတွေပေါက်နေတာဟာ'

စန္ဒကွမ်းရှဲ့ ရယ်မောလိုက်သည်။

'ခစ်... ခစ်...ခစ်-မမမှာဟာ မေတ္တာမှန်လိုသားတဲ့လူပါရှင်၊ ဒါကြောင့် ကျွန်မကို အနာတွေပေါက်ပြီး လူတကာရွံလောက်အောင် ရုပ်ဖျက်ခိုင်းခဲ့တာပါ၊ အစ်ကို ကျွန်မကို လက်ထပ်မယ်ဆိုတုန်းကလဲ အနာတွေ ရှိနေတုန်းပဲ မဟုတ်လား၊ အစ်ကိုဟာ ရုပ်ရည်ချောမောလှပတာကိုသာ မက်မောတယ်ဆိုရင် လက်ထပ်ခဲ့မှာ မဟုတ်ဘူး၊ အစ်ကိုရဲ့ စိတ်သဘောကို စမ်းသပ်ကြည့်ပြီး သဘောကျသွားတာပါရှင့်'

မုယုံစိမ်းက သူမအား ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

'ညီမကလေး'

'ရှင်....'

စန္ဒကွမ်း ရှဲ့ မော့ကြည့်လိုက်သည်။

မုယုံစိမ်း၏ အကြည့်ကြောင့် ရှက်ရှက်နှင့် ခေါင်းပြန်ငုံ့လိုက်၏။

မုယုံစိမ်း ရယ်မောလိုက်သည်။ စန္ဒကွမ်းရှဲ့လည်း မနေနိုင်တော့ဘဲ တီးတိုးရယ်မောလိုက်၏။

သူတို့နှစ်ယောက်၏ ရယ်မောသံများသည် တိုက်ခတ်လာသော လေပြည်နှင့်အတူ အဝေးသို့ လွင့်ပျံသွားလေတော့သတည်း။

ပြီး၏။


မိုးကျော်သူ၊ ရဲမင်းအောင်

# မိုးကျော်သူ

တက္ကသိုလ်

# ရဲဝင်းအောင်

## ဆုမြတ်သုံးလီသိုင်းဟာန်ချီ



ေ ကာ င် း ယုံ ကော် ဝု လိ ရှ ဝ နိ း ေ ဓွ း